www.burmeseclassic.com

# မယ်နိုင်

## ဆောင်းလေနုအေးနှင့်အတူ




• အချစ်
လုံးချင်းဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ဧပြီလ၊ ၂၀၁၅၊

ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်ဝော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ၊ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်ဝော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ဖြူး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ဆောင်းလေနအေးနှင့်အတူ/ မယ်နိုင်၊ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၅။
၂၃၉ - စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) ဆောင်းလေနအေးနှင့်အတူ

# မယ်ခိုင်

# ဆောင်းလေနအေးနှင့်အတူ

www.burmeseclassic.com

မင်းနှုတ်ဖျားက
'ချစ်တယ်' လို့ ခွန်းခြွေလိုက်တိုင်း
ချည်နှောင်မှုသယံဇာတတွေကို
သတိပြုမိတဲ့
ငါ . . .
နှလုံးသားလည်း ပင်ပန်းလှပါပြီ
မင်း . . .
မျက်လုံးတွေကို ဝိတ်ထားဦးမှာလား
မိန်းမတစ်ယောက်ရဲ့
ရင်ထဲက အလှို့ဝှက်ဆုံး
သစ္စာတရားဆိုတာ
အမှန်တကယ် ချစ်မြတ်နိုးတတ်တဲ့
ယောက်ျားသာလျှင် မြင်ခွင့်ရတယ်ဆိုတာ
မင်း ယုံကြည်လိုက်ပါ . . .



ရွှေအေသာ

www.burmeseclassic.com

www.burmeseclassic.com

မိုးရွာပြီးစမို့ ပတ်ဝန်းကျင်သည် မိုးရေစက်များနှင့် စိုစိစိဖြစ်နေလေသည်။ ဆောင်းလေတိုက်လာသောအခါ လေယူရာယိမ်းနေသော ပျိုးပင်လေးများသည် အဖွဲ့လိုက် ကနေသော ယိမ်းသမလေးများပမာ အတန်းလိုက် လှုပ်ခတ်သွားကြကုန်သည်။

စိမ်းညို့နေသော ပျိုးခင်းကြီးမှာ အစိမ်းရောင်ကတ္တီပါခင်းပြင်ကြီးသဖွယ် ကျက်သရေရှိနေပြန်သည်။ သို့သော် ထိုပျိုးပင်လေးများကို တစပ်စပ် ဆွဲနုတ်နေသူတစ်ဦး။

သူက ဝသုန်။

တောင်နံ့ရံတို့က ဝါးမျှိုလုလု နေလုံးကြီးကို အံတုကာ ပျိုးပင်များကို အဆုပ်လိုက် ဆွဲနုတ်နေ၏။ နဖူးစပ်တွင် ချွေးတို့က အကြောင်းလိုက် ကျနေသော်ငြား ထိုချွေးတို့ကို မသုတ်နိုင်အားပေ။ ချွေးကြောင်းကြီးများသည် နဖူးမှတစ်ဆင့် လည်ပင်းတို့ပင် စီးကျကုန်သည်။

"ကဲ ... ဝသုန် နားတော့ဟေ့။ နွားတွေသွားရှာဦး။ တော်ကြာသူများပျိုးခင်းထဲ နွားဝင်သွားမှ မားနဲ့ခုတ်ခံနေရဦးမယ်"

လယ်ရှင်ဒေါ်လှမေ၏ အသံကြားတော့မှ နုတ်လက်စပျိုးပင်များကို ထုံးကာ ခါးရိုးကို ဆန့်လိုက်သည်။ ကလုတ်ကလ... ကြ၏။

မွှေးယော

www.burmeseclassic.com



ဘယ်လောက်ကြာပြီလဲ။ ဇောနှင့်လုပ်နေခဲ့သည်မှာ ခါးရိုးဆန့်ဖို့ပင် မေ့လျော့၍နေလေသည်။

"လာနားပါဦးကွ ... ရေနွေးလေးဘာလေးသောက်ပြီးမှ သွားပါ"

ဦးတင်ဖေက ဆက်ပြောလာပြန်၍ ဝသုန်က လယ်ကွင်းထဲမှ ကန်သင်းရိုးပေါ် တက်လာပြန်သည်။

ပြီးနောက် လေ့ကား ခုနစ်ထစ်မျှတက်ရသော ဝါးကြမ်းတဲပေါ် ခွေခနဲ တက်လိုက်၏။

ဦးတင်ဖေက အသင့်ငှဲ့ပေးထားသော အခါးရည်ကြမ်းကို သူက တရှုတ်ရှုတ်မှုတ်ပြီး သောက်လိုက်၏။ ပြီးနောက် ခါချဉ်အုံခဲနေသော ထန်းလျက်ခဲတစ်လုံးကို ဂလုတ် ဂလုတ်နှင့် ဝါးစားပစ်ပြန်သည်။ ဝသုန် စားလိုက်တော့မှ ချိုသောထန်းလျက်မှာ သွားရည်ကျဖို့ပင် ကောင်းနေတော့သည်။

"ညလည်း နုတ်မှဖြစ်မယ်။ ကောက်စိုက်ရက်က နှစ်ရက်ပဲလိုတော့တယ်။ ပျိုးသက်သတ်ရဦးမှာနဲ့ မမီတော့ဘူး"

"တစ်ယောက်လောက် အငှားခေါ်ပါလားကွ"

"မခေါ်တော့ပါဘူး ဘကြီးရယ်။ လယ်သမားဆိုတာမျိုးက ကောက်စိုက်ပြီးရင် လူပိုကြီးဖြစ်ပြီ။ လက်စားယူထားတယ်။ မနက်ဖြန်တော့ ကိုဖိုးအေး ရောက်လာလိမ့်မယ်"

"ဖိုးအေးတို့လယ်ရော ကောက်စိုက်ရက်က ဘယ်ရက်လဲ"

"လဆန်းပိုင်းမှတဲ့။ ကျွန်တော်တို့လယ်အပြီးနဲ့ သူ့လယ်ပျိုးနုတ်နဲ့ ကွက်တိပဲ"

မျှဝေသာ



"ကောင်းကွာ"

"ကဲ ... ဘကြီး ... ကျွန်တော် နွားလိုက်သွားဦးမယ်"

စလွယ်သိုင်းထားသော ပုဆိုးကို ခပ်တိုတိုဝတ်ကာ တဲပေါ်မှ လွှားခနဲခုန်ဆင်းပြန်သည်။

"ဟဲ့ ... မင်းပြန်ရင် တဖန်းရွက်တစ်ကိုင်းလောက် ချိုင်ခဲ့စမ်းပါ"

"ကြီးကြီးက အဲဒီနို့ထွက်ပစ္စည်းကြီးကို ဘာလုပ်မလို့လဲ"

"မညိုလေ ... မနေ့က ကလေးမွေးတယ်။ တဖန်းရွက်ခူးလာခဲ့မယ်လို့ ငါပြောခဲ့တယ်။ ချိုင်မှာသာ ချိုင်ခဲ့စမ်းပါဟယ်"

"မညိုက ဘာလေးမွေးသလဲဗျ"

"မိန်းကလေးတဲ့ဟယ်။ မညိုနဲ့ တစ်ရုပ်တည်း။ နှုတ်ခမ်းပါးလေးနဲ့"

"မညိုကိုပြောပါဗျာ။ ကျွန်တော်က ခူးပေးတဲ့ တဖန်းရွက်မို့ သမက်တော်ဖို့ မဒမ့်နဲ့လို့"

"ဒီကလေးနှယ် ... နီတျာရဲ့ကို ပစ်မှားရတယ်လို့။ မိုးကြိုးတွေပစ်ကုန်တော့မှာပဲ။ ကဲကဲ ... သွား ... နောက်ကျနေဦးမယ်"

မားမလေးခါးကြားထိုးကာ ထွက်သွားသော ဝသုန့်ကို ဦးတင်ဖေ ငေးကြည့်နေဖြစ်သည်။

ငလေလေးချွန်ကာ ထွက်သွားသော ဝသုန့်ကျောပြင်သည် ပင်ပန်းခြင်း အလျဉ်းမရှိချေ။ တစ်နေကုန် ပျိုးခင်းထဲ ပျိုးနုတ်နေတဲ့ လူပါဟု အရေးစုး ကျိန်ပြောရပေလိမ့်မည်။

"ကလေးက သဘောကောင်းတိုင်း စွပ်စက်ခိုင်းမနေနဲ့ မလှမေ။

မျှဝေသာ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ စိတ်ပျက်ပြီး ထွက်သွားမှဖြင့် ငါလည်း ဒီလယ်ဆယ်ဧကကို တစ်ယောက်တည်း မလုပ်နိုင်ဘူး"

"အမယ်လေး ... ပူမနေစမ်းပါနဲ့ ကိုတင်ဖေရယ်။ သူ ထွက်မသွားနိုင်ပါဘူး။ ဝသုန့်မှာ ကျွန်မတို့အိမ်အပြင် ဘယ်နေရာနေစရာရှိလို့လဲ။ ဆွေမျိုးမရှိ၊ မိဘမရှိ၊ တစ်ကောင်ကြွက်။ ကျွန်မတို့ ကျွေးမွေးထားလို့ ဒီအရွယ်ရောက်လာတာပဲ မဟုတ်လား။ ခိုင်းစားရတာဖြင့် သုံးနှစ်လား ရှိသေးတယ်။ နွားချေးကျုံး၊ နွားကျောင်းနဲ့ တိုလီမုတ်စလုပ်တာ လေးနှစ်၊ အဲဒီတစ်လျှောက်လုံး ကျွန်မတို့ ရှုံးတယ်တော့ ခြေနှစ်ချောင်း ကယ်ရတာ ခုခေတ်ထဲ လွယ်တာမှတ်လို့"

"မင့်ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ ဒီကလေးရှိလို့ ငါ သက်သာနေတာလည်း ထည့်တွက်ဦးမှပေါ့"

"ကျွန်ယုံတော့ တစ်ဖက်ကန်းတဲ့ ကိုတင်ဖေရဲ့ သတိလည်ထားဦး။ မျက်နှာသာပေး ရှေ့ရှေးပန်းကန်တက်ဆိုတာလည်း ရှိတယ်မဟုတ်လား။ နှိမ်ထားမှ တန်ကာကျတာ"

"တော်ပြီ ... တော်ပြီ ... မင်းကို ပြောနေလည်း စိတ်တိုင်းကျစရာ ဘာမှရှိလာမှာ မဟုတ်ဘူး။ လူရှာထား။ ဒီမိုးတော့ ရှိစေတော့။ ဆောင်းကိုတော့ စာရင်းငှားထပ်ခေါ်မှကို ဖြစ်မယ်။ ပင်ပန်းလွန်းရင် ခင်လိုသတ္တဝါတောင် သက်ဆိုးရှည်တာ မဟုတ်ဘူး"

ဦးတင်ဖေသည် ပြောပြောဆိုဆိုပင် ရုံးခမောက်စုတ်ဟောင်းကောက်ဆောင်းကာ ငှက်နီဆေးလိပ်ကြီးကို နားရွက်နောက် ချိတ်တဲပေါ်မှ ဆင်းလာခဲ့သည်။





ပျိုးခင်းစပ်တွင် ခါးထောက်ရပ်ရင်း ဝသုန် နုတ်သွားသောပျိုးထုံးများကို တစ်မျှော်တစ်ခေါ် လှမ်းကြည့်မိသည်။ တော်လိုက်တဲ့ဝသုန်။ တစ်နေကုန်လည်း မနားမနေ နုတ်သည်။ နုတ်သလောက်လည်း ပြီးသည်၊ ပျိုးအထုံးကို တိတိကျကျ မရေတွက်နိုင်သော်ငြားသုံးရာခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ နွားပျိုသန် နွားအိုပေါင်ကျိုးသလောက်ဆိုသည့်စကားပုံကို ပြောင်းပြန်လှန်ပစ်ရတော့မလို ဖြစ်နေသည်။

သူငယ်စဉ်ကလည်း ဝသုန့်လောက် မသန်ခဲ့ချေ။ တစ်နေကုန်နုတ်မှ ပျိုအထုံး နှစ်ရာပင်မပြည့်ချင်ပါ။ တစ်နေကုန်ဆိုသော်လည်းရေနွေးကြမ်းလေး သောက်လိုက်၊ ထန်းလျက်ကလေး ခဲလိုက်၊ ဆေးပေါ်လိပ်ကလေး ဖွာလိုက်ဖြင့် နားနားနေနေ လုပ်သည်။

မနား၍လည်း မရချေ၊ ပျိုးရွက်ရှသည့်ဒဏ်ကို လက်ကကြာကြာမခံနိုင်ပေ။ ပျိုးနုတ်ပြီးသောအခါ လက်များသည် မိတ်ကပ်ဆရာလက်များထက်ပင် နုချင်ချင်ဖြစ်သွားသည်။ ထိုသို့ နုသောလက်များဖြင့် ဂေါက်ပြားရိုးကိုင်ပြီး ကန်သင်းခုတ်ပါက ပေါက်ပြဲကုန်သည်။ ထို့ကြောင့် ဓာတ်ဆားနှင့် ပျိုးခင်းကို ရှောင်ရှားတတ်သည်က သူ၏အကျင့်။ သို့သော် မလှမေနှင့် အိမ်ထောင်ကျပြီးတည်းက ရှေသာမခိုဘဲ တွေ့မရှောင်လုပ်ခဲ့ရသည်။ ခုပဲ အိမ်ထောင်သက်က နှစ် နှစ်ဆယ်ကျော်သွားပြီ ဖြစ်၏။

အသက်ကလေးရလာတော့ အရိုးအဆစ်တွေက သိပ်မကောင်းချင်တော့ပေ။ သားတစ်ယောက်သာ ထွန်းကားခဲ့မည်ဆိုပါလျှင် အားကိုးနေရလောက်ပြီဖြစ်သော်လည်း ခုတော့ သမီးလေး။ သမီးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လယ်ထဲလည်း အားမကိုးရမယ့်အတူတူ မြို့ကျောင်းပို့ထားရ၏။

မြို့ကျောင်းဆိုသောအခါ ကုန်သည့်ငွေသည် သောက်သောက်လဲ။ ဘယ်လောက်ပို့ပို့ လောက်တယ်ဟူ၍ မရှိ။ စုစုပေါင်း လယ်ဆယ်ဧကရှိသည်။ လယ်ငါးဧက ထွက်စပါးအားလုံးသည် သမီးလေးဝင်းဝါ၏ကျောင်းစရိတ်ပင် မလောက်ချင်ပေ။ စပါးဈေးကလည်း ကောင်းလှသည် မဟုတ်သောအခါ ဦးတင်ဖေတို့ စီးပွားရေးသည် နလန်မထူနိုင်ခဲ့သည်မှာ ကြာပါပြီ။ ဒါတောင် ဝသုန်ခံထား၍ ဖြစ်သည်။ တာရင်းငှားခပါ ပေးရလျှင် စားစပါးတောင် လောက်ငှမည်ပဟုတ်ပေ။

ခုတော့ လူခံ ဝသုန်ရှိသည့်အတွက် လယ်ဆယ်ဧက၏ မြေသည် နွေ၊ မိုး၊ ဆောင်း နားရသည် ဟူ၍ မရှိ။

ဝသုန့်လက်ချက်ကြောင့် မြေကြီးများသည်လည်း ရှုံ့ခဲပင် မဖြစ်ဝံ့ကြတော့ပေ။

စပါး၊ စပါးပြီးလျှင် မြေပဲ၊ ဖရဲနှင့် ခရမ်းချဉ်တို့ အလှည့်ကျစိုက်ပျိုးသည်။

ဝသုန့်ကြောင့်သာ ဝင်းဝါ၏ကျောင်းစရိတ်အတွက် မပူပင်ရခြင်းဖြစ်သည်။ ဝသုန်က အားကိုးရတယ်ဆိုသော်ငြား ဝသုန့်ကိုဆို မျက်နှာသာ နည်းနည်းမျှ မပေးချင်သော ဇနီးဖြစ်သူ မလှမေနှင့်လည်း ဦးတင်ဖေက တကျက်ကျက် စကားများကြရသည်။

ဝသုန့်ကို ဦးတင်ဖေက ခေါ်လာခြင်းဖြစ်၏။

ဝသုန်သည် ဘုန်းကြီးကျောင်းသားဖြစ်သည်။ မိဘလည်း မရှိချေ။ ကလေးတစ်ယောက်တည်း ငိုနေသောကြောင့် ဆရာတော်က





ခေါ်ပြီး ကျွေးမွေးထားခြင်းဖြစ်၏။ ဆရာတော်ပြောစကားအရ ဝသုန့်ကို ခေါ်ခဲ့စဉ်က အသက်ငါးနှစ်သာရှိသေးသည်ဟု ခန့်မှန်းသည်။ ဆရာတော်လက်ထဲမှ သူ ခေါ်ခဲ့သောအခါ ဝသုန့်အသက်က ဆယ့်သုံးနှစ်ရှိပြီဖြစ်၏။ ဝသုန်သည် လုံးကျစ်ကျစ်ကလေးဖြစ်နေသောကြောင့် ဆယ့်သုံးနှစ်ဆိုသော်ငြား ဆယ်နှစ်ပင် မပြည့်သေးသူဟု ထင်မှတ်ရသည်။

"ခေါ်လာပြန်ပြီ ဒီဘုန်းကြီးကျောင်းသား။ ဒီနွားချေးကျုံး၊ နွားကျောင်းအရွယ်ကို ကျွန်မတို့က အလကားတင်ကျွေးထားရမှာလား။ တရင်းငှားသာ ယူပါတော်"

ထိုအချိန်ကလည်း မလှမေနှင့် အတိုက်အခံပင်။

ဝသုန်ကလည်း သူနှင့်ဘာရေစက်မှန်းကို မသိပေ။ ဝသုန့်ကို မြင်မြင်ချင်းပင် သံယောဇဉ်ဖြစ်မိသည်။ မျက်ဆန်ချောင်လေးနှင့် ကြည့်နေသော ဝသုန့်ကို ကရုဏာ သက်မိသည်။

ငါ့သားသာဆိုရင်ဆိုပြီး မဂင်စဖူး ကိုယ်ချင်းစာစိတ်များ ဝင်လာသည်။

"အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိတဲ့။ ရှင်လုပ်ပုံကိုက မဟုတ်သေးပါဘူး။ ရှင် မွေးထားတာက သမီးနော် ကိုတင်ဖေ။ သမီးနဲ့ မတိမ်းမယိမ်းရွယ်တူကောင်လေးကို ခေါ်ခဲ့စရာလား" ဆိုတာက တစ်မျိုး။

ဝသုန်နှင့် မလှမေသည်လည်း ဘာရေစက်မှန်းမသိနိုင်ပါ။ ဝသုန်က ရိုကျိုးသော်လည်း မလှမေကတော့ ဝသုန်ကို နည်းနည်းမျှ မျက်နှာကြောမတည့်ပေ။ သမီးဝင်းဝါက ဝသုန့်ကို ခင်မင်လေ ဝသုန်



www.burmeseclassic.com

www.burmeseclassic.com



က မလှမေ မျက်စိထဲ စပါးမွေးစူးလေဖြစ်တော့၏။

"ဟိုကောင်လေး ... နွားသွားဆွဲတာ ကြာလှချည်လားတော့။ ဘယ်သဝေထိုးနေပြန်ပြီလဲ မသိပါဘူး"

ဒေါ်လှမေသည် တဲကပြင်ပေါ်ရပ်ကာ ဟိုဟိုဒီဒီကြည့်ရင်း ဦးတင်ဖေ ကြားသာရုံဆို၏။

"မင့်မလဲ မလှမေရယ် ဝသုန့်ကို မျက်နှာကြောမတည့်ဘူးသာ ဆိုတယ် မင့်မျက်စိအောက်က ဝါးတစ်ပြန်ရိုက်တောင် အပျောက်မခံနိုင်ပါလား"

"ပြဿနာရှာမှာစိုးလို့တော်ရေ။ သူနဲ့ပေါင်းတဲ့ ဖိုးအေးဆိုတဲ့ အကောင်က ကောင်းတာမဟုတ်ဘူး။ ဟိုတစ်နေ့ကပဲ တောင်ပိုင်းက ဒေါ်စိန်နုအသုဘမှာ ကောက်စိုက်ငွေတွေ ဖဲရှုံးကုန်တာ။ ခုတော့ လယ်က တန်းလန်း"

"ဝသုန်က ဖဲမှမရိုက်တတ်ပဲ"

"အကွေ့တစ်ထောင်ကျယ်တဲ့ လူ့စိတ်ကို ရှင်က သိနိုင်မှာမို့လား။ ဒီလိုအရွယ်တွေဆိုတာ အတုမြင် အတတ်သင်။ မကောင်းတာ မှန်သမျှ အတော်လုပ်ချင်တဲ့အရွယ်။ ရှင်းစရာရှိ တော်နဲ့ ကျုပ်ခေါင်းပဲ ကျမှာ"

ပြောရင်းဆိုရင်းပင် ဒေါ်လှမေအသံသည် မာလာသည်။ တစ်ခုခု ကို မကျေမနပ်ဖြစ်ပါက မိုးလင်းက မိုးချုပ် မြင်းအီးပေါက်သလို ပါးစပ် အငြိမ်မနေတတ်တော့သည့် ဒေါ်လှမေ၏အကျင့်ကို ဦးတင်ဖေ သိပြီး သားမို့ ဓကားကိုဆက်မပြောတော့ဘဲ ငှက်နီဆေးလိပ်ကိုသာ ခဲပြီး





ဖိုးဆက်နုတ်နေဖြစ်သည်။

ကျောပူတာခံနိုင်သော်လည်း နားပူတော့ မခံချင်ပါ။ စိတ် အေးချမ်းသာစွာပင် နေချင်လှသည်။

"ဗျို့ ... ဘကြီး ... ဗျို့ ... ကြီးကြီး"

တဲနောက်နားဆီမှ ဝသုန့်ခေါ်သံကို ကြားရသောအခါ ဦးတင်ဖေ ရော ဒေါ်လှမေပါ တစ်ပြိုင်နက် လှမ်းကြည့်ဖြစ်သည်။ လယ်နုစ်ဇကော ကြားခံထားသောကြောင့် ဝသုန့်လက်ထဲမှ အရာကို သဲသဲကွဲကွဲ မမြင် ရသော်လည်း ဝသုန်တစ်ခုခုဆွဲလာခြင်းဖြစ်သည်ကိုတော့ ခန့်မှန်းမိသည်။

"ဟဲ့ ... ငါမှာတဲ့ တဖန်းရွက်ရော"

"ခူးခဲ့ပါတယ်ဗျ။ အကိုင်းလိုက်ချိုးခဲ့ရင် ကိုးရိုးကားရား နိုင်လွန်း လို့ အညွန့်လေးတွေချည်း ခူးလာခဲ့တယ်"

ပြောပြောဆိုဆိုပင် လုံးထုပ်ထားသောပုဆိုးခါးပုံကို ပုတ်ပြသည်။

"ဒီကလေးနှယ် ဦးနှောက်ကို နည်းလွန်းတယ်။ တဖန်းရွက်ရ တာ တော်တော်ရယ် တဖန်းစေးက ချွတ်လို့ပြောင်တာမဟုတ်ဘူး။ ဘယ်ပေးရပြန်တော့မယ် ပုဆိုးတစ်ထည်။ ဒီတစ်ခါတော့ မရဘူး ကိုတင် ဖေရေ။ ရှင့်ပုဆိုးအဟောင်းနှသာ စွန့်ပေတော့"

ဝသုန့်ကို အနီးကပ်မမြင်ရသေးခင်မှာပင် အပြစ်က ပြောချင် နေသည်။ ထိုအကျင့်ကို ဦးတင်ဖေက မကြိုက်သော်လည်း သေးသေး ညှားညှားလေးက အစ ပြောလျှင် တွယ်ကပ်နေသည်ဟု ထင်ပေတော့ ညည်းမို့ အားမတန် မာန်လျှော့လိုက်ရပြန်သည်။

"ဘာတွေလဲ ... ဝသုန်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဝက်သားဗျ။ ကိုဖိုးအေးတို့ညက တောဝက်တစ်ကောင် ရလာတယ်ဝဲ့။ အဲဒါ ... ကျွန်တော့်ဖို့ တစ်တွဲပေးလိုက်တယ်"

အပြောကြားရတာနှင့်ပင် ဦးတင်ဖေ သွားရည်ကျလုပါပြီ။ အဆီနည်းပြီး အခေါက်ထူသော တောဝက်သားမစားရတာ ဘယ်လောက်တောင် ကြာနေပြီလဲ။ အချပ်လိုက်လှီးပြီး ထမင်းနှင့် နှပ်ကာ ဝက်သားချဉ်သိပ်ပြီး နည်းနည်းစီ နှိုက်စားရမယ် ဟုပင် စိတ်ကူးယဉ်မိသည်။

"ဘယ်မှာလဲ ... ပြစမ်း"

လမ်းလျှောက်ရင်း ပြောနေသော ဝသုန်သည် တဲနားရောက်လာပြီဖြစ်သည်။ ဝသုန့်လက်ထဲမှ နီးကြိုးဖြင့် တွဲထားသော အသားရဲရဲကိုလည်း မြင်နေရသည်။

"ဒီမှာဗျ ... နှစ်ပိဿာခွဲလောက်ရှိမယ်"

"မင့်ဟာက တောဝက်ရော ဟုတ်ရဲ့လားဟယ်။ တော်ကြာ သူများ ဝက်ခိုးသတ်ထားတယ်ဆိုမှ အမှုတွဲထဲပါနေဦးမယ်"

"ဟာ ... ကြီးကြီးကလည်း တောဝက်ပါဗျ။ ကျွန်တော်ကိုယ်တိုင် မြင်ခဲ့တာပါ။ ကျွန်တော်တောင် အမွေးရိတ်ကူခဲ့သေးတယ်။ ဒါကြောင့် ပေးလိုက်တာပါ။ ကိုဖိုးအေးက မဲသာရိုက်ပေမယ့် အဲဒီလို သူ့ယုတ်မာအလုပ် မလုပ်ပါဘူးဗျာ"

"အေး ... ဟုတ်သားပဲ။ မင်းလည်း အရာရာကို သံသယများနိုင်လွန်းတယ်"

"ကျွန်မက ပြဿနာတက်မှာစိုးလို့ပါ။ မဟုတ်လည်း ပြီးတာပဲ"

ဒေါ်လှမေသည် ပြောပြောဆိုဆိုပင် ဝသုန့်လက်ထဲမှ ဝက်သားတွဲကို လက်လှမ်းယူလိုက်သည်။





"ဝက်သားချဉ်လုပ်ပြီး ဝါးကျည်တောက်ထဲ သိပ်ထားလိုက်"

"ဝင်းဝါကို သတိရတာဗျာ။ သူက ဝက်သားချဉ်ဆို သိပ်ကြိုက်တာ။ ဘယ်တော့ပြန်လာမလဲ မသိဘူး"

"မျှော်မနေနဲ့ ဝသုန်ရေ။ မင်းဝက်သားချဉ် ပုပ်တောင် သူက ပြန်လာမှာ မဟုတ်ဘူး။ တော်သလင်းမှ စာမေးပွဲပြီးမှာ။ ငါတို့လည်း ဝင်းဝါကျောင်းပြီးမှပဲ သက်ပြင်းချရတော့မယ်"

"ဝင်းဝါက စာတော်တာပဲ ဘကြီးရာ။ ပူမနေပါနဲ့။ အောင်မှာပါ။ သူပြောတာတော့ ဒီနှစ်နောက်ဆုံးပဲဆို"

"ကဲ ... ဝသုန် ... မင်း ဒီနေ့ ဝင်းဝါအကြောင်းပြောမှာသား။ နွားသွားဆွဲမှာလား"

"ကြီးကြီးပြောလို့ တော်သေးတယ်၊ ကျွန်တော် မေ့တော့မလို့။ သွားပြီဗျို့"

"ဟဲ့ ... တဖန်းရွက်တွေ ချသွားဦးလေ"

"ဩော် ... အင်း ... မေ့ပြန်တော့မလို့"

"ဦးနှောက်ကိုက ... ဟွန်း"

ဒေါ်လှမေက မာန်မဲသော်လည်း ဝသုန်သည် အပြုံးမပျက်ပေ။ ချောင်ချော်ချော်လုပ်နေသေးသည်။

ပြီးနောက် ပုဆိုးကို စလွယ်သိုင်းကာ လေးဂွလေး ခါးချပ်ပြီး ခြေပြးတစ်ပိုင်း ထွက်သွားသည်။

"မင်းလည်း ဝသုန့်ကို နေရာတကာ လိုက်ပြောမနေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ဖင်ပေ့ါတယ်။ အရက်မသောက်၊ ဆေးလိပ်မသောက်။ ပေးတာပဲယူပြီး ကျွေးတာပဲ စားတယ်၊ ဒီခေတ်ထဲ အဲဒီလိုလူမျိုးကို ရှာကြည့်ဦး။ တွေ့မလားလို့၊ မင်းတို့မိန်းမတွေနဲ့တော့ ခက်ပါတယ်၊ ကဲ ... သွား ... ဝက်သားချဉ်သွားလုပ်၊ တော်ကြာ အူသွားဦးမယ်၊ ငါလည်း ပျိုးဆက်နုတ်လိုက်ဦးမယ်"

ပျိုးခင်းထဲပြန်ဆင်းသွားသော ဦးတင်ဖေသည် စူးရှသော မျက်စောင်းကြီးကို မတွေ့လိုက်တော့ချေ။

တဖန်းရွှက်အကြမ်းတွေသာ ခူးလာလျှင်တော့ ဆူပစ်ဦးမယ် ဟု တွေးထားသော်လည်း အညွန့်တွေချည်း ခူးလာသောကြောင့် သက်ပြင်းချ၍သာ နေရလေတော့သည်။

ကြမ်းပြင်ပေါ်မှ စိမ်းဖန့်ရောင် တဖန်းရွှက်များသည် ညှို့မှောင် နေသော ပျိုးခင်းနှင့် အစိမ်းချင်းပြိုင်၍နေလေတော့သည်။

"ဝသုန်ရေ ... ပျိုးလက်တွေ ယူခဲ့ပါဦးဟေ့"

ကောက်စိုက်သမများကြားတွင် ဝသုန့်နာမည်ချည်းသာ မိုးမွှန် ချ နေလေသည်။ ပျိုးနုတ်မပြီးသေးခင် ကောက်စိုက်စလိုက်သောကြောင့် သုန်တစ်ယောက် လယ်ထွန်ရ၊ ပျိုးနုတ်ရ၊ ပျိုးထမ်းရနှင့် တစ်ယောက် ည်း ဒေါင်ချာစိုင်း၍နေလေတော့သည်။

"ကဲကဲ ... နုတ်ပါ၊ နုတ်ပါ။ ဘကြီးပဲ ထမ်းပို့လိုက်ပါ့မယ်"

"ဟာ ... ဘယ်ဖြစ်မလဲ။ ဘကြီး ခါးနာနေတယ်ဆို။ ရပါတယ် ။ ပျိုးသာ သက်သောင့်သက်သာ နုတ်ပါ။ ကောက်စိုက်သမ ဆယ့် ယောက်စာလောက်တော့ ကိုဖိုးအေးက ဖြုတ်တယ်မရှိပါဘူး။ ဟုတ်တယ် ုတ်လား ကိုဖိုးအေး"

"ဝသုန်တို့တော့ ငါ့ကို အမြီးမြှောက်လိုက် အီးပေါက်လိုက် ်နေတော့တာပဲ။ ငါကလည်း မြှောက်ပေးရင် ဟိုဒင်းတက်အောင် ာယ်ဆိုတဲ့အတိုင်းပဲ။ ဟေ့ကောင် ... ရတယ်။ နေဝင်တဲ့အချိန်ထိ ်ပေးဦးမှာ"

ကိုဖိုးအေးအပြောကို ဝသုန်က သွားကလေးဖြဲကာ တဟဲဟဲ ်မှာချိုသွေးနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဝါးနက်ဝါးလုံးဖြင့် ဖျိုးတစ်ဖက် သံးထုံးဂျိုထမ်းကာ ကန်သင်းပေါ် ခွေခနဲ လျှောက်သွားပြန်သည်။

"ဘကြီးတင်ဖေတို့တော့ လူရက်ကောင်းတာပဲ။ ဝသုန်က ပြောလည်းပြော၊ လုပ်လည်းလုပ်ဗျ"

"လုပ်လွန်းလို့ပဲ ခက်နေတာပဲ။ ပင်ပန်းလွန်းလို့ လဲသွားရင် မလွယ်ဘူးကွ"

"မပူပါနဲ့ ဘကြီးရယ် တက်လူပါ။ စားတဲ့ထမင်းလည်း နည် တာ မှတ်လို့။ တစ်ခါစား နို့ဆီသုံးလုံးချက်ကုန်တယ်"

"ဒါတော့ဟုတ်တယ် မောင်ရေ။ ဟိုနေ့က မင်းကြီးကြီး ဈေး မုန့်တီတစ်ပိဿာဝယ်လာတာ။ ဆားကလေးနဲ့ တို့တို့စားလိုက်တာ ဖက်ကပ်ပဲ ကျန်တော့တယ်"

"ဝသုန်တာ မဟုတ်ဘူး ဘကြီးရေ။ မုန့်တီတစ်ပိဿာတော ကျွန်တော်လည်း ကုန်တယ်ဗျ။ တိုဟူးနွေး နှစ်ရာဖိုးကို မုန့်တီတစ်ပိဿ နဲ့ မွှေစားတာ ဝိုက်ထဲ ဘယ့်နှယ်မှ မရှိဘူး"

"ကောင်းကွာ။ မင်းတို့လို စားမြိန်လိုက်ချင်စမ်းတယ်"

"ဒါနဲ့ ဘကြီး ... ဝင်းဝါကို မမြင်တာကြာပြီနော်"

"မြို့သူဖြစ်နေပြီလေ။ ကျောင်းတက်တဲ့ အဲဒီသုံးနှစ်လုံး အိမ် ဧည့်သည်ပဲ။ ဝသုန်ရှိလို့သာပဲ။ နို့မဟုတ်လို့တော့ ငါတို့လင်မယား နှစ်ယောက်တည်း ပျင်းခြောက်ခြောက် ဖြစ်နေလောက်ပြီ"

"ဖုန်းလေးဘာလေး ဆက်ပေါ့ဗျ။ ခုဆို ဖုန်းတွေလည်း ရေ နေပြီပဲ။ ဟိုတစ်လောက မချိုတောင် ဖုန်းဝယ်လိုက်သေးကယ်။ တစ်





နှစ်သောင်း၊ သုံးသောင်း ရှိတော့တာဗျ။ စပါးတစ်ဆယ် မရောင်း ရပါဘူး"

"တော်ပါပြီ မောင်ရယ်။ မဝယ်တော့ပါဘူး။ အလကားနေရင်း ပါးတစ်ဆယ်လေထဲ ပျောက်ပါတယ်။ ဘုန်းကြီးကျောင်းလှူလိုက်ရင် တောင် စပါးတစ်ဆယ်ဖိုး ကုသိုလ်ရပါဦးမယ်"

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဗျာ။ ဆိုင်ကယ်တို့၊ ဖုန်းတို့ ဆိုတာ ဘိန်းစားများလိုပဲ တရိပ်ရိပ်ငွေတောင်းနေတာမျိုးဗျ။ ကျွန်တော် တို့အလုပ်က ဖုန်းနဲ့လားလားမှ မဆိုင်။ တောနဲ့မြို့ ဒါကွာတာပဲ ဘကြီး ။ မြို့မှာဆို ဖုန်းတစ်ကတ် တစ်ယောင်၊ ထောင့်ငါးရာ ရနေပြီ လားပဲ"

"ဟုတ်ပါ့မလားကွာ။ ဘယ်လောက်ပဲ မြို့နဲ့တောဆိုသော်ငြား လောက်ကြီးတော့ မကွာလောက်ပါဘူး"

"ဟာ ... ဘကြီးကလည်း ကျွန်တော့်အစ်မ မိချိုက မဟုတ် ပြောပါ့မလားဗျ။ မမိချိုက ရန်ကုန်နဲ့ဒီကို ငါးပိ၊ ငါးခြောက် ကုန်ကူး တာလေ။ လည်လည်း လည်သလား မမေးနဲ့"

"မိချိုပြောရင်တော့ ဟုတ်ရင်ဟုတ်မှာကွ"

"ဖုန်းကလည်း ဝယ်ပြီးရင် ဘာလုပ်မလဲ။ လယ်ထဲနဲ့ အိမ် င်းလာပို့မပို့ မေးရုံရှိတာပေါ့"

ဖိုးအေးအပြောကို ဦးတင်ဖေက ဆေးပေါလိပ်ကြီးခဲ၍ ပြုံးနေ ၏။

"ကဲ ... ဖိုးအေး၊ ကိုတင်ဖေ နေ့နားမတက်ကြ ူးလား။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ကောက်စိုက်သမတွေ နားတော့မယ်။ ကောက်စိုက်သမတွေ စားပြီး ဒတော့ လက်ရေဆေးရည်ပဲ ကျန်မယ်။ ကောက်စိုက်သမဆိုတာ မျိုးက ဘာကျွေးကျွေး လောက်တယ်မရှိဘူး"

တဲကပြင်ပေါ် ခါးထောက်ရပ်ပြီး ပြောနေသော ဒေါ်လှမေ ဦးတင်ဖေက ပျိုးနုတ်ရင်း ခါးဆန့်ကြည့်သည်။ လူကသာ အိုသွားသေ လည်း ထိုခပ်စာစာအသံသည် ဆယ့်ခြောက်နှစ်တုန်းကလိုပင် ဘာတ မှ မပြောင်းလဲပေ။

"ကြီးလှမေ ... ငယ်က တော်တော်စွာမှာပဲနော် ဘကြီး"

"စွာချက်ကတော့ မပြောနဲ့ စိုးအေးရေ။ သူနဲ့ကြိုက်နေ ငါ့ကို ဘယ်အပျိုမှ မစရဲဘူး။ လယ်ကွင်းထဲမှာတောင် ပျိုးလ မတောင်းရဲလောက်အောင်ပဲ။ မလှမေက တွေ့မရှောင်"

"ယုံတယ်ဗျာ။ ခုတောင် ဒီလောက်အသံစာနိုင်ဦးမှတေ ကြီးလှမေကြောင့်ပဲ ဝင်းဝါနား ဘယ်ကာလသားမှ မသီဝံ့ကြတော့ ဝသုန့်ကြောင့်လည်း ပါမှာပေါ့ဗျာ"

"ဝသုန်က ဘာလုပ်လို့လဲ"

ဦးတင်ဖေက ဤသို့စကားထောက်သောအခါ တဟဲဟဲ နေသော ဖိုးအေး၏မျက်နှာက ရုတ်တရက်ပျက်သွားပြီး အနည် စဉ်းစားဟန်ရှိသည်။ ပြီးနောက် အကြံရပုံမျိုးနှင့် ...

"မောင်တွေ၊ အစ်ကိုတွေရှိတဲ့ မိန်းကလေးနား မကပ်ဝံ့ ပေါ့ဗျ"

ဦးတင်ဖေ သဘောကျစွာ ပြုံးသည်။



"ဝသုန်က အားကိုးရတယ်ဆိုတာ ငါ သိပြီးသားပါကွာ"

"ဘာတွေအားကိုးနေကြသလဲဗျ"

ဝါးပိုးလုံးကြီးထမ်းကာ ဝသုန်ပေါ်လာပြန်သည်။

"အတော်ပဲ ... မင်းရောက်လာတာနဲ့၊ ကဲ ... နေ့နားတက် ရအောင်။ ဒီနေ့တော့ ဝက်သားချဉ်ဟင်းလေးနဲ့ နွံကြစို့ဟေ့"

"ချဉ်ပြီလားဗျ"

"ချဉ်လောက်ပေါ့။ ဒီလောက်ရာသီဥတု ပူတာ၊ မချဉ်လည်း အရေးလားကွာ။ မက်လင်ခြောက် ခပ်ထည့်ရုံပေါ့။ ဒါမျိုးတွေ မင်းတို့ ကြီးလှမေက အတတ်ဆုံး"

နုတ်လက်စ ပျိုးပင်များကို ထုံးဖွဲ့ကာ ပစ်ချလိုက်၏။ ထိုပျိုး ထုံးလေးသည် ပျိုးခင်းရေပြင်ပါးပါး၌ မလှုပ်မယှက် ငြိမ်သက်နေလေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေ့ကောင် ဝသုန် ... မင်းကို ဇင်မာသန်းက ကြိုက်ေ
သလား မသိဘူး"

"မဟုတ်တာ ကိုဖိုးအေးကလည်း။ ဇင်မာသန်းက အောင်
နဲ့ ကြိုက်နေတာပါဗျ"

"အောင်သူကပဲ ကြိုက်တာပါကွာ။ ဇင်မာသန်းက ပြန်မကြို
ပါဘူး။ မင်းကြိုက်ရင် ပြောလေ။ ငါ ပြောပေးမယ်။ ဇင်မာသန်း
မင်းဆိုရင်တော့ ကြိုက်ရင် ကြိုက်မှာ"

"ကျွန်တော်က ဘာဖြစ်လို့လဲ"

"အောင်သူထက်တော့ ချောတယ်လေကွာ။ ဟိုကောင့်မျက်
က အချွန်တွေအတက်တွေနဲ့ ငရဲမင်း ရှုံးသလား အောက်မေ့ရတယ်"

"ဟာဗျာ ... ကိုဖိုးအေးကလည်း"

ရှက်ရှက်နှင့် မြေကြီးကို လက်ညှိုးဖြင့် နှိုက်နေမိရာ ကျင်း
၍နေလေသည်။ နှလုံးသားက အရိုင်းဖြစ်နေသောကြောင့် ချစ်ကြော
ကြိုက်ကြောင်း ပြောလာပြန်တော့လည်း ရင်ခုန်သံက ပေါ့ပါးနေတ
ပြန်သည်။ သို့သော် ဇင်မာသန်းကို ကြိုက်နေ၍ ရင်ခုန်ခြင်းမျိုးေ
မဟုတ်ပေ။ အချစ်အကြောင်းပြော၍ စိတ်လှုပ်ရှားခြင်းမျိုးသာ





သည်။ အချစ်က ဘယ်လိုအရသာလဲ၊ ချစ်တယ်ဆိုတာ ဘာမျိုးကို ခေါ်တာလဲ ဆိုတာတွေကို မြည်းစမ်းကြည့်ချင်လာသည်။ ကိုဖိုးအေးထံတွင် ရည်းစားရှိသည်။ မနှင်းမှုန်ဟု ခေါ်၏။ မနှင်းမှုန်နှင့် လူကြီးများ မသိမအောင် ချိန်းဆိုသည့်အကြောင်းများသည် အိပ်ရာဝင် ပုံပြင်တစ်ပုဒ်နှယ် နားထဲအရသာရှိလှသည်။ ဗီဒီယိုရုံထဲ ဗီဒီယိုကြည့်ရင်း နေကြာစေ့ အခွံနွာပေးသည်ဟု ကိုဖိုးအေးက ပြောသောအခါ သူကပဲ နေကြာစေ့ အခွံနွာကျွေးရတော့မလို ဖြစ်မိသေးသည်။ ကိုဖိုးအေးက မနှင်းမှုန်ကို ဘယ်လိုပိုးပန်းခဲ့သလဲဆိုသောနည်းကို သိချင်၍ ကိုဖိုးအေး၏ ပုဆိုးစ ဆွဲလိုက်ခဲ့သည်မှာလည်း ရုံဖန်ရံခါ ဖဝိုင်းရောက်ရသည့်အဆင့် ဖြစ်ခဲ့ရသည်။ ဒါကို ကြီးလှမေ မသိ၍သာ သူ အထောင်းသက်သာနေခြင်း ဖြစ်သည်။

ကိုဖိုးအေးလိုပဲ နှုတ်အရသာခံချင်လှသည်။ သို့သော် ရပ်ကွက်ထဲ၌ အပျိုတွေအားလုံးကို ခြုံငုံကြည့်သော် သူ့မျက်စိထဲ တစ်ယောက်မှ မလှချေ။

"မနှင်းမှုန်က လမ်းလျှောက်တာလေးက အစ လှတာ။ ပါးကလေးကို ရဲလို့။ သူ တစ်ချက်တစ်ချက် စိုက်ကြည့်လိုက်ရင် အသက် တစ်ရက် တိုသွားသလား မှတ်ရတယ်။ ဇာတ်ပွဲက တီးကတဲ့ လကွင်းကြီးထက် သာတယ် မောင်ရေ။ ရင်ခုန်သံကို ဆူညံလို့။ ဘုန်းကြီးကျောင်းက မောင်းလောက်တော့ သနားတယ်ပဲ။ သူ တစ်ချက်ပြုံးပြရင်များ ထမင်း နှစ်ရက်မစားရတောင် နေသာတယ်"

ကိုဖိုးအေး ပြောသမျှသည် နားထောင်၍ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မနှင်းမှုန်နှင့်ဆုံတိုင်း မနှင်းမှုန်ကို သေသေချာချာကြည့်မိသည်။ မနှင်းမှုန်သည် သူ့မျက်စိထဲ နည်းနည်းမျှ မလှချေ။ မရှိသောမျက်ခုံးမွေးကို ခဲဖြင့် ဆွဲထားသည်။ ပါးရိုးချိုင့်သည်။ မျက်လုံးအရောင်သည် တောက်ပမှု မရှိချေ။ နှာခေါင်းပြားသည်၊ ကိုဖိုးအေးက ဘာမျက်လုံးနှင့် ကြည့်ပြီး စက်စက်ယိုအောင်လှတယ် ထင်နေမှန်း မသိချေ။

ထူးတော့ ထူးဆန်းနေ၏၊ သူ့မျက်လုံးထဲလည်း မိန်းကလေးတစ်ယောက်ကို လှတယ်ဟု ကိုဖိုးအေးလို မြင်ချင်သည်။ သို့သော်ခဲယဉ်းလှ၏။ ဇင်မာသန်းကိုလည်း လှတယ်ဟု မမြင်ချေ။ ဇင်မာသန်းနှင့် မဖြစ်မနေ စကားပြောရသည့်အချိန်တိုင်းလည်း စိတ်ညစ်သည်။ ဇင်မာသန်းကသာ သူက ကြိုက်နေပါတယ်ဟု အထင်လွဲသွားရင် ခက်ရချည်ရဲ့။ သူ ဇင်မာသန်းကို မကြိုက်ချေ။ ဇင်မာသန်းနှင့်လည်း ရည်းစားမဖြစ်လိုပေ။

"အပျိုပါးကို ခွင့်မပြုဘဲ ခိုးနမ်းရတာလောက် အရသာ ရှိတာမရှိဘူး ဟော့ကောင်"

ကိုဖိုးအေးက အာချောင်လျှင် သူစိတ်ကူးယဉ်မိသည်။ သူဇင်မာသန်း၏ပါးပြင်ကို ရင်မခုန်ပေ။ စိတ်ကူးဖြင့် ပစ်မှားကြည့်မိသည်ကိုပင် စိတ်ပျက်လှ၏။ ပြီးနောက် ရည်းစားထားခြင်းကို ကြီးလှမေကြိုက်မည် မဟုတ်ချေ။ ကြီးလှမေက ရှုပ်ရှုပ်ယှက်ယှက် သဘောကျသူမျိုး မဟုတ်။

"ဖိုးအေးနဲ့ တွဲပြီး ရှုပ်ရှုပ်ယှက်ယှက်လုပ်မလာနဲ့နော် ဝသုန်အတတ်ကောင်းတွေ သင်မနေနဲ့"



ကြီးလှမေက ဘာကိုဆိုလိုသလဲဆိုတာ သူ မသိပေ။ သို့သော်သူသိသော ကိုဖိုးအေးက ကြီးလှမေ ပြောသလောက်ကြီး မဆိုးမှန်းသိသည်။ ကိုဖိုးအေးက သဘောကောင်းသောလူဟု သူ သိထားသည်။ ရံဖန်ရံခါ မိုက်ဖော်ညှိတတ်တာကလွဲလို့ပေါ့။ ခုလည်း သူ့ကို ဇင်မာသန်းနှင့် လော်နေပြန်ပြီဖြစ်သည်။ သူ့စိတ်သာအီတီတီဆိုလျှင် မကြာခင် ရည်းစားရတော့မည့်အခြေအနေ။

"ဟာဗျာ လုပ်မနေနဲ့။ ဒီကိစ္စမျိုးဆိုတာ နောက်ကျလို့ ကောင်းတာ မဟုတ်ဘူး။ နောက်မှ လွတ်တဲ့ငါးကြီးကြီးနေဦးမယ်။ ဟိုကောင်အောင်သူက ဇင်မာသန်းတို့ လယ်ထဲချောင်းပေါက်မတတ် သွားနေတာ။ နှမ်းဖန်များရင် ငုတ်တိုင်လည်း ခံနိုင်ရိုးရှိပါ့မလား"

ကိုဖိုးအေးစကားအရ သူကပဲ ချက်ချင်းလက်ငင်း ဇင်မာသန်းကို ပြေးကြိုက်ရတော့မလိုလို။ သူ့စိတ်ကလည်း ဇင်မာသန်းကို မကြိုက်သော်လည်း ရည်းစားတော့ ထားဖူးချင်သား။ ဒီအရွယ်ပဲရောက်နေပြီ ရည်းစားမရှိတဲ့အတွက် လူစင်ပဲ မမီသလို ဘာလိုလို။

"စဉ်းစားမနေနဲ့ ဟော့ကောင်။ ကဲ ... ပြော ... ဇင်မာသန်းကို ခြေကျိုးလက်ကျိုးလား"

"ကျိုးတော့မကျိုးဘူးလေဗျာ"

"မကျိုးတော့ ကြိုက်ပေါ့ကွ။ အစကတော့ ဒီလိုပါပဲကွာ။ နောက်တော့လည်း တစ်နေ့မမြင်ရ မနေနိုင်တို့ ဘာတို့ ဖြစ်ကုန်ရော၊ မယုံရင် မင်းကြိုက်ကြည့်"

နှမ်းဖန်များတော့လည်း ယိုင်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပြော ... ဟော့ကောင် ... မနက်ဖြန် ဇင်မာသန်းက ငါတို့လယ်ထဲ ကောက်စိုက်ဝင်မှာ။ အဲတော့ ... ဘုရားလည်း ဖူး၊ လိပ်ဥလည်း တူးလို့ရတာပေါ့ကွာ။ မင်း ဝင်လို့ကောင်းအောင် ငါ စကားကြောင်းထားမယ်"

"ဟာ ... ကိုဖိုးအေး အများကြီး မပြောထားနဲ့နော်။ ကျွန်တော် ရှက်တယ်ဗျ"

"ခက်ရပြန်ရောကွာ။ အစကတော့ ဒီလိုပဲ ရှိန်းတိန်းဖိန်းတိန်း ဖြစ်တာပေါ့ကွ။ နောက်တော့လည်း ရိုးသွားမှာပါ။ ဒါပေမဲ့ အဲဒီရှိန်းတိန်း ဖိန်းတိန်းကိုက အရသာကွ။ မင်း မယုံရင်စမ်းကြည့်"

အရသာတဲ့လား။ ပျော်သလိုတော့ ရှိလာသည်။

"ဘာမှစိတ်မပူနဲ့။ မနက်ဖြန်လည်း မင်း ငါ့လယ်ထဲ ပျိုးနုတ် လာရဦးမှာပဲ။ အပျိုကြိုက်လောက်အောင်သာနေ ဟော့ကောင်။ မင်းကို ဇင်မာသန်း သေချာပေါက်ကြိုက်လာလိမ့်မယ်"

ကျေနပ်သလိုလိုဖြစ်မိသည်။

ကိုဖိုးအေး၏တဲမှပြန်ရာ လမ်းတစ်လျှောက်လုံးတွင် ဇင်မာ သန်း၏ မျက်နှာသာ ကြီးစိုး၍နေလေသည်။ မှန်တာပြောရလျှင် သူ ဇင်မာသန်းကို သေသေချာချာ မကြည့်ဖူးချေ။ ပါးက ဘယ်လိုပုံလဲ၊ မျက်ခုံးရော ကောင်းသလား၊ ကိုယ်လုံးကိုယ်ပေါက်ကရော ဘာပုံစံဖြစ် နေသလဲ၊ သူ စေ့စေ့တွေးကြည့်သောအခါ ရေးရေးပေါ်လာသည်။ သို့သော် တိကျသော မျက်နှာပုံစံကိုမူ စိတ်ကူးထဲ ပုံဆွဲကြည့်၍မရချေ။

ဇင်မာသန်း၏ပုံကို တစ်ထစ်ချင်း ပြန်စဉ်းစားတော့လည်း





သိပ်မဆိုးလှဘူးဟု ထင်သည်။ ဆံပင်ရှည်ပြီး စကားပြော ညင်သာ သည်ဆိုတာတော့ သူ ကောင်းစွာသိ၏။

"အွတ် ... အွတ် ... အွတ်"

ဓာတ်မီးတိုင်က ဖြာခနဲ ထိုးမိသောအခါ အစိတ်သားခန့်ရှိ သော ဖားဝါကြီးသည် သူ့ရှေ့တွင် မလှုပ်မယှက်ငြိမ်သက်နေသည်။ ဖားဝါကြီး၏ ဆွဲဆောင်မှုက ဇင်မာသန်းထက် သာသွားသည်။ ဤသို့လို စားဖားကြီးတွေ့တော့လည်း သူ့လက်က မနေနိုင်ပြန်ပါ။ ထို့ကြောင့် နီးရာ ဝါးလုံးကောက်ဆွဲပြီး အွတ်ခနဲနေအောင် ရိုက်လိုက်မိသည်။ ဖား သည် ပေါင်ကလေး ကားပြီး တဆတ်ဆတ်တုန်ယင်ကာ ဇီဝိန်ချုပ် သွား၏။

ထိုဖားကို ပုဆိုးခါးပုံထဲ ကောက်ထည့်သည်။

ဖားကို ဆက်ရိုက်ချင်သေးသည်။ ဒီတစ်ကောင်လောက်နှင့် တော့ ဟင်းတစ်နပ် မဖြစ်နိုင်ချေ။

"အွတ် ... အွတ်"

ဖားသည် ဘယ်နှနှစ်သက်တမ်းရှိနေမှန်း မသိချေ။ အော်သံ ပင် သိပ်မစည်ဝေချင်တော့။

ဒုတိယအချက်ရိုက်ပြန်သည်။ ပုဆိုးခါးပုံထဲ၌ ဖား နှစ်ကောင်။

နောက်တစ်ချက်ရိုက်ပြန်သည်။ တစ်ချက်ရိုက် တစ်ကောင်မိ သည်။ ဓာတ်မီးထိုးလိုက်သောအခါ မီးရောင်စူးစူးကြောင့် တိရစ္ဆာန်သည် ရှတ်တရက် ထွက်ပြေးဖို့မလွယ်ကူခြင်း ဖြစ်နိုင်သည်။

မိုကြီးတော့မည်ထင်ပါရဲ့။ ကျင်းအောင်းနေသော နှစ်ချို့ဖားများ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီဖြစ်သည်။ တော်ပါသေးရဲ့။ သူတို့လယ်က ကောက်စိုက်ပြီးချိန်မို့။

ကောက်ပင်က ရွှံ့ထဲ စွဲနေလောက်ပြီဖြစ်၍ မိုးဘယ်လောက်ကြီးကြီး မမှုတော့ချေ။ ကိုဖိုးအေးကိုတော့ စိုးရိမ်မိသည်။ လယ်ရေတွေ ဖောက်ချထားဖို့ သတိသွားပေးရမလား ဟု တွေးမိပြန်သည်။ သို့သော် ယခုချိန်လောက်ဆို ကိုဖိုးအေးလည်း ဖားရိုက်ဆင်းနေလောက်ပြီဟု တွက်ဆမိပြန်သည်။

တအွတ်အွတ်နှင့် ဖားအော်သံကြားလျှင် လယ်သမားများ မနေနိုင် မထိုင်နိုင် ဖားရိုက်ထွက်ကြသည်။ တစ်ညလုံးလည်း မအိပ်ကြတော့ပေ။ ဖားရိုက်အပြီး အရဏ်တက်ပြီဖြစ်၏။ မိုးကြီးမှာစိုး၍က တစ်ကြောင်း၊ ကောက်စိုက်သမများ ဆက်လျက်သား စိုက်ပျိုးရရေးက တစ်ကြောင်း၊ ကောက်စိုက်နိုင်ရာ အဆင်သင့်ဖြစ်ရေး ဝီရိယစိုက်ကာ ထွန်ယက်ကြရသည်။ ကောက်စိုက်ရက် ထိုခဏ၌ လယ်သမားတို့ အပင်ပန်းကြီး ပင်ပန်းကြရသည်။

ပျိုးနုတ်၊ လယ်ထွန်လုပ်ပြီး နေ့၊ ည အားရတဲ့အချိန်ဆို၍ မရှိ။ မြက်ကြမ်းတွေ ဆင်းမလာနိုင်ရန် လယ်ကန်သင်းကို ပေါက်ပြားနှင့် ခုတ်ခွာရသည်က တစ်လုပ်။ ဂရုစိုက်လေ စပါးအထွက်တိုးလေမို့ အတတ်နိုင်ဆုံး ကြိုးစားရသည်။ ပင်ပန်းလျှင်လည်း ပင်ပန်းတယ်ဟု မမှတ်ယူဘဲ ထ်ုးလျက်ကိုသာ အာသာပြေဝါးပြီး ချွေးသုတ်လုပ်ကြရသည်။

"အွတ် ... အွတ် ... အွတ်"

မျှဝေသော



ခပ်လှမ်းလှမ်းမှ ဖားအိုကြီးအော်သံကို ကြားရပြန်သည်။ ပုဆိုးခါးပုံထဲလည်း ဖားတွေ ပြည့်နေ၏။ ဓာတ်မီးထဲထည့်ထားတာ ကြာပြီဖြစ်သော မျောက်စိမ်းဓာတ်ခဲအားသည်လည်း လင်းလိုက် မှောင်လိုက်ဖြင့် အချက်ပြနေသည်။ ညဆိုသော တိတ်ဆိတ်ခြင်းတွင် တိရစ္ဆာန်တို့မင်းမူလေ့ရှိသောကြောင့် အလင်းရောင်မပါပါက ဒုက္ခလှလှတွေ့သွားနိုင်သည်။ ထို့ကြောင့် တအွတ်အွတ် စိန်ခေါ်နေသော ဖားအော်သံကို လျစ်လျူရှုကာ ထွက်လာရတော့၏။

လျှပ်ရောင်သည် ဝင်းခနဲ လက်ခနဲ ပြိုးပြိုးပြက်ပြက် ဖြစ်သွားသည်။ သို့သော် မိုးခြိမ်းသံတော့ မကြားရချေ။ တိုက်လေသည် ထုံခနဲ အေးသွားသည်။

ထိုလေထဲတွင် မိုးရနံ့ကို သူ ရှူရှိုက်မိ၏။ မကြာခင် မိုးသည်းထန်စွာ ရွာတော့မည်။

ထို့ကြောင့် ထောင်ထားသောခရာကို မဖော်တော့ဘဲ တဲသို့သာ ပြန်လာဖြစ်၏။

တဲရောက်သောအခါ ပုဆိုးခါးပုံကို ဖြေချသည်။ ဖားကြီးများ ထွက်လာ၏။ စုစုပေါင်း ဆယ်ကောင်၊ ဖယောင်းတိုင်ကို မီးညှိလိုက်သောအခါ လင်းထိန်သွားသည်။

ပုဆိုးကို လုံးထွေးကာ ထောင့်ကို ပစ်လိုက်ပြီး ဖားသားရေ ဆုတ်လိုက်သည်။ ပြီးနောက် ဗိုက်ဖောက်ကာ ဆားနယ်၏။ ဆားနယ်ပြီးသောအခါ မီးဖိုသည်။ ဝါးကို ထက်ခြမ်းခွဲကာ ဝါးညှပ်လုပ်သည်။ ပြီးနောက် သားရေဆုတ်ထားသော ဖားတို့ကို အကွေးလိုက် ဝါးညှပ်ပေါ်

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



တန်းစီတင်၏။ ပြီးနောက် မီးခဲရဲရဲတွင် ကင်သည်။ ဘကြီး သိပ်ကြိုက်သည့် အစားအစာဖြစ်သည်။

ဖားကင်ဆိုပါက ရေနွေးကြမ်းလေး၊ ထမင်းပူပူလေးဖြင့် မြုံမြုံ ဝါး၍ မပြီးနိုင်တော့။

လယ်ပြီးပြီဖြစ်၍ ဘကြီးသည် တဲ၌ မအိပ်တော့ဘဲ ရွာထဲမှ နေအိမ်သို့ ပြောင်းအိပ်သည်။ ဘကြီးက အသက်ကြီးပြီမို့ မိုးလုံလေလုံ နှင့်နေဖို့သင့်ပြီ ဖြစ်သည်။

"ဝေါ ... ဝေါ"

လေသည် ပြင်းထန်လာ၏။ တစ်ချက်တစ်ချက် ဝေ့လိုက်သော လေသည် တဲလေးပင် လှုပ်လှုပ်သွားသည်။ ကြမ်းကြားမှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ နွားနီကြီးသည် လှုပ်ရှ လှုပ်ရှ ဖြစ်လာ၏။

နွားများကို ဖြုတ်ကိုက်မှာစိုး၍ ဖိုထားသော မီးဖိုသည်လည်း ငြိမ်းစပြုနေသည်။ သူလည်း ဆင်း၍ မဖိုချင်တော့ပါ။ မိုးက သူချည်း ... ဟ်သက်မဟုတ်။ လေပါ ခေါ်လာသည် မဟုတ်ပါလား။ ထို့ကြောင့် ဖားကို ဂရုတစိုက် ကင်ပြီး မီးငြိမ်းသတ်လိုက်သည်။

"ဝေါ ... ဝေါ"

မိုးသံသည် ညာသံပေး၍ ဝင်လာသည်။

"အူဝဲ ... အူဝဲ"

မိုးသံနှင့်အတူ နှောနေသော ကလေးငိုသံကို ကြားရပြန်၏။ ထိုအခါ စောင်ကို ခေါင်းမြီးခြုံသည်။ ခြင်ထောင်ကို ချလိုက် သည်။ အိပ်မှဖြစ်လိမ့်မည်။ မဟုတ်ပါက ဒီကလေးငိုသံက သူ့ကို နှောင့် ယှက်ပေလိမ့်မည်။

"အူဝဲ ... အူဝဲ"

သနားလည်း သနားပါသည်။ ခုချိန်ထိ ဒီဗိုက်ကြီးသည် မကျွတ် နိုင်သေးချေ။

လွန်ခဲ့သော သုံးနှစ်ခန့်က ကိုဖိုးအေးတို့လယ်ပိုင်ရှင်အဟောင်း က ရေနုတ်မြောင်း၌ ပိုးထိပြီး သေခဲ့သည်။ ထိုအချိန်က အမျိုးသမီး သည် ကိုယ်ဝန်ခုနစ်လနှင့် ဖြစ်သည်။ မိန်းမသေ၍ ယောကျ်ားဖြစ်သူ သည် စိတ်မာတ်ကျပြီး ထိုလယ်ကို ကိုဖိုးအေးတို့ထံ ရောင်းကာ ဘုန်းကြီး ဝတ်သွားသည်။

မိုးသည်းညတိုင်းတွင် ကလေးငိုသံတစ်သံနှင့် ကလေးချော့သံ ကို ကြားရတတ်သည်။ ဘုရားသက်မိသလို ချောက်ချားမိပြန်သည်။ ထိုအသံကို သူ တစ်ယောက်တည်း ကြားရသည် မဟုတ်ပေ။ ကိုဖိုးအေး လည်း ကြားဖူးသည်ဟု ဆိုသည်။ အခြားလူကို ပြောလျှင် ကြောက်ကြ မည်စိုး၍ ရေငုံနှုတ်ပိတ်သာ နေခဲ့ခြင်း ဖြစ်သည်။

"ဝေါ"

မိုးသံသည် ပို၍ ဆူညံလာ၏။

ခြင်ထောင်ထဲမှ လူးလဲထကာ တဲကပြင်ပေါ် ထွက်ရပ်ပြီး ကိုဖိုးအေးတဲကို လှမ်းကြည့်၏။

ကလေးငိုသံလည်း စစ်ခနဲတိတ်သွားသလို၊ ဓာတ်မီးရောင်ကို လည်း တွေ့ရသည်။

ကိုဖိုးအေးသည် ဖားရိုက်ကောင်းဆဲဖြစ်မည်။ ဓာတ်မီးရောင်ကို







www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရ၏။

အရက်လာသည်ထိ ရိုက်တော့မယ်ထင်ပါရဲ့၊ သူလည်း သတ်နှင့် အိပ်ရပေမည်။

ကိုဖိုးအေး လယ် ကောက်စိုက်ရက်မဟုတ်ပါလား။ တတ်နိုင်သလောက် ဝိုင်းကူရမည်ဖြစ်၏။

"ဝေါ ... ဝေါ"

မိုးက ထင်တာထက်ပိုပြီး သည်းလာသည်။

ဒီပုံအတိုင်းဆို လယ်ရေတွေ လျှံသွားနိုင်သည်။

ထို့ကြောင့် ကြိုးကြိုးဝယ်ပေးထားသော မာတ်ခဲအသစ်ကို ...ကာ မိုးကာလေးခြုံကာ ပေါက်ပြားထမ်းပြီး ထွက်လာသည်။ လယ်...တွေ ဖောက်ချမှ ဖြစ်မည်။

လယ်ကန်သင်းရိုးကို ပေါက်ပြားဖြင့် ခုတ်သည်။ ဤတွင် ...သော ကွင်းမှ ရေများ နိမ့်သောကွင်းမှတစ်ဆင့် ရေမြောင်းကြီးထဲ ...ဝင်သွားကြကုန်သည်။ သူ ခေါင်းပြားအောင် အိပ်လို့ရပြီဖြစ်သည်။ ဇင်...သန်းအကြောင်းကို အိပ်ရာထဲ လူးလဲပြီး စိတ်ကူးယဉ်ရပေမည်။ မနက်...ဘောက်အဖွဲ့ကောက်စိုက်သင်းထဲ ဇင်မာသန်း ပါလာမှာလား။





ခေါင်းတွင် ဆီအရွဲသားဖြင့် ပုဆိုးအသစ်ဝတ်ကာ ရောက်လာသော ဝသုန်ကို ကိုဖိုးအေးက မှင်တက်စွာ ကြည့်နေမိသည်။ ကိုဖိုးအေး၏ အကြည့်စူးစူးအောက်တွင် ဝသုန်တစ်ယောက် မနေတတ် မထိုင်တတ် ဖြစ်မိ၏။

"ဘာဖြစ်လို့လဲ ကိုဖိုးအေး"

မျက်နှာငယ်လေးနှင့် မလုံမလဲ မေးမိ၏။

"ဘာ ... ဘာမှမဖြစ်ပါဘူးကွာ၊ မင်း ဒီ ... ဒီနေ့ ပျိုးရော...တ်ဦးမှာလား"

"ဟာ ... ကိုဖိုးအေးကလည်း နုတ်မှာပေါ့ဗျ"

"ပျိုးနုတ်တာ အရေးမကြီးဘူး။ မင်းရဲ့ပုဆိုးအသစ်ကြီးက ပွဲတိုး...သေးတာ မဟုတ်ဘူး"

"ဟာ ... ဗျာ ... ကိုဖိုးအေးကလည်း"

ရှက်ရှက်နှင့် ပျိုးထုံးကို ကောက်ကိုင်လိုက်မိသည်။

"မနုတ်ပါနဲ့ကွာ၊ ပျိုးလက်သာ ချပေးပါ။ ဇင်မာသန်းက ဘောက်...ချဲ့ထဲပါတယ်။ ငါ အစပျိုးပြောထားတယ်။ အရိပ်အခြည်သာ ကြည့်...တော့"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေး ပြောတဲ့အတိုင်းလည်း လုပ်ချင်သည်။ လုပ်ရမှာ ကိုလည်း ရှက်သည်။ သို့သော် ရှက်ရှက်နှင့်ပင် ဖျိုးနှစ်ထုံး ကောက် ကိုင်ထွက်လာခဲ့၏။

ကောက်စိုက်ကွင်းနှင့်နီးလာလေ ရင်တဒိတ်ဒိတ် တုန်ယင် ‌ေ ဖြစ်၏။ ဆယ့်ငါးယောက်ခန့် ကောက်စိုက်သူမများကိုလည်း အယောက် တစ်ရာခန့်ရှိမည်ဟု ထင်မှတ်မိသည်။

ခပ်လှမ်းလှမ်းမှ ကြည့်သော်ငြား ဇင်မာသန်း ပီပီသသမြင်နေ သည်။ ဇင်မာသန်းက ကောက်အဖွဲ့၏ခေါင်းဆောင် ဒေါ်စိန်မေအနီ တွင် ကုန်းကွ ကုန်းကွနှင့် ကောက်စိုက်နေ၏။

သူ ဘာလုပ်၍လုပ်ရမှန်း မသိနိုင်တော့ချေ။ ရှေ့ဆက်၍ သွာ ရ ကောင်းနိုး နောက်ပြန်လှည့်ရကောင်းနိုး။

“အဲ ... ဟိုမှာ ဝသုန်ကြီးတော့”

ကောက်သမလေးတစ်ဦးက လှမ်းအော်သောအခါ ဒူးများ ညွတ်ခွေချင်ချင်ဖြစ်ရသည်။

ကုန်းနေသော ကောက်စိုက်သူများသည်လည်း ဆတ်ခနဲ ခေ မော့လာကြသည်။ ဝသုန်တစ်ယောက် ဝိုင်းကြည့်ခံနေရသော မျေ ကလေးတစ်ကောင်နှယ် ကုပ်ဖေးဖေးနှင့်။

“ဟဲ့ ... ဝသုန်လာလေ။ ဇင်မာသန်းက ကိုက်မစားပါ ဟဲ့။ ဘာရပ်လုပ်နေတာလဲ။ မြေကြီး ကျွံဝင်သွားဦးမယ်”

ညွတ်ချင်နေသော ဒူးများသည် တဆတ်ဆတ်တုန်ယင်နေသ သူ့ခြေလှမ်းတွေ ဆက်မလှမ်းဝံ့တော့ချေ။ အနည်းငယ်လှမ်းနေပါ





ဆိုသော အကွာအဝေး အားကိုးနှင့် ဇင်မာသန်းကို ကြည့်လိုက်တော့ သည်။ ဇင်မာသန်းသည် ကောက်ပင်ကိုသာ ထိုးစိုက်နေသည်။

“အဲ ... ကိုဝသုန်ကြီးက တောက်ပြောင်လို့ပါလား။ ခေါင်းမှာ သည်း အုန်းဆီတွေရွှဲလို့”

“လာပါဟဲ့ ဝသုန်ရဲ့။ မင်းတို့ ဘာပြောပြော ငါတို့က မကြား ချင်ယောင်ဆောင်နေပါ့မယ်”

ရှက်လိုက်တာ။ နေရာမှာတင် လေနှင့်အတူလွင့်သွားချင်လှ ပြီ။

“လယ်ကန်သင်းပေါ် မိန့်မိန့်ကြီးရပ်နေ။ ကျွတ်တွေ ဝင်ကုန် မယ်။ လာပါဟဲ့ ဝသုန်ရဲ့။ မင်းလိုလူကို ငြင်းရင်တော့ ဇင်မာသန်း ပုစွန်ဖြစ်သွားမယ်”

“ဟိုမှာ ဝသုန် မလာတတ်တော့ဘူး။ ဟဲ့ ... ဇင်မာသန်း ပါ ဝသုန့်ကို ခေါ်လိုက်ပါဦး”

ကောက်ခေါင်း ဒေါ်စိန်မေကပါ ပြောချလိုက်တော့အခါ ကျယ် လယ်ကွင်းကြီးထဲ သူ့အတွက် နေရာက ရှားပါးသွားပြီဖြစ်သည်။ ရပ်မနေရဲတော့ချေ။ ရှေ့လည်း မဆက်ဝံ့တော့။ ဇင်မာသန်းကို က ဆွဲနေကြပြီဖြစ်၏။

သူ ဘာလုပ်ရမလဲဆိုတာ မစဉ်းစားမိသေးခင်မှာပင် လက်ထဲ စ်ထုံးကို ဖြစ်သလို ပစ်ချကာ နောက်လှည့်ထွက်ပြေးလာတော့၏။

ထိုနေ့မှစ၍ သူ ကိုဖိုးအေးတို့ လယ်ထဲမသွားတော့သလို ခေါင်း ဆီမလိမ်းတော့ပေ။ ဝတ်ခဲ့မိသော ပုဆိုးအသစ်ကို ‌ေ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ချင်တော့ပါ။

ကိုဖိုးအေး လယ်ကိုမဆိုထားနှင့် လယ်နီးချုပ်စပ်ဖြစ်သော ကိုငွေမောင်တို့၊ ဦးငွေယုံတို့ လယ်ကိုပင် ခြေဦးမလှည့်ပေ။ ညနေ နွားဆွဲ၊ မနက်နွားလွှတ်၊ အချိန်ရလျှင် နွားချေးကျုံး၊ ရေဖောက်မြောင်းထဲ ယက်သဲ့တစ်လုံးဖြင့် ငါးရှာ အစရှိသဖြင့် အချိန်ဖြုန်းနေမိသည်။

ခရာငါး၊ ယက်သဲ့ငါးများသည် ငါးငပိအဖြစ် ကျည်တောက်ထဲ ပြည့်နေသည်။ ယခုဆိုလျှင် ကျည်တောက်ငါးလုံးရှိနေ၏။ တစ်နေ့ရ လာသော "လယ်ကြားငါးပေါက်ကလေးကို ကျောက်ဖိပြီး စုထားသည်၊ ငါးရက်မျှစုဆောင်းမှ ကျည်တောက်တစ်လုံးစာ ရ၏။ ဆန်မှုန့်နှင့် ဆား နှောကာ ကျောက်ဖိငါးကို ဝါးကျည်တောက်ထဲ သိပ်ရသည်။ ငါးကလေး များသည် ကျောက်တုံးအောက်တွင် တောင့်ခဲပြားချပ်၍နေလေသည်။

ထိုငါးငပိကို မျှစ်ပြုတ်ကလေးနှင့်သာ တို့စားလိုက်ရလျှင် ထမင်းမြိန်လိုက်မည့်ဖြစ်ခြင်း။ ဝင်းဝါကိုပင် သတိရမိတော့သည်။ ဝင်းဝါ သည် ငါးငပိနှင့် မျှစ်ပြုတ်ဆိုပါက ထမင်းကိုပင် မေ့နေတတ်သည်။

ဝင်းဝါ နေကောင်းရဲ့လား။ ရွာကို ဘယ်တော့ပြန်ရောက်မှာ လဲ။ ခါတိုင်းဆိုလျှင် ကောက်ပင်များ ထွားပြီး စပါးနှံထွက်ပြူစအချိန် တွင် ဝင်းဝါက ပြန်ရောက်နေကျဖြစ်၏။

ကောက်ပင်တွေကတော့ စိမ်းညို့လာပါပြီ။ သို့သော် စပါးနှံ တော့ မထွက်သေးပေ။ ဒီနှစ် သူ သိပ်ထားတဲ့ ငါးငပိနပ်ဆေး အချိန် တွင် ဝင်းဝါပြန်ရောက်လာလျှင် ကောင်းမည်ဟု တွက်မိသည်။

ကိုဖိုးအေးတဲသို့ မသွားဖြစ်သောအခါ သူ့အတွက် အချိန်တွေ





ဝိုနေပြန်သည်။

ကောက်စိုက်ပြီးပါက လယ်သမားအဖို့ လယ်ရေဆောက်၊ လယ်ရေပိတ်နှင့် နွားကျောင်းအလုပ်သာ ရှိသည်။ အလုပ်မရှိလျှင် မနေ တတ်သော သူ့အဖို့တော့ နွားနှင့် ပေါက်ပြားအပြင် ယက်သဲ့၊ ခရာ တို့က အဖော်ဖြစ်နေပြန်သည်။ ထို့အပြင် ငှက်ကိုင်းထောင်ဖြစ်သည်။

ရွာထဲပြန်ပြီး ရိက္ခာမယူချင်သောကြောင့် ဖားရိုက်၊ ငါးရှာ၊ မှိုခူး၊ ကိုင်းထောင်ပြီး ဝမ်းရေးဖြေရှင်းရသည်၊ ရွာထဲသို့ မဝင်ချင်ပေ။ ဝင်လိုက်တာနှင့် ကောက်စိုက်ပျိုမေတို့ မျက်နှာကို ရင်ဆိုင်ရပေလိမ့် မည်။ ထိုလူများကို သူ မတွေ့ချင်ပေ။ ရှက်စိတ်သည် ယခုချိန်ထိ မပြေနိုင်သေးပေ။

ရွာထဲ စာရေးတံမေးပွဲအလှူလုပ်တော့မည်ကို သူ သိနေသည်။ သို့သော် မပြန်ရဲချေ။ ဒီအချိန်ဆို ရပ်ကွက်ထဲကာလသားတွေ စုကာ အလှူမဏ္ဍပ်၌ ဝိုင်းလုပ်စားနေကြမည်ကို သိ၏။ ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝသည်၊ ထိုပွဲသို့ ပြန်ပြီး သူ စုထားသော ငါးပိကျည်တောက် ကလေးကို ချကျွေးလိုက်လျှင် အရပ်သားများက ဝမ်းသာပီတိဖြစ်ကြ မှာ ဆုံးတော့မည် မဟုတ်တော့ချေ။

သို့သော် သူ ဘာမျက်နှာနဲ့ပြန်ရမှာတဲ့လဲ။ ဇင်မာသန်းကို ဘယ်လိုရင်ဆိုင်ရမှာတဲ့လဲ။ နောက်တစ်ကြိမ် အဲဒီလိုသာ ဝိုင်းစခံရလျှင် ဤအရပ်၌ သူ ဆက်နေနိုင်တော့မည် မဟုတ်တော့ပေ။

"ဝသုန်"

ကိုဖိုးအေး၏အသံဖြစ်သည်။ ဖော်လက်စ ခရာင ဲ ဆက်



www.burmeseclassic.com

www.burmeseclassic.com



မဆွဲရဲတော့။ ကိုဖိုးအေးက သူ့ကို ဘာပြောမလို့လဲ၊ ဇင်မာသန်းနဲ့ စ,နေဦးမှာလား။

တွေးနေရင်းပင် ရေထဲမှ ခရာကို ဆွဲယူကာ ကုန်းပေါ်သွန်ချ လိုက်သည်၊ ခရာထဲမှ လယ်ကြွက်ငါးနှင့် ပုစွန်ဆိတ်ကလေးများသည် မြက်ခင်းပြင်ပေါ်၌ တဖျပ်ဖျပ်ခုန်နေလေတော့သည်။

"ဘယ်တွေပျောက်နေတာလဲ။ မင်းတဲကို လာတိုင်းလည်း မင်းနဲ့ မတွေ့ဘူး"

ဘယ်တွေ့မလဲ။ ကိုဖိုးအေး လာတတ်တဲ့အချိန်တိုင်း သူက ရှောင်နေတတ်သည်ကိုး။

"မင်းကို ဖုန်းတစ်လုံးတောင် ဝယ်ပေးထားရမလိုဖြစ်နေပြီ၊ မနည်းမိအောင် ဖမ်းရတယ်၊ ငါးရှဉ့်ဖမ်းရတာထက် ဆိုးတယ် ဟေ့ကောင်"

ကိုဖိုးအေးသည် ပြောပြောဆိုဆိုပင် ဖျတ်ဖျတ်လူးနေသော ငါးများကို ကောက်ကာ သူ့ခါးတွင် ချည်ထားသော သင်ကြောင်ထဲ ထည့်ပေးသည်၊

ကိုဖိုးအေး၏ မျက်နှာကို သူ မကြည့်ဝံ့ချေ၊ ရှက်၏၊

"မင်းကလည်းကွာ ... ဘယ်လိုဖြစ်တာလဲ၊ မိန်းမကြီးကျနေ တာပဲ။ စိတ်ကောက်တတ်တာ၊ ငါတို့က မင်းကို ခင်လို့စကြတာပါကွ"

"ဟာ ... မကောက်ပါဘူး ကိုဖိုးအေးကလည်း"

"ကြက်တူရွေးက တော်တော် မယ်တော်က သဲသဲဆိုတာလို ဖြစ်နေပြီ၊ ကျန်ရစ်ခဲ့တဲ့ ဇင်မာသန်းကိုလည်း အားနာပါဦးကွ၊ ဟိုက မိန်းကလေး... ငါ့ကို အထင်တွေလွဲမနေနဲ့၊ ငါက ဇင်မာသန်းရေ



မင်းဆီတော့ ဒီနေ့ ဝသုန် ဆိုက်ဆိုက်မြိုက်မြိုက် လာမှာပဲလို့ပဲ ပြော လိုက်တာပါ"

"အဲဒါကြီးက ဆိုးတာပဲ၊ ကိုဖိုးအေးရာ ဘာမှမပြောရင်တောင် ဘာမှဖြစ်ကြမှာမဟုတ်ဘူး၊ အခုတော့ ဒီမျက်နှာကြီး ဓားနဲ့မွှန်းပစ်ဖို့ သည်း မဖြစ်"

"မွှန်းမနေပါနဲ့ကွာ၊ မင်းမျက်နှာကြီး စုတ်ပြတ်သွားတာပဲ အဖတ်တင်မယ်၊ ဇင်မာသန်း လင်နောက်လိုက်ပြေးသွားပြီ"

"ဗျာ"

သူ အံ့သြသွား၏၊ တစ်ချိန်လုံး ငုံ့နေသော ခေါင်းသည် ဆတ်ခနဲမော့လာသည်၊

ကိုဖိုးအေးပုံသည် တည်တည်ငြိမ်ငြိမ်သာ ဖြစ်၏၊ နောက် ပြောင်နေပုံ မရချေ။

"အသည်းကွဲသွားပြီလား"

"မကွဲပါဘူး"

အမှန်လည်း ဟုတ်သည်၊ အံ့သြတယ်ဆိုရုံလောက်သာ ဖြစ်၏။

ဇင်မာသန်းသည် မြန်ဆန်လွန်းသည်ဟု ထင်သည်၊

ရည်းစားရှိတယ်ဟုပင် သတင်းသဲ့သဲ့ မကြားဖူးချေ။

သူတို့အရပ်၌ ရည်းစားရှိတယ်ဟုသာ ဟိုလေးတကြော်ကြော် ...ပြီး နှစ်နှစ် သုံးနှစ်ခန့် ရည်းစားဖြစ်ပြီးမှသာ တောင်းရမ်းလက်ထပ် ...သည်ချည်းဖြစ်၏။

ထိုနှစ်နှစ် သုံးနှစ်သည် မင်္ဂလာစရိတ်နှင့် မင်္ဂလာဦးကာလ

www.burmeseclassic.com

www.burmeseclassic.com



အတွက် စရိတ်စုဆောင်းချိန်ဖြစ်သည်။ ရုတ်တရက် ခိုးရာလိုက်သွားပါတယ်ဆိုလျှင် မိန်းကလေးသိက္ခာ ထိခိုက်၏။ ထိုသို့လုပ်ရခြင်းသည် ထိုစုံတွဲမရှိုးသား၍ဖြစ်သည်။ မည်သို့အကြောင်းကြောင့်နှင့်ပဲ ခိုးပြေးကြပါစေ ထိုစုံတွဲသည် လွန်ကျူးပြီးသူများဟုသာ သတ်မှတ်ကြ၏။

"တော်သေးတယ် ... ငါ့ကောင်းမှုနဲ့ မင်းလှည်းကျိုးထမ်းရတော့မလို့"

"ဟာ ... ဒုက္ခပဲ။ ကျွန်တော်တော့ ပိုပြီး အစခံရတော့မယ်နဲ့တူတယ်"

"မခံရတော့ဘူး ဟော့ကောင်၊ ခံရလည်း အရေးလား။ ကိုယ်ကစင်ပေါ်ကပဲ။ သတင်းရှိုးတိုးရိပ်တိတ် ကြားရတာတော့ ကိုယ်ဝန် သုံးလဆိုလားပဲ။ ဘယ်သူက မင်းကို အဲဒီလိုမိန်းကလေးနဲ့ စရဲတော့မှာလဲ။ ကဲ ... မင်း .. ငါးတွေ သိမ်းကွာ၊ ရွာထဲဝင်ရအောင်။ ဇင်မာသန်းအမှုကိစ္စကြောင့် ရပ်ကွက်ထဲ အလုပ်အကိုင်ဆင်းမယ့် အပျိုလူပျို ရှားနေပြီ"

သူ သက်ပြင်းမောကို ချမိသည်၊ ရပ်ကွက်ထဲ၌ ဤသို့ အပျိုဗိုက်ပေါ်ပါက ရပ်ကွက်နာတယ်ဟုဆိုကာ အပျို၊ လူပျိုများက အရပ်မဆင်းကြတော့ပေ။ ထိုစုံတွဲက အုန်းပွဲ၊ ငှက်ပျောပွဲဖြင့် တောင်းပန်သာ ဆင်းကြသည်။

"ဘယ်ကိုခိုးပြေးသွားကြတာလဲ"

"မောင်ယာလယ်ထဲကိုလို့ ပြောတာပဲ။ သူ့အဖေက မားကြီးကြိမ်းနေလို့ နှစ်ယောက်သား ရွာထဲ မဝင်ရဲကြဘူး"



"ဘယ်သူနဲ့လဲ"

"ဘယ်သူရှိမှာလဲ။ အောင်သူနဲ့ပေါ့။ အဲဒီကောင်ကလည်း ထုံပေပေသာနေတယ်။ လက်က သွက်သလား မမေးနဲ့"

ကောက်လက်စငါးတွေ ကုန်သွားသောအခါ ခရာကို လယ်ရေချပေါက်ထဲ ထောင်ထားပြီး နှစ်ယောက်သား တဲဆီသို့ လာခဲ့ပြန်သည်။

တဲရောက်သောအခါ ဝတ်နေကျအဝတ်ထဲမှ အကောင်းနှစ်ထည်ခန့်ကို လွယ်အိတ်ထဲ ထည့်၏။ ပြီးနောက် ဝင်းဝါအတွက် ငါးပိကျည်တောက်တစ်ခုကို ချန်ထားပြီး ကျန်ကျည်တောက်များကို ပွေ့၍ဆင်းလာသည်။

"ဘာတွေလဲ"

"ငါးပိလုပ်ထားတာ။ ရပ်ကွက်ထဲက လူတွေ ကြိုက်မယ်ထင်လို့ ယူလာတာ"

"မင်းကတော့ တကယ့်ကောင်ပါပဲ ဝသုန်ရာ၊ မင်းနဲ့ညားမယ့်အပျိုတော့ ကောင်းစားဦးမယ်"

"ဟာဗျာ ... ကိုဖိုးအေးကလည်း မဟုတ်တာ"

"ငါတော့ စိတ်ဝင်စားတယ် ဟော့ကောင်။ မင်းနဲ့ ဘယ်အပျိုနဲ့က ဖူးစာဆုံမလဲလို့"

သူလည်း စိတ်ဝင်စားသည်၊ သူ့နှလုံးသားရဲ့ အရှင်သခင်က ဘယ်သူလဲ။ ဘယ်လိုမိန်းကလေးမျိုးကို သူ နှစ်နှစ်ကာကာ ချစ်မိသွားမလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းဝါ ပြန်လာပြီတော့"

ဘုန်းကြီးတရားနာနေဆဲတွင် ရထားတစ်စင်း ဆိုက်သံကို ကြားလိုက်ရသည်။ သို့သော် ထိုရထားနှင့် ဝင်းဝါ ပါလာလိမ့်မည်ဟု သူ မတွေးမိခဲ့ပါ။ ခါတိုင်းဆိုပါက စာရေးတံမေးပွဲပြီးလို့ တစ်ပတ်ဆယ်ရက်အကြာမှသာ ဝင်းဝါက ရွာသို့ပြန်ရောက်ခြင်းဖြစ်သည်။

"ကဲ ... ကပ္ပိယကြီးကို ဝသုန်။ ဘုန်းကြီးကျောင်းကို ချိုင့်နဲ့ လိုက်ပါဟဲ့"

ဘုန်းကြီးကျောင်းဆွမ်းချိုင့်မှို ကြီးသည်။ ထိုကြီးသောချိုင့်ထဲ ထမင်းနှင့် ဟင်းတွေ အပြည့်ထည့်ထားသောကြောင့် မိန်းမသားများ မ,မနိုင်သောကြောင့် အားကောင်းသည့် ယောက်ျားဖို့များသာ မ,ပြီး ကုသိုလ်ယူကြရသည်။

"မင်းရဲ့ ငါးပေပိပါထည့်လိုက်တယ်။ ကျောင်းထိုင်ဆရာတော်က လယ်ကြားငါးပေပိဆို သိပ်ကြိုက်တာ။ မင်းလည်း ကုသိုလ်ရတာပေါ့။ ဆွမ်းချိုင့်ကပ်ရင်း ဆုသာ တောင်းခဲ့ ဝသုန်ရေ။ မိန်းမချောချော ရပါစေလို့"

ပေါ်ပေါ်ထင်ထင်ကြီး မစကြသော်ငြား ရိသဲ့သဲ့ကို နောက်ပြောင်ကြသေး၏။



"ဝင်းဝါကို သွားကြိုကြမယ်"

အဖိုးခေါင်း မလှဝင်း၏အသံကြားသောအခါ ဆွမ်းချိုင့်ကို မပြီး ခပ်သွက်သွက်ထွက်ခွာမိသည်။ ဆွမ်းချိုင့်သည် ကျောင်းသို့ရောက်ပြီးမှ သူ့တာဝန်အေးမှာ မဟုတ်ပါလား။

"ကဲ ... ဘယ်သူလိုက်ကြမလဲ"

ရှေ့သို့ တစိုက်မတ်မတ်သွားနေရသော်လည်း အာရုံတွေက မလှဝင်းထံပါးမှ မခွာနိုင်ပေ။ ဘူတာကို အဖိုးဘယ်နှယောက် သွားကြမှာလဲ။ အထုပ်အပိုးတွေ အကုန်သိမ်းပြီး ပြန်လာသည်ဆိုပါက မိန်းမသားအားများနှင့် မနိုင်မနင်းရှိပေတော့မည်ကို စဉ်းစားမိသည်။

"ဖြည်းဖြည်းသွားပါကွ။ ချိုင့်ထဲက ဟင်းရည်တွေ ဖိတ်တုန်မှ ဘုန်းကြီးရိုက်နေဦးမယ်"

ဝသုန့်ပုံက သိပ်ကိုသိသာလွန်းသွားပြီ ထင်ပါရဲ့။ အုန်းပွဲ၊ ငှက်ပျောပွဲကြီး ထမ်း၍ လိုက်နေသော ကိုဖိုးအေးသည် ဝသုန့်နောက်မှ မပြေးရုံတစ်မယ်ပင် အမောတကောလိုက်နေရှာသည်။ ကိုဖိုးအေးကို ဝသုန် အားနာသွား၏။ ဝင်းဝါမျက်နှာကိုသာ မြင်ယောင်ပြီး သွားနေသောကြောင့် အခြားသူ၏ ဝန်ထုပ်ဝန်ပိုးကို သတိမေ့လျော့သွားခဲ့မိသည်။

"ဘာလဲ ... ဝင်းဝါကို သွားကြိုချင်လို့လား"

"ဟာ ... မဟုတ်တာ ကိုဖိုးအေးကလည်း။ အိမ်ရောက်တော့ တွေ့ရမှာပေါ့ဗျ။ ဒီမျက်နှာတွေ မမြင်ချင်ရင်အဆုံး"

www.burmeseclassic.com

www.burmeseclassic.com



"သိပါဘူးကွာ။ မင်းရဲ့ပုံက ဘူတာကို သွားမယ့်အဖွဲ့ထဲ မပါရလို့ ဒေါသထွက်နေသလို ဘာလိုလို"

"ဟာ"

သူ ရှက်သွား၏။ ဘာကြောင့်ရှက်သွားသလဲဆိုတာတော့ သူ့ကိုယ်သူ မသိချေ။ ရှက်ရှက်နှင့်ပင် ဘုန်းကြီးကျောင်းလမ်းချိုးထဲ ကွေ့ဝင်လိုက်ရာ …

"တီ … တီ … တီ"

အဆက်မပြတ် ဟွန်းတီးနေသော ဆိုင်ကယ်တစ်စင်း။ သူ ရှောင်ဖို့ ကြိုးစားပါသေးသည်။ သို့သော် …

"ဝုန်း"

ရှောင်တိမ်းလိုက်သောလားရာဘက်ချင်း တူသွားရာ ဆူညံသောအသံတစ်ခု ဖြစ်ပေါ်လာသည်။ ထိုအသံနက်ကြီးနောက်တွင် စတီးခွက်သံသည် ဆူညံ၍နေလေသည်။

"ဝသုန်"

အော်လိုက်သော ကိုဖိုးအေး၏အသံနောက်တွင် ဖုန်… ငှက်ပျောပွဲ ကျသံက ဆက်၍ ထွက်ပေါ်လာသည်။

"ဝသုန်"

လမ်းမပေါ် ခွေခေါက်၍ လဲကျနေသော ဝသုန့်ကို ကိုဖိုးအေးက ဆွဲထူလိုက်သည်။

"ဝသုန်"

နဖူးမှ သွေးများစီးကျနေသော်လည်း ဝသုန်သည် သတိမ…

●———မွေးသော———●



သေးပေ။

"ဝသုန်"

"ကျွန်တော် ဘာမှမဖြစ်ဘူး ကိုဖိုးအေး။ ဟိုလူ … ဟိုလူ… ဘာဖြစ်သွားပြီလဲ"

ထိုအခါမှ ဆိုင်ကယ်မောင်းသူကို သတိရကာ လှမ်းကြည့်မိ၏။ အုတ်ခုံကိုတိုက်ပြီး လူပေါ် ဆိုင်ကယ်ကြီး ဖိမိနေသည်။

ကိုဖိုးအေးသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိချေ။ မျက်နှာစိမ်း၏အခက်အခဲကို ကူညီရမလား၊ သွေးသံရဲရဲနှင့် ဝသုန့်ကို ဖေးမရမလား ဆိုတာ ဝေခွဲမတတ်ချေ။ ထိုအခြေအနေကို ဝသုန်သည် အာရုံမစိုက်နိုင်အားချေ။

သွေးကြောထဲမှ ခွန်အားတို့ကို ဖျစ်ညှစ်ကာ ကုန်းထသည်။ သွေးစီးကြောင်းများကြားမှ အမြင်အာရုံသည် ဝေဝါး၍နေလေသည်။

"ကို … ကိုဖိုးအေး … ဟိုလူ"

ထိုအခါမှ ထူထူထောင်ထောင်ဖြစ်နေပြီ ဖြစ်သော ဝသုန့်ကို လွှတ်ကာ မျက်နှာစိမ်းထံသို့ ကိုဖိုးအေး ပြေးထွက်သွားသည်။

ဆိုင်ကယ်ကြီးသည် လေးပင်လှ၏။ ထို့ကြောင့် ရှိစုမဲ့စုအားကုန်သုံးသည်။ သို့သော် မနိုင်ချေ။

ထို့ကြောင့် ဝသုန်က အားယူပြီးထရပ်ကာ ဆိုင်ကယ်ကြီးကို ကူဆွဲလိုက်သည်။ ထိုအခါမှ ဆိုင်ကယ်အောက်မှ လူသည် ကုန်းရုန်းပြီးထလာသည်။

ဝသုန် စိတ်လျှော့လိုက်ပါပြီ။ အားလုံးအဆင်ပြေသွားပြီဖြစ်၏။

●———မွေးသော———●

www.burmeseclassic.com

www.burmeseclassic.com



ထိုလူလည်း ဒဏ်ရာကြီးကြီးမားမား မရပေ။

"ဟင် ... ဝသုန် ... ဝသုန်"

ကိုဖိုးအေး၏ အသံကို နောက်ဆုံးကြားလိုက်ရခြင်း ဖြစ်သည် ဝသုန် ငိုက်မြည်းလာပြီဖြစ်၏။ ဝသုန် အိပ်ပျော်သွားသည်။

ဝသုန်နိုးလာသောအခါ အေးစက်သော အထိအတွေ့ကို ပထ[...] ဆုံးခံစားလိုက်ရ၏။ လက်ဖြင့်စမ်းကြည့်ကာ သံဘောင်တစ်ခုဖြစ်သည် အသံတို့ကို နားစွန်နားဖျား ကြားနေရ၏။ အာရုံစိုက်နားထောင်သော အခါ ထိုအသံများသည် အနီးနားမှ ဖြစ်သည်။ သို့သော် အဝေး[...] လာနေသည့်အလား ပဲ့တင်ထပ်သံလိုသာ ဝေဝေဝါးဝါးကြားရ၏။

"ငါးချက်ချုပ်လိုက်ရတယ်၊ ကိုယ်လက်လှုပ်ရှားနေတဲ့အခိုက် သွေးထွက်သံယိုဖြစ်တော့ သွေးထွက်ကပါ ပိုအားကောင်းလာတယ် ဒဏ်ရာက စိုးရိမ်စရာတော့ မရှိပါဘူး။ လူနာက သွေးထွက်လွန်[...] သတိမေ့သွားတာပါ။ ပွန်းရာပဲ့ရာတွေကို ဆေးထည့်ထားပေးတယ်။ အ[...] မရှင်းလာအောင်တော့ သတိပြုပါ"

ဝိုးတဝါးကြားနေရာမှ ပီပီသသ ဖြစ်လာသည်။

ဝသုန် မျက်လုံးဖွင့်၍ မရချေ။ သို့သော် အားယူနေမိ[...] ခဲရင်းလှသည်။ မျက်လုံးကို ဖွင့်ပိတ်လုပ်ရသည်မှာ ခက်ခဲသောအ[...] မဟုတ်ပေ။ သို့သော် ယခုမှ ဘာလို့ အဲဒီလောက်ခက်ခဲနေရတာ[...]

"ဆရာမ ... သူ့မျက်လုံးတွေ လှုပ်လာပြီ။ သူ သတိရလာ[...] ထင်တယ်"

"မစိုးရိမ်ပါနဲ့ သမီး၊ သူက ဆေးအရှိန်နဲ့မို့ပါ။ သတိရလာမှာ[...]"

မျှဝေသော



[...]တယ်တမ်း စိုးရိမ်စရာရှိတာက ဟိုဘက်က လူနာလေးပါ။ ခြေဆစ် [...]သွားတယ်။ ခြေထောက်ကို အထူးဂရုစိုက်ရလိမ့်မယ်"

ထွက်ခွာသွားသော ခြေသံကို ကြားနေရသည်။

အာရုံတို့က နိုးကြားစပြုလာသည်။ သို့သော် မျက်လုံးသည် [...]မလာချေ။ ကိုယ့်ကိုယ်ကိုယ် မယုံသလို ခံစားလာရ၏။ ဘာတွေ [...]နေတာလဲ၊ အိပ်ပျော်နေတာလား။ အိပ်မက်လား။ နိုးစမ်း ... လန့် [...]မ်းပါ ... နိုးစမ်း။

"ဝသုန် ... ဝသုန်"

ဝင်းဝါဖြစ်သည်။ ဒါ ... ဝင်းဝါ၏အသံ၊

"ဝသုန်"

ကြိုးစားစရာမလိုတော့ပါဘဲ မျက်လုံးသည် ဖျတ်ခနဲ ပွင့်သွား [...]သည်၊

ဝင်းဝါ ...

"သတိရလာပြီလား"

ခေါင်းညိတ်ပြမိသည်။

"နင် အက်ဆီးဒင့်ဖြစ်ထားတယ်၊ မှတ်မိတယ် မဟုတ်လား"

ဝင်းဝါသည် အသားတွေဖြူပြီး ပြင်တတ်ဆင်တတ်ဖြစ်လာ [...]သည်။ နှုတ်ခမ်းနီပါးပါးလေးက ဖြူသော အသားအရေပေါ် ခပ်ရေးရေး [...] ပြေးနေ၏။ ဝင်းဝါသည် မြို့သူတစ်ယောက်ဖြစ်လာပြီ။

"ဝသုန် ... ဝသုန်"

ငေးနေမိသော သူ့ကို ဝင်းဝါက လှုပ်ကိုင်လိုက်သည်။ ထိုအခါ

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



မှ အပြုံးနှင့်ဖွင့်ထားသော မျက်ခွံသည် ပုတ်ခတ် ပုတ်ခတ်ဖြစ်လာတော့သည်။

"ဝသုန် ... ငါ့ကို စကားလေးဘာလေး ပြန်ပြောပါဦး။ ပြောနိုင်ရဲ့လား။ အသံထွက်စမ်း ... နင့်လည်ချောင်း ဘာဖြစ်သွားသလဲ ဝသုန်"

ရင်ထဲ ကျေနပ်သလိုဖြစ်မိသည်။ ဝင်းဝါက သူ့ကို စိုးရိမ်နေသည်။ ဝင်းဝါ၏မျက်ဝန်းထောင့်လေးတွင် ရစ်ဝဲနေသော မျက်ရည်လက်ကျန်တို့က ကြည့်၍ပင် ကောင်းနေတော့၏။ မျက်ရည်လက်ကျန်၊ ဝင်းဝါက ငိုထားတာပေါ့။ သူ့ကို စိုးရိမ်စိတ်နဲ့ ငိုခဲ့တာလား။

"ငါ့နာမည်ကို ရွတ်စမ်းပါ ဝသုန် ... ဝသုန်"

"ငါ ဘာမှမဖြစ်ပါဘူး ဝင်းဝါ"

"မဖြစ်တာကို ဘာလို့ အဲဒီလိုတေမိမင်းလုပ်နေရတာလဲ"

"အံ့သြသွားတာ။ အစောက မင်းမှမရှိဘဲ၊ ရုတ်တရက်ကြီး ရောက်လာတယ်။ တန်ခိုးရှိနေသလိုပဲ"

"တော်တော်တတ်နေ။ ဇင်မာသန်းက သင်ပေးလိုက်ပြီ ထင်တယ်"

ဝင်းဝါက ရှုပ်ပြေးလေးပြောလိုက်ခြင်းဖြစ်သည်ဆိုသော်ငြား သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"လူကိုက မမြင်ရသေးဘူး။ သတင်းတွေက ပွနေပြီ"

ဘယ်သူတွေက ဝင်းဝါကို ဘာတွေများပြောထားကြပြီလဲ။

ဝင်းဝါက ဘယ်လောက်ထိ သိထားပြီလဲ။ အမှန်တရားထက်



ပြီး မသိပါစေနဲ့ဟုသာ ဆုတောင်းနေမိတော့သည်။

"ကြီးကြီးနဲ့ဘကြီးရော ငါခုလိုဖြစ်တာ သိလား"

"မသိရှိမလားဟဲ့။ တစ်ရပ်ကွက်လုံး ဟိုးဟိုးကျော်ပဲဟာကို"

ရုတ်တရက်ဆိုသလို အားငယ်စိတ်ဝင်လာမိသည်။ သူသည် အခုလိုဆေးခန်းရောက်ဖို့ မပြောနှင့် ဆေးလုံးခါးခါးတောင် ကောင်းကောင်း သောက်ဖူးသူ မဟုတ်ချေ။ ကျန်းမာရေးကောင်းလွန်းသူဟု တောင် ကိုဖိုးအေးက နောက်ပြောင်ဖူး၏။

ရုံဖန်ရံခါလေး ဆေးခန်းရောက်သည်ကိုပင် သူ့အား စိုးရိမ်ကြီး မရှိပေးသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ ငါ့ကို မွေးစားထားတာပါလားဆိုသော သတိကို အတင်းအကြပ် ရိုက်သွင်းလိုက်မိသလိုပင်။

"ဘာဖြစ်သွားရပြန်တာလဲ။ စိတ်မကောင်းဖြစ်သွားတာလား"

ဝင်းဝါကို ညာ၍မရချေ။ သူနှင့်ပတ်သက်လျှင် ဝင်းဝါ ဗိုက်ထဲ ပုဏ္ဏားလေးရှိသလားဟုပင်ထင်မှတ်ရလောက်၏။ သို့သော် သူကလည်း ထုံးစံအတိုင်းပင် ဘူးခံငြင်းရလိမ့်မည်။

"ဘာဖြစ်လို့လဲ။ ဘာမှမဖြစ်ပါဘူး။ ငါက ဘာကိုစိတ်မကောင်းဖြစ်ရမှာလဲ"

"အမေနဲ့ အဘက နင့်ပြဿနာကို လိုက်ဖြေရှင်းပေးနေရတယ်လေ"

"ငါ့ပြဿနာ ဟုတ်လား"

သူ မျက်မှောင်တွန့်၍ စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာများပြဿနာရှာထားမိပါလဲ။ မရှိပါချေ။ ဟစ်မနက်လုံး ဆွမ်းကျွေး၌ ဝိုင်းကူလုပ်သည်။ သူ့ဆက်ဆံရေးက တစ်ရပ်ကွက်လုံးနှင့် သာသာယာယာ ရှိနေ၏။

ဒါမှမဟုတ် ဇင်မာသန်းနဲ့များ ဆက်စပ်နေမလား။ ဒါလည်း မဖြစ်နိုင်ချေ။ ဇင်မာသန်းကို သူ ရည်းစားစကားမပြောဖူးချေ။ ပြော ပေးပါဟုလည်း ကိုဖိုးအေးထံ အကူအညီမတောင်းခဲ့ဖူးပါ။ သူ့သဘော ကို ရပ်ကွက်အပျိုများက အထင်လွဲပြီး တစ်ဖက်သတ်စကြသည်ချည်း သာ ဖြစ်၏။ ယခုတော့ ဇင်မာသန်းကလည်း သူ့အိမ်ထောင်နှင့်သူ။

"နင့်ကိုဝင်တိုက်တဲ့တစ်ယောက်လည်း အထိနာသွားတယ်။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်ဆိုတဲ့အတိုင်း ရပ်ကွက်ရုံးမှာပဲ ဖြေရှင်းနေကြတယ်"

ထိုအခါမှ ဆိုင်ကယ်ပိ၍ လဲနေသူကို အမှတ်ရသွား၏။

အနက်ရောင်သားရေဂျာကင်ကို ဝတ်ထားသူ။

"ဟုတ်သားပဲ။ သူ ... သူ ... ဘာဖြစ်သွားသေးလဲ"

"ခြေဆစ်လည်သွားတယ်။ ထော့နင်း ထော့နင်းပဲ။ အင်္ဂလိပ် ဆေးနဲ့ ကုရမှာ အဆင်မပြေလို့ မြို့ဦးစေတီအနားက အနှိပ်သည် ဦးစံမောင်ဆီ ခေါ်သွားကြတယ်။ အဆစ်အမြစ်နဲ့ပတ်သက်လို့တော့ ဘကြီး စံမောင်က ဆရာတစ်ဆူပဲလေ"

ဝင်းဝါ၏စကားကို နားထောင်ရင်း အိပ်နေသော သူသည် ထရန် ကြံသည်။

ခေါင်းသည် မိုက်ခနဲဖြစ်သွားပြန်၏။



ရယ်ချင်မိသည်။ ဒီလောက်သက်သောင့်သက်သာ နာနေရပါ လျက်နဲ့ ဘာကြောင့် ပင်ပန်းနေသည်ဟု ခံစားနေရသလဲဆိုတာ နား မလည်နိုင်ပေ။

"နင် လှဲနေဦး ဝသုန်။ နင့်ကိုယ်ထဲ သွေးသွင်းထားတယ်။ နင် မူးနေတယ် မဟုတ်လား"

"ဟာ ... ဘာမှမဖြစ်ပါဘူး"

"ဖြစ်တယ်မဖြစ်ဘူး မေးနေတာ မဟုတ်ဘူး။ လှဲဆို လှဲလိုက်"

တစ်ခါတစ်ရံတော့လည်း ဝင်းဝါက ဤသို့ အာဏာသံလေး နှင့် ခပ်စွာစွာ အမိန့်ချတတ်ပြန်သည်။

ဝင်းဝါက ထိုသို့အသံစာစာနှင့် ပြောလျှင် သူ စောဒကမတက် ဝံ့တော့သည်မှာ အခုမှ မဟုတ်ပါ။ လွန်ခဲ့သော ခုနစ်နှစ်တည်းက ဖြစ်၏။

"နင် ငါ့ကိုလာမကြိုလို့ ငါက စိတ်ဆိုးမလို့ဟာကို။ ခုလိုဖြစ် တော့ ငါ့စိတ်ကူးတွေက အလကားဖြစ်ကုန်တာပေါ့"

"ဒီနှစ်ပြန်လာတာ စောတယ်နော်"

"အင်္ဂလိပ်ရက်အလိုတော့ ပုံမှန်ပါပဲ။ ဒီနှစ်က ဝါထပ်တာကိုး။ ဒါကြောင့် စာရေးတံမေးပွဲက နောက်ကျနေတာ။ ငါက ပွဲမီလာဦးမလား လို့၊ နင် ငါးပိကျည်တောက်တွေ ယူလာတယ်ဆို"

"အင်း"

"ငါက အဲဒါစားချင်တဲ့ဟာကို"

"ငါးလမ္ဘူကြပ်တိုက်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"ခရာမှာ ဒီနှစ် ငါးလပွေ့ သိပ်မမိဘူး၊ နည်းနည်းပဲ"

"လောကမှာ ငါ့ကို အသိနိုင်ဆုံးလူက နင်ပဲ ဝသုန်၊ ဒါကြော[illegible] ထင်တယ်။ ဘယ်သွားသွား ငါ အမှတ်အရဆုံးလူကလည်း နင်ပဲ။ [illegible] ရော ငါ့ကို သတိမရဘူးလား"

ဩော် ... ပြောမပြောတတ်ပါပေဘာယ် ဝင်းဝါရယ်။ အိမ်[illegible] ဝင်လိုက်တာနဲ့ ခပ်စာစာကြားနေရတဲ့ နင့်အသံကို အိမ်ပြန်တိုင်း တမ်း[illegible] မိသူပါ။

ခြေထောက်ညစ်ပတ်ပတ်ကြီးတွေနဲ့ အိမ်ပေါ်တက်သွားလျှ[illegible] စူစူအောင့်အောင့်နှင့် ရန်တွေ့တတ်တဲ့အသံကို မကြားရတာ ဘ[illegible] လောက်ကြာနေပြီလဲ။ မီးဖိုချောင်ထဲဝင်လျှင်လည်း "ဟင်းအမယ်[illegible] ကျက်တဲ့ထိစောင့်" ဟု ခပ်ပြတ်ပြတ်ပြောသံကိုလည်း လွမ်းလှပါသည်

ဗိုက်ထဲက ပိုးတစ်ထောင်တို့ ဘယ်လောက်တိုက်ပွဲဖြစ်ဖြစ် ဖွန်[illegible] ကြော်သံ၊ ချက်သံတို့ တိုက်ပွဲအောက် ငြိမ်ကျရသည်ချည်းသာ ဖြစ်[illegible]

ဝင်းဝါရှိစဉ်ကတော့ စိတ်အနည်းငယ်ပျက်မိသော်လည်း ဝင်[illegible] မရှိသောအခါ ထိုအသံများသည် လွမ်းစရာဖြစ်၍လာခဲ့သည်။ အ[illegible] သင့် ခူးခပ်ပြင်ဆင်ထားသော ထမင်းအေးအေးနေရာတွင် မနူး[illegible] သေးခင် အာငွေ့ရိုက် မှိုရသော ထမင်းကို တမ်းတမိသည်။ [illegible] ဝင်းဝါမှ သိပါလေစ။ မသိစေချင်ပါ။ သိသွားမှာလည်း စိုးလှသ[illegible] သတိရပါတယ်ဆိုသော အမှန်တရားကို ဝင်းဝါရှေ့ ပြောမထွက်[illegible] ပြောလည်း ပြောချင်ပါ။ ထိုသို့ နူးညံ့မှုမျိုးက ဝင်းဝါနှင့်သူ့အကြား[illegible]



မရှိသင့်ပေ။

ထို့ကြောင့်ပင် နင့်အတွက် ငါးပိကျည်တောက်ချန်ထားတယ် ဟုပင် ပြောမထွက်တော့။ ရုတ်တရက် နူးညံ့သွားလျှင် ဆက်ဆံရေးသည် အခက်တွေ့ကုန်ရော့မည်။

"ငါ့အတွက် ငါးပိကျည်တောက် ရှိသေးတယ် မဟုတ်လား"

"ရှိရင်လည်း ရှိမှာပေါ့။ သိပ်မသိဘူး၊ လောလောနဲ့ ဆွဲထုတ် လာခဲ့တာ"

"ရပါတယ်။ ငါက နင့်အတွက် သိပ်အရေးကြီးတဲ့လူမှ မဟုတ်တာ"

ဝင်းဝါက နှုတ်ခမ်းလေးလှုပ်ရုံပြောလိုက်ခြင်း ဖြစ်သော်ငြား သူ့ရင်ထဲ နာကျင်သွားသည်။ သူ့ရင်ဘတ်သည် ဝင်းဝါထင်ထားသလို မဟုတ်ချေ။ ရင်ထဲ ဝင်းဝါက ဘယ်လိုပုံရှိနေမလဲဆိုတာ သူကိုယ်၌က သူ့ကိုယ်သူ မသိသော်လည်း ခပ်ပေ့ပေ့မဟုတ်တာတော့ သေချာလှသည်။

"ကဲ ... နင်လည်း သတိရလာပြီဆိုတော့ နားလိုက်ဦး။ ငါ အုပ်ချုပ်ရေးမှူးရုံးသွားလိုက်ဦးမယ်။ အမေက မကျေနပ်ပါဘူးလို့ သွား ပြောရင် အားလုံးအရှုပ်အရှုပ်တွေ ဖြစ်ကုန်လိမ့်မယ်။ သူလည်း နင့် ကို အားနာလို့ထင်တယ်။ ဘာလုပ်ပေးလို့လုပ်ပေးရမှန်းမသိအောင် ဗျာယာခတ်နေရှာတယ်။ နင် အရေးပေါ်သွေးလိုတယ်လေ။ ဖြစ်ချင် တော့ သူကလည်း ဘီသွေးပဲ။ အခု နင့်ကိုယ်ထဲရောက်နေတာ သူ့ သွေးတွေပေါ့။ အဲဒီသွေးကုန်လောက်မယ့်အချိန်ကို မှန်းပြီး ဒုခဲ့မယ်

www.burmeseclassic.com

www.burmeseclassic.com



နော်။ ငါရောက်မလာခင် သွေးကုန်သွားလည်း ဘယ်ကိုမှ မသွားရုံး ဒီမှာပဲ လှဲနေ၊ ငါရောက်လာလို့ ဒီမှာမရှိလို့တော့ နင် သေမယ်၊ ဒါပဲနော်"

ဆရာမတစ်ဦးက ကျောင်းသားလေးကို ပြောသောလေသံနှင့် ပြောပြီး ထွက်သွားသော ဝင်းဝါကို သူငေးကြည့်နေဖြစ်သည်။

ဝင်းဝါကို ဝင်းဝါဟုသာ မြင်သည်။ အခြားမည်သည့် အရောင်မျှ မဆိုးနိုင်ပါ။ လှပသောမိန်းကလေး၊ ချစ်ဖို့ကောင်းသောမိန်းကလေး အရွယ်ရောက်လာသော မိန်းကလေး ဟု အစရှိသဖြင့် တွေးမိသော အခါ သူ့ရင်ထဲ လှုပ်ခတ်သွား၏။ ထို့ကြောင့် ဝင်းဝါကို အားနာရပြန် သည်။ ဝင်းဝါသည် သူ့ကို လွှမ်းမိုးနိုင်စွမ်းရှိသူသာ ဖြစ်တော့သည်။ ဒါကို သူကလည်း ကျေနပ်စွာ ...



"နေသာရဲ့လား ကိုမှတ်သုံ"

အိမ်ထဲဝင်ဝင်ချင်းပင် မျက်နှာစိမ်းတစ်ဦးနှင့် ရင်ဆိုင်ကြုံတွေ့ ရ၏။ တစ်ညလေး ဆေးရုံမှာ အိပ်လိုက်ရပါတယ်၊ အိမ်မှာ ဘာဖြစ် လို့ ဖြစ်ကုန်မှန်း မသိတော့ပေ။

ဤလူက ဘယ်သူလဲ၊ ဘယ်ကရောက်လာတာလဲ၊ ဘာကြောင့် ဝင်းဝါနှင့် ရင်းရင်းနှီးနှီးဖြစ်နေရတာလဲ။

ထိုလူကို သူ စူးစိုက်စွာကြည့်လိုက်သည်။ နှုတ်ခမ်းပါးပါး၊ မျက်ခုံးထူထူ၊ မျက်လုံးနက်နက်နှင့် လေးထောင့်ကျသော မျက်နှာ၊ ထိုရုပ်မျိုးကို သူ ရင်းရင်းနှီးနှီး သိနေသည်။ ဘယ်မှာမြင်ဖူးခဲ့ပါလိမ့်။

"ဝသုန် ... ကိုယ့်ကို မမှတ်မိဘူးထင်တယ်"

တစ်ခါမှ မသိခဲ့ဖူးသူကို သူက ဘာကြည့်ပြီး မှတ်မိရမှာလဲ။ ထိုလူ ရူးများသွားပြီလား။

ဝင်းဝါနဲ့သိနေသော သူစိမ်းယောက်ျားမို့ အမြင်မကြည်ရတဲ့ကြားထဲ မေးပုံက ထောင့်မကျိုးဘာနှင့်တော့ ရိုက်ပေါက်တိုးနေပေသည်။

"မမှတ်မိတာ မဟုတ်ဘူး၊ သိကို မသိတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဝသုန် ဘယ်လိုပြောလိုက်တာလဲ"

"ရပါတယ် ဝင်းဝါ။ ကိုယ့်ကို အားမနာပါနဲ့။ ကိုယ်သာ ဝသုန်ဆိုလည်း ဒီလိုပဲဖြစ်မှာပါ"

ရုတ်တရက် အမြင်ကတ်သွားမိသည်။ မေတ္တာရှင်လိုလို ဘာလိုလိုနှင့် လူတတ်ကြီးလုပ်နေသည်ဟု ထင်သည်။

"ဝသုန် ... ကိုယ် မင်းကိုကျေးဇူးတင်ပါတယ်။ မင်းသာ ကိုယ့်ကို အားစိုက်ပြီးမကူခဲ့ရင် ကိုယ် ခုချိန် ခြေထောက်ထောက်နိုင်မယ်တောင် မထင်ပါဘူး"

ထိုအခါမှ ဝသုန်သည် မျက်မှောင်တွန့်၍ စဉ်းစားလိုက်သည်။ အာရုံထဲ၌ ရှုံ့မဲ့နေသော မျက်နှာတစ်ခု ပေါ်လာသည်။

"ခင်ဗျား ... ဆိုင်ကယ်သမား"

"မှတ်မိသွားပြီပဲ"

"သူ အခုလောလောဆယ် လမ်းလျှောက်လို့မရသေးဘူး။ အဲဒါကြောင့် အိမ်မှာ ခဏတည်းခိုခိုင်းထားတာ။ ဦးစံမောင်ကို ပ... နှိပ်နေတယ်။ မကြာခင် ကောင်းသွားမယ်လို့တော့ ပြောတယ်။ ကိုမှတ်... နေသာရဲ့လား"

"ဟုတ်ကဲ့ ... နေသာပါတယ်"

"အိမ်မှာ နေရထိုင်ရ အဆင်မပြေတာရှိလည်း ပြော... ဘာမှအားမနာနဲ့"

"အဆင်ပြေတောင် လွန်နေပါပြီ။ ရပါတယ်"

"ကိုမှတ်သုံရဲ့ဆိုင်ကယ်ကတော့ မနက်ဖြန်လောက်ရမယ်..."



ဝပ်ရှော့က ကောင်လေးတွေ အိမ်အရောက် လာပို့ပေးကြလိမ့်မယ်။ စိတ်မပူနဲ့"

အမြင်ကပ်လာသည်၊ မှတ်သုံဆိုသူထက် ဝင်းဝါကို ဖြစ်၏။ သူ့ကိုတော့ အဲဒီလို ဘယ်တုန်းကမှ ကြင်နာမပြဖူးချေ။ ငါလည်း ဒဏ်ရာရတဲ့သူပါပဲဟုသာ အော်ပြောလိုက်ချင်သည်။

"ကြီးကြီးနဲ့ ဘကြီးရော"

"ဒေါ်ကြီးသောင်းတင် ဆုံးလို့ သွားကြတယ်။ အိမ်ဆင်း တရားနာမယ်ဆိုလားပဲ"

မျက်လုံးပြူးသွားသည်။ ဒေါ်ကြီးသောင်းတင် ဆိုသူမှာ ခေါင်းတုန်တုန်နှင့် နတ်ကတော်ကြီး ဖြစ်သည်။ နတ်နန်းကို အိမ်ဟု အမှီပြုပြီး နေထိုင်သည်။

သူက နတ်စင်ရှေ့က ဖြတ်သွားပါက သူ့ကို ခေါ်ပြီး ချိုချဉ်နှင့် မုန့်ကြွပ်များကျွေးတတ်သူ၊ ယခုတော့ ဆုံးရှာပြီတဲ့။

"အိမ်မှာဆုံးတာလား၊ နတ်နန်းမှာလား"

"နတ်နန်းမှာ မေ့လဲနေလို့ အိမ်ပြန်သယ်လာကြတာ။ အိမ်ရောက်တော့ ဆုံးပြီ"

သူ့ရင်ထဲ မကောင်းချေ။ နတ်နန်းသည် ရွာအဝင်အထွက် ညောင်ပင်ကြီးအနီးတွင် ရှိ၏။ ထို့ကြောင့် လယ်ထဲမှ ရွာထဲသို့ ပြန်နိန်တိုင်း ထိုနတ်နန်းကို ဖြတ်ကြရသည်၊ ထို့ကြောင့် နတ်ကတော်များသည် အရပ်သားများထက် လယ်သမားတို့နှင့် ပိုရင်းနှီး၏။

"ဘယ်တော့သင်္ဂြိုဟ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ပဲ။ သွေးထွက်သံယိုဖြစ်ပြီးဆုံးတာကိုး။ အစိမ်းသေလို့ မှတ်ယူကြတယ်။ ဒါကြောင့် ခုပဲချမှာ"

"မြေချမှာလား"

"ပြောနေတာပဲ"

"သွေးထွက်သံယိုဆုံးတယ်ဆိုတာ"

"ချော်လဲတာနဲ့တူတယ်။ လှေကားနဲ့ ခေါင်း ရိုက်မိတယ် ပြော တာပဲ"

သူ့ရင်ထဲ ထိခိုက်သွား၏။ သွေးများကိုသာ မြင်ယောင်နေမိ သည်။ ယောက်ျားတစ်ယောက်သည် ခေါင်း၌သွေးများအိုင်နေသည်ကို ရုတ်တရက် မြင်မိလိုက်သည်။ သူ့ခေါင်းထဲ မိုက်ခနဲဖြစ်သွား၏။

"ဝသုန် ... ဝသုန် ... နင် အဆင်ပြေရဲ့လား"

သူ ဘာကိုမြင်မိလိုက်တာလဲ။ သူ ဖျတ်ခနဲမြင်လိုက်ရတဲ့လူ က ဘယ်သူလဲ။ ဘယ်သူလဲ။ သူ အထပ်ထပ်စဉ်းစားသည်။ သို့သော် ခေါင်းမူးလာတာပဲ အဖတ်တင်ကျန်ရစ်၏။ သူ တစ်ခုခုမြင်လိုက်ရတာ သေချာသည်။ မြင်ကွင်းကောင်းမဟုတ်တာလည်း သေချာလှ၏။ သို့သော် ဘာကိုမြင်လိုက်သလဲဆိုတာ စဉ်းစား၍ မရပေ။

"အင်း ... ရတယ်။ ငါ ... ဘာမှမဖြစ်ဘူး"

"ဒါဆို နင် ကိုမှတ်သုံနဲ့စကားပြောနေရစ်ဦး။ ငါ မီးဖိုထဲ ... လိုက်ဦးမယ်။ နင်နဲ့ကိုမှတ်သုံအတွက် အမဲနံရိုးပြုတ်ထားတယ်။ အား... တာပေါ့"

ဆေးခန်း၌ ဆရာမက အမဲနံရိုးပြုတ်ရည်က သူ့အတွက် ...



အကောင်းဆုံး အစာအာဟာရဟု ပြောသလို သူ နားစွန်နားဖျားကြား ခဲ့သည်။ ယခုလို သူ့အပေါ် ဝင်းဝါက နွေးထွေးနေတော့လည်း ရင်ထဲ ကြည်နူးမိသလိုလိုရှိလာသည်။

"ကိုယ် စိတ်မကောင်းပါဘူး။ ကိုယ် မဆင်မခြင်မောင်းခဲ့လို့ပါ"

ဝင်းဝါထွက်သွားသည်နှင့်တစ်ပြိုင်နက် မှတ်သုံဆိုသူက သူ့ကို တောင်းပန်စကားဆို၏။

ဝင်းဝါနှင့်ပတ်သက်လို့ မကျေမလည်ဖြစ်နေသော စိတ်များပင် ဘယ်ရောက်လို့ရောက်ကုန်မှန်း မသိချေ။

သူ့ဘဝတွင် တစ်စုံတစ်ယောက်၏ တောင်းပန်ခြင်းမျိုးကို တစ်ကြိမ်မျှ မရရှိဖူးချေ။

"ဆောရီးပါ။ တကယ် ကိုယ် စိတ်မကောင်းဖြစ်နေရတာပါ"

ထပ်၍ပြောလာပြန်သည်။ လူပုံက ခပ်သန့်သန့်ဖြစ်၏။ ဆိုင်ကယ် ...ကြီးကို စီးပုံထောက်လျှင် ချမ်းသာသည်ဟု ခန့်မှန်းမိသည်။ အပြော ...ဆိုကို ကြည့်လျှင်လည်း ပညာတတ်မှန်း သိသာလွန်းသည်။ ထိုသို့လို ...မျိုးက သူ့လိုဘုန်းကြီးကျောင်းထွက် လယ်သမားစာရင်းငှားကို ...တောင်းပန်နေသဖြင့် မနေတတ် မထိုင်တတ် ဖြစ်ရသည်။

"ရ ... ရပါတယ်ဗျာ။ ဘာမှလဲဖြစ်တာလည်း မဟုတ်ဘဲနဲ့"

"ကိုယ့်ကိုကူလိုက်တာနဲ့ လှုပ်ရှားမှုကြောင့် မင်း သွေးထွက် ...သွားတယ်"

"အရေးလားဗျာ ... ကျွန်တော့်ကိုယ်ထဲမှာ သွေးတွေအများ ...ကျန်ပါသေးတယ်။ ယာဉ်တိုက်မှုမို့ ဆေးရုံရောက် ဘာရောက်နဲ့

www.burmeseclassic.com



သည်းသည်းလှုပ်ဖြစ်ကုန်တာ။ ယယ်ယယ်က နဖူးဆောင့်မိပြီး ခေါင်းကွဲ ဖူးပါတယ်။ ဘယ်ဆေးရုံမှ မသွားရပါဘူး ခင်ဗျားမသိလို့ဗျ။ ကျွန်တော့် ခေါင်းက ထင်ထားတာထက် မာတယ်"

ဝသုန့်စကားကြောင့် မုတ်သုံသည် သွားစွယ်လေးပေါ်သည်ထိ ရယ်မိသည်။

မုတ်သုံကိုပြောပြီးမှ မိမိစကားကို ပြန်စဉ်းစားမိသည်။ သူ ဘယ်တုန်းကများ ချော်လဲပြီး နဖူးကွဲဖူးပါလိမ့်။

မုတ်သုံကို စိုက်ကြည့်မိသည်။ ရင်းနှီးနေသလို ခံစားရသည်။ မုတ်သုံသည် လှချောတစ်ယောက်ဖြစ်၏။ မိန်းကလေးတွေ စိတ်ကူးယဉ် ချင်စရာ ကောင်းလောက်သည့် မျက်နှာမျိုးဖြစ်သည်။ ထိုအမှန်တရား ကို ရင်ဘတ်က လက်ခံမိသောအခါ တစ်ခုခုကို ပူပင်မိသလို ခံစားရသည်။

"ခင်ဗျားနာမည်က ဝသုန်နော်"

"အစောက ခင်ဗျားပဲ ကျွန်တော့်နာမည်ခေါ်နေတယ်လေ"

"အင်း ... ဟုတ်သားပဲ။ အဟဲ ... ကိုယ်က မိတ်ဆက်တဲ့ သဘောပါ"

"မိတ်ဆက်တယ်"

"ကိုယ်က မုတ်သုံပါ။ လောလောဆယ် မန္တလေးပြန်မယ့် ဖားကန့်ကနေ ဆင်းလာတာပါ"

မှန်ပါသည်။ သူနှင့်ယာဉ်တိုက်ခဲ့စဉ်က မုတ်သုံပုံသည် ခရီးဆော သွားမည့်ခရီးသည်ပုံမျိုး ဖြစ်သည်။

"ကျွန်တော် လုပ်လိုက်တာနဲ့ပဲ ခင်ဗျားလည်း ဒီမှာ သောင်တင်



တော့မယ်နဲ့တူတယ်။ အခုရော ထောက်နိုင်ရဲ့လား"

"မထောက်နိုင်သေးဘူး။ ခြေဆစ်လည်သွားတယ်ဆိုတော့ အဆစ်ကို ပြန်တည့်ထားတာ။ အသားမကျဘူးဖြစ်နေတယ်။ ဒါပေမဲ့ ဆေးဆရာက မနက်ဖြန်ဆိုရင် ထောက်ရပြီပြောပါတယ်။ ခုတောင် ထောက်မယ်ဆို ထောက်နိုင်ပြီ စိုးရိမ်လွန်နေကြလို့ပါ"

စိုးရိမ်လွန်နေကြလို့ပါတဲ့လား။ ဘယ်သူတွေလဲ။ ဘယ်သူတွေ ကများ အဲဒီလောက် စိုးရိမ်လွန်နေကြတာတဲ့လဲ။ ဝင်းဝါရော ထိုလူတွေ ထဲ ပါရဲ့လား။

"ဟာ ... မောင်ဝသုန် ဆင်းတောင်လာပြီလား။ ငါက ခုမှ ...ေးကို ဆေးရုံမှာ သွားခေါ်မလားလို့"

လှမ်းကြည့်လိုက်သောအခါ ဘကြီးတင်ဖေ ဖြစ်နေသည်။ ဘကြီးတင်ဖေ၏နောက်၌ ကြီးလုမေသည် ယောဂီတဘက်လေး ပခုံး ...ောင်း တင်ပြီး ပါလာသည်။

"ဩော် ... မုတ်သုံတောင် ထနိုင်နေပြီပဲ"

သူ့ကိုမြင်ပါလျက်နှင့် မုတ်သုံကို နှုတ်ဆက်နေသော ကြီးကြီး ...ကြောင့် သူ့ရင်ထဲ မကောင်းဖြစ်မိသည်။ မုတ်သုံကို နှုတ်မဆက်စေချင် ... မဟုတ်ပါ။

သူသည် ဤအိမ်၌ တူလိုသားလိုဖြစ်နေသည်။ ပြီးနောက် ...ခု သူရှိနေသည်က ဒဏ်ရာနှင့်ဖြစ်၏။ ဝေဒနာကြောင့် ဆေးရုံတွင် ...သည် အိပ်ပြီးမှ ပြန်လာရသူ။ သက်သာရဲ့လားဟု မေးဖို့တော့ သင့်သည် ...င်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဝသုန် နမော်နမဲ့နိုင်တာနဲ့ပဲ မင့်နယ်ကွယ် အချိန်တွေ ပုပ်ကုန်တယ်။ မင်းတို့အတွက်ဆို အချိန်က ရွှေပဲကွယ့်"

သူ အံ့ဩသွားသည်။ ကြီးကြီးက ဘာလို့ မုတ်သုံနှင့် သိပ်ကို ရင်းနှီးသွားရတာလဲ။ ပြောပုံဆိုပေါက်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးက အတွင်းသိ အစင်းသိ တစ်အိမ်တည်းနေလာကြသူများနှင့် တူသည်။

"ရပါတယ် အန်တီ။ ကျွန်တော်ကပဲ အန်တီတို့နဲ့ဝသုန့်ကို အားနာနေတာပဲ။ အမှုမဖွင့်ပေးတဲ့အပြင်၊ အိမ်မှာလည်း ခေါ်ထားတယ်။ အိမ်မှာ လူတစ်ယောက်ကို အကြောင်းမသိဘဲ ခေါ်တင်ကျွေးဖို့ဆိုတာ မလွယ်မှန်း သိပါတယ်။ အခုတော့ စားသောက်ရုံတင်မဲက ဆေးဝါးကုပေးနေကြသေးတယ်။ ကျွန်တော် မျက်နှာမထားတတ်အောင်ပါပဲ"

သူ အံ့ဩသွားသည်။ မုတ်သုံပြောနေသော စကားများကို သူ မသိချေ။ မုတ်သုံပြောပုံအရ မုတ်သုံက ဤအိမ်၌နေထိုင်နေသည်မှာ အစိပ္ပာယ်ပေါက်သည်။ သူ နားကြားများလွဲတာလား။ ဒါမှမဟုတ် အယူအဆများ လွဲနေတာလား။ သမီးပျိုလေးနှင့် အခြားယောက်ျားတို့ တစ်ဦးတို့ တစ်အိမ်တည်း အတူမနေအပ်ဘူးဆိုသော အကြောင်းပြချက်ကြောင့် သူက လယ်တဲကို ရောက်သွားတာ လေးနှစ်မြောက်ခဲ့ပါပြီ။

ဒါလည်း ကြီးကြီးက ဘကြီးကို တီးတိုးပြောနေသံကြားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ကြီးကြီးနှုတ်မှ ဖွင့်မပြောလာခင် သူ့အသိစိတ်နှင့် သူ လယ်ထဲနေထိုင်တော့မည်ဟု တောင်းဆိုခဲ့သည်။ သူ့အကြောင်းပြချက်က နွားများ၏ စားကျက်မြေအဆင်ပြေစေရေးဖြစ်၏။





ဘကြီးတို့သည် တောင်သူကြီးပီပီ နွားများ တစ်သင်းတစ်အုပ်ကြီးရှိ၏။ နွားမိသားစုဟုပင် ခေါ်ရပေတော့မည်။ နိုင်းနွားများအားလုံးသည် မိခင်ခြံပေါက်များ ဖြစ်သည်။ ယခု နိုင်းနေသော နွားပြာကြီးထံတွင် အဘွားရှိသည်။ အမေရှိသည်။ နမရှိသည်။ ညီရှိသည်။ အစ်ကိုရှိသည်။ ဘကြီး၏အကျင့်သည် ခြံပေါက်နွားများကို ဘယ်တော့မှ မရောင်းပေ။ ထို့ကြောင့် ဘကြီး၏ခြံတွင် စုစုပေါင်း နွားဆယ့်ငါးကောင်ရှိသည်။ အိုသောနွား၊ ငယ်သောနွား၊ နိုင်းနွား၊ မကျင့်ရသေးသော နွားမဒမ်လေးတွေ။

ထိုနွားတွေအတွက် မြက်ရိတ်ကျွေးရသည်ပင် လွယ်လှတယ် တော့တ်ပါ။ သို့သော် ပင်ပန်းတယ်ဟု သူ တစ်ခါတစ်ရံမျှ မညည်းညူခဲ့ချေ။ ညည်းညူခြင်းသည် ယောကျ်ားတစ်ယောက်၏ အလုပ် မဟုတ်ဘူးဟု ထင်သည်။ ဤအိမ်ကို သူ့အိမ်ဟု သတ်မှတ်သည်။ ထို့ကြောင့် အလုပ်မှန်သမျှ ကျား၊ မ ခွဲခြားမနေပါ။ ဘကြီးကိုလည်း မတွက်ကပ်ပါ။ လက်လုမ်းမီသလောက် သိမ်းကျုံးလုပ်မိသည်မှာ သူ့အကျင့်။ သို့သော် တစ်ခါတစ်ရံ၌ ကြီးကြီး၏ သူ့စိမ်းဆန်မှုသည် သူ့ရင်ကို နာစေသည်။ သူက အကြောင်းကိစ္စရှိ၍ ရွာထဲပြန်လျှင်ပင် နွားကို အကြောင်းပြပြီး ပြန်လွှတ်တတ်သည်။ အခုတော့ ဘယ်ကလာမှန်းမသိ၊ ဘယ်ဇာတိကမှန်းမသိသော သူစိမ်းကို အိမ်ဦးခန်း၌ ခေါ်တင်ထား၏။

"ဟင် ... အမေနဲ့အဖေက မြန်လှချည်လား။ တရားမနာဘူးလား"

လက်ခုစုတ်လေးကိုင်ထားသော ဝင်းဝါက မျက်ကလူးဆန်ပြ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြန်သည်။ ဝင်းဝါ၏ပုံက ဒုက္ခပဲ။ ငါက ဘာမှမချက်ရသေး ဘူး။ အဆူခံရတော့မယ်ထင်တယ်ဆိုတာ စိုးရိမ်မှုများနှင့်။

"နာပြီးပေါ့။ ငိုယိုနေကြတာနဲ့ မခံစားနိုင်တော့လို့ ပြန်လာတာ သားသမီးများနှယ် ခက်ပါဘိ။ မိခင်ကြီး ငုတ်တုတ်ရှိတုန်းကတော နတ်ကွန်းပို့ထားပြီး သေသွားပြီဆိုမှ ဘာမှမလုပ်ပေးလိုက်ရဘူးဆိုပြ ရင်ဘတ်စည်တီး။ ကဲ ... ကဲ ... ထမင်းပွဲပြင်။ ဗိုက်ဆာလာပြီ"

အသုဘအိမ်တွင် ဘကြီးနှင့် ကြီးကြီးသည် ဘယ်သောအခ ကမှ ထမင်းမစားချေ။ စားမဝင်ဘူး။ ရင်ထဲနာတယ်။ မျက်စိထဲ လ သေကောင်က ထမင်းကျွေးနေတယ်လို့ မြင်တယ် ဟုဆိုပြီး မစားချေ တရားနာပြီးသာ ပြန်လာတတ်ကြသည်။

"ခဏနော် ... အမေ။ ဟင်းချိုလေးပဲကျန်တော့တယ်။ ကျ တော့မယ်"

"မြန်မြန်လုပ်ဟေ့။ မှတ်သုံလည်း ဆာလောက်ရောပေါ့"

"ဟာ ... ရပါတယ် အန်တီ။ ကျွန်တော်က ကိစ္စမရှိပါဘူ

"ဝသုန်လည်း အိမ်မှာနားဟေ့။ ဒီညလည်း ဘကြီးပဲ နွားချေ ကို သွားအိပ်စောင့်မယ်"

"ဟာ ... ဘကြီးကလည်း မဟုတ်တာ။ ကျွန်တော်က ဒ ဖြစ်နေလို့လဲ"

"ဟ ... ခေါင်းပေါက်ထားတယ်လေကွာ"

"သေလောက်တဲ့ဒဏ်ရာမဟုတ်ပါဘူးဗျာ။ ရပါတယ်။ ထ စားပြီး ပြန်တော့မယ်"



"မင်းရဲ့ထမင်းက ဒီနေ့ရော စားရဦးမှာလား။ ဝင်းဝါသာ မီးဖို ချောင်ဝင်လို့တော့ ဘုန်းကြီးလည်း အရဏ်ဆွမ်းငတ်မှာပဲ"

"ဟာ ... အဖေကလည်း ပြီးတော့မှာပါ"

"ကျွန်တော် ဝိုင်းကူပေးလိုက်မယ်။ ကျွန်တော်က ဝင်းဝါထက် တော့ မြန်ပါတယ်"

ပြောပြောဆိုဆိုပင် သူက မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ သူ မီးဖိုခန်း ဝင်တာကို ကြီးကြီးက မကြိုက်သော်လည်း ဒီတစ်ကြိမ်တော့ သူ့ကို ဘာမှမပြောပေ။

ကိုမှတ်သုံရှေ့မှာမို့လား မသိ။ သက်ပြင်းချ၍သာ ကျန်ရစ်သည်။

"ဝသုန် နင့်ရဲ့ ငါးပေါင်ပိက စပယ်ရှယ်ပဲ သိလား။ ငါ အခု ငါးပိအုန်းနေတာနဲ့ ကြာနေတာ"

ဝင်းဝါက ပြောပြောဆိုဆိုပင် ပြာပုံအောက် ထိုးထားသော ဖက်ထုပ်ကို ဆွဲထုတ်လာသည်။

ထိုဖက်ထုပ်ကို ဖွင့်လိုက်သောအခါ မီးတင်းနေသေ ငါးပေါင်ပိနံ့ တ သင်းပျံ့လာသည်။

"မှတ်သုံဆိုတဲ့ကောင်က ဒီအိမ်မှာ တည်းတာလား"

"အေးလေ ... နင် မသိဘူးလား"

သမန်ကာလျှံကာ ဖြေလိုက်သော ဝင်းဝါ၏အဖြေကို သူ ဘောမတွေ့ပေ။ သူစိမ်းယောက်ျားတစ်ယောက် အိမ်ပေါ်ရောက်လာ ဆိုတာမျိုးသည် သာမန်ကိစ္စမျိုး မဟုတ်ပေ။ ပြီးတော့ ဧည့်သည် သည့်ပုံက ခရီးသွားဟန်လွှဲမဟုတ်။ ညအိပ်ညနေ။

www.burmeseclassic.com

"ငါသိတာ မသိတာက အရေးမကြီးဘူး။ ဒီကောင်က ဘယ်က ကောင်လဲ၊ ဘယ်ကလာပြီး ဘယ်သွားမှာလဲ ဆိုတာ နင်တို့က သိလို့လား"

"ဖားကန့်ကဆင်းလာပြီး မန္တလေးပြန်မှာတဲ့"

"ဘယ်အရပ် ဘယ်ဇာတိကလဲ သိလို့လား"

"မန္တလေးသားလေ၊ ဖားကန့်မှာ ကျောက်တွင်းလုပ်တယ်။ သချာ အဓိကနဲ့ ကျောင်းပြီးထားတယ်။ အမေက မန္တလေးက သိင်္ဂီဆိုတဲ့ ရွှေဆိုင်ကို ပိုင်တယ်။ အိမ်ထောင်မရှိသေးတဲ့ လူပျို။ ဒီထက် ဘာကို သိချင်သေးတာလဲ"

"အဲဒါက သူ့အပြောမဟုတ်လား။ နင်တို့က အဲဒီလိုပဲ တခြား လူပြောသမျှ ယုံနေတာပဲလား"

"နှင့်စကားက ဘာလဲ။ ဝသုန် နင် ဘာကိုဆိုလိုချင်တာလဲ၊ ကိုမုတ်သုံက အလေဏတောလို့ ထင်နေတာလား"

"ငါက ဘယ်လိုဘယ်ဝါထင်တယ်ဆိုတာ အရေးမကြီးဘူး။ ဒီလူ မှုမမှန်မှာစိုးလို့၊ ဘယ်အရပ်၊ ဘယ်ဇာတိ၊ ဘယ်အမျိုးအနွယ်မှန်း သိရင်တော့ ငါ မဆိုလိုဘူး။ ခုဟာက ဘာမှန်းမသိတဲ့လူကို အိမ်ဦးခန်း တင်ထားလို့"

"အဖေနဲ့အမေ ကျေနပ်လို့ခေါ်ထားတာပဲ။ နင်က ဘာ မကျေမနပ်ဖြစ်နေတာလဲ"

"ငါက နင့်ကိုစိတ်ပူလို့၊ ဘယ်ကကောင်မှန်းမသိတဲ့ အကော နဲ့ တစ်အိမ်တည်းနေရတဲ့ နင့်မှာ ဘယ်လောက်ထိ အန္တရာယ်များတ





ထင်သလဲ"

"ဘာလဲ နင်က ငါ့ကိုယ်ကျင့်သိက္ခာကို အထင်သေးတာလား။ ငါက နင့်ကို ရောရောနှောနှောနေမိလို့ ငါ့ကို အထင်သေးတာပေါ့ လေ ဟုတ်လား"

ဝသုန် လန့်သွားသည်။ စေတနာအရင်းခံပြီး ပြောမိသော စကားဖြစ်၏။ ဝင်းဝါက အဲဒီလောက်ကြီး ဒေါသမဖြစ်သင့်ပေ။ ဖြစ် လိမ့်မယ်လို့လည်း မထင်ခဲ့။

"နင်ကရော ဘယ်သူ့သား၊ ဘယ်အရပ်၊ ဘယ်ဇာတိဆိုတာ သိရလို့ အဖေက ခေါ်တင်ထားတာလား၊ မင်းက ဘာကောင်ကြီးမို့ ငါတို့ မိသားစုက နွေးနွေးထွေးထွေး ဆက်ဆံနေတာလား။ လူတစ် ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးက ဘာကောင်ကြီးဖြစ်နေမို့ ဆိုအပ်လို့လား"

ဝသုန် ငေးမှိုင်သွားသည်။ ရင်ထဲ နာကျင်မိ၏။

ဟုတ်သားပဲ။ ငါလည်း ဘာကောင်မှမဟုတ်ခဲ့တာပဲ။ ထိုအရာ ကို သူ မေ့သွားမိသည်။ ဝင်းဝါတို့မိသားစုကို သူ့မိသားစုဟု ရင်ထဲ တ်ယူခဲ့မိသည်။ သူ မှားသွားပါပြီ။

"ငါ မှားသွားတယ်။ ငါ မေ့သွားတယ်"

ရင်ထဲဆို့နစ်သွားသည်။ ထို့ကြောင့်ပင် မီးဖိုထဲ ထိုးထည့်နေ သော ထင်းချောင်းကို မီးဖိုထဲပင် ဆက်မထိုးထည့်နိုင်တော့ဘဲ ချထား က်သည်။

တဂွီဂွီမြည်နေသော ဗိုက်ထဲမှ အသံတို့လည်း တ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ခပ်နောက်နောက်ဖြစ်နေသော ခေါင်းမှ ဇာတ်ရာသည်လည်း ပျောက်သွားခဲ့ပါပြီ။

"ဟဲ့ ... ဒါက ဘယ်လဲ"

ကြီးကြီးတင်အမေးကိုလည်း သူ မဖြေနိုင်တော့ချေ။

"ဝသုန် ထမင်းမစားဘူးလား၊ ဘယ်သွားမလို့လဲ"

မှတ်သုံနှင့် စကားဝိုင်းဖွဲ့နေသော ဘကြီးနှင့် ကြီးကြီးတို့၏ မေးခွန်းကို မဖြေနိုင်တော့ချေ။

ဖြေနိုင်စွမ်းလည်း မရှိတော့ချေ။

ရင်ထဲနာကျင်သည်။ ဝမ်းနည်းသည်။

ဘယ်တုန်းကမှ မခံစားဖူးသည့် ဝေဒနာကြောင့် ရင်ထဲ အခံရခက်သည်။ ငါက မိဘမဲ့၊ တစ်ကောင်ကြွက်ဟု ဘယ်တုန်းကမှ မတွေးခဲ့ဖူးချေ။ ဆရာတော်ကျောင်း၌ နေထိုင်သည်။ ကိုရင်လေးများနှင့် ဆော့ကစားသည်။ ဘုန်းကြီးကျွေးတာ စားပြီး၊ ဘုန်းကြီး ရိုက်ရင် ထွက်ပြေးသည်။

ဤအိမ်ကို ရောက်ခဲ့တာလည်း ထိုအတိုင်းပင်။ ဘကြီး ခိုင်းတာကို လုပ်သည်။ မခိုင်းလျှင်လည်း အမြင်မတော်တာရှိ ဝင်လုပ်သည်။ ကြီးကြီးက နှုတ်ကြမ်းသော်လည်း ကြီးကြီးပြောသမျှကို မှတ်မထားဖြစ်ပေ။

ဆူဆဲလာလျှင် ပန်းနှင့်ပေါက်သည်ဟု ယူဆကာ ဟိုဘက်နားဝင်၊ ဒီဘက်နားထွက်။

ဤအိမ်သည် သူ တစ်သက်တာနေရမည့်အိမ်ဟု တွေးသည်။

——မျှသော——



ဖြီးတော့ ဝင်းဝါ။ သူ စောင့်ရှောက်ရမယ့် မိန်းကလေးဟု တွေးသည်။

သို့သော် ဝင်းဝါကတော့ ဘာကြောင့် သူတွေးသလို မတွေးရတာလဲ။

ဘာကြောင့် သူ့ကို သူစိမ်းပြင်ပြင်တွေးရတာလဲ။ သူ ရင်ထဲနာသည်။ ဝင်းဝါက လယ်ပုစွန်လုံးစားချင်တယ်ဟု ပြောလျှင် ပုစွန်လုံးဆို့မှန်သမျှ တစ်ကျင်းမှမကျန်အောင် နှိုက်ယူပေးခဲ့သည်။ ပုစွန်လုံးတက်ခေါ်ညှပ်၍ လက်သည် တစ်ပတ်လောက် ယောင်ကိုင်းနေခဲ့ဖူး၏။ သို့သော် ဝင်းဝါသာ ကျေနပ်နေပါက သူ့ဒဏ်ရာသည် မပြောပလောက်ပါပေ။

လယ်ထဲမှာနေပြီး နွားကျောင်းလျှင်လည်း ကြီးကြီးက ဟင်းသာမပို့၍ အငတ်ခံရသည်မှာလည်း အကြိမ်ကြိမ်ပင်။ ထို့ကြောင့် ထမင်းအစ်အိုးကို တည်ပြီး ရှိတဲ့အရွက်လေးခူးခပ်ချက်ကာ ဖြစ်သလို စားသောက်ခဲ့သည်။ ဆားမရှိသောနေ့များဆို ခရာမှုရသော ငါးရံ့ငယ်လေးကို မီးကျီးခဲ့တဲ့ လက်ခနဲဖုတ်ကာ စားသောက်ဖြစ်သည်။

ထိုသို့ဖြစ်သလိုဖြေရှင်းခဲ့သော်ငြား အစားအသောက် ဆင်းရဲသည်ဟု တစ်ခါတစ်ရံမျှ မညည်းညူခဲ့ဖူးပါ။

ကိုဖိုးအေးက ဒါတော့ ဒေါ်ကြီးလုမလွှန်တယ်။ မနေနဲ့၊ ထွက်သာခဲ့ဟု ပြောလျှင်ပင် မဖြစ်ဘူး။ ငါ မရှိရင် ဒီလယ်ဆယ်ဧကနဲ့ ဘကြီးတစ်ယောက်တည်း မနိုင်ဘူးဟုသာ ပိတ်ပြောပစ်ခဲ့သည်ချည်းသာ။

ယခုတော့ သူက ဘယ်ဇာတိ၊ ဘယ်အမျိုးအနွယ်မှန်းမသိတဲ့ ကလေးဇာတောတဲ့လား။ သူလိုလူကိုတော င် ခေါ်ထားနိုင်မှ ... အမျိုး

——မျှသော——

www.burmeseclassic.com

www.burmeseclassic.com



အနွယ်၊ ဇာတ်သိသော မုတ်သုံဆိုသူကို အိမ်ဦးခန်းတင်ထားတာ ဘာပြဿနာမှ မရှိတော့ဘူးဆိုတဲ့ သဘောပေါ့။

ဝင်းဝါရဲ့စကားက ဘာရယ်မဟုတ်သော်လည်း ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းမိ၏။ နောက်တစ်ကြိမ် ပင်းဝါနှင့်တွေ့ရမည်ကို ကြောက်လန့်မိသည်။ သူ ရွာထဲမပြန်ချင်တော့ပါ။ သူ့နေရက လယ်ထဲဖြစ်၏။ လယ်ထဲမှာသာ သူ့ဘဝရှိသည်။ သူသည် ရွာထဲပြန်ဖို့မသင့်ဟုသာ နှလုံးသားထဲ မှတ်ယူနေမိတော့သည်။





## ၉

ထိုနောက်ပိုင်းမှစ၍ သူ ဝင်းဝါကို ရှောင်နေမိသည်။ ကိုဖိုးအေး ပြောပြသောကြောင့် မြို့သားက တစ်ပတ်မျှတည်းခိုသွားသည်ဆိုတာကို သူ သိရသည်။ ယောက်ျားပျိုတစ်ယောက်နှင့် ဝင်းဝါတို့ တစ်အိမ်တည်းအတူနေရသည်မှာ ဝင်းဝါအနေများ ကျဉ်းကျပ်နေမလားဟု စိုးရိမ်မိသေးသည်။

ထိုသို့စိုးရိမ်စိတ်ဝင်တိုင်း သူကလည်း ယောက်ျားပျိုတစ်ယောက်ဖြစ်သည်။ သူနှင့်တောင် ခုနစ်နှစ် ရှစ်နှစ် အတူနေလာခဲ့မှတော့ အနေကျဉ်းကျပ်လောက်ပါဘူးဟု ဖြေတွေးမိသည်။

ထိုသို့တွေးမိချိန်တိုင်း ဝင်းဝါနှင့်သူက အနေဝေးသွားသလို ခံစားရသည်။ သူ့စိမ်းပြင်ပြင်တွေပါလားဟူသော အတွေးတွေ ဝင်လာသည်။ သူ့ရင်ထဲ နာကျင်မိသည်။ ဝင်းဝါနှင့် သူ့စိမ်းတွေပါလားဟု မခံချင်ပါချေ။ သို့သော် ဝင်းဝါသည် သူ့အား သူ့စိမ်းတွေးတွေနေပေသည်။ ထိုအရာကို သူ ရင်အနာရဆုံးဖြစ်၏။

ဝင်းဝါကို သတိရ၏။ အိမ်ပြန်ချင်သည်။ သို့သော် သူ့စိတ်ကို ထိန်းထားမိသည်။

စပါးရိတ်ချိန်တော့ ဝင်းဝါက လာမှာပဲဟု တွက်သည်။ ထင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်းပင် စပါးရိတ် ပထမဆုံးနေ့၌ ဝင်းဝါသည် စပါးရိတ်သမများကို ဦးဆောင်ပြီး ရောက်လာခဲ့သည်။

ဝင်းဝါတို့အဖွဲ့ စပါးရိတ်၍ ကောင်းရန် ဝါးတံရှည်ကြီးဖြင့် စပါးပင်တွေကို လဲပေးလိုက်သည်။ စပါးပင်တွင် ကပ်နေသော နှင်းစက်အမှုန်အမွှားများကြောင့် သူတစ်ကိုယ်လုံး စိုရွှဲကုန်သည်။

"ဒီနေ့ နှင်းအရမ်းကျတယ်နော်၊ တစ်ကိုယ်လုံးကို စိုရွှဲကုန်ပြီ"

ဝင်းဝါ၏အသံဖြစ်သည်။ ထိုအသံကို လွမ်းနေတာကြာ၍လားမသိ။ သူနားထဲ ချိုမြိန်သွားသည်။

"ကဲ ... လယ်ထဲဆင်းမယ်ဟေ့"

ရှစ်ယောက်သော စပါးရိတ်သူများက စပါးပင်ကြားထဲဝင်ကာ တံစဉ်ဖြင့် စတင်ရိတ်လှီးတော့သည်။

ဝင်းဝါကတော့ လယ်ကွက်ထဲ မဆင်းချေ။

ကျောင်းသူဖြစ်သော ဝင်းဝါက စပါးမရိတ်တတ်ချေ။ ထို့ကြောင့် ဝင်းဝါသည် စပါးရိတ်သူများ နေ့လယ်စာချက်ရင်ချက်၊ မချက်လျှင် သူနှင့် စကားဖောင်ဖွဲ့ပြောလာမည်သာ ဖြစ်၏။

စပါးပင်များကို လဲနေရင်းမှ ဝင်းဝါ ဘာလုပ်နေသလဲဟု သိရအောင် မျက်လုံးဝေ့ကြည့်မိသည်။

သူ အံ့သြသွား၏။ ဝင်းဝါသည် တံစဉ်ကို အကျအနကိုင်ကာ လယ်ကွင်းထဲ ဆင်းသွားသည်။

"ဟုတ်ပါ့မလား ဝင်းဝါရယ်။ တံစဉ်က ကိုင်စမရှိရင် သွေးတောင်းတယ်ကွယ့်"





ဒေါ်စိန်မေက စိုးရိမ်စွာဆို၏။ သို့သော် ဝင်းဝါသည် သွေးဆာနေသော ကျားသစ်မလေးနှယ် တံစဉ်ကို ရဲရဲဝံ့ဝံ့ကိုင်ထားဆဲဖြစ်သည်။

"အို ... လုပ်နိုင်ရမှာပေါ့။ ဝင်းဝါကလည်း တောင်သူသားသမီးပဲဟာကို။ ခါတိုင်းက ကျောင်းတက်နေလို့ပါ။ ခုနောက်ပိုင်းကစလို့ စပါးရိတ်၊ ကောက်စိုက် အားလုံးကို ဝင်းဝါ ကိုယ်တိုင် ဦးစီးပြီးလုပ်မှာ"

ဝင်းဝါက မာန်စွယ်လေးနှင့် ပြောရှာသည်။

စပါးပင်ရင်းကို တံစဉ်နှင့်ဆွဲပြီး ရိတ်ဖြတ်နေသော ဝင်းဝါကိုကြည့်ပြီး အသည်းယားလှသည်။ ဘယ်အချိန်များ လက်ကိုထိမလဲဟု စိုးရိမ်နေမိသည်။ မလုပ်နဲ့၊ တဲပေါ်တက်ပြီးပဲ ထမင်းချက်ပါဟု ပြောချင်နေသော်လည်း အနည်းငယ်ကတောက်ကဆဖြစ်ခဲ့သည်မို့ ရုတ်တရက်ပြောမထွက်ပေ။

"ဇင်မာသန်းတောင် ဗိုက်အတော်ပေါ်နေပြီနော်"

"အပျိုဗိုက်မို့သာပေါ့ နို့မဟုတ်ရင် မီးပုံးပျံဖြစ်နေပြီ၊ ငါးလလို့သာဆိုတယ်ဟယ်။ မယုံပါဘူး။ အနည်းဆုံး ခုနစ်လလောက်ရှိမယ်နော်"

စပါးရိတ်သူများက မိန်းမသားချည်းမို့ အတင်းက မပါမဖြစ်ပါလာပြန်သည်။ ပါလာသူမှာ ဇင်မာသန်းဖြစ်နေ၍ နားစွင့်မိပြန်သည်။ ကောင်းသတင်းမဟုတ်သောကြောင့် မျက်နှာတော့ ပူချင်ချင်။ ဘာပဲဖြစ်ဖြစ် ဇင်မာသန်းနှင့်သူက တရိုးတရီတော့ ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလား။

"တော်သေးတာပေါ့။ ငါတို့ဖြင့် ဇင်မာသန်းကို ဝသုန်နဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



တူလိုက်ရတာ။ မြှောက်ထိုးပင့်ကော်တောင် လုပ်လို့၊ ဝသုန်ကြီး ထွက်ပြေးသွားတာ အစရှာမရအောင် စုန်းစုန်းမြုပ်ပဲ။ အဲ ... ဒါနဲ့ ဝသုန်နင် ရွာထဲမလာတာ ကြာပြီ၊ ပျောက်ချက်သားကောင်းနေလိုက်တာ။ ဆေးရုံကဆင်းပြီးကတည်းကပဲ။ ဒဏ်ရာရော ပျောက်သွားပြီဟား"

သူကြားသာရုံ အော်ပြီး လှမ်းမေးလာ၏။

ထိုအခါမှ ရဲရဲရင့်ရင့်ကြည့်နိုင်သွားသော ဝသုန်သည် ဖေါ်စိန်မေကို ကြည့်သလိုနှင့် ဝင်းဝါကို ငေးလိုက်သည်။

ဝင်းဝါသည် အလုပ်ကိုသာ စိတ်ဝင်တစားလုပ်ကိုင်နေလေ၏။

"နွားအုပ်က တောင့်လာပြီလေ၊ နွားကျောင်းနေလို့ပါ"

"သိပါဘူးဟယ်၊ ဝင်းဝါနဲ့များ တစ်ခုခုဖြစ်ကြလို့လားလို့"

"အား ... အမယ်လေး"

ဝင်းဝါ၏ ညည်းညူသံဖြစ်သည်။ ဝင်းဝါ၏အသံသည် တိုးတိုးလေး ဆိုသော်ငြား ဂါးတစ်ပြန်ရိုက်ခန့်အကွာမှ ဝသုန်သည် လေအလားစွေ့ခနဲ ရောက်ရှိလာသည်။

"ဘာဖြစ်တာလဲ"

"တံစဉ် ... အီး ... သွေး ... သွေးတွေ"

"ဒီတံစဉ်ကြီး ချလိုက်စမ်းပါ"

ဝသုန်သည် စိတ်မရှည်နိုင်တော့စွာပင် ဝင်းဝါး၏ညာလက်၊ တံစဉ်ကို ဆွဲယူကာ ပစ်ချလိုက်သည်။ ပြီးနောက် ဝင်းဝါကို ကြင်နာစွာဆွဲကာ ကန်သင်းပေါ်တက်၏။

"လျှောက်နိုင်ရဲ့လား၊ သွေးထွက်များရင် ခေါင်းမူးတတ်တယ်"

•——မျှော်ဆော——•



"အမယ်လေး ... ဝသုန်ရယ်၊ စပါးရိတ်သမလက် တံစဉ်ရှတာ ဆန်းသလားဟဲ့။ ဖြစ်နေလိုက်တာ၊ သည်းသည်းလှုပ်။

"ခင်ဗျားတို့လက်ရှတာ မဆန်းပေမယ့် ဝင်းဝါလက်ရှတာက ဆန်းတယ်ဗျ။ တော်ပြီ ... နောက် ဒီစပါးကို ဒရိတ်နဲ့"

"အနာကြီးက ပျောက်ပါဦးမလား၊ အီး ... နာလိုက်တာ"

"ဒါ့ကြောင့် အစတည်းက ပြောတာပဲ။ တံစဉ်ကို မကိုင်တတ်ရင် မကိုင်နဲ့လို့"

"ဘယ်တုန်းကပြောလို့လဲ"

"မနှစ်တုန်းကပြောတယ်"

နာနေသည့် ဝင်းဝါ မကြွင်နာ၍တော့ မဟုတ်ပေ။ ကရုဏာနှင့်သာ အော်ငေါက်မိခြင်းဖြစ်၏။

"တဲပေါ်ရောတက်နိုင်ရဲ့လား၊ နေနေ မတက်နဲ့၊ ဒီမှာနေ၊ ငါဆေးယူလာခဲ့မယ်"

"နင့်ဆီမှာက ဆေးရောရှိရဲ့လား"

"ငါ့ခေါင်းက အနာ ခုထိမကျက်သေးပါဘူး။ ဆရာမ ပေးတဲ့ [illegible]ဆေးနဲ့ ပတ်တီးရှိပါတယ်"

"စပ်သလားဟင်"

"အရက်ပျံပဲ နည်းနည်းတော့ စပ်မှာပေါ့၊ ဒါလည်း ခဏပါ။ [illegible]ရင်းနေမှ ကြောက်ဖို့ကောင်းတာ။ သည်းခံလိုက်"

ပြောပြောဆိုဆိုပင် ဝသုန်သည် တဲပေါ် တဝုန်းဝုန်းပြေးတက်[illegible]ပြန်သည်။

•——မျှော်ဆော——•

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဆရာမ ပေးသောဆေးကို အထုပ်လိုက်ယူချလာသည်။ ဂွမ်းစဖြင့် စီးဆင်းနေသော သွေးများကို အသာအယာသုတ်ပေး၏။

"အား ... နာတယ်"

လက်သန်းဘေးမှ အသားဖတ်သည် ဟပ်တက်ကလေးဖြစ်နေရှာသည်။

"နောက်ဆို အဲဒီတံစဉ်ကြီးမကိုင်ပါနဲ့တော့ ဝင်းဝါရယ်"

ပြောပြောဆိုဆိုပင် အရက်ပျံပုလင်းဖုံးကို ဖွင့်သည်။

"ဟင့်အင်း ... မထည့်နဲ့၊ စပ်မှာ၊ ငါ မခံနိုင်ဘူး"

"ခဏလေးပါ ... ခဏလေးစပ်ပြီးရင် ကောင်းသွားမှာ"

ပြောသာပြောနေရပေမယ့် ဝင်းဝါ၏အသားလေးကို အရက်ပျံနှင့် မတို့ရက်ပေ။

"ငါ့လက်မောင်းကို ကိုင်ထားလိုက်၊ စပ်ရင် ငါ့အသားကို ဆွဲသိတ်ပစ် ... ဟုတ်လား"

"အင်း"

ခွင့်ပြုချက်ရတော့မှ အရက်ပျံလေးနှင့် မထိရဲ ထိရဲထိပြန်သ

ထိုအရက်ပျံ၏အရသာသည် ခံရဆိုးမှန်းသိသည်။ သူကိုယ်ဒဏ်ရာရပြီး ခံခဲ့ရသည်မဟုတ်ပါလား။ ဆရာမက သူ့ဒဏ်ရ အရက်ပျံနှင့် ဆေးလျှင် တစ်ခုခုကို ကုတ်ခြစ်ပစ်ချင်ခဲ့ဖူးသည်။ သို့ ယခု ဝင်းဝါ၏ဒဏ်ရာကို အရက်ပျံနှင့် ဆေးနေသော်ငြား ဝင်းဝါ သူ့အသားကို ကုတ်ခြစ်မပစ်ချေ။ ထူးဆန်းသောကြောင့် ဝင်း





လှမ်းကြည့်လိုက်သောအခါ ဝင်းဝါ၏ မျက်ဝန်းထဲတွင် မျက်ရည်တွေလျှံထွန်းနေသည်ကို တွေ့လိုက်ရသည်။

သူ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိနိုင်အောင် ပြာဝေသွားသည်။ ဘာလို့ငိုတာလဲ။ အရမ်းနာနေလို့လား။ ဝင်းဝါမငိုအောင် သူ ဘာများလုပ်ပေးရမလဲ။

"ငါ့ကို ဒီလောက်စိုးရိမ်နေရဲ့သားနဲ့ ဘာလို့ ငါ့ကို ပစ်ထားတာလဲ"

ဝင်းဝါ ထိုသို့ပြောလာမည်ဟု မထင်ချေ။ ဝင်းဝါက ဘာကိုဆိုလိုနေမှန်းသိသော်လည်း ခွန်းတုံ့ပြန်နိုင်စွမ်းမရှိချေ။ ဟုတ်သားပဲ။ ဝင်းဝါနှင့်သူ ကတောက်ကဆဖြစ်ထားကြသည်။

"ခဏလေးနော် ... အရက်ပျံလိမ်းပြီးရင် ဒီဆေးဘူးအဝါထဲက ဆေးရည်လေး ထည့်လိုက်မယ်။ ခဏနေရင် မနာတော့ဘူး။ အရမ်းရင်လည်း အိပ်နေလိုက်။ တဲပေါ်က ငါ့အိပ်ရာ၊ အဲ ... ဒီ ... နွားလောင်းထဲ ရပါတယ်၊ ငါ ဖျာခင်းပေးမယ်"

"ငါပြောလိုက်တာက အဲဒီလောက်ထိပဲ ခံပြင်းစရာကောင်းသွားသလား၊ နင့်အိပ်ရာပေါ် ငါ အိပ်လို့ မရလို့လား"

"မဟုတ်ပါဘူး။ ရပါတယ်၊ ဒါပေမဲ့ ... "

"နင် သိပ်သူစိမ်းဆန်တယ် ဝသုန် ... သိလား"

ဖြစ်ရပြန်ပြီ ဝင်းဝါရယ်။ ဘုရားစူးပါ၊ ငါက နင့်အပေါ် သိတုန်းကမှသူစိမ်းလို့ မတွေးခဲ့ပါဘူး။

"ငါ့စကားကို မကျေနပ်ရင် မကျေနပ်ဘူးလို့ ပြောပြီး ရန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပေါ့။ ခုတော့ ... နင်က ... "

ဝင်းဝါသည် ပြောရင်းပင် မျက်ရည်ဥကြီးများ လိမ့်ကျလာပြန်သည်။

"ဟော့ ... ဝင်းဝါ ... မငိုနဲ့လေ။ တော်ကြာ ဒေါ်စိန်မေတို့ ငါ့ကို တစ်မျိုးထင်နေဦးမယ်"

"ထင်ထင် ... ငိုမှာပဲ။ ငါ့လက်မှာသာ ဒဏ်ရာမရရင် နင် ငါ့ကိုခေါ်တော့မှာ မဟုတ်ဘူး"

"ဟာ ... မဟုတ်တာ။ ငါက နင့်ကို ဘာလို့မခေါ်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"မခေါ်ပါဘူး။ အိမ်မှာသူစိမ်းလူရှိနေတာတောင် ပြန်မှမလာတာ"

"မယုံကြည်ရတဲ့လူမဟုတ်တာ။ ပြီးတော့ ဘကြီးနဲ့ကြီးကြီး လည်း ရှိနေတာပဲ"

"အဲဒါ နင့်မှ မဟုတ်တာ"

ဪ ... ခက်တော့တာပါပဲ ဝင်းဝါရယ်။ မင်းကို ငါ ဘယ်လိုပြောရမှာပါလိမ့်။ စိတ်မဆိုးပါနဲ့။ ငါလည်း လာချင်တာ တစ်ပိုင်းကို သေလို့ပါ။ ဒါပေမဲ့ မင်းက ငါ့ကိုမမြင်ချင်ဘူးထင်လို့ပါ။ မင်းသာ ခုလို ငါ့ကို သတိရနေမှန်းသိရင် ငါပြေးလာခဲ့မှာပေါ့။ ခုတော့ အချိန်တွေကိုသာ နောက်ပြန်ဆုတ်လိုက်ချင်မိတော့သည်။

"ယောက်ျားကြီးတန်မဲ့ စိတ်ကောက်နေလိုက်တာ"

"ငါက ဘာလို့စိတ်ကောက်ရမှာလဲ"

"မကောက်ရင် ဒီလယ်ထဲမှာချည်း ဘာလုပ်နေတာလဲ။ ဘာ



ဇင်မာသန်းကို ရင်ဆိုင်ရမှာရှက်လို့လား"

သူ့ရင်ထဲ နင့်ချည့်သွားသလို ခံစားရသည်။ အခြားလူထံမှ ဇင်မာသန်း၏အကြောင်းကို ကြားရသည်မှာ စိတ်မရှုပ်ထွေးသော်လည်း ဝင်းဝါ့နှုတ်ဖျားတွင်တော့ ဇင်မာသန်းဆိုသောနာမည်ကို မရှိစေချင်ပါ။ အချိန်တွေကိုသာ နောက်ပြန်လှည့်၍ရခဲ့မည်ဆိုလျှင် ကိုဖိုးအေးနှင့် ဇင်မာသန်းအကြောင်း ပြောခဲ့သောအချိန်သို့ ရောက်ချင်၏။ ဇင်မာသန်း ကို မကြိုက်ပါဘူးဟု ယတိပြတ်ငြင်းပစ်ချင်သည်။ ဇင်မာသန်းကို တရိုး တနှိုးဖြစ်ခဲ့ဖူးသည်ဆိုသော ကိစ္စသည် သူ့ဘဝထဲ ဘယ်အချိန်မှ ပျောက် သွားမလဲဆိုတာ မသိနိုင်ပါ။

"ငါ့ကို ဇင်မာသန်းနဲ့မစပါနဲ့ ဝင်းဝါ"

"ဘုရားရေ ... နင်ကြိုက်ခဲ့တာလေ။ ဟိုက အခု အခြားလူနဲ့။ ဘာမှမခံစားရဘူးလား။ အဲ ... ခံစားရလွန်းလို့လား"

"ငါ့ရင်ထဲက အကြောင်းအရာတွေကို မင်း နားမလည်နိုင်ပါဘူး"

"အိုး ... အဲဒီလောက်တောင် ဖြစ်ခဲ့တာကိုး"

ဝင်းဝါက အထင်လွဲနေတာလား၊ ပြောချင်ရာကို စွတ်ပြော နေတာလား ဆိုတာ သူမ မသိပေ၊ သူသိတာက သူ ခေါင်းထဲ ရှုပ် ထွေးနေတာကိုပဲ ဖြစ်၏။

"မှတ်သုံ ပြန်သွားပြီလား"

"နင် ဘာဖြစ်လို့ အိမ်ကိုမလာတာလဲ"

အဖြေကိုသိနေသော်လည်း မေးခွန်းကို ဆက်မေးသည်။ သို့သော် သူ့မေးခွန်းကို ဝင်းဝါက မေးခွန်းဖြင့်သာ တုံ့ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"နွားကျောင်းရလို့ဆိုတဲ့ အကြောင်းပြချက်ကို မပေးနဲ့"

သူ့မှာ ဖြေစရာစကားမရှိချေ။ သူ့ကို ဝင်းဝါက စိုက်ကြည့်နေ မည်ဆိုတာ သိသော်လည်း ဝင်းဝါကို တုံ့ပြန်ကြည့်နိုင်စွမ်း မရှိချေ။

"နင် ဘာဖြစ်တာလဲဆိုတာ သိနေပေမယ့် နင့်နှုတ်က အဲလိ အညာစကားကို ကြားချင်တယ်။ နင် ငါ့ကိုစိတ်ဆိုးနေတာလား"

"ငါက ဘာလို့ မင်းကို စိတ်ဆိုးရမှာလဲ"

"အဲဒါဆို အိမ်ကိုပြန်လာမှာလား"

"အားမှမအားတာ။ စပါးရိတ်နေရတယ်လေ။ သလင်းထိုး ဦးမယ်၊ ကောက်လိုင်းစီးရဦးမယ်၊ နှီးဖြာရဦးမယ်၊ သလင်းအုံဆော ရဦးမယ်။ မကြာခင် ဆောင်းလေက တိုက်လာတော့မှာ။ ခုတော ဘယ်လောက်ထိချမ်းနေပြီလဲ"

"နှင်းတွေက အရမ်းကျလာပြီနော်။ နင် ခေါင်းပုတ်စားမလာ မနက်ဖြန် ငါ လယ်ထဲလာရင် ခေါင်းပုတ်မီးကင်ဝယ်လာခဲ့မယ်"

"မလာပါနဲ့။ ဒီအနာကြီးနဲ့တော့ အိမ်မှာပဲ နားလိုက်ပါ"

"မဖြစ်ပါဘူး။ အဲဒီလောက်လေးတောင် အသုံးမကျရကော လားဆိုပြီး အမေက ဆူနေလိမ့်မယ်၊ အဖေ့အကြောင်းလည်း တာမှတ်လို့။ အိမ်မှာနေရင် ဘယ်တော့မှ နားရမှာမဟုတ်ဘူး။ လ ထဲလာတာကမှ နင့်က ငါ့ကို ထမင်းချက်ကျွေးရင် ကျွေးဦးမှာ"

"ဗိုက်ဆာသလား"

"နင်ငါးကင်ထားလို့လား"

ဝင်းဝါသည် သူ့ကို ဒီလောက်ထိ အလွတ်ရနိုင်လွန်းသူ



သည်။ မှန်ပါ၏၊ ခရာမှရလာသော ငါးရံ့နှင့် ငါးခူ စုစုပေါင်းသုံးကောင် ကို ဓားလေးနှင့် မွှန်းပြီး ဆားလေးလူးကာ ကင်ထားခဲ့သည်။

"ငါးကင်နံ့ရလို့လား"

"ငါ စပါးခင်းလာတော့မယ်လို့ ကြိုသိရင် နင် ကင်ထားနေ ကျလေ"

သူ့ကိုယ်၌ပင် မသိသော သူ၏အမူအကျင့်ကို ဝင်းဝါက ကျေလည်စွာ ပြောပြနေသည်။

သူ့ရင်ထဲ တစ်မျိုးတစ်မည် ခံစားလာရသည်၊ ရင်ထဲ နွေးလာ သလို၊ ဝင်းဝါက ဒီနေ့မှ ပိုပြီးလှနေသလိုလို၊ သေချာတာတစ်ခုက သူ ရင်ခုန်နေသည်၊ အလိုမရှိသော ရင်ခုန်သံကို ငြိမ်းသတ်၍ မရနိုင် ခဲ့ပါ။

www.burmeseclassic.com



"ဝသုန်ရေ"

ဝင်းဝါ၏အသံဖြစ်သည်။ ထို့ကြောင့် ကိုင်နေသော ကောက်လှိုင်းများကိုချကာ လှည့်ကြည့်လိုက်၏။

ဝင်းဝါသည် ချိုင့်လေးကိုကိုင်ပြီး လယ်ကန်သင်းပေါ်ရပ်နေသည်။

ဘာများလဲ။ ဘာလာပို့တာလဲ။ သူတစ်သက်တာတွင် ငါးဆင့်ချိုဆိုသော ဟင်းလျာမျိုးကို ဘုန်းကြီးကျောင်းမှာသာ စားခဲ့ဖူးသည်။

"အိမ်မှာခေါက်ဆွဲချက်စားတယ်။ နင် ကြိုက်တယ် မဟုတ်လား"

ဝသုန် ပြုံးလိုက်မိသည်။ ခေါက်ဆွဲကို နှစ်သက်၍ဆိုတာထက် ဝင်းဝါက သူ့ကို သတိတရလာပို့ဖော်ရ၍ဖြစ်သည်။

စပါးရိတ်ပြီးတည်းက ဝင်းဝါကို မတွေ့ရတော့သည်မှာ နှစ်ခြောက်ရက်မြောက်ပြီဖြစ်၏။

အကြောင်းမရှိ အကြောင်းရှာ အိမ်ပြန်သွားပြန်လျှင်လည်း 'ဒီလောက်ပဲအားနေသလား၊ ကောက်လှိုင်းတွေသာ မိုးမိလို့တော့ တော့လား' ဟု ကြိမ်းဝါးတတ်သော ကြီးကြီး၏အသံကို စိုးရိမ်လှသည်။

"တက်လေ ... အေးကုန်လိမ့်မယ်။ လာ စားတော့"

•——မျှော်သော——•



အေးကုန်တော့မည်ဆိုသော်ငြား အေးနေပြီးဖြစ်မည့် အခြေအနေကို ရိပ်မိနေသည်။ ဒီလောက်အေးသောရာသီဥတုဒဏ်ကို စတီးချိုင့်က ခံနိုင်ရိုးလား။

အရက်မတက်မီကပင် ဝါးတစ်ပြန်ရိုက်အကွာအဝေးကို သဲသဲကွဲကွဲမမြင်ရသော နှင်းမှုန်များသည် မနက် ကိုးနာရီထိ မှောင်ပိတ်နေဆဲ ဖြစ်၏။ သူ ဝတ်ထားသော လေဘေးအကျီၤပ်ပုံ့ပုံ့ပေါ်တွင် နှင်းရည်များသည် စိုထိုင်းစပြုနေသည်။ နားရွက်ပိတ်ဂျပန်ကင်ပေတိုင် ဦးထုပ်ကြီးကို ဆောင်းထားသော်လည်း နားရွက်ဖျားလေးများသည် နီရဲ၍နေလေသည်။

"မနက်အစောကြီး ဘာလုပ်နေတာလဲ"

"မနေ့က မိုးရိပ်ဆင်လာလို့ ကောက်လှိုင်းထုံးနေတာ။ ကောက်လှိုင်းလိုက် မိုးစိုကုန်ရင် ပြဿနာများတယ်လေ"

လက်ထဲမှ နှီးစည်းကို ကန်သင်းပေါ်ပစ်ချကာ လယ်ကန်သင်းပေါ် ထိုင်ချလိုက်သည်။

"ဒီမှာကြီး စားမလို့လား"

မြက်ဖျားနှင်းလေးတွေကို ကြည့်ပြီး နှာခေါင်းရှုံ့ကာ ဆို၏။

"အင်းလေ ... တဲပြန်နေရင် အချိန်ကုန်ဦးမယ်။ ပြီးတော့ ဒီ အလုပ်လာလုပ်ရမှာကို။ သလင်းထိုးဖို့ ကောက်ရိုးငုတ်ခုတ်ရဦးမယ်လေ"

သူ့အပြောက ပုံမှန်ဖြစ်သော်လည်း သူ့ကိုကြည့်နေသော ဝင်းဝါ၏ မျက်လုံးများသည် အရောင်တစ်မျိုးပြောင်းသွားသည်။

•——မျှော်သော——•

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြည့်ကြောင့် မနေတတ် မထိုင်တတ်ဖြစ်ရသည်။ သို့သော် ဘာသဘောလဲဆိုတာတော့ သူ ဝေခွဲမရနိုင်ပေ။

"လာပါ ... တဲပြန်ရအောင်။ အေးရင်အေးနေတော့မှာ။ မီးလေး ဖိုပြီး နွှေးလိုက်မယ်လေ"

"ဟာ ... ရပါတယ်။ နင်ကလည်း အစာစားတာပဲ ဗိုက်ပြည့် ဖို့ အရေးကြီးတယ်"

"တစ်နေကုန် ပင်ပန်းတဲ့လူက အစာစားတဲ့အခါ အရသာရှိ စားမှ ရွေ့ရက်တွေကို ရှေ့ဆက်နိုင်မှာပေါ့ ဝသုန်ရဲ့"

"ဟဲ ... ဟဲ ... နင်က မြို့ပေါ် ကျောင်းသုံးနှစ်သွားတက် တော့မှ ဆရာမကြီးလေသံတွေ ဘာတွေ ဖြစ်လာပြီ။ ဘယ်လိုလဲ ပျော် ဖို့ ကောင်းသလား"

"ပျော်တာ မပျော်တာထက် ဘွဲ့တစ်လုံးရရှိရေးပဲ ဦးတည်ရ ရတာပဲလေ။ အခုခေတ်က အပျော်ကို ငွေနဲ့ဝယ်နေရတာ။ ငွေသုံးနိုင် တဲ့လူကပဲ သူငယ်ချင်းကောင်းရတာ"

သူ့ရင်ထဲ မကောင်းပေ။ ဝင်းဝါက အိမ်ကပို့သောငွေ မလောက်လို့လား။ ဘယ်လောက်တောင်များ ကျပ်ကျပ်တည်းတည်း ကျောင်းမှာ နေခဲ့ရသလဲ။

"သူများတွေ ဆိုင်ကယ် တဝူဝူစီးနေကြတဲ့အချိန်မှာ ငါက စက်ဘီးစုတ်ကို ချိန်းပုံးရိုက်ပြီး ကျောက်ဂလက်နင်းနေရတုန်း။ သူများ တွေ ဟမ်းဖုန်း တတူတူ ပြောနေကြတဲ့အချိန်မှာ ငါက အများ လမ်းဘေးဖုန်းနဲ့ ပြောရတုန်း။ ဝယ်မပေးနိုင်တာလည်း မဟုတ်ဘဲ





အမေက သက်သက်ကပ်စေးနဲ့တာ။ တော်ပါပြီ။ ချေးခြောက် ရေနှုး ဒါတွေပြန်မပြောချင်တော့ဘူး။ ရင်နာဖို့ကောင်းတယ်။ ငါကသာ အိမ်ထောင်ကျပြီး သားသမီးတွေ ရလာရင် ငါ့သားသမီးတွေ ငါ့လို ဘယ်တော့မှ မျက်နှာမငယ်စေရဘူး"

မျက်နှာလေးညှိုကာ ပြောနေသော ဝင်းဝါကြောင့် သူ့ရင်ထဲ ခသွားသည်။ သူသာ ဝင်းဝါရဲ့အလိုမှန်သမျှကို ဖြည့်ဆည်းပေးနိုင်ရင် ကောင်းမယ် ဟု တွေးမိသည်။

"အကယ်၍ နင်က ဆင်းရဲတဲ့လယ်သမားနဲ့ပဲ အိမ်ထောင်ကျ ရင်ရော"

"ဘယ်တော့မှ မယူဘူး။ ချစ်နေရင်တောင် ဆင်းရဲတဲ့လူကို ငါ ဘယ်တော့မှ လက်မထပ်ဘူး။ ငွေရဲ့အရေးပါမှုကဏ္ဍကို ငါ မျက်ဝါး ထင်ထင် တွေ့ခဲ့ပြီးပြီ။ ငါ့ရဲ့မျိုးဆက်က ငါ့လို ဘယ်တော့မှမဖြစ်စေရဘူး။ ဒီလို မိုက်ရှူးရဲဆန်မှုမျိုး ငါ ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး"

ပြတ်သားစွာပြောနေသော ဝင်းဝါ၏စကားကြောင့် သိမ်ငယ် သလို ခံစားရသည်။ စိန်ခေါ်နေသော စတီးချိုင့်ကြီးကိုပင် စိတ် ဝင်စားနိုင်တော့။

"ကျောင်းမှာလေ သူများတွေက မြစ်ဆုံသွားကြတယ်။ ဒါပေမဲ့ ငါ မလိုက်နိုင်ဘူး။ အဆောင်လခနဲ့ ထမင်းဖိုးလောက်ငှရုံလေး ပေး ကြောင့် အခြားအပိုကုန်စရာရှိတဲ့နေ့ဆို ငါ ထမင်းမစားရဘူး"

သူ့ရင်ထဲ နာကျင်နေသည်။ သူ့မှာ ထမင်းငတ်ရသော နေ့ရယ် မရှိချေ။ သူက တောနေယောကျ်ားသားမို့ ရှာတတ်လှ အသေး



www.burmeseclassic.com

www.burmeseclassic.com



ဟင်းနှင့်ပင် လတ်လတ်ဆတ်ဆတ် စားရသေးသည်။ သူက စားကော
သောက်ဖွယ်စားနေချိန်၌ ဝင်းဝါက ဆာလောင်နေလိမ့်မည်။

"အခြားအကြောင်းအရာတွေ အများကြီးပဲ၊ မပြောချင်တေ
ဘူး။ ရင်နာလွန်းလို့၊ ငွေကို မုန်းလွန်းလို့၊ ငါ မုန်းတဲ့ငွေကိုပဲ ငါ
ပြန်ချစ်နေရတယ်။ ဘွဲ့ယူရင်တော့ဟယ် သူများထက်သာအောင် ဝ
လိုက်ချင်တယ်"

"နင်က ဘာဝတ်ချင်လို့လဲ"

"ပိုးတိုင်ပိုးဖောက်ထားတဲ့ ပိုးသားအစစ်ကြီးကြီးချိတ်"

"ဘယ်လောက်တောင်ပေးရလဲ"

"အလကားပါဟာ စိတ်ကူးယဉ်ကြည့်တာပါ။ အဲဒီလိုမျိုး
နိုင်ငံကျော်တွေနဲ့ သူဌေးကြီးတွေမှ ဝတ်နိုင်တာ"

"ဘယ်လောက်လဲ"

"တစ်သိန်းကျော်တယ်၊ အကျီချုပ်စရာ ပေါင်းရင် တစ်သိ
လောက်ကျမယ်။ အဲဒီလို ဝမ်းဆက်လေးနဲ့သာဆိုရင်တော့ ငါ့
ဟား ... ဟား ... မိုက်ပြီ။ ငါ့ကို အားလုံးငေးကြည့်နေကြမှာ"

တစ်သိန်းခွဲဆိုသော ပမာဏကို ရင်ထဲ အကြိမ်ကြိမ်ရွတ်
နေမိသည်။ ဒီလောက်များတဲ့ငွေမျိုး သူ့ထံတွင် မရှိချေ။ သိန်းငွေ
မဆိုထားနှင့် အသစ်ထွက်သော တစ်သောင်းတန်ကိုပင် သူက
ကွဲကွဲ မမြင်ဘူးချေ။

ကိုဖိုးအေးက တစ်ခါကိုင်ပြီး ဒါ တစ်သောင်းတန်ဟု
သော်လည်း သူက ကိုင်မကြည့်ဝံ့ချေ။ သူ့လက်ထဲ ပြသွားပါက သော





ငွေကြီးကို သူ မလျော်နိုင်ပေ။

သောင်းငွေအတွက်ပင် ခက်ခဲနေသော သူ့အခြေအနေက
သိန်းငွေဆိုတာကို ဘယ်လိုရအောင် ရှာရမှန်းပင် မသိနိုင်တော့ပါ။

"ဘယ်လောက်လိုသေးသလဲ နင့်ဘွဲ့ယူရက်က"

"မိုးတွင်းပိုင်းမှ ထင်တယ်၊ လိုပါသေးတယ်"

သူ အားတက်သွားသည်၊ မိုးတွင်းဆိုလျှင်တော့ လယ်သမား
တွေ ဝင်ငွေကောင်း၏။ လုပ်နိုင်လျှင် လုပ်သလောက် စုမိသည်။ ပျိုး
နုတ် အငှားလိုက်လျှင် ရနိုင်၏။

သူသာ ဝင်းဝါကို ထိုလုံချည်မျိုး ဝယ်ပေးလိုက်လျှင် ဝင်းဝါ
က သိပ်ကိုပျော်သွားလိမ့်မည်၊ ကျေနပ်စွာ ပြုံးလိမ့်မည်၊ ဝင်းဝါ၏အပြုံး
သည် သူ့ကြောင့် ဖြစ်လာခဲ့သည်ဆိုပါက သူ ကျေနပ်၍ ဆုံးတော့မည်
မဟုတ်တော့ပေ။

သူ့အိပ်မက်သည် သိန်းကျော်တန်ကြီးကြီးချိတ်ဖြစ်၍လာသည်။
အိပ်လည်း ဒီစိတ်၊ စားလည်း ဒီစိတ်ဖြစ်နေသည်။

ငွေရအောင် ဘာလုပ်ရမလဲ၊ ငွေကို ဘယ်လိုရှာမလဲ၊ ထိုသို့
ငြေးစားမိတာလည်း အကြိမ်ကြိမ်ပင်၊ သို့သော် ဘဲဥအစရှာမရသလိုပင်
အတွေးဝင်လာလိုက် မျှော်လင့်ချက်က ပျောက်သွားလိုက် ဖြစ်နေပြန်
သည်။

သိန်းကျော်ဆိုသော ငွေကို တစ်လုံးတည်း မရနိုင်မှန်းသိသည်။
ဆောင်းရမည်။ ထိုစုဆောင်းငွေပင် ဘယ်ကရမယ်မှန်း လမ်းစပျောက်
နေ၏၊ သို့သော် ဆန္ဒတော့ပြင်းပြသည်။ ဝင်းဝါက ဘွဲ့ယူမည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



သူက သချောပေါက် ကြိုးကြိုးချိတ်တစ်ထည် ဝယ်ပေးလိုက်မည် ဖြစ်သည်။

"ကိုဖိုးအေး ... အလုပ်လေး ဘာလေးမရှိဘူးလား"

"ရှိတာပေါ့ကွ။ ငါတို့လယ်က စပါးရိတ်ရမယ်။ သလင်းထိုးရမယ်။ ကောက်လှိုင်းထုံးရမယ်။ စပါးနယ်ရမယ်။ စပါးပက်ရမယ်။ လယ်သမားကို မင်းမို့ အလုပ်မရှိဘူးလား မေးတတ်တယ်။

ငွေရရှိရေးကို ဘယ်သောအခါမှ ဇောင်းမတင်တတ်သော သူက အလုပ်အကြောင်းမေးသည်ကို ကိုဖိုးအေးက လေးလေးနက်နက် မရှိချေ။ သူကလည်း မဟုတ်ဘူး။ ငွေရမယ့်အလုပ်မရှိဘူးလားလို့ မေးတာဟု လည်း မပြောတတ်ချေ။ ပြောရမှာ နှုတ်လေးနေသည်။

"နေစမ်းပါဦး။ ထူးထူးဆန်းဆန်း ဝသုန် ... မင်းက ဘာအလုပ် ကို လာမေးနေတာလဲ"

"ဟိုလေဗျာ ... စပါးရိတ်လေးဘာလေး မငှားဘူးလားလို့ပါ"

"ငှားမှာပေါ့ကွ။ ဒီလယ်တစ်စားလုံး ငါ တစ်ယောက်တည်း ရိတ်ရမှာလား။ ငါတစ်ယောက်တည်း ရိတ်လို့ကတော့ စပါးတွေ အသင် အဟောင်း ထပ်ကုန်မယ် ဟေ့ကောင်"

ကိုဖိုးအေးစကားကြောင့် သူ ပြုံးလိုက်မိသည်။

ကိုဖိုးအေးသည် အပျင်းထူသောလူဖြစ်သည်။ လယ်လေး ခုနှ ကေကိုင် ထယ်ထိုး၊ လယ်ထွန် အမြဲငှားရသည်။ ပျိုးနုတ်ချိန်ဆို အငြ နွားကျောင်းနေတတ်သည်။ နွေရာသီ နွားကျောင်းချိန်ဆို နွားကျောင် သား ငှားသည်။ အကြောင်းပြချက်ကတော့ တစ်မိုးလုံး တစ်ဆောင်





လုံး ပင်ပန်းထားတယ်ဟု ဖြစ်၏။

ကိုဖိုးအေးက အပျင်းထူချင်လည်း ထူလောက်ပေသည်။

ကိုဖိုးအေးအစ်မ အပျိုကြီးများက ကိုဖိုးအေး ဘာလုပ်လုပ် အပြစ်မြင်တယ်ဟူ၍ ရှိ။ ကောက်စိုက်စရိတ်ကို ဖဲရှုံးခဲ့သည်တွင် ရှိတဲ့ ရွှေလေးပေါင်နှံပြီး ကောက်စိုက်စရိတ် ပြန်ဖြေရှင်းတတ်သူများဖြစ်၏။ တစ်ခါတစ်ရံ ကိုဖိုးအေးကို အားကျမိသည်။ ထိုစိတ်ကြောင့်ထင်သည် ကိုဖိုးအေးကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခင်မိသည်။ ခင်မင်စိတ်သည် ယခုတော့ အားကိုးဖို့ဖြစ်လာပြန်သည်။ သို့သော် အကူအညီမတောင်း နိုးသူမို့ အကူအညီတောင်းရန် ခက်ခဲနေပြန်သည်။

"ဘာပြောမလို့လဲ။ ပြောလေကွ။ မင်းဟာကလည်း ခွေးအကြီး လုညီးနင်းထားသလို ... တအီအီနဲ့"

"ဟိုလေ ... စပါးရိတ်က ငှားပြီးသွားပြီလား"

"ဟေ့ကောင် ဝသုန် ... မင်း ရူးနေသလား။ ကောက်စိုက် ကိုပဲ အပိုင်းကြီးငှားတာလေကွာ။ စပါးရိတ်တော့ ကြုံသလိုပေါ့"

"တစ်ရက် ဘယ်လောက်လဲ"

"သုံးထောင်"

သူ ပျော်သွား၏။ သုံးထောင်ဆိုပါက ဆယ်ရက်ဆိုလျှင် သုံးသောင်းက ကျိန်းသေ၍နေသည်။

"ကျွန်တော်လည်း ရိတ်မယ်ဗျာ"

"ဘယ်လို"

ကိုယ့်လယ်အလုပ်ပင် ဇယ်ဆက်သလို လုပ်နေရသော ဝသုန်



www.burmeseclassic.com

www.burmeseclassic.com



စကားက ကိုဖိုးအေး အံ့ဩမယ်ဆိုလျှင်လည်း အံ့ဩလောက်ပါပေသည်။ ပြီးနောက် ဝသုန်သည် ပျိုးအငှားနုတ်နှင့် စပါးရိတ်တို့ကို ကြေးစား လိုက်ဖူးသူ မဟုတ်ချေ။

"မင်းငွေလိုလို့လား"

"ဟဲဟဲ ... အင်း ... ဟုတ်တယ်"

"ဘာလဲ မိန်းမယူမလို့လား"

"ဟာ ... မဟုတ်ပါဘူး။ ဘယ်ကမိန်းမကို ကျွန်တော်က သွားယူရမှာလဲ။ မဟုတ်တာ ... ကိုဖိုးအေးကလည်း"

မျက်နှာမထားတတ်အောင်ကို ရှက်မိသည်။ ရှက်ရင်လည်း ရှက်စရာပင်။ ဝသုန်လို ရည်းစားပင်တစ်ဦးတလေမျှ မထားဖူးသူကို မိန်းမယူမလားဟု မေးရချည်ရဲ့။

"မဟုတ်ရင်လည်း ပြီးတာပါပဲကွာ။ မင်းက ငါ့လယ်စပါးလာ ရိတ်မယ် ထားပါဦး၊ မင်းလယ်က ဘယ်လိုလုပ်မလဲ"

"လဆန်းရက်ပါဗျာ။ လသာပါတယ်။ ကောက်လှိုင်းစည်းပြီး သလင်းပုံရုံ ကျန်တော့တာပါ"

"အေး ... လုပ်မယ်ဆိုလုပ်လေ။ ကောင်းတာပေါ့"

ကိုဖိုးအေး အသံက စင်းလုံးချောကြီး မဟုတ်ပေ။ သံသယ များ နှောယှက်ပါဝင်နေ၏။ သို့သော် သူက မသိလေဟန်ပြုရပါတော့ မည်။ သူ့အတွက် ငွေလိုသည်။ ငွေရချင်သည်။ ငွေရရှိဖို့သာ အဓိက ဖြစ်၍နေသည်။



"ဟော့ကောင် ဝသုန် ... မင်း နားလိုက်ဦး။ ငါ့လယ်မှာ တံစဉ်ကိုင်၊ မင်းရဲ့လယ်မှာ ကောက်လှိုင်းနဲ့ ကြာရင် မင်း လုံးပါးပါးမယ်"

"ဟာ ... ကိုဖိုးအေးကလည်း ဘေးလူကြားရင် ရှက်စရာပါ။ ကျွန်တော်က ယောက်ျားရင့်မာပါ။ လယ်သမား လယ်လုပ်ချိန် ပင်ပန်း တာ ဆန်းသလားဗျ"

"လုပ်ချင်တာလုပ်တော့ ငါ့ကောင်ရေ။ မတားလိုဘူး။ ငါ သိချင်တာက မင်းကို ဘယ်သူကများ ဆေးကျွေးလွှတ်လိုက်သလဲဆိုတာ ... ရပ်ကွက်ထဲမှာလည်း မင်းလူပျိုလှည့်နေတယ်လို့ မကြားမိပါဘူး"

"ဟာ ... ကျွန်တော် ငွေလိုတာက သပ်သပ်တစ်ကြောင်း ရှိ ... တယ်ဗျာ"

ပြုံးဖြီးဖြီး ပြောပြီး တံစဉ်ဖြင့် စပါးပင်များကို ရိတ်ဖြတ်ပြန်သည်။

"ကျွန်တော် တွေးပူတာက တစ်ခုတည်းဗျ၊ ကိုဖိုးအေးတို့ လယ်က ဒီနေ့ဆို ပြီးပြီ၊ ကျွန်တော် ဘာအလုပ်လုပ်ရပြန်မလဲ မသိ ... ကောက်လှိုင်းထုံးရော မငှားဘူးလား"

"မင်း ဘာကြောင့် အဲဒီလောက်အသည်းအသန်ဖြစ်နေရတာလဲ"

ကိုဖိုးအေးသည် သိချင်စိတ်ကို မထိန်းနိုင်တော့မှန်း သူ ရိပ်မိ

www.burmeseclassic.com



သည်။ ကိုဖိုးအေးကို ခင်သည်၊ အရာအားလုံးထက် ပိုပြီးယုံကြည်သည်၊ သို့သော် ထိုအကြောင်းတော့ မပြောချင်ပါ။ ဘာကြောင့်မှန်းမသိသော်လည်း မပြောသင့်ဘူးဆိုတာတော့ ရင်ထဲက သိနှင့်နေသည်။

"ဒီလိုပါပဲဗျာ။ အကြောင်းလေးတွေရှိတယ်"

"မင်းအကြောင်းတွေ ခဏထား။ နေ့နားတက်ဦး"

"ဩော် ... အင်း ... ဟုတ်သားပဲ။ ကျွန်တော့်နွားတွေကို ပြန်ကြည့်လိုက်ဦးမယ်"

"ဟော့ကောင် ... ထမင်းစားဦးလေကွာ"

"တော်ပြီ။ မစားတော့ဘူး။ ကျွန်တော် စားနေရင် ကျွန်တော့်နွားတွေ ငတ်တော့မယ်"

အဆောတလျင်သာပြောပြီး တံစဉ်ကို ခါးတွင် ချပ်ကာ ပြေ ထွက်လာသည်။

ခုချိန်ထိ ချည်တိုင်မှ မဖြုတ်ရသေးသော နွားများကို ကရု လက်စွာကြည့်နေမိသည်။

"ငါလောဘကြီးနေတာနဲ့ပဲ မင်းတို့လည်း ဒုက္ခဖြစ်ကြပြီ။ ဒ ကဲ ... သွားကြ"

နွားနီကြီးက သူ့စကားကို နားလည်နေသလိုပင် သူ့ထံလည် ကာ ကြည့်လာသည်။

"သွားပါကွ။ ဝေးဝေးလည်း မသွားကြနဲ့ဦး။ ငါက အခု သ အားတာ မဟုတ်ဘူး။ မင်းက ဒီအုပ်စုထဲမှာ အကြီးဆုံးဆိုတော့ အား ကို ထိန်းထားလိုက်ဦးနော်"





သူက ထိုသို့ပြောသောအခါ နွားနီမကြီးသည် ဘွတ်အော ဘွတ်အောနှင့် အော်၍ ထွက်သွားလေသည်။

သူ့ကို မကျေနပ်တော့ဘူး ထင်ပါရဲ့။ သူ့ကြောင့် ဆိုက်ဆာနေကြရောပေါ့။ သူ့ရင်ထဲလည်း မကောင်းချေ။ နွားပြာကြီးကလည်း သူ့ကို ကျေနပ်ပုံမရပေ။ မကျေနပ်လည်း မကျေနပ်စရာပင်၊ သူက လွှန်ခဲ့သည်ကိုး။ သို့သော် ချည်တိုင်မှ ရုန်းကန်ထွက်မသွားကြသည်ကိုပင် ကျေးဇူးတင်လှပါသည်။

ထွက်သွားသော နွားအုပ်ကြီးကို ငေးကြည့်နေမိသော်လည်း ဆွ့ထံတွင် တွေဝေချိန်မရှိတာကို သတိရမိသည်။ ထို့ကြောင့် ဆောင်းဂေါ်တစ်လုံးနှင့် မြစ်ခုံကို ဆွဲယူကာ စတင်၍ နွားချေးကျုံးတော့၏။ နွားအုပ်က ကြီးသောကြောင့် နွားချေးလည်း များသည်။ အားကျုံးခန်တက် ကျုံးလျှင်ပင် အနည်းဆုံး နာရီဝက်ကြာ၏။ နွားအုပ်တောင့်သောကြောင့် ဘကြီး၏ လယ်သည် မြေဩဇာကောင်းသည်။

"ဒီလောက်နွားတွေများနေတာ ဘာလုပ်ဖို့လဲ။ မသုံးတဲ့နွားတွေ ကို ရောင်းပစ်ပါလား"

ကြီးကြီးက ထိုသို့ပြောတဲ့အချိန်တိုင်းမှာ ဘကြီးရဲ့ဆင်ခြေက ည်း တစ်မျိုးတည်း။

"အော်ရတာပေါ့ကွာ။ နွားများတော့ နွားချေးများတယ်။ နွား များတော့ လယ်သန်တာပေါ့။ နွားချေးလှည်းတစ်စီး ဘယ်လောက် ပြီထင်သလဲ၊ တန်ဖိုးမသိဘဲ မပြောနဲ့"

ဘကြီးပြောလည်း ပြောစရာပင်။ သူတို့အရပ်ဒေသ၌ နွားချေး



www.burmeseclassic.com

www.burmeseclassic.com



အော်ဆွေးသည် ဈေးကောင်းရသည်။ လှည်းတစ်စီးတိုက်ကို နှစ်သောင်းလောက်ရ၏။

ငွေဆိုသော အသိဝင်လာသောအခါ သူ့ခေါင်းထဲ လင်းလက်သွားသည်။ ဟုတ်သားပဲ၊ နွားချေးတွေကို ရောင်းလျှင် ငွေရသည်။

မမိညိုတို့ ပန်းခင်းတွေစိုက်သည်။ ကြက်ချေးနှင့် နွားချေးတွေကို ဝယ်မှန်း သူ သိသည်၊ မမိညိုတို့ကို ရောင်း၍ရသည်။ သို့သော် နွားချေးတစ်ပုံတောင် နမြောတတ်သော ဘကြီးက ခွင့်ပြုမည် မဟုတ်ပေ။ နွားချေးက တောင်လိုပုံနေသော လယ်ထဲကို ဘကြီးနှင့် ကြီးကြီးက အကြောင်းမရှိဘဲလည်း မလာကြပေ။ သူ ဘာလုပ်လုပ် သိလိမ့်မည် မဟုတ်။

သို့သော် သူကိုယ်သူ လိပ်ပြာမသန့်ပေ၊ စွန့်ပစ်ပစ္စည်းဆိုသော်ငြား တစ်ပါးသူပိုင်ဆိုင်မှုဖြစ်နေသောကြောင့် မလုပ်သင့်ဘူးဟု ထင်သည်။

ထို့ကြောင့် ငွေလိုတာမှန်သော်လည်း ထိုနွားချေးကိစ္စကိုတော့ စွန့်လွှတ်ရပြန်သည်၊ သူ့ထံတွင် ပိုင်ဆိုင်တာဟူ၍ ဘာမှမရှိချေ။ လုပ်အား တစ်ခုသာ ရှိ၏။ ထို့ကြောင့် လုပ်အားနှင့်သာ ငွေကိုရှာရပေလိမ့်မည်။

"ဟေး ... ဝသုန်ရေ ... ဝသုန်"

နွားချေးကို ငုံ့ကျုံးနေရင်းပင် ဝင်းဝါ၏အသံကို လေသံ... နော၍ ကြားလိုက်ရသည်။

သူ ပျော်သွားသည်။ ဝင်းဝါကို မတွေ့ရသည်မှာ ငါးရက်... ကြာသွားပြီဖြစ်သည်။ စပါးရိတ်ခရသောငွေကို ဝါးကျည်တောက်... ထည့်စုရင်း အိပ်မက်ထဲမှာ ဝင်းဝါက ကြိုးကြိုးချိတ်ကလေးနှင့် လှ...



...ဘာ ဘယ်လောက်ကြာခဲ့ပြီလဲ။ သို့သော် သူ လှည့်ကြည့်လိုက်သောအခါ ဘဝင်မကျသလို ခံစားလိုက်ရသည်။ ဝင်းဝါသည် တစ်ယောက်တည်း လာနေခြင်းမျိုးမဟုတ်ပါ။ ဝင်းဝါဘေး၌ လူတစ်ဦးပါလာ၏။ သူက မုတ်သုံ။ အနီးကပ်မမြင်ရသေးသော်လည်း သူတို့ရွာသားများနှင့် တစ်မူကွဲနေသူမို့ သူ တန်းသိသည်။

"ဒီမှာ ဘယ်သူလဲ ကြည့်ပါဦး"

ဝင်းဝါ၏အသံက ရှင်ပြနေသည်၊ ပြောရင်းဆိုရင်းပင် သူ့အနီးသို့ ဝင်းဝါနှင့် မုတ်သုံရောက်လာကြသည်။

မုတ်သုံသည် သူ့ကိုပြုံးဖြီးဖြီး ကြည့်နေသည်။ သို့သော် သူကတော့ တုံ့ပြန်မပြုံးပြဖြစ်ပေ။ ဘာကြောင့်မှန်း မသိသော်လည်း သူ့နှင်ထဲ မုတ်သုံကို အမြင်မကြည်လင်လှပေ။

"ဝသန် ... အဲ ... ဝသုန် နေကောင်းတယ်နော်"

မုတ်သုံက အခေါ်မှားလိုက်တာဆိုသော်ငြား ဝသန်ဆိုသော အမည်ကို သူ့စိတ်က ရင်းနှီးနေသည်။

"ကျွန်တော့်ပုံက ဖျားနေတဲ့ပုံပေါက်လို့လား"

မုတ်သုံ၏အပြုံးသည် လမ်းတစ်ဝက်၌ ရပ်သွားသည်။ မတတ်...ပါ။ သူက အဲဒီလိုပဲပြောတတ်သည်။ နွားချေးကျုံးနေတာ မြင်ပါ...ရက်နဲ့ နေကောင်းသလားဟု မေးတဲ့လူကို ဒီထက်တုံ့ပြန်သင့်သည်...ဟု ထင်သည်။

"ကိုမုတ်သုံက နင့်ကို သတိရနေဟာ။ နင့်ဆီ လိုက်ပို့ပေးပါ...လို့ ငါက လာလိုက်ပို့တာ"

www.burmeseclassic.com



ဝင်းဝါ၏ဖြေရှင်းစကားကို မနှစ်သက်ပေ။ ဝင်းဝါ၏ လေယူလေသိမ်း၊ စကားအသွားအလာအရ မှတ်သုံနှင့် ရင်းနှီးနေသည်ဟု ထင်သည်။

ဒီတေကရော ဘာကိစ္စနဲ့ ရောက်လာပြန်သလဲ။ ထပ်ပြီး ခြေကျိုးချင်သေးလို့လား။

"ကိုယ် ... မင်းအတွက် လက်ဆောင်တွေ ဝယ်လာတယ် ဝသုန်"

ဟုဆိုကာ လက်ထဲမှ အထုပ်ကို လှမ်းပေးသည်။

ဝသုန့်ဘဝတွင် လက်ဆောင်ဆိုတာမျိုးကို တစ်ကြိမ်တစ်ခါမျှ မရဘူးချေ။ လက်ဆောင်ဆိုသောအရာက ဘာမှန်းလဲမသိ။ လက်ဆောင်ဆိုသောအရာကို လိုချင်မိသော်လည်း မှတ်သုံလက်ထဲမှ အထုပ်ကိုတော့ မလိုချင်ပေ။ သူ့ရင်ထဲ မသန့်ပါ။

"ယူလိုက်လေ ဝသုန်"

ယူလိုစိတ်မရှိသော်လည်း လက်လှမ်းမိသွားပြန်သည်။

"ကိုမှတ်သုံက ငါတို့ဆီအလည်လာတာ။ စပါးရိတ်နေတယ်ပြောလို့ လယ်ထဲလိုက်လာတာ။ ကွင်းထဲ မရောက်ဖူးလို့တဲ့"

သိမ်ငယ်လာသလို ခံစားရသည်။ ကွင်းထဲမရောက်ဖူးဘူးဆိုပါလား။ လူ့ပုံကိုကြည့်ရုံနှင့်ပင် ငွေကြေးပြည့်စုံမှန်း သိသာလွန်းသည်။ ဂုဏ်ပုဒ်တွေကို သူ ထပ်မသိချင်တော့ပါ။

"အနံ့တစ်ခုခုရသလိုပဲနော်"

မှတ်သုံက ပြောခြင်းဖြစ်သည်။ ချက်ချင်းဆိုသလို ဝင်းဝါရော





သူပါ အနံ့ရှူမိသည်။ လေထုမှပါလာသော နှင်းရနံ့ကလွဲ၍ အခြားရှူမိတာ မရှိပေ။

"ဪ ... သိပြီ။ နွားချေးနံ့ထင်တယ်။ အနံ့က ဒီကလာတာဗျ"

ဝင်းဝါရော သူပါ မှတ်သုံကို အထူးအဆန်းသဖွယ် စိုက်ကြည့်လိုက်မိသည်။ နွားချေးနံ့ဆိုပါလား။ နွားချေးတွင် ထိုလောက်အနံ့ပြင်းပြင်းမျိုးရှိလို့လား။

"ဒီလယ်ကွင်းထဲက စပါးတွေက ရိတ်ပြီးပြီနော်"

"အင်း ... ကိုမှတ်သုံ နည်းနည်းနောက်ကျသွားတယ်။ ဒီနှစ်ဝင်းဝါတို့ လယ်က စောတယ်လေ။ ဝသုန်တောင် ကောက်လှိုင်းစည်းနေပြီ"

"ကောက်လှိုင်းထုံးတယ်ဆိုတာက ..."

"ရိတ်ပြီး ဖြန့်ချထားတဲ့ ကောက်လှာတွေကို အထုံးကြီးတွေထုံးတာ။ ပြီးရင် အဲဒီအထုံးတွေကို ဖိုခနောက်ဆိုင် တည်ပြီး နွားလေးငါးကောင်နဲ့ စပါးနယ်မှာ"

"ကောက်လှာတွေက ဘာလို့ဖြန့်ချထားတာလဲ"

"အသားသေသွားအောင်လို့ပေါ့။ အပင်ကနေ ရိတ်လိုးစဆိုရင် စိုနေတယ်လေ။ အခြောက်ခံတဲ့ သဘောပါပဲ"

"နွားလေးငါးကောင်နဲ့က ဘယ်လိုနယ်သလဲ"

"နင်းတယ်လို့ခေါ်တယ်။ အဲဒီကောက်လှိုင်းပုံပေါ် လူနဲ့နွားတူပတ်ပတ် ဒူဝေဝေပေါ့။ နင်းဖန်များတော့ စပါးသီးလေးတွေ ကြွေ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကောက်ရိုးတွေပဲ ကျန်ခဲ့တယ်။ ကောက်ရိုး‌တွေကို ဖယ်ပစ်ရင် စပါးရတာပေါ့"

"သူလည်း သချာနည်းပဲနော်"

"အင်း ... ကိုမှတ်သုံတို့ စီးပွားရေးလုပ်သလိုပေါ့။ သချာနဲ့က ဘယ်နေရာပဲဖြစ်ဖြစ် မလွတ်ပါဘူး"

သချာအကြောင်းပြောနေကြသောအခါ သူက ထိုနှစ်ယောက် ရှေ့၌ ငုတ်တုတ်ကြီး ပျောက်နေသလို ခံစားရသည်။

"ဝသုန်နဲ့ဆုံခဲ့ရတာက ဘုရားပေးတဲ့ဆုပါပဲ။ ဒါတွေကို လေ့လာ ခွင့်ရတယ်လေ"

"ကိုမှတ်သုံက ခရစ်ယာန်လား"

"အမေကတော့ ဟုတ်ပါတယ်။ အဖေကတော့ ဗုဒ္ဓဘာသာ ပါ။ ကိုယ် ငယ်ငယ်က ရှင်ပြုဖူးပါတယ်၊ ဘာလို့လဲ"

"ဘုရားပေးတဲ့ဆုဆိုလို့ပါ"

"ကိုယ်က ဒီလိုပဲ နားလည်သလို ပြောလိုက်တာပါ"

"နားလည်သလိုပြောလို့မရဘူး။ ဗုဒ္ဓမြတ်စွာက ဘယ်သူ့ကို ထူးပြီး ဆုမပေးဘူး။ လူသားအားလုံးအပေါ် ရေပြင်ညီပဲ"

သူ ကတ်သတ်ပြီးပြောသည်။ သူ့ပုံက အနည်းငယ်ကလေးဆန် သွားလို့ထင်သည်။ မှတ်သုံရော ဝင်းဝါပါ ပြုံးစိစိဖြစ် လာကြသည်။ ဒါ သူ သတိထားမိသလို ပျက်ယွင်းနေသော သူ့မျက်နှာကို လူလည်း မြင်သာ လည်း ရိပ်စားမိသည်ထင်ပါရဲ့။ စကားလမ်းကြောင်း ပြောင်းလိုက်သည်

"လေက တော်တော်သာတယ်နော်. ကိုယ်လည်း အဆွေ





အကြဲ့ရအောင် လယ်ထဲမှာ ခဏလောက်နေချင်တယ်၊ ဝသုန် ခွင့်ပြု မလား"

"ကျွန်တော်က စာရင်းငှားဗျ။ လယ်ရှင်တွေ ကျေနပ်ရင် ခဏမကလို့ တစ်ဘဝနေနိုင်တယ်"

"ဝသုန်က စကားပြောရင်တော့ လုံးဝမချောမွေ့ဘူးနော်။ ဒါပေမဲ့ နှုတ်ကြမ်းတဲ့လူတွေ သဘောချောတယ်လို့ ကိုယ် ကြားဖူးခဲ့ပြီးသားပါ"

"ဝသုန့်ကို ဒီလိုနားလည်ပေးတဲ့အတွက် ကိုမှတ်သုံကို ကျေးဇူး တင်ပါတယ်"

"ကဲ ... ခင်ဗျားနေမှာ မဟုတ်လား။ နေမယ်ဆိုလည်း နေလေ။ ကဲ ... ဝင်းဝါ နင်ပြန်တော့။ အိမ်မှုကိစ္စတွေ လုပ်ရမယ် မဟုတ်လား။ ဒါ ခေါ်လို့နေရပါတယ်ဆိုရင် ကြီးကြီးက ငါ့ကို မောင်းဆုံ ထဲ ထည့်ထောင်းချင်နေဦးမယ်"

"အမေခိုင်းလို့ လာတာပါတော်။ အဲဒီဝသုန်ဟာလေ တစ်ပါး သူကို အားနာရကောင်းမှန်း မသိ၊ ဘာမှန်းမသိ"

"ရပါတယ် ဝင်းဝါ။ ကိုယ့်ကိုဆို အားမနာပါနဲ့။ ကိုယ့်က လည်း ဝသုန်နဲ့ဝင်းဝါတို့ ဆက်ဆံရေးကို အားကျနေသူပါ"

မှတ်သုံဆိုတဲ့လူက ဘယ်လိုလူလဲ။ ပြောပုံဆိုပေါက်က ဘယ် ဘာမျိုးကြီးလဲ။ သူ့ရင်ထဲ ဘဝင်မကျလှပေ။

"ကဲ ... ဒါဆို ကိုမှတ်သုံက ဝသုန်နဲ့နေထားခဲ့မှာ မဟုတ် လား။ ဝင်းဝါ ပြန်ဦးမယ်။ နောက်နေ့မှ ဝင်းဝါက စောင်နဲ့ခြင်ထောင် ခေါင်းအုံးလာပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အားငယ်သလို ရှိလာ၏။ သူ ဒီလောက် လယ်ထဲမှာနေတာ ကြာလာပြီး ခေါင်းအုံးယူဦးမလားဟု တစ်ချက် မေးဖော်မရ ထို့ကြောင့် ကျွန်းသားကို ခုတ်ပိုင်းကာ ထွင်းထုပြီး ခေါင်းအုံးအုံးအိပ် နေရသည်။

"အိုကေလေ ... ပြန်ပါ။ ကိုယ် ဝသုန်နဲ့နေလို့ အဆင်ပြေ မှာပါ"

မှတ်သုံက ပြောသော်လည်း သူကတော့ မပြေချေ။

သူစိမ်းနှင့်လည်း ဘယ်တော့မှ အိပ်ရာပေါင်းမအိပ်ခဲ့ဖူးပါချေ

"ဟာ ... ဖြစ်မလားဗျ။ ညဆို အရမ်းအေးနေပြီ။ လေကြမ်း က တိုက်တယ်"

"ဝသုန်က မီးဖိုပြီး အိပ်တယ်လို့ ပြောတယ်"

အဲဒီလောက်တောင်ထိ ဝင်းဝါနဲ့ မှတ်သုံက ရင်းနှီးနေပြီလား မှတ်သုံက ဘယ်နရက်တောင် သူနဲ့နေမှာလဲ။ သူ ဉာဏ်မမီတော့ချေ ထို့ကြောင့်ပင် ထွက်ခွာသွားသော ဝင်းဝါကို သေးသေးလေးမြင်ရသည် ထိ စိုက်ကြည့်နေမိသည်။

"ဝင်းဝါက ခင်ဗျားကို တော်တော်သံယောဇဉ်ရှိတယ်နော် စကား ဆယ်ခွန်းပြောရင် ငါးလုံးက ဝသုန်ဆိုတဲ့နာမည်ပါတယ်"

မှတ်သုံကို သဘောမကျလှပေမယ့် ထိုစကားကိုတော့ နှစ်သ သည်။

"ခင်ဗျား အရမ်းပိန်သွားတယ်နော်"

အရပ်ငါးပေခြောက်လက်မရှိသော ခန္ဓာသည် ဘယ်သော



မှ ပေါင်တစ်ရာနှစ်ဆယ်ထက် မပိုခဲ့ချေ။ ယခုလည်း ကြားရပြန်ပြီ ဒီစကား။

"လယ်သမား လယ်လုပ်ချိန် ပိန်တာတော့ မဆန်းပါဘူး"

ပြောပြောဆိုဆိုပင် နွားချေးကို ကျုံးလိုက်ပြန်သည်။

"နွားချေးပုံက တော်တော်များတယ်နော်။ နွားများမယ် ထင်တယ်"

ဒီလူ နွားခိုးဖို့များ ကြံစည်နေသလားဟု မယုံသင်္ကာဖြစ်မိသည်။ သို့သော် နဖူးရည် ဒူးရည်ကိုကြည့်ရတာတော့ နွားတွေကို ခိုးရလောက် တဲ့ထိ မဆိုးလှဟု ခန့်မှန်းမိသည်။ သို့သော် ဆရာတော်က သူ ကျောင်း မထွက်ခင် ဆုံးမစကားဆိုခဲ့ဖူး၏။ လူတော်ရဲ့ခေါင်းမှ ခရုတ်ပတ် ပါသလို၊ လူဆိုးရဲ့ခေါင်းကလည်း ချိုမထွက်ဘူးတဲ့။ ဒီလူ လူဆိုးလား၊ လူကောင်းလား။

"ခင်ဗျားကြည့်ရတာ လူပိန်ပေမယ့် ကျန်းမာရေးကောင်းမယ့် ပုံပဲ"

"ခင်ဗျားက ခဏခဏ ဖျားတတ်လို့လား"

"မဟုတ်ပါဘူးဗျာ။ လူတွေရဲ့ ခန္ဓာက ကောင်းတဲ့လေလည်း အပ်သလို၊ မကောင်းတဲ့အနံ့ကိုလည်း ရှူရှိုက်ဖို့ လိုတယ်လေ။ ဒါက ဆုတ်ရဲ့သဘောသဘာဝကို ပြောတာပါ။ မကောင်းတဲ့အနံ့ကို ရံဖန် ရှူပေးခြင်းအားဖြင့် အဆုတ်မှာရှိတဲ့ အညစ်အကြေးတွေ သန့်စင် စေတယ်။ ခင်ဗျားက သမစဉ်ကျန်းမာရေးလိုက်စားပြီးဖြစ်နေလို့ ဒီလို လတ်ဆတ်တဲ့လေ၊ ဒီလိုဆေးမပါတဲ့ အသီး က်တွေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း မင်းလိုပဲ နေကြည့်ချင်တယ်"

ဆောင်းဂေါမှင့် ခြစ်ခုံကို ချပြီး မုတ်သုံကို မမြင်ဖူးသူလို စိုက်ကြည့်မိသည်။

ထူးဆန်းတယ်ဆိုလည်း ဟော်သင့်ရုံပေါ့။ ခုတော့ သူများ အလုပ်ခွင်ထဲ သူက ပျော်ပွဲစားထွက်ခဲ့တာလို ဘာလိုနှင့်။ နောက်မှ လိုက်လည်း အဆင်ပြေသည်။ ရှေ့မှသွားလည်း ရသေးသည်။ ကန့်လန့် သာ လိုက်လို့တော့ သူ သည်းခံနိုင်မှာမဟုတ်ချေ။ ယခုတော့ ထိုမြို့သား ကို စောင့်ကြည့်ရတော့မည့်အနေအထား။

"ခင်ဗျား နေရာနည်းနည်းရွှေ့ပေးပါ။ ဒီနွားချေးအမှုန်တွေကို လှည်းထုတ်ရမယ်"

"အိုကေလေ ... ရပါတယ်"

သူက မျက်နှာကြောတင်းစွာ ပြောသော်ငြား မုတ်သုံက အသား တကြည်ပင် တဲအောက်မှ ထွက်ပြီး တဲရှေ့တွင် ရပ်နေသည်။

ထိုအခါမှ သူက ဆီးသီးကိုင်း တံမြက်စည်းကို ဆွဲသည်။

"အိမ်မှာ ခင်ဗျား ခူးလာပေးတဲ့ ဝက်ချေးပနဲပင်တွေကို ဘကြီး က ကြိမ်နဲ့ရက်ပြီး တံမြက်စည်းလုပ်နေတယ်"

သူသိနေပြီးသားအကြောင်းအရာကို ကြားနေရ နားညည်း သလို ဖြစ်လာသည်။ ထို့ကြောင့် မကြားချင်ယောင်ပြုကာ လှည်း ကျင်းလိုက်သည်။

လှည်းကျင်းပြီးတာနဲ့ တစ်ပြိုင်နက် ကိုဖိုးအေးလယ်သို့ ပြေး ရန်ကြံသည်။ ဒါမှ ဒုက္ခ။ ဒီမြို့ကြီးသား ညော့သည်ကို ဘယ်နားထား





ရပါ့မလဲ။ တွေဝေသွားပြန်သည်။ သို့သော် သူ မဖိတ်ခေါ်ဘဲ ရောက် လာသော ဧည့်သည်မို့ ဘယ်လိုနေနေ သူ့ထံ တာဝန်မရှိပေ။ ထို့ကြောင့် ကိုဖိုးအေးတို့လယ်ကို ပြေးသွားဖို့ ကြံသည်။ ခြေနှစ်လှမ်းလှမ်းပြီးကာမှ မဖြစ်ပါဘူး ဟု ယူဆကာ တွန့်ဆုတ်သွားပြန်သည်။

လည်ပြန်ကာ ကြည့်တော့လည်း မြို့သားက သူ့ကို ပြုံးကြောင် ကြောင် ကြည့်နေလေ၏။ ပြဿနာ။

"ကဲ ... ခင်ဗျားတဲမှာနေရစ်မလား။ ကျွန်တော်နဲ့ လိုက်မလား"

"ဝသုန့်နောက်လိုက်ရရင် ပိုအဆင်ပြေမယ် ထင်တယ်"

ထိုစကားသည် အသည်းကျိန်းစရာကောင်းလှသည်။ ယောကျ်ား ဖြစ်ပြီး ဘာကြောင့်ပြတ်ပြတ်သားသား မပြောရတာလဲ။ လိုက်မယ်ဆို လိုက်၊ မလိုက်ဘူးဆို နေခဲ့ပေါ့။ ခုတော့ ဟိုမရောက် ဒီမရောက်။

"ခင်ဗျားဖိနပ်က လျှောက်ရအဆင်ပြေပါ့မလား။ နှင်းကျထား တာကြောင့် ကန်သင်းတွေက ချောတယ်"

ရွှံ့မြေမို့ နှင်းရည်စိုသောကြောင့် လျှောနေသည်မှာ အမှန်ပါ။ မုတ်သုံ၏ ဖိနပ်က ပြောင်လက်နေသော သားရေဘွတ်ဖိနပ်ဖြစ်သည်။ ထိုဖိနပ်မျိုး မစီးဖူးပါ။ သို့သော် ပြောင်လက်နေသောကြောင့် ချော် မည် ဟု ထင်သည်။

"ရပါတယ်။ ကိုယ်လိုက်နိုင်မှာပါ"

သူက ဦးဆောင်ပြီးထွက်လာခဲ့သည်။ နောက်မှာ တစ်ယောက် ပါလာတယ်ဆိုသော အသိက နောက်ကျောမလုံချင်ပေ။

ဆယ့်နှစ်နာရီကျော်ပြီမို့ နေသည် ခေါင်းပေါ်တည့်တည့် ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သို့သော် နှင်းကျထားသောအရှိန်ကြောင့်လား၊ မြောက်ပြန်လေကြောင့်လား မသိ အေးစိမ့်နေဆဲဖြစ်၏။

"ကချင်ပြည်နယ်က တော်တော်အေးတယ်နော်"

"ခုမှ ရောက်ဖူးတာလား"

"ခုမှတော့ မဟုတ်ပါဘူး။ အဲ ... ကိုယ်က ဖားကန့်မှာ အကြာကြီးနေဖူးတယ်။ အခုလည်း အဲဒီကို သွားမှာပဲ။ အချိန်လည်း ရသေးတာနဲ့ ဒီမှာ ခဏဝင်လည်တာ။ အတွေ့အကြုံရအောင်ပေါ့"

"ခုရော အတွေ့အကြုံတော်တော်စုံပြီလား"

"လူထူးဆန်းကိုတော့ တွေ့ဖူးသွားတာပေါ့"

"လူထူးဆန်း ... ဟုတ်လား"

သူက နဖူးကြောကြီးတွန့်ချိုးကာ စဉ်းစားမိသည်။ လူထူးဆန်းဆိုတာမျိုးကို သူကိုယ်၌လည်း တွေ့ဖူးချင်လှသည်။ ထမင်းစားတာ ဟုတ်ရဲ့လား၊ တီဗီထဲကလို ဖန်ခွဲတွေ၊ သစ်ခေါက်တွေ စားတာလား။

"ဘာတွေစဉ်းစားနေတာလဲ။ ကိုယ်ပြောတာက ရိုးရိုးလေး"

"လူထူးဆန်းဆိုတာပါတယ်လေ"

"ခင်ဗျားကို ပြောနေတာပါ"

"ကျွန်တော့်ကို ... ဟုတ်လား။ ကျွန်တော်က လူထူးဆန်း"

"မကြာခင် နှစ်ဆယ့်လေးနှစ်ပြည့်တော့မယ်။ ဒီလိုဆက်ဆံရေးကို ပထမဆုံးကြုံဖူးတာပဲ"

"ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"ဘာကိုမှ ဂရုမစိုက်ဘဲ ကိုယ်ပြောချင်ရာကို ရင်ထဲကအတိုင်း





ပြောတယ်။ ဝသုန့်ရဲ့စကားတွေက တစ်ခါတစ်ရံ ခံရခက်ပေမယ့် ရင်ထဲတော့ ရှင်းသွားတယ်။ ကိုယ် ခင်ဗျားကို စိတ်ဝင်စားတယ်"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

စိတ်ဝင်စားတယ်ဆိုသော စကားစု၏နောက်တွင် နောက်ဆက်တွဲ အဓိပ္ပာယ်တွေက စုပြုံနေသည်။ ဘာသဘောလဲ။

"ဒါကြောင့် ကိုယ် ခင်ဗျားနဲ့ ခဏနေကြည့်ချင်တယ်"

ဘာလဲ ... ဒီလူ ရိုးရောရိုးရဲ့လား။

ထိုသို့တွေးမိသောအခါ သူ့မျက်နှာကြီး မီးမြှိုက်ခံထားရသလို ပူလာ၏။

ထိုလူနှင့် မျက်နှာချင်းဆိုင် မရပ်ရဲတော့ပေ။

ရင်ထဲ ဟာသွားသလို ခံစားရ၏။ ထိုအခါမှ တဂွီဂွီမြည်နေသော ဗိုက်ကို သတိရမိသည်။

"ဟာ ... ဝသုန် မျှော်လိုက်ရတာကွာ။ ခါတိုင်း မင်း အဲဒီလောက် မကြာပါဘူး"

တဲနားရောက်ခါနီးတွင် ကိုဖိုးအေးအသံကို ကြားရတော့မှ ရင်ထဲ အေးသွားသလိုခံစားရ၏။

မြို့သားကတော့ သူ့နောက်တွင် တကောက်ကောက်ပါလာသည်။

"ဟ ... မုတ်သုံပါလားကွ"

ထိုအခါမှ ကိုဖိုးအေးက မုတ်သုံကို မြင်လိုက်ပုံမျိုး အထိတ်တလန့်ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေးက သူတို့ကို တွေ့နေရသော်လည်း သူတို့ကတော့ ကိုဖိုးအေးကို မမြင်ရသေးပေ။ ကိုဖိုးအေးက တဲထရံပေါက်မှ ချောင်းကြည့်ပြီး ပြောနေခြင်းဖြစ်ပေလိမ့်မည်။

"လာကွ ... မုတ်သုံရ။ မင်းပြန်သွားတော့ ငါတို့ မင်းကို သတိရနေပါသေးတယ်"

ကိုဖိုးအေးနဲ့ မုတ်သုံက ဘယ်တုန်းက ဘယ်အတိုင်းအတာ ထိ ရင်းနှီးသွားကြပါလိမ့်။

"ဒါက ကိုဖိုးအေးတို့လယ်ကွက်လား"

"အေးလေကွာ ... ဝသုန် မပြောပြဘူးလား"

"ကိုယ်က ဒီအတိုင်း လိုက်လာခဲ့တာပါ"

"ထမင်းစားပြီးပြီလားကွာ။ ဝသုန်နဲ့ အတူစားပါလား။ ငါ့ တောဟင်း၊ တောထမင်း စားဖူးတယ်ရှိအောင်ပေါ့ကွာ"

"ကောင်းတာပေါ့"

"ခူးမယ်ကွာ။ ပန်းကန်ပြားက ကြွေကွာနေတယ်။ ငါတို့ ငှက်ရွက်နဲ့ စားမလားဟေ့"

"ကောင်းတာပေါ့ဗျာ။ စားချင်တာပေါ့"

မုတ်သုံသည် လူထူးဆန်းဖြစ်နေသည်။ ဘယ်လိုလူမျိုး ဘာကြောင့် ဒီလောက်ရဲရဲတင်းတင်း ရှိရတာလဲ။ ကိုယ့်လုပ်အားမပါ နေရာမှာ စားသောက်ဖို့ လွယ်လွယ်ကူကူ ဘာကြောင့်ပြောရတာလဲ

ကိုဖိုးအေးကို အားနာသည်။ ဘာပဲဖြစ်ဖြစ် မုတ်သုံသည် ခေါ်လာသော ဧည့်သည်သာဖြစ်၏။

•———ရွှေငယ်———•



"မင်းတော့ မစားတတ်လား မသိဘူး။ တောဝက်သားချဉ် ချက်တယ်ဟေ့"

"တောဝက် ဟုတ်လား။ ဟား ... ကိုယ် အရမ်းတောင့်တ နေတဲ့ဟင်းလျာပေါ့။ ဒါမျိုးက ရှားတယ်။ ဟားကန့်မှာနေတုန်းက နှစ်ခါ သား စားဖူးတယ်။ အရမ်းကောင်းတာပဲဗျာ"

နည်းနည်းအမြင်ကပ်ချင်လာသည်။

"တဖန်းရွက်ဟင်းချိုနဲ့၊ မုန့်ညင်းရွက်ပြုတ်ဟေ့။ အင်နံလေး ချင်ရင်တော့ ရှမ်းပဲပုပ်ထောင်းထားတယ်ဟေ့။ ဂျင်းနံ့လေး မွှေးမွှေးပဲ"

ကိုဖိုးအေးသည် အစားအစာကို ချေးထူသူပီပီ ဖွယ်ဖွယ်ရာရာ စားလေ့ရှိသည်။

ဟင်းကို မမြင်ရသေးသော်ငြား ကိုဖိုးအေး၏ အပြောနဲ့တင် သည်ကျချင်လာသည်။

"ကဲ ... စားမယ် ကိုဖိုးအေးရေ။ နောက်မှာ လုပ်စရာတွေ အများသား"

"ကိုဖိုးအေးတို့ လယ်က ဘာလုပ်လို့လဲ"

"စပါးရိတ်နေတယ်လေ"

"အတော်ပဲဗျာ။ ကိုယ်လည်း စပါးရိတ်တာကြည့်ချင်နေတာ"

သူရော ကိုဖိုးအေးပါ မုတ်သုံကို မမြင်ဖူးသူလို စိုက်ကြည့်မိ ကြသည်။ စပါးရိတ်တာကိုမှ အလကားထိုင်ကြည့်ချင်နေတဲ့ ငတေ။ သေးဘူးလား။ စပါးကို မမြင်ဖူးတဲ့ လူနဲ့တူနေသည်။ မြို့သား

•———ရွှေငယ်———•

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်ငြား ဗဟုသုတနည်းလွန်းနေသည်။ အံ့ဩမိ၏။

"ဘာလို့လဲ ... ကိုယ့်စကားက ဘာမှားများနေလို့လဲ"

"မဟုတ်ပါဘူး ... ဘာမှမဟုတ်ပါဘူး။ ကဲ ... စားကြမယ်ဟေ့"

ကိုဖိုးအေးက ပြောပြောဆိုဆိုပင် ငှက်ပျောရွက်ထိပ်ဖြတ်အညွှန့် သုံးခုပေါ် ထမင်းသုံးပုံ ပုံသည်။

ပြီးနောက် ဒန်အိုးပုံးပေါ် မှန့်ညင်းပြွတ်ထည့်၏။ ကြွေပန်းကန်ပြားထဲ ဝက်သားချဉ်တစ်ပုံ၊ ပဲပုပ်ထောင်းတစ်ပုံ ထည့်သည်။ မသိလျှင် နတ်တင်ဖို့ဟု ထင်စရာပင်။ တဖန်းရွက်ဟင်းချိုကိုတော့ ဒန်မည်းကြီးတိုင်း အလယ်တွင် တည်ခင်း၏။ ဟင်းရည်မှ အငွေ့များသည် လှိုင်လှိုင်ထွက်နေသည်။

တဂွိဂွိမြည်နေသော ဗိုက်ကို ဖြည့်တင်းရန်အတွက် သူ ရေကို ဆွတ်ရုံ လက် ရေဆေးသည်။ ပြီးနောက် ထမင်းနှင့်ဝက်သားချဉ်ကို စားလိုက်သည်။

အရသာသည် လျှာဖျားတွင်မက ဝမ်းထဲထိပါ နှစ်လိုသွားသည်...

ကိုဖိုးအေးရော သူပါ ဗိုက်ပြည့်ရုံ ပလုတ်ပလောင်း ... ကြပေမယ့် မြို့သားကတော့ ထမင်းကို လက်သုံးချောင်းဖြင့် ကို... တို့ကနမ်း ဆိတ်ကနမ်း။

"စားပါ မုတ်သုံရ"

ကိုဖိုးအေးက ထိုသို့ပြောတော့မှ ဝက်သားချဉ်ကို လ... နှိုက်လာသည်။

ပထမတော့ မုတ်သုံပုံက ရွံ့သလိုဖြစ်နေသော်လည်း ဟင်း...



...နှင့် ဝက်သားချဉ်ဝင်သွားချိန်မှာတော့ အားပါးတရ ရှိလာသည်။

"ငါတို့နယ်မှာတော့ တဖန်းရွက်ပင်တွေ ပေါတယ်ဟေ့။ ဒါပေမဲ့ ...းမတော့ နို့မကောင်းဘူး။ ငါတို့တော့ ယောက်ျားတန်မဲ့ နို့ထွက်ရတော့မယ့် အခြေအနေမှာ ရှိတယ်။ ဟား ... ဟား"

ကိုဖိုးအေးက ထုံးစံအတိုင်းပင် ပလုတ်ပလောင်း တဟားဟား ...ရယ်ပြန်သည်။ ကိုဖိုးအေးသည် အသက်သုံးဆယ်မပြည့်သေး...သော်ငြား အစားကောင်းစား၍ ထင်သည်။ ဗိုက်သားသည် ပူ၍ထွက်...သည်။

"ထမင်းက လက်နဲ့ကိုင်ရတာ အဆင်မပြေဘူး။ ဇွန်းနဲ့ဆိုရင်တော့ တစ်လုတ်ဆို ဝဝစားလို့ရတယ်"

"ငါတို့တော့ ဇွန်းနဲ့ခံတွင်း မတွေ့ဘူးဟေ့။ ဟင်းတွေက ငါတို့ ...လိုက်ရင် ထွက်ပြေးနေသလိုပဲ"

ကိုဖိုးအေး၏ စကားကို မုတ်သုံက သဘောကျ၍ ရယ်နေ...သည်။

ယခုလို ထမင်းအတူစားဖူးပြန်တော့လည်း မုတ်သုံနှင့်သူက ...ဝေးတော့သလိုပင်။

ညတော့ ဘယ်လိုနှစ်ပါးသွားရဦးမှာပါလိမ့်။

သူ သက်ပြင်းချမိ၏။

ဘယ်တုန်းကမှ မလျှော်တဲ့ သူ့စောင်က နံနေမှာ အမှန်ဖြစ် ...ခေါင်းအုံးကလည်း သစ်လုံး။ ကြမ်းခင်းကလည်း ဟိုဘက် ...လှည့်လိုက်ရင် တဂွပ်ဂွပ်မြည်နေသည်။ ပြီးတော့ စောင်နှစ်ထည်...



www.burmeseclassic.com

www.burmeseclassic.com



ထပ်၍ ခြင်ထောင်တစ်လုံးတည်းမှာ၊ ဒီမြို့သား ဘာတွေများ စိတ်ရှု ပေါက်နေပါလိမ့်၊ ချွေးတလုံးလုံး စားသောက်နေသော မြို့သားကို ငေးမိသွားပြန်သည်။ ဘာကြောင့်မှန်း မသိ၊ မုတ်သုံကိုကြည့်နေမိရင်း သူ့ကိုယ်သူ သိမ်ငယ်လာသလို ခံစားရသည်။ ထိုခံစားချက်ကို မနှစ်သက် ပေ၊ သို့သော် ဖျောက်ဖျက်၍လည်း မရပါ။

ရွှေအသ



"မုတ်သုံဆိုတဲ့လူက အခြောက်ကြီးလား မသိဘူး"

သူ့စကားကြောင့် သရွေသီးကို ဆားနှင့် တို့စားနေသော ကိုဖိုးအေးသည် ချောင်း တဟွတ်ဟွတ်ဖြစ်ကုန်သည်။

မပြောပါဘူးဟု အားတင်းထားရာမှ ခဲရာခဲဆစ် ထွက်သွား ခြင်း ဖြစ်သည်။ မုတ်သုံနှင့်ပတ်သက်သော အကြောင်းအရာများသည် သံသယဝင်စရာများသာ ဖြစ်နေသည်။

သူနှင့် မုတ်သုံ အိပ်သည်မှာ နှစ်ညမြောက်ခဲ့ပြီ ဖြစ်သည်။ ပထမ တစ်ည၌ သူ့ကို ခွပြီးအိပ်နေသောကြောင့် မိုးလင်းသည်ထိ သူ စ်ရေးမျှ အိပ်မရခဲ့ပေ၊ မဖြစ်တော့ဘူးဆိုပြီး ဒုတိယည၌ စောင်နှစ် ည်ကို တစ်ထည်စီ ခွဲခြုံကာ ပိန့်အိတ်ထဲ ကောက်ရိုးတည့် အိပ်ခဲ့ရသည်။ သို့သော် ညသန်းခေါင်ယံ၌ မုတ်သုံသည် သူ့စောင်ခြုံ ရောက်နေပြီဖြစ်၏။

မုတ်သုံရဲ့ပုံက သိပ်မဟန်ချေ၊ စကားပြောလျှင်လည်း ယောကျ်ား သ ဒေါင်းတည်မောင်းတည် မရှိပေ၊ အမြဲမယုတ်မလွန် ပြော သည်။

ကိုဖိုးအေးတို့နှင့်လည်း တောထဲ၌ သူ အတူအိပ်ခဲ့ဖူးသည်။

ရွှေအသ

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်က ခပ်ရိုးရိုး။ သူလည်း သူ့ဟာသူ အိပ်၊ ကိုယ်လည်း
နေအောင်အိပ်သည်။ အသားချင်းတောင် မထိကြပါ။ ခုတော့ မုတ်
က ထူးဆန်းနေသည်။

ပြီးနောက် မုတ်သုံသည် ယောက်ျားကြီးတန်မဲ့ ရေတစ်ပုံး
မဆွဲနိုင်ချေ။ မုတ်သုံသည် သူ့ထက်ဗလကောင်းသည်။ သူသည်
နှစ်ပုံးကို ဘာမှမသယ်လိုက်ရသလို ဆွဲနိုင်သည်။ မြို့သားဆိုစေဦး
တစ်ဝက်ဆွဲရုံနှင့် ဇောချွေးပြန်လို့ မဖြစ်ချေ။

မုတ်သုံကို မိန်းကလေးက ယောက်ျားလေးပုံ ဝတ်ထားသလ
ဟု သံသယဝင်မိသည်။ ထို့ကြောင့် မုတ်သုံ၏ ရင်သားကို ဂရုစိ
ကြည့်မိ၏။

ကြာအင်း၌ သူ ရေချိုးသောအခါ ထိုပြဿနာက ရှင်းသွားသ
မုတ်သုံသည် ကျယ်ပြန့်သော ရင်အုပ်ကို ပိုင်ဆိုင်ထားသည်။
အားကျလောက်တဲ့ထိ လက်မောင်းကြွက်သားများ အမြောင်းလိုက်
နေသည်။

မိန်းမ မဟုတ်တာတော့ သေချာသည်။ ဒါဆို ခြောက်
နေသလား။ ရွာထဲပြန်လျှင် ဆံပင်ညှပ်ဆိုင်ရှေ့မှ ဖြတ်သွားရသ
ထိုဆိုင်တွင် အခြောက်တွေ စုံပျော်ကြ၏။ စနောက်လွန်း၍ ဖြ
မလျှောက်ငုံ့။

ထိုအခြောက်များသည် ဆံပင်နီကြောင်ကြောင်နှင့် လုံခြ
ဒူးဆစ်အထက် မလုံ့တလုံ့ဝတ်တတ်ကြသည်။

ထိုအခြောက်များကို ကြည့်ဖို့ ရှက်မိ၏။ ထို့ကြောင့် ထို





ညှပ်ဆိုင်ရှေ့သို့ ရောက်လျှင် မပြေးရုံတစ်မယ် သုတ်ချေတင်သွား
တတ်သည်။ အဲဒါ သူတစ်ယောက်တည်း မဟုတ်။ ကိုဖိုးအေးလည်း
အဲဒီအတိုင်းပဲဟု ကိုဖိုးအေးက ရင်ဖွင့်ပြောဖူးသည်။ ထို့ကြောင့် မုတ်သုံ
လိုလူပုံသန့်ကို ထိုအခြောက်များနှင့် ရောထွေးပြီး မတွေးပစ်ချင်ပါ။
သို့သော် တွေးစရာအကြောင်း ဖန်လာသည်။

ငါးအရှင်ကိုလည်း မကိုင်ရဲ၊ ငါးရှဥ့်နှင့် တီကောင်လည်း တွန့်
နေအောင် ကြောက်သည်။ ထင်းခုတ်သည့် ဓားမကိုလည်း ဘုရား
ရှိခိုးပွဲတော်မှာဖူးတွေ့သည့်အလား လက်နှစ်ဖက်နှင့် တရိုတသေကိုင်နေသည်။
ပြီးနောက် တဲပေါ်တက်လျှင်လည်း တစပ်စပ်နဲ့ ဂျုံးဂျုံးဂျက်ဂျက်မတက်ဘဲ
ကြမ်းခင်းကို အသံမမြည်အောင် ခပ်ဖွဖွနင်းသေးသည်။ အသေးစိတ်
မြန်စဉ်းစားလျှင် အကုန် သံသယဝင်စရာချည်းသာဖြစ်နေ၏။

"ဘယ်လိုပဲ စဉ်းစားစဉ်းစား သူ့ကို အခြောက်လို့ပဲ ထင်နေ
တယ်"

"မင်းရူးနေသလား ဝသုန်၊ အဲဒီလို ကျားကျားလျားလျားကြီး
က ဘယ်လိုလုပ်အခြောက်ဖြစ်မလဲ၊ မင်းထက်တောင် ဟိုက ပိုပြီး
ယောကျ်ားသတောင့်သေးတယ်"

"ညဆို သူ ငါ့စောင်ထဲတိုးဝင်လာတယ်"

"ဟာ ... ချမ်းလို့နေမှာပေါ့ကွ၊ ခုပဲ နတ်တော်လထဲ ကူး
ပြီ၊ မင်းဟာက မဟုတ်သေးပါဘူး"

"မြို့ပေါ်က အချို့အခြောက်တွေက ယောက်ျားအတိုင်းပဲလို့
နေအောင် ပြန်လာတုန်းက ပြောတယ်လေ၊ ကိုဖိုးအေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိတော့ဘူးလား"

နေအောင်ဆိုသူမှာ မန္တလေးမှာ ကျောင်းတက်သော ဝင်း၏ သူငယ်ချင်းဖြစ်သည်။ တစ်ရပ်ကွက်တည်းသားချင်းမို့ မြို့က ပြ လာလျှင် အကြောင်းစုံ ဝေမျှလေ့ရှိသည်။

"ဟုတ်ချင်မှဟုတ်မှာပါကွာ။ နေအောင်ဆိုတဲ့ကောင်က အာ က ခပ်များများရယ်။ သူ လေကြွားဆိုတာ တစ်ရပ်ကွက်လုံးက သိ တာပဲ။ ယုန်ထင်ကြောင်ထင် လုပ်မနေနဲ့။ တစ်ဖက်သားကို အား စရာကောင်းတယ်"

ကိုဖိုးအေးက ဝိတ်ပြော၍သာ သူ ငြိမ်သက်နေလိုက်ရသည် စိတ်ထဲတော့ သိပ်ဘဝင်မကျလှပေ။ ညမိုးချုပ်မှာကိုပဲ စိုးရိမ်နေမိ ကိုဖိုးအေးနဲ့ပဲ အိပ်ရမလားဟု တွေးမိသေးသည်။ သို့သော် နွားတစ် နှင့် ထိုမြို့သားကို တဲ၌ ပစ်ထား၍မဖြစ်ပါ။

"ကဲ ... ရိုက်ပေ့။ ဒီနေ့ နောက်ဆုံးပဲ။ မနက်ဖြန် ကော လှိုင်းထုံးစမယ်။ ကောက်လှိုင်းရော လာထုံးဦးမလား"

"ဘယ်လိုပေးမှာလဲဗျ။ စပါးဆို မလိုချင်ဘူး။ ကျွန်တော် ပိုက်ဆံပဲလိုတယ်"

"ရာပြတ်ပေးမယ်ကွာ။ ငါးယောင်"

"ထုံးမယ်ဗျာ"

"ဒါနဲ့ မုတ်သုံ ဒီနေ့ မလာပါလား။ ပြန်သွားပြီလား မဟုတ် မင်း ဒေါ်မလာ တာလား"

"ဟာဗျာ ... မဟုတ်ပါဘူး။ ရွာထဲပြန်သွားကာဗျ"

●———မြွေအောကျ———●



"ပြန်တတ်လို့လား"

"ဘကြီးက ဆန်လာပို့တယ်လေ။ ဘကြီးနောက် လိုက်ပြန် သွားတာ"

"ဒီမြို့သား တော်တော်နုတယ်နော်။ ရောက်တာပဲ မကြာသေး လေစိမ်းတိုက်လို့ အသားတွေ နီကျင်နေပြီ။ ငါတို့လယ်ထဲမှာ ကြီးပျော်နေသလဲ မသိဘူး။ ဟွန်းဟွန်း ... မင်းထင်ရင်လည်း လောက်ပါတယ်"

ကိုဖိုးအေးက အာဝဇ္ဇန်းရွှင်ရွှင်ပြောသော်ငြား ထိုစကားလုံး သူ၏သံသယကို ပွားစေသည်။

အများကို မထင်ကောင်းပါဘူးဟုသာ ကိုယ့်ကိုယ်ကိုယ် ကြိမ် ဆုံးမနေမိသည်။

"ဒါနဲ့ သူက မင်းတို့ဆီမှာ ဘယ်နှရက်နေမှာတဲ့လဲ"

"မသိပါဘူးဗျာ။ သူ့ဗိုက်ထဲမှာရှိတဲ့ သူ့စိတ်ကို ကျွန်တော်က သိနိုင်မလဲ"

"ခင်ဖို့တော့ ကောင်းသားကွ။ ဘုမသိ ဘမသိနဲ့ သူ့ပုံက တယ်။ ချမ်းတော့ချမ်းသာမယ့်ပုံပဲ။ ကိုယ်ပိုင်ကားနဲ့ ရောက် ကွ"

သူ ဖဲ့ဩသွားသည်။ သူ မသိပါ။ ကိုဖိုးအေးက မနေ့ညနေ ထဲ ပြန်သည်။ ဒါကြောင့် သိလာခဲ့သည်ထင်ပါရဲ့။

"ရပ်ကွက်ထဲမှာတောင် မုတ်သုံနဲ့ဝင်းဝါ ဘာလိုလိုပြောနေကြ သယ်"

●———မြွေအောကျ———●

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဒါကို သူ ကြိုတင်ပြီး မစဉ်းစား၍ မဟုတ်ပါ။ မိန်းမပျိုလေးရှိတဲ့အိမ် သူစိမ်းယောက်ျား တည်းခိုတယ်ဆိုကတည်းက ဒါမျိုးတွေ တစ်နေ့မဟုတ် တစ်နေ့ လာကြမည်ဖြစ်သည်။ ရပ်ကွက်ဆိုတာမျိုးက မျက်စိဖွင့်၊ နားစွင့်နေတတ် ကြသည့်အမျိုး။

သို့သော် မုတ်သုံက သူနှင့်လယ်တဲ၌ လာနေတော့အပြောလွှ လိမ့်ထင်ခဲ့သည်။

"ဘာတွေပြောနေကြသလဲ"

"ကြီးလှမေနဲ့ ပါးစပ်ကို သိနေကြတော့ အရမ်းကာရေ မပြောကြပါဘူးကွာ။ ဒါပေမဲ့ မုတ်သုံက ဝင်းဝါကို ငြီးသွားလို့ တစ်ရေး ပြန်လာတာလို့ ထင်ကြေးပြောကြတယ်။ အနှောင့်လွှတ် အသွားလွှ ပေါ့ကွာ"

ကြီးလှမေက အနေတည်ပြီး အပြောကြမ်းခြင်းကို ဒီတစ်ကြ တော့ ကျေးဇူးတင်ရမလို ဖြစ်၏။ ဤသို့ အမေမျိုး၏အရိပ်အော တွင် ရှိနေသော ဝင်းဝါသည် တံတိုင်းတစ်ခုရှိနေသည်။ သို့သော် အနှော လွှတ် အသွားလွှတ်ဟူသော အစိမ့်ဟယ်သည် ကဲ့ရဲ့ခြင်းမျိုး နှော ပါဝင်နေသည်။ ဝင်းဝါကို အတော်လေးများ ပြောဆိုနေကြပြီလား

"ဒါပေမဲ့ အားကျနေကြတယ်ကွ။ အဲဒီကောင်ကလည်း ချော တာကိုး။ ထိုးမုန့်တွေ ကားနောက်ခန်းထဲ အပြည့် သယ်လာပြီး အိမ်ကပ်မကျန် ရပ်ကွက်ထဲ လှည့်ဝေတယ်လေ။ ဘုန်းကြီးကျော မှာလည်း အလှူပေးသေးတယ်။ ရွာမှာတော့ မုတ်သုံက တ



ာတ်ကောင်ပဲ။ ဘကြီးနဲ့ကြီးကြီးလည်း မှီရတဲ့မျက်နှာနဲ့ပေါ့ကွာ"

ရွာနဲ့ အဆက်ပြတ်နေတာကြာပါပြီ။ ကိုဖိုးအေးသာ ရွာထဲ ပြန်မသွားပါက ထိုအကြောင်းတွေကို သိနိုင်စရာအကြောင်း မရှိချေ။ ကိုဖိုးအေးက ထိုသို့ပြောမှ သူ့ကို မုတ်သုံ ပေးထားသော လက်ဆောင် ထုပ်ကို သတိရလာသည်။ ထိုအထုပ်ကို သူ ဘယ်နားထားမိပါလိမ့် ငြေးစားသည်။

ထိုနေ့က သူ နွားချေးကျုံးနေသည်။

နွားချေးကျုံးနေရင်းပင် အထုပ်ကို နွားစလောင်းထဲ ပစ်ထည့် ခဲ့သည်။ ထိုနွားစလောင်းထဲတွင် မြက်နှင့် ကောက်ရိုးတို့ ရှိသည်။ ... ဘုရား ... နွားများစားလိုက်ပြီလား။ ရှိမှရှိသေးရဲ့လား။ စိတ်ပူသွားသည်။ ထို့ကြောင့် ကိုင်လက်စ တံစဉ်ကို ခါးတွင်ချပ် တ်သည်။

"ကိုဖိုးအေး ... ခဏဗျာ။ ပြီးရင် ကျွန်တော် ပြန်လာခဲ့မယ်"

"ဘာလဲကွ ... မင်းဟာကလည်း ဆိုင်းမဆင့်ဘုံမဆင့်"

ကောက်ကြီးစပါးကို ရိတ်ဖြတ်နေသော ကိုဖိုးအေးက ခေါင်း င်လာသည်။

"ခဏပဲ ... ဒီနေ့တော့ ဒီအကွက်ပြီးအောင် ရိတ်ပေးမှာပါ။ ရင် ချစ်"

တိုသောပုဆိုးကို စလွယ်သိုင်းကာ တင်ပါးနဲ့ခြေသလုံးတစ်သား ကျပြေးတော့၏။

ကိုဖိုးအေးလယ်နှင့် သူ့လယ်က သိပ်မဝေးလှသ ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်မျှသာ ပြေးလိုက်ရသည်။

တဲရောက်သောအခါ မောဟိုက်၍ ရုတ်တရက်ကောက်ရိုးတွေ
ကို မဖြုံရှာမိသည်။

နွားစာခွက်မို့ ကောက်ရိုးနှင့် မြက်တွေက စလောင်းထဲတစ်ဝက်
မြေကြီးပေါ်တစ်ဝက်ကျနေလေသည်။ နွားတွေက အပေါ်ယံနေတဲ့ မြက်
ခြောက်ကို မစားဘဲ စိုသောမြက်နှင့် ခပ်ထိုင်းထိုင်းကောက်ရိုးကို
ထိုးဖောက်စားတတ်ကြသည်။

BURMESE CLASSIC

မြက်၏အရသာကို နွားကသာ အသိဆုံးဖြစ်၏။

မြက်နှင့်ကောက်ရိုးများကို တစ်လှာချင်း လှန်ရှာ၏။ မတွေ့
သူ စိတ်ပျက်ပျက်ပင် မြေကြီးပေါ် ငုတ်တုတ်ထိုင်ချမိသည်။

ဘယ်လိုလုပ်ရမလဲ။ ဘယ်လောက်တောင် နှမြောဖို့ကောင်း
ပြီလဲ။ နမော်နမဲ့နေတတ်သည့် သူ့အကျင့်ကြောင့်သာ ဖြစ်သည်။
အိတ်ထဲ ဘာတွေပါလာမှန်း မသိပါ။ သန့်ရှင်းသော အကောင်း
အိတ်ထဲ အဖိုးတန်တာတွေသာ ပါလို့တော့ သွားပြီ။ ဒါ့ထက် နွား
ချေးပါ၍ခက်ပါလျှင် ...

သူ ခေါင်းကြီးချင်လာသည်။ ဘယ်လိုလုပ်ရမှန်းမသိ
မောမောနှင့်ပင် မြေကြီးပေါ် လှဲချလိုက်မိသည်။

"ဟင်"

နွားစလောင်းအောက်တွင် ရှိနေသော အိတ်ဖြူလေး။

သူ ပျော်သွား၏။ လှမ်းမြင်နေရသော အိတ်စကို ထုတ်
နွားသေးရည် ဇနည်းငယ်စွန်းပေနေသော်လည်း အိတ်ထုပ်သည်

●———ရှူးဆော———●



ထက်ရာ မပျက်ပေ။

"တော်ပါသေးရဲ့"

ရင်ထဲ အလုံးကြီးကျသွားပြီး အိတ်ကို ဖွင့်သည်။ တုန်ယင်
နေသော လက်များကိုမူ ထိန်းချုပ်၍မရပေ။

"ဟင်"

သူ အံ့သြသွား၏။ သူ့လက်များ မည်းတူးနေသလားဟု ကြည့်
လိုက်ပြန်သည်။ မည်းတူးနေသောလက်ကို အင်္ကျီပေါ် ပွတ်သပ်မိ၏။
အထုပ်ထဲမှ အထည်တစ်ခုကို ဆွဲယူကာ ဖြန့်လိုက်သည်။ အကောင်းစား
ချုပ်တစ်ထည် ထွက်လာ၏။

အညို၊ အဖြူနှင့် အပြာနုရောင်စင်းကျားလေးများ ဖြစ်သည်။
ဖွေးဖွေးဖြူနေ၍ ထိကိုင်ရက်ဖွယ်ရာ မရှိချေ။

ဘာပါသေးသလဲဟု အိတ်ကို ထပ်မံကြည့်လိုက်သောအခါ
စိမ်းရောင်ဘူးလေး ထွက်လာပြန်၏။

ထိုဘူးကို ဖွင့်ပြန်သည်။ မီလပ်သံပရာခြမ်းစနိုးအရွယ် ရေမွှေး
င်း။ အနံ့ကို ရှူကြည့်သည်။ နှင်းဆီရနံ့ရ၏။ ထိုအနံ့ကိုလည်း သူ
နှိုးနေသလိုလို။ ဝင်းဝါ့ထံတွင် ရေမွှေးပုလင်းများ မြင်ဖူးခဲ့သည်။
သော် ထိုမျှမသေးပေ။ အရည်များများပါတာ ဝယ်မှ ကြာကြာ
တ်ရမယ်ဟု ဝင်းဝါ ပြောတာ ကြားဖူးသည်။ အရည်နည်းနည်းနဲ့
င်းသေးသေးဆိုတော့ ဈေးများ ချိုနေလေရာသလား။ ခုလို ပစ္စည်း
ဝယ်ပေးနေပုံထောက်လျှင် ရိုးရော ရိုးရဲ့လား။ ယူသင့်ရဲ့လား။
ခါမျှ မသုံးဖူးသော ထိုရေမွှေးကို သုံးရောသုံးတတ်ပါ့မလား...

●———ရှူးဆော———●

www.burmeseclassic.com

www.burmeseclassic.com



အစရှိသဖြင့် အတွေးတွေနယ်ချဲ့နေသောအခါ အနားလူရောက်လို့ ရောက်လာမှန်း မသိတော့ပေ။

"ဟော့ ... ဝသုန် ဒီလောက်ခေါ်နေတာ မကြားဘူးလား။ ဘာတွေများ ဒီလောက်တောင် တွေးနေရသလဲ"

ဝင်းဝါ ရုတ်တရက်မြင်လိုက်ရသောအခါ လက်ထဲမှပစ္စည်းများ ဘယ်ဖွက်လို့ ဖွက်ရမှန်း မသိချေ။

သို့သော သူ သိပ်နောက်ကျသွားခဲ့ပုံပြီ။ ဝင်းဝါက သူ့လက်ထဲမှ ပစ္စည်းများကို တွေ့မြင်ပြီးဖြစ်၏။

ဝင်းဝါသည် သူ့လက်ထဲမှ ပစ္စည်းတွေကို ဆတ်ခနဲဆွဲယူပြီး သူ့ကို မယုံနိုင်စွာ စိုက်ကြည့်သည်။ ပြီးနောက် မုတ်သုံထံ ပြန်လှည့်ကြည့်သည်။

ဝင်းဝါက ဘာကြောင့် ဒီလောက်တော် မှုပျက်နေရတာလဲ။ သူ နားမလည်ပေ။

"ကိုမုတ်သုံ ဒါတွေ ရှင်ဝယ်လာတာလား"

"ဘာလို့လဲ ဝင်းဝါ။ ဝသုန်က မသုံးချင်လို့လား"

ဝင်းဝါနှင့်မုတ်သုံတို့သည် ဝါးတစ်ပြန်ရိုက်အကွာဝေးမှ လာကြခြင်းဖြစ်မည်။ ထို့ကြောင့် မုတ်သုံသည် တဲသို့အရောက်နောက်ကျ၏။

"ဒီရေမွှေးက တစ်သိန်းနဲ့ငါးထောင်ဆိုတဲ့ တန်ဖိုးဆိုတာ ဝင်းဝါ သိတယ်"

သူ နားကြားများလွဲနေလေရော့သလား။ ဝင်းဝါက တစ်သိန်းနှင့် ငါးထောင်ဟု ပြောလိုက်သည်။ ဒီလောက်ဘူးပေါက်စလေးနှင့်





ရေမွှေးက သိန်းကျော်တန်တယ်ဆိုတာ ဟာသတစ်ပုဒ်သာ ဖြစ်သည်။

"ဝသုန်သာ မကျေနပ်ဘဲ ပြဿနာလုပ်ရင် ကိုယ် ခုချိန် အချုပ်ခန်းထဲမှာပဲ။ တစ်သိန်းကျော်ဆိုတဲ့ အမောင့်က ဝသုန်ရဲ့ရှိုးသားမှုနဲ့စာရင် ဘာမှမပြောပလောက်ပါဘူး"

သူ နားကြားလွဲတာမဖြစ်နိုင်တော့ချေ။ ထိုရေမွှေးပေါက်စသည် သိန်းကျော်တန်တယ်ဆိုတာ မုတ်သုံရဲ့စကားက သက်သေပြပြီးဖြစ်၏။

သူသည် အံ့သြကြီးစွာပင် ထိုရေမွှေးပုလင်းလေးကို ကြည့်သည်။ မယုံနိုင်ပေ။ ဝင်းဝါသုံးနေကျ ပုလင်းခပ်ကြီးကြီးပင် ငါးထောင်ပေးရသည်ဟု ဝင်းဝါက ပြောဖူးသည်။ ထိုငါးထောင်ဆိုသော ငွေကို သူ နှမြောမိသည်။ နေ့စားလုပ်ပါက နှစ်ရက်စာ မစားရက် မသောက်ရက် စုဆောင်းရမည် မဟုတ်ပါလား။ သို့သော် ဝင်းဝါအနီးဖြတ်သွားပါက နှစ်လိုဖွယ်ရန့်ဖြစ်နေ၍ ငါးထောင်ဆိုလည်း ကျေနပ်စရာကောင်းလှသည်။ ခုတော့ ထိုပုလင်းက သိန်းငွေတဲ့။ သူ အနံ့ရှူရသလောက်တော့ သာမန်သာရှိ၏။ ဘာမှမထူးခြားဘူးဟု ထင်သည်။

"ဒီအကျီကရော"

"ဘယ်လောက်တန်သလဲလို့ မမေးပါနဲ့။ ဒါက ကိုယ့်စေတနာပါ"

"ဝင်းဝါတို့က တောသူတောင်သားတွေရှင့်။ ဒီလောက်ထိ လေးပါဘူး။ လေးငါးထောင်တန်ဆိုရင်ပဲ ပွဲတိုးလမ်းတိုး ဝတ်လို့ရနေပါပြီ"

"ကိုယ် စေတနာရှိလို့ ပေးတာပဲ။ လက်သုတ်လုပ်လိုက်မယ်ဆိုရင်တောင် ကိုယ် ဝမ်းမနည်းဘူး"

မုတ်သုံက ဘယ်လောက်တောင်များ ချမ်းသာနေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဝင်းဝါ ပြန်တော့လေ။ နောက်ဆို ကိုယ့်ကို လာမကြိုနဲ့။ ဒီလောက်ဆို ကိုယ် ပြန်တတ်ပါပြီ"

"လာမကြိုလည်း နေ့တိုင်း လာရတော့မှာပဲ။ မနက်ဖြန်ကစပြီး စပါးနယ်ရတော့မယ်။ ဟိုးမှာ မတွေ့ဘူးလား။ ကောက်လှိုင်းပုံကြီး။ အလုပ်လုပ်နေချိန်တော့ ဝင်းဝါက နေ့တိုင်း ထမင်းပို့လာပါတယ်။ အဖေလည်း မနက်ဖြန်ပဲ လယ်ထဲ ညအိပ်ညနေလာနေတော့မှာ။ စပါးသိမ်းချိန်နဲ့ ကောက်စိုက်ချိန်တော့ လယ်က အိမ်ပဲ ကိုမုတ်သုံရေ။ ကဲ … ဝင်းဝါပြန်မယ်"

ဝင်းဝါက ပြောပြောဆိုဆိုပင် လက်ထဲမှ အထုပ်ကို ချလိုက်သည်။ ဝင်းဝါ၏လက်က ဆတ်ခနဲမလိုက်သောအခါ ဝင်းဝါလက်ထဲမှ အရာတစ်ခုကို သူ မြင်လိုက်သည်။

ဆိုင်ကယ်သော့။ ဝင်းဝါ ဆိုင်ကယ်ဝယ်လိုက်ပြီလား။

"ဪ … ကြွားရဦးမယ်။ မနေ့က ကိုမုတ်သုံလုပ်လိုက်လို့ ငါ့စက်ဘီးပျက်သွားတာလေ။ အဲဒါ အစားထိုးပြီး ဆိုင်ကယ် ဝယ်ပေးတယ်။ ရွာထဲပြန်ရင် နင်ရော ဆိုင်ကယ်စီးရမယ်"

ဝင်းဝါ၏ပုံက ပေါ့ပေါ့ပါးပါးရှိလှသည်။ ဆိုင်ကယ် အသစ်လေးရ၍ ကျေနပ်နေသည့်ပုံမျိုး။

ဝင်းဝါပျော်နေတာမြင်တော့ သူလည်း ပျော်သည်။

သို့သော် သူဖြည့်ဆည်းပေးလိုက်၍ ပျော်သော အပျော်မျိုးဖြစ်နေလျှင် ပိုကောင်းလိမ့်မည်။ ခုတော့ သူ့အခြေအနေက ဆိုင်ကယ်တစ်စီးမဆိုထားနှင့် ချိတ်လုံချည်တစ်ထည်ဖိုးပင် မအိပ်နိုင် မစားနိုင်





အလုပ်လုပ်နေရသည့် အခြေအနေ။

ခုတော့ ရေမွှေးက တစ်သိန်းကျော်တဲ့။ သူ ထပ်မကိုင်ဝံ့တော့ချေ။ သူ့လက်ထဲတွင် ထိုရေမွှေးက တစ်ခုခုဖြစ်သွားမှာ စိုးရိမ်မိ၏။

"ယူပါ ဝသုန်။ ဒါက ခင်ဗျားအတွက် ဝယ်ပြီးပြီမို့ ခင်ဗျားပိုင်ပါတယ်"

ဝင်းဝါက မုတ်သုံလက်ထဲထည့်ထားသော ရေမွှေးကို သူ့သံမုတ်သုံက ပြန်ပေးသည်။ သူ ယူရမှာလား၊ ငြင်းရမှာလား။

"ကျွန်တော် မရချင်ဘူး"

ဝေခွဲမရဖြစ်နေဆဲမှာပင် ငြင်းလိုက်ပြီးဖြစ်နေ၏။ မုတ်သုံလက်ထဲမှ ရေမွှေးပုလင်းကို တစ္ဆေသရဲတစ်ကောင်လို ကြည့်နေမိသည်။ တစ်သိန်းကျော်ဆိုတာကြီးကို သူ မယုံချင်ပေ။

"ဘာလို့လဲ တန်ဖိုးကြီးလို့လား"

"ကျွန်တော်က အဲဒါကြီး ဘယ်မှာသွားသုံးမှာလဲ။ ဆရာတော်က အမြဲဆုံးမတယ်။ တန်ဖိုးကြီးနေပေမယ့် ကိုယ့်အတွက် အသုံးမလိုရင် ပြတ်ပြတ်သားသား စွန့်လွှတ်လိုက်ပါတဲ့။ ဆရာတော့်ထုံး နှလုံးမူပါတယ်။ ဒါကြောင့် အသုံးလိုတဲ့လူကိုပဲ ပေးလိုက်ပါ။ ပြီးတော့ ဒီအကျႌ ညှီနံနေတာပဲ။ ယားတယ်။ ကျွန်တော် မဝတ်တတ်ဘူး"

တန်ဖိုးကြီးပြီမှန်း ရိပ်မိလိုက်သောကြောင့် ပြတ်ပြတ်သားသား ငြင်းလိုက်မိသည်။ ရင်ထဲ၌ ရှင်းလင်းနေ၏။ တပ်မက်စိတ်အလျှဉ်းမရှိပေ။

"ဒါကြောင့် ခင်ဗျားက လူထူးဆန်းလို့ ကိုယ်ပြောနေတာပေါ့။ လောကမှာ ခင်ဗျားအလိုအပ်ဆုံးအရာက ဘာလဲ ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်းမတွဖြေလိုက်ချင်သည်၊ ဝင်းဝါအတွက် ကြိုးကြိုးချိတ်တစ်ထည်ဟု။ သို့သော် အံကြိတ်ထားလိုက်၏။ ငွေစုလို့ပြည့်သွားချိန်၊ ချိတ်တစ်ထည်ဝယ်ပြီး ဟပ်ချလောင်းဆို ချပြလိုက်မှ ဝင်းဝါက မျက်ရည်လေး လည်အောင် ပျော်သွားစေရမည်။

"မရှိပါဘူး။ ကျွန်တော်က ဘာလိုရမှာလဲ"

"အံ့ဩစရာတွေချည်းပဲ။ ကျွန်တော့်ဆီက ငွေရနိုင်တယ်ဆိုတာ သိလျက်နဲ့ ဘကြီးက အလျှော်မတောင်းဘဲ ကျေအေးလွှာမှာ လက်မှတ် ထိုးပေးတယ်။ ခင်ဗျားအတွက် ဆေးဖိုးဝါးခတောင် မတောင်းဘူး။ ခင်ဗျား နေမကောင်းတာ ကုပေးရမှာ သူ့တာဝန်လို့ ပြောတယ်။ ကိုယ် ယုံတော့ မယုံနိုင်ဘူး။ ခင်ဗျားရဲ့ဆေးကုသစရိတ်ကို ကိုယ်က တောင်းတောင်း ပန်ပန်နဲ့ ပေးခဲ့ရတာပါ။ အခု ခင်ဗျားကို ကိုယ် နားမလည်နိုင်အောင် ပဲ။ ငွေဆိုတာ သည်းခြေကြိုက်လို့ ကိုယ် သိထားခဲ့တာပါ။ ကိုယ့် အသိက ကိုယ့်ဘဝသက်တမ်းတစ်လျှောက်မှာ မှားယွင်းခဲ့တာမျိုး မ ဘူး၊ ခင်ဗျားတို့နဲ့ မတွေ့ခင်အချိန်ထိပေါ့"

"ခင်ဗျားယူဆထားပုံက တော်တော် မှားယွင်းနေပြီ။ ကျွန်တော် တို့ကို နားလည်ချင်ရုံဆို ခင်ဗျား အချိန်တွေကုန်ပါတယ်။ ရလိုက် များရင် ပူလောင်တယ်တဲ့၊ ဘုရားရဲ့တရားတော်အတိုင်း နေထိုင်နေ အပြင် ဘာမှမလိုဘူး။ ကျွန်တော် နားမလည်တာက ခင်ဗျားကို ခင်ဗျားရဲ့လုပ်ရပ်တွေကို ကျွန်တော် ဘာမှနားမလည်ဘူး။ ခင်ဗျား ရိုးရောရိုးရဲ့လား"

"ဘာကိုပြောတာလဲ ဝသုန်။ ကိုယ် နားမလည်ဘူး"



"ရပ်ကွက်ထဲမှာ ခင်ဗျားနဲ့ ဝင်းဝါကို သမုတ်နေကြပြီဗျ"

သူက ပြောမယ်ဟု မရည်ရွယ်ထားခဲ့သော်လည်း မထင်မှတ်ဘဲ ပြောမိသွားသည်။

သူ့ကို ပြူးကြောင်ကြောင် ကြည့်နေသော မှတ်သုံကို ဘာဆက်ပြောရမှန်း မသိတော့ပေ။

"ဖက်ပေါ် ဆူးကျလည်း ဖက်ပဲပေါက်တာ၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်ရတာပဲ။ ခင်ဗျားက အချိန်တန် အိမ်ပြန်မှာ၊ ဝင်းဝါအတွက် လည်း ထည့်တွက်ဦးမှပေါ့ဗျ။ ဝင်းဝါက မိန်းကလေး။ ဂုဏ်တင့်အောင် ပြောလည်း အရပ်ကပဲ၊ အပုပ်ချပြောလည်း အရပ်ကပဲ။ မိန်းကလေးရဲ့ သိက္ခာက ပတ်ဝန်းကျင်ရဲ့ ပါးစပ်ဖျားမှာ မူတည်နေတယ်။ ခင်ဗျားဆန္ဒ ရှိရာကိုပဲ စွတ်စက်ပြီး လုပ်ချင်မနေနဲ့"

"ခင်ဗျားတ ကိုယ့်ကို ဝင်းဝါနဲ့ စိတ်မချဖြစ်နေတာလား"

"ပတ်ဝန်းကျင်ကို စိတ်မချတာဗျ။ ဝင်းဝါက အဲဒီလောက် ညွှန့်မမဲ့ဘူး"

"ခင်ဗျားလိုလူမျိုး ဝင်းဝါဘေးနားမှာရှိနေတာ ဝင်းဝါ ကံကောင်းတာပဲ"

"ခင်ဗျားက ချမ်းသာတယ်ဆိုတဲ့အကြောင်းတော့ ဟိုးလေး အကြော်ကြော်ပါ။ မြေနိမ့်ရာလှံစိုက်တဲ့ ခင်ဗျားကို တစ်လောကလုံးက အကောင်းမြင်ကြမှာပါ။ ဝင်းဝါကိုသာ ..."

"ကိုယ် နားလည်ပါတယ် ဝသုန်"

"ဒါဆို ခင်ဗျား ဘာလုပ်သင့်သလဲ ခင်ဗျားသိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အကြွေးတင်ရင်မနေတတ်တဲ့လူမျိုးပါ ဝသုန်၊ ခင်ဗျားရဲ့ဇာတ်ရာ သက်သာပါ့မလား၊ ခင်ဗျား အဆင်ပြေပါ့မလားလို့ ကိုယ် တွေးပူခဲ့တယ်၊ ဒါကြောင့် ကိုယ် ခင်ဗျားကို ထပ်ပြီးလာကြည့် တာပါ၊ ကိုယ် မပြန်ခင်က ခင်ဗျားရဲ့ဘဝအပိုင်းအစအချို့ကို သိခွင့် ခဲ့ပါတယ်၊ ဒါက ကိုယ် ရိုးသားစွာ ဝန်ခံတာပါ၊ ခင်ဗျားကို ထပ်တွေ့ ချင်လို့ လာခဲ့ရုံပါ၊ ဒါပေမဲ့ ကိုယ်ရောက်လာတာ အဲဒီလောက်ထိ ရှု ထွေးသွားလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ကိုယ့်ကြောင့် ခင်ဗျားတို့မိသား စိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆို ကိုယ် တောင်းပန်းပါတယ်၊ ဝင်း က ရိုးသားတဲ့ မိန်းကလေးပါ၊ လိုချင်ရင် လိုချင်တယ်ပြောတယ် ဘယ်တော့မှ ဟန်မဆောင်ဘူး၊ ခင်ဗျားကလည်း သမာသမတ်ကျ လူတစ်ယောက်ပါ၊ ခင်ဗျားတို့နှစ်ယောက်လုံးကို ကိုယ်ခင်တယ်၊ ကို ခင်ရတဲ့ ခင်ဗျားတို့က ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားတယ် ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်၊ ကိုယ် ခုလိုမပြန်သေးတာ ခြားကြောင့် မဟုတ်ပါဘူး၊ ခင်ဗျား ညည ဝါးလုံးခေါင်းထဲ ပိုက် ထည့်နေတာတွေ့တယ်"

သူ အံ့သြသွားသည်၊ မှတ်သုံ အိပ်ပြီအထင်နှင့် လုပ်နေ ဖြစ်၏။

"ခင်ဗျားမှာ လိုချင်တာတစ်ခုရှိလိမ့်မယ်၊ ဒါကို ကိုယ် သိ တယ်"

"ခင်ဗျားက ချမ်းသာတယ်ဆိုတာ အမြင်နဲ့တင် လက် ရပါတယ်၊ ကျွန်တော့်ကို ဒီထက်သေးနုတ်အောင် မလုပ်ပါနဲ့"



သူက ခပ်ပြတ်ပြတ်ဆိုသောအခါ မှတ်သုံသည် ငြိမ်ကျသွား သည်၊ ပြီးနောက် သူ့ကို ရိုဝေစွာ စိုက်ကြည့်နေသည်။

"ခင်ဗျားကို ကိုယ် နားလည်နေသလိုပဲ ဝသုန်"

မြို့သားက သူ့ကို ဘယ်လိုနားလည်သွားသလဲဆိုတာ သူ မသိ ပေ၊ သူကတော့ ထိုမြို့သားကို လုံးဝမနားမလည်တာ အမှန်ပါ၊ အခြောက်ကြီး၊ သူ့ကို ကြိုက်နေသလားဟု စွပ်စွဲရအောင်လည်း မဟုတ် ပေ၊ ဝင်းဝါကိုများ ကြံရွယ်နေရော့သလား ဟု စဉ်းစားမိသော်လည်း အဖြေက မထွက်ချေ၊ ဘာကြောင့်များ သူ့ကို အဲဒီလိုကြည့်နေသလဲ ဆိုတာလည်း နားမလည်ပေ၊

"ရော့ ... ဒီမှာ ခင်ဗျားတွက် စောင်"

လှမ်းပေးပြန်သည်၊ မယူသော်လည်း အထဲမှအရာကို လှမ်း နေရသည်၊ သိုးမွေးစောင်။

"တဲအောက်မှာ မီးဖိုပြီး အိပ်တာက နွေးပေမယ့် ကြာလာရင် ငွေ့တွေက အန္တရာယ်များတယ်၊ ရာသီဥတုက သိပ်အေးနေပြီ၊ င်နဲ့နွေးနွေးထွေးထွေး ခြုံအိပ်သင့်ပြီ"

မှတ်သုံစကားသည် သူ့အတွက် ဘာခံစားချက်ကြီးမှန်း မသိ ဂရုစိုက်ခံရခြင်းကို ကျေနပ်သော်လည်း စိတ်ထဲ ယားကျိကျိဖြစ် သည်။

"ကိုယ် ပြန်တော့မယ်"

သူ အံ့သြသွားပြန်သည်၊ ထိုမြို့သား လူမှဟုတ်ရဲ့လား။ အပြောင်းအလဲကလည်း မြန်လှချည်လား။

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဘယ်လိုဖြစ်နေတယ်ဆိုတာ နားမလည်သေးခင်မှာပ မုတ်သုံက သူ့ကို ကျောခိုင်းသွားခဲ့ပါပြီ။ သူ့မှာသာ စောင်အိတ် တစ်ဖက်၊ ရေမွှေးနှင့် အကျီကတစ်ဖက်။ ဘာလုပ်၍ သုပ်ရကောင်းမှန်း မသိချေ။



"နင် သူ့ကို ဘာပြောလိုက်လဲ ဝသုန်၊ သူပြန်သွားပြီ"

ဝင်းဝါ၏ လေယူလေသိမ်းကို သူ မကြိုက်ချေ။ မြို့သား ခံသွားခြင်းသည် သူ့ကြောင့်ဟု စွပ်စွဲနေသလိုလို။

"ကောင်းတာပေါ့။ ခြေရာရှုပ်သက်သာတယ်"

ကောက်လှိုင်းများကို သလင်းသို့ ထမ်းပုံနေဆဲတွင် ဝင်းဝါ သူ့အနီးကပ်ပြီး ပြောလာခြင်းဖြစ်၏။

"နင်ဟာလေ တော်တော်အကြင်နာတရားမရှိတဲ့လူပဲ"

ကောက်လှိုင်းစည်းကို မဟာန်နေသော သူ့လက်များ လေထဲ တန့်သွားသည်။

"နင့်အပေါ် သူက ဘယ်လောက်ထိ စေတနာထားတယ် သလဲ။ ဆိုင်ကယ်က ငါ့အတွက်လို့များ နင် ထင်နေသလား။ နင် ဝယ်ပေးသွားတာ။ ပြီးတော့ နင့်အတွက် မြေတစ်ကွက်ဝယ်ပြီး အမေ့ အပ်ခဲ့တယ်။ နင့်ကို စောင့်ရှောက်ထားပေးတဲ့ ဘုန်းကြီးကျောင်း ည်၊ နင့်နာမည်နဲ့ လှူဒါန်းပေးသွားခဲ့တယ်။ ပြီးတော့ နင့်ကို သူ သွားတဲ့ အကျီ ဘယ်လောက်တန်တယ်ထင်သလဲ"

သူ နားမလည်ပေ။ နားလည်လို့ကို မရပါ၊ ဘာတွေလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်တိုက်တယ်ဆိုတာ မတော်တဆသာ ဖြစ်သည်။ မှတ်သုံးချ
မှားခဲ့တာ မဟုတ်ပေ။ သူ့အမှားလည်း ပါသည်။ သူသာ လမ်းပေ
ကိုးလို့ကန့်လန့် ရပ်မနေခဲ့ဘူးဆိုပါက တိုက်စရာ အကြောင်းကို
ပေ။ ဘာကြောင့် သူ့ကိုမှ တရားလွန်ကောင်းနေခဲ့တာလဲ။ အိ
ဆိုင်ကယ် ဝယ်ပေးခဲ့တယ်ဆိုပါလား။ ဘာသဘောလဲ။

"ဒါက ဘယ်လဲ"

"ကြီးကြီးနဲ့ တွေ့ရမှ ဖြစ်မယ်"

မ,လက်စ ကောက်လှိုင်းတုံးကို ပစ်ချကာ မပြေးရုံတစ်
ထွက်လာသည်။

"ဟဲ့ ... ဘယ်လဲ။ သွားမမေးနဲ့။ အမေက ငါ့ကိုသတ်
မယ်။ မပြောနဲ့ မှာထားတာ။ ဟဲ့ ... ဝသုန်"

သူ ဂရုမစိုက်နိုင်တော့ချေ။ ပဟောင်ဗိုကိုသာ ရှင်းလင်းသွာ
သည်။

အိမ်သို့ရောက်သောအခါ ကြီးကြီးကို ဆန်ပြာနေရင်းတန်း
တွေ့လိုက်ရသည်။ သူ ကြီးကြီးရှေ့ ဝင်ထိုင်သည်။

"မှတ်သုံးပေးတာကို ကြီးကြီး ဘာလို့လက်ခံထားရတာလဲ"

"ဟိုကောင်မလေး ရှည်လိုက်ပြန်ပြီထင်တယ်"

"ပြောပါ ကြီးကြီး"

"ဟိုက မပြောပါနဲ့လို့မှာထားတဲ့ဥစ္စာကို။ ဒီကောင်မလေး
မပြောလိုက်ချင်ဘူး"

"မင်းကြီးကြီးလက်ခံထားတာ မဟုတ်ဘူး ဝသုန်။ ဘကြီ





က်ခံခဲ့တာ"

ငှက်နီဆေးပေါလိပ်ကြီး ခဲနေသော ဘကြီးက လှေကားပေါ်
ဆင်းလာသည်။

"ဟုတ်တယ် ... မင်းဘကြီးက ယူလိုက်ပါပြောလို့ ငါက ယူ
းတာ။ မင်းကို ပေးစရာဘာမှမရှိလို့တဲ့။ မင်းလည်း တစ်နေ့ ကိုယ့်
ကိုယ့်အိမ်ဖြစ်မှာပဲဆိုပြီး စေတနာနဲ့"

"ကျွန်တော် ယောက်ျားပါဗျာ။ တစ်ဝမ်းတစ်ခါးတော့ မငတ်
အောင် ရှာစားနိုင်ပါတယ်။ ဘာလဲ ... ဘကြီးက ကျွန်တော့်ကို မနေ
ချင်တော့ဘူးလား"

"ဘကြီးရဲ့စေတနာကို အထင်မလွဲပါနဲ့ ဝသုန်ရယ်။ ပြီးတော့
လျှော်ကြေးအနေနဲ့ရထားတာ။ သူတို့ မြို့ပေါ် ယာဉ်တိုက်မှုဖြစ်
ဒီထက်ပေးရတယ်တဲ့။ သူ လိပ်ပြာသန့်ချင်ရုံ ပေးထားတာပါ"

သူ မယုံပေ။ ဘာကြောင့်မှန်းမသိ၊ ထိုမြို့သားက မရိုးသား
ထင်မြင်မိသည်။

"ပေးတုန်းကတော့ ယူပေါ့ကွာ။ မလိုချင်လည်း နောက်တစ်ကြိမ်
တွေ့တော့ ပြန်ပေးရုံပေါ့။ ဒါပေမဲ့ ဘကြီးတော့ မင်းကို လက်ခံ
စေချင်တယ်။ အိမ်က ကောင်းတယ်ကွ။ တစ်ထပ်တိုက်ပုလေး။
တော့ စားရက်ကြံလို့ မှတ်ဆိတ်ပျားစွဲပဲ။ မင်းလုပ်ကိုင်စားရအောင်
ဆယ်သိန်းတောင် အပိုပါသေး"

ဘကြီးက ကြည်နူးစွာ ပြောနေသော်ငြား သူ့ရင်ထဲ ဒေါသ
ငြိမ်သက်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အသုံးမကျဘူးဟု မပြောသွားရုံတစ်မယ်သာ ကျန်တေ
သည်။ မြို့သားက ယောကျ်ားဖြစ်နေသလို၊ သူကလည်း ယောကျ
ဖြစ်သည်။ သူ့ကို ထိုမျှပံ့ပိုးစရာမလိုပေ။

ထိုအရာတွေပေးပြီး သူ့ကို ဝင်းဝါအနီးမှ ပထုတ်ချင်တဲ့သဘော
လား။ ဝင်းဝါကိုများ ကြိုက်နေသလား။ ဝင်းဝါကြောင့်ဆိုလျှင်တေ
သူ့ကို ပထုတ်နေစရာမလိုပေ။

မြို့သားနှင့် ယှဉ်လျှင် သူက အရပ်လည်း နိမ့်သည်။ ဗ
လည်း နည်းသည်။ ရုပ်လည်း ဆိုးသည်။ ပိုင်ဆိုင်မှု နတ္ထိ။ ဝင်းဝ
ပညာတတ်မပြောနှင့် မူလတန်းကျောင်းသူလေးပင် စဉ်းစား၍ရသည

"ဘာလဲ ... မြို့သားရဲ့အချိုးက ဘာလဲ"

သူ ဝေခွဲမရပေ။ ဝေခွဲမရစွာပင် လယ်ထဲပြန်လာဖြစ်သ
ခေါင်းရင်းတွင် အမြတ်တနိုးထားခဲ့သော ဝါးကျည်တောက်လေ
ရင်ခွင်ထဲ ပိုက်ထားမိ၏။

မြို့သားက ရေလိုသုံးနေသော ငွေက ဘယ်ကရမှန်းမသိ
လည်း ဝါးကျည်တောက်ထဲမှ သူ၏ငွေသည် သူ၏ချွေးစက်မျ
ဖြစ်သည်။

ဝါးကျည်တောက်ကို ကြည့်ရင်း မျက်ရည်ဝဲလာသည်။
နာကျင်လာ၏။

"ငါ ဘာဖြစ်နေတာလဲ"

ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ပေ။

သူ ဘာကြောင့် မျက်ရည်ကျနေရတာလဲ။ ဘာကြော



နေမိတာလဲ။ သူ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။ ထိုမျက်ရည်
တွေကို သုတ်ပြီး ကြည့်လိုက်သောအခါ သူ့အာရုံထဲ လင်းခနဲ လက်
သွားသည်။ သူ ဘာကိုမြင်လိုက်ရတာလဲ။

သေချာပါတယ်။ သူ့အာရုံထဲ တစ်စုံတစ်ယောက်ကို မြင်လိုက်
သည်။ ဘယ်သူလဲ။ သူမြင်လိုက်ရတဲ့လူက ဘယ်သူလဲ။

သူ အာရုံစိုက်ကာ စဉ်းစားသည်။ ခေါင်းတွေ အုံခဲလာ၏။
မွှေးနံ့၊ နှင်းဆီရနံ့ ...။

ဘာကြောင့် ထိုရေမွှေးကို သူ ရင်းနှီးနေရပါသလဲ။ ဆက်၍
စားသည်။ အာရုံတွေ ဝေဝါးပြီး မျက်လုံးတွေ ပြာလာတာကလွဲ၍
ပေါ်မလာတော့ပေ။

ဒါတွေတွေးနေဖို့ သူ့ထံ အချိန်မရှိပေ။ နွားသွားမောင်းရမည်
သည်။ နွားတွေကို အချိန်မီ မဆွဲနိုင်ပါက ကောက်လှိုင်းတွေ နွား
ကုန်လျှင် ခက်ပေမည်။

"ဝသုန် ... ဝသုန်"

လေသံနှင့်နှောနေသော အသံတစ်ခုကို ကြားလိုက်ရသည်။

"ဝသုန် ... ဝသုန်"

ကိုဖိုးအေး၏အသံဖြစ်၏။ ရေကြီးသုတ်ပျာနှင့် ပြေးလာပုံရ
သည်။

"ဝသုန်"

ထပ်ကြားရသောအခါ ဝါးကျည်တောက်ကို တိုင်ခေါင်းထဲ ပြန်
ညှပ်လိုက်ပြီး ဓားမကို ခါးကြားထိုးကာ တဲပေါ်မှ လွှားခနဲခု သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လာတာလဲ ကိုဖိုးအေး"

သူ့ထံပြေးလာသော ကိုဖိုးအေး၏ခေါင်းတွင် သွေးများရဲနေသည် သူ စိုးရိမ်သွား၏။ တစ်ခုခုဖြစ်ပြီ။

"ငါ့နွားကြာကြီးကို နိုင်ဦးတို့ကောင်တွေ ဆွဲယူသွားကြပြီ"

နိုင်ဦးဆိုသူမှာ နွားသတ်ရုံမှ ကောင်ဖြစ်သည်။

နိုင်ဦးသည် အပိုရိဆုံးနွားသူခိုးဖြစ်၏။ သူခိုးမှန်းသိသော်လည်း သက်သေမပြနိုင်၍ လွှတ်ပေးခဲ့ရသည်မှာ ကြာပြီဖြစ်သည်။ နွားပိုင်ရှင်များက နိုင်ဦးကို မျက်စိဒေါက်ထောက်ကြည့်နေကြ၏။ ထို့ကြောင့် နိုင်ဦး ငြိမ်နေသည်မှာ ကြာပြီဖြစ်သည်။

"တောက် ... ခွေးမသား"

"မင်းတစ်ယောက်တည်း မသွားနဲ့။ သူတို့က သုံးယောက် ကိုလှဆောင်တို့၊ ဖိုးတုတ်တို့ကို ခေါ်သွား"

"သူတို့ ဘယ်ထွက်သွားကြသလဲ"

"အနောက်တောင်ဘက် ထွက်သွားတယ်။ နွားသတ်ဖို့ ... တော့ လိုမှာပဲ။ ရေအေးချောင်းအတိုင်း ဆန်တက်သွားတာ ထင်တယ်"

နမြောဖို့ကောင်းသည်။ နွားမ ဆွဲသွားတယ်ဆို သူ ဒီလော... ဒေါသမထွက်ပေ။ ခုတော့ ခုနစ်မိုးမျှသာရှိသေးသော နိုင်နွားကြီး... ပြီးတော့ လယ်သိမ်းချိန်။

"ရတယ်။ ငါ တစ်ယောက်တည်းလိုက်မယ်။ တွေ့လို့ကတော့ အသေပဲ"

"... ... ဟော့ကောင် ... ဝသုန် ... ဝသုန် ... မဖြစ်..."



ကိုဖိုးအေး၏ခေါင်းမှဒဏ်ရာကို စိတ်မပူနိုင်အားပေ။ ကြာကြီး၏ အသက်ကို မီလိုမီငြား သုတ်ချေတင်အောင် ပြေးတော့သည်။

ရေအေးချောင်းသို့သွားရိုးမှန်ပါက တောင်တက်လမ်းအတိုင်း သူက ပြေးလိုက်မည်။ နေမဝင်ခင် မီဖို့အရေးကြီးသည်။

ကျေးဇူးရှင်နွားတွေရဲ့အသက်ကိုမှ ရန်ရှာချင်တဲ့ မျိုးမစစ် နိုင်ဦးကို အမှုန့်ချေပစ်လိုက်ချင်သည်။

သူ့ရင်ထဲ ဒေါသမီးတို့ ပွက်ပွက်ဆူ၍နေလေသည်။ နွားကို နိုင်းလျှင်ပင် ကြိမ်လုံးနှင့် ခပ်နာနာမရိုက်တတ်သော သူက နွားသတ်သမားများကို မုန်းတီးသည်။

ခုနေချိန်သာ နိုင်ဦးကို အရှင်လတ်လတ်တွေ့ပါက ခါးကြားမှ ဓားမနှင့် အပိုင်းပိုင်းခုတ်ပစ်မိမှာ အမှန်ပင်။

သုံးယောက်မက အယောက်သုံးဆယ်ဆိုလျှင်ပင် သူ ဂရုစိုက်တော့မည် မဟုတ်ပေ။

တစ်ချိန်လုံး ပြေးနေမိသော်လည်း မောရကောင်းမှန်းမသိပေ။

မိုးခေါင်တောင်ကို ကျော်သောအခါ ရေအေးချောင်းစပ်သို့ ရောက်လာသည်။

ကျောက်စရစ်ခဲများတွင် နစ်ဝင်နေသော နွားခြေရာကိုတွေ့ရ၏။ ...ကြာသေးပုံမပေါ်။

ဖိနပ်မပါသော်လည်း ကျောက်စရစ်ခဲများကို တဗွမ်းဗွမ်းနင်းနေ...သည်။ ဒူးလောက်ရှိသော ရေမှာ အေးစိမ့်ထုံခဲ၍နေသည်။

နေဝင်စမို့ တောကြားအောင်းနေသော ဖြုတ်ရိုင်းကြီးများသည်

www.burmeseclassic.com

www.burmeseclassic.com



သွေးဆာနေသောကြောင့် သူနောက်သို့ ဒရောသောပါး လိုက်နေ၏။

"နိုင်ဦး ... ခွေးမသား ... နွားကို ချထားခဲ့စမ်း"

သူ့အသံသည် ခြသေ့်ဟိန်းသံအလား တစ်တောလုံး ဆူညံသွားသည်။ နိုင်ဦးတို့အုပ်စုနှင့် နွားတစ်ကောင်ကို သေးသေးလေးသာ မြင်နေရသော်လည်း ခြေလှမ်းတန့်အောင် အော်ခေါ်လိုက်သည်။

ရေထဲ တဗွမ်းဗွမ်းပြေးနေသော သူ့ခြေလှမ်းများသည် မာန်ဟုန်ကြောင့် တဒိန်းဒိန်းတုန်နေသည်။

"မင်းတို့ကောင်တွေ သေဖို့သာပြင်"

သူကလည်း ဓားကို ညာစောင်းချိန်ကာ ပြေးနေသလို နိုင်ဦးနှင့်အပေါင်းအပါများသည်လည်း သူလာပါက ခုတ်ရန်အဆင်သင့်။

နွားကို အရကယ်ချင်လျှင် နိုင်ဦးဆိုတဲ့ကောင်ကို အသေသတ်ပစ်ရမည်။

"တစ်ယောက်တည်း မိုက်ကြေးထခွဲချင်တဲ့ကောင် သေစမ်း"

နိုင်ဦး၏ကျောတွင် လွယ်ထားသော ငုက်ကြီးတောင်ဓားသည် ဝင်းခနဲ လက်သွားသည်။ မြည့်နေသောဓားသွားသည် သွေးဆာနေသည့်အလား ခုတ်လိုက်တဲ့အချက်တိုင်းသည် ကြောက်ခမန်းလိလိ ဖြစ်သွားသည်။ ဒေါသကြီးနေ၍သာ မိုက်နေရသည်။ သုံးယောက်နှင့် တစ်ယောက်သည် လွယ်လှသည်ဟူ၍ မဟုတ်ချေ။

"အား"

သူ့လက်မောင်းသားသည် ပုခနဲ ဖြစ်သွားသည်။ လက်မောင်းကို ထိသွားပြီဆိုတာ သိပေမယ့် အားမလျှော့နိုင်ချေ။ ဓားမကိုဆွဲ





တွေ့ကရာ ယမ်းချသည်။

"အား"

တစ်ယောက်တော့ ထိသွားပြီဆိုတာ သိသည်။ သူ အားတက်သွား၏။ ဓားကို ဆက်၍ယမ်းပြန်သည်။

"အား"

ထပ်ပြီးအသံကြားရ၏။ သူ့ခေါင်းတွေလည်း မူးဝေလာသည်။ စိမ်းသော သစ်ပင်များသည် အပြာရောင်ဖြစ်လာ၏။ တိုက်နေသော လေထုသည် အေးစက်လာသလို ခံစားရသည်။

"ဟာ ... ဟိုမှာ ... ဟိုမှာ"

တသောသောပြေးလာသော လူအုပ်သံကြီး ကြားရသောအခါ စိတ်ကို တုံးတုံးချပစ်လိုက်တော့သည်။

"ဝသုန် ... ဝသုန်"

သူ့နာမည်ခေါ်နေမှန်းသိသော်လည်း ဘယ်သူ့အသံဖြစ်မည်ကိုမူ သူ မခန့်မှန်းနိုင်တော့ပေ။ အေးသောရေ၏အထိအတွေ့ကို ခံစားနေရသည်။ သူ့ကို မချီရန် ကြိုးစားနေရသည်။

"ဝါးလုံးခုတ်ဟေ့။ ထမ်းစင်လုပ်။ ဝသုန့်ကိုသယ်သွားရမယ်။ သွေးထွက်လွန်ကုန်လိမ့်မယ်။ လုပ်ကြပါကွ"

အသံသည် ဝိုးတဝါးဖြစ်နေရာမှ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

"သားလေး ... သား ... ဝသန် ... သားရေ"

ခေါ်သံလွင်လွင်သည် သူနှင့် သိပ်ကိုရင်းနှီးနေ၏။ သူ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ လှပသော အပြုံးပိုင်ရှင်။

"မေမေ"

"သားလေး ... ဝသန်"

သူ့နာမည်သည် ဝသုန်ဖြစ်သည်။ ထိုအမျိုးသမီးက ဘာလို့ သူ့ကို ဝသန်ဟု ခေါ်နေတာလဲ။

"သားရေ ... လာပါဦး"

ထိုအမျိုးသမီးသည် မေမေ။ သူ၏မေမေဖြစ်သည်။ ထို့ကြောင့် ဘာကိုမှ ချင့်ချိန်မနေနိုင်ပါဘဲ ထိုအမျိုးသမီးနောက်သို့ လိုက်သွားသည်။ ထိုအမျိုးသမီးကြီးသည် သူ့ကို ခမ်းနားကြီးကျယ်သော အိမ်ကြီးထဲ ခေါ်သွားသည်။

အိမ်ကြီးမှာ မိုးပြာရောင်တိုက်အိမ်ကြီးဖြစ်သည်။ အိမ်ရှေ့ ခြံဝင်းထဲတွင် မြက်ခင်းပြင်ကြီး ရှိသည်။ ထိုမြက်ခင်းပြင်ထဲ ကလေးငယ်တစ်ဦးနှင့် အမျိုးသားတစ်ဦး ထိုင်နေ၏။

ထိုကလေးငယ်ကို ကြည့်လိုက်သည်။ သူ ဖြစ်နေသည်။ သူက ဘာလို့ အဲဒီလောက်ပြန်ငယ်သွားရတာလဲ။

"သားရေ"

"မေမေ"

ကလေးငယ်သည် မိခင်ရင်ခွင်ကြား တိုးဝှေ့နေလေသည်။ အမျိုးသားကြီးကတော့ ဖုန်းပြောနေ၏။ ပြီးနောက် အမျိုးသားသည် ကားဖြင့် အပြင်ထွက်သွားသည်။

"မုတ်သုံရေ ... ဒီမှာ ညီလေးကို လာကူဆော့ပါဦးကွယ်"

——ရွှေဒေါင်း——



မုတ်သုံ ... ဒီနာမည်ကို သူ ရင်းနှီးလှသည်။ သူ ကြည့်နေဆဲမှာပင် အိမ်ထဲမှ ကလေးငယ်တစ်ဦး ထွက်လာပြန်၏။

"ညီလေးနဲ့ဆော့နေနော်။ ညီလေးကို အပြင်မထွက်စေနဲ့ ကြားလား"

အမျိုးသမီး အိမ်ထဲဝင်သွားသောအခါ ကလေးငယ်နှစ်ဦး ဘောလုံးကန်ကြသည်။ ဘောလုံးက လမ်းမဘက် လိမ့်ဆင်းသွားသောအခါ ကလေးငယ်က ပြေးကောက်သည်။ ထိုစဉ် အကျီနီညိုရောင်နှင့် လူသည် ဘွားခနဲ ပေါ်လာပြီး ကလေးငယ်ကို စွေ့ခနဲပွေ့ချီကာ ကားပေါ် တင်သွားသည်။

"ဝိုး ... ဒုန်း"

အသံကြားရ၍ သူ လှည့်ကြည့်လိုက်သောအခါ နီညိုရောင် လူသားသည် လမ်းမပေါ် လဲကျနေသည်။ ဦးခေါင်း၌ သွေးတွေ။

သူ ကြောက်လန့်တုန်ယင်လာသည်။ ထို့ကြောင့် ခြေဦးတည့်ရာ ထွက်ပြေးနေမိသည်။ မောလာသည်။ နားစရာနေရာမရှိချေ။

"မေမေ ... ဖေဖေ"

အားကိုးတကြီး တမ်းတမိသော်လည်း ကူကယ်မည့်သူကို ရှာမတွေ့ပေ။

"မေမေ"

အသံထွက်နိုင်ရန် ကြိုးစားသည်။ သို့သော် အော်၍မရချေ။ ... ညှပ်ချောင်းဝသည် အက်ကွဲခြောက်သွေ့နေသည်။ လူအုပ်ကြီးကို တွေ့နေရသော်လည်း အော်ခေါ်၍မရချေ။

——ရွှေဒေါင်း——

www.burmeseclassic.com

www.burmeseclassic.com



သူ့နားထဲ ဆူညံသံအချို့ကို ကြားနေရသည်။ သူသည် လေနှင့်အတူ မျောလွင့်၍နေလေသည်။

"မေမေ"

အကျယ်ကြီး ကျူးအော်မိသော်ငြား သူ့အသံသည် ထွက်ပေါ်မလာချေ။

"ဆရာမ ... ဆရာမ ... ဒီမှာ ဝသုန် သတိရလာပြီ"

မိန်းမငယ်တစ်ဦး၏အသံ။ ထိုအသံသည် မေမေ့အသံ မဟုတ်ပေ။ သို့သော် ထိုအသံရှင်ကို ရင်းနှီးနေမိသည်။

"ဝသုန် ... ဝသုန်"

သူ့ကို ဘာလို့ဝသုန်လို့ခေါ်နေရတာလဲ။ သူ့နာမည်က ဝသုန် မဟုတ်ပေ။ ဝသန်ဖြစ်၏။ ဘာကြောင့် ဝသုန်လို့ခေါ်နေတာလဲ။

"ဝသုန် ... ဝသုန် ... နင် သတိရလာပြီလား ... ဝသုန်"

ခြေသံများစွာ ကြားရသည်။ စိတ်တပ်ကြီးချီပြီးလာနေသည် ဖ ထင်သည်။ မေမေ ငါ့ကို လာကယ်တာများလား။ ဒါမှမဟုတ် ဖေဖေ လား။

သူ ဝိုက်ဆာသည်။ မေမေ့ကို မြင်ချင်လှပါပြီ။ ဖေဖေရော

"ဖေဖေ"

"ဖေဖေ"

သူ့အသံကို သူ ပီပီသသကြားလိုက်ရသည်။

ရုတ်တရက် မြင်လိုက်ရသည်က မျက်မှန်နှင့်အမျိုးသမီးတစ်ဦး သူ ရင်မောမိသည်။ မေမေလည်း မဟုတ်ပေ။ သို့သော် နီညိုရော





ဝတ် လူကြီးမဟုတ်သောကြောင့် အသက်ရှူချောင်သွားသည်။

ဘယ်ဟုတ်မလဲ။ အဲဒီလူကြီးက ရှိမှမရှိတော့ဘဲ။ ကားတိုက်တဲ့နေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားတာ သူ မျက်မြင်တွေ့ခဲ့သည်။

"ကိုဝသုန် ... ရှင် ဆရာမကို မြင်ရသလား"

ဆရာမတဲ့။ ဒါဆို သူက ဆရာဝန်ပဲ။ ဒါပေမဲ့ သူ သိခဲ့သော ဆရာဝန်မဟုတ်ပေ။ သူတို့မိသားစု၏ဆရာဝန်သည် ဗိုက်ပူပူနှင့် ခပ်ဝဝ ယောက်ျားကြီးတစ်ယောက် ဖြစ်၏။ ပြီးတော့ ခေါ်ပုံကြီးကလည်း ကိုဝသုန်တဲ့။

"ဆရာမပြောတာ ကြားလား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် ဆေးရုံမှာလား ဆရာမ"

ဟင် ... သူ့အသံကြီး ဘယ်လိုဖြစ်နေတာလဲ။ သူ့လက်တစ်ဖက်ကို မြှောက်ကြည့်သည်။

"ဟင်"

သူ အံ့ဩသွား၏။ သူ့လက်သည် ကြီးနေသည်။

"ဆရာမကိုရော မြင်ရရဲ့လား"

"ဟုတ်ကဲ့"

"စိတ်မပူပါနဲ့။ စားဒဏ်ရာကြောင့် သွေးထွက်လွန်ပြီး မေ့သွားတာပါ။ ရှင်က ခေါင်းတော်တော်မာတဲ့လူပဲ။ မကြာခဏ ခေါင်းကို စမ်းသပ်လေ့ရှိတယ်။ ရှင့်ခေါင်းကို သုံးချက်ချုပ်ရတယ်။ ရှင့်နောက်မောင်းက ဒဏ်ရာက နည်းနည်းများသွားတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို အားမပြုပါနဲ့။ ဒီနေရာမှာ ရှင်မေ့နေတာ နှစ်ရက်နဲ့ တစ်ညကျော်ခဲ့ပြီ။ ဒါက လူနာရှင်တွေပါ။ သူတို့ကိုရော ရှင် မှတ်မိ ရဲ့လား"

ဆရာမညွှန်ပြရာသို့ သူ လှမ်းကြည့်လိုက်သောအခါ အသက် ခပ်ကြီးကြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ခပ်ငယ်ငယ် မိန်းကလေးတစ်ဦး။

"ငါတို့မှာ စိတ်ပူလိုက်ရတာ ဝသုန်ရယ်။ ဆရာတော်ဆို နင် နားနေပြီး တစ်ချိန်လုံး ပရိတ်တော် ရွတ်ဖတ်နေတာ"

အဲဒီမိန်းကလေး ဘာတွေပြောနေတာလဲ။ သူ နားမလည်ပေ ထိုမိန်းကလေးကိုသာ ကြောင်တောင်တောင် ကြည့်နေမိသည်။

"ထထိုင်ချင်လို့လား။ ရတယ် ... ငါ ကူပေးမယ်"

နည်းနည်းရှက်သလို ခံစားရသည်။ ဘယ်ပဲဖြစ်ဖြစ် မိန်းမ တစ်ဦးက သူ့အသားကို ထိကိုင်မှာ မဟုတ်ပါလား။

"ဝသုန် ... နင် ... ဘယ်လိုဖြစ်နေတာလဲ"

"ရ ... ရပါတယ်။ ကျွန်တော့်ဘာသာ ထထိုင်ပါ့မယ်"

သူက ထိုသို့ဆိုလိုက်သောအခါ ထိုမိန်းကလေးက သူ့အား မမြင်ဖူးသူတစ်ယောက်လို စိုက်ကြည့်နေတော့သည်။

"နင် ပုံမှန်မဟုတ်ဘူး ဝသုန်။ အဖေ ဝင်းဂျီ ဆရာမ ပြန်သွားခေါ်မှဖြစ်တော့မယ်"

ခုလေးတင်မှ ထွက်သွားသော ဆရာမကို ခုပဲပြန်သွား မည်ဆိုသောကြောင့် အားနာမိသလိုတော့ ဖြစ်မိသား။



"ရပါတယ်။ ကျွန်တော် နေသာပါတယ်"

သူက မည်မျှပင်ဖြီးစေဦး ထိုမိန်းမပျိုလေးကတော့ လှစ်ခနဲ ပြေးထွက်သွားသည်။

"ဝသုန် ... သတိရလာပြီလား"

အခန်းထဲ ဝင်လာသော နောက်တစ်ယောက်။ ထိုလူ၏ ခေါင်း ပတ်တီးအဖွေးသားနှင့်ပင်။ သူက ထိုလူကို စိုက်ကြည့်နေမိသည်။

အသားသည်နေလောင်ထားသောကြောင့် နီစပ်စပ်ဖြစ်နေသည်။ င်းကြီးမှာ နီကြောင်ကြောင်။ အဝတ်အစားက နွမ်းနွမ်းပါးပါး။ ဗိုက် နှင့်လူ။ သို့သော် မျက်လုံးတွေကတော့ သူ့ကို သိပ်ရင်းနှီးနေပုံမျိုး သည်။

"ဟော့ကောင် ... ငါ့ကို ဘာကြောင့်ကြည့်နေတာလဲ။ ဖိုးအေး ကွ။ ငါက ကိုဖိုးအေးပါ"

သူ မသိချေ။ ထိုလူ သူ့ကို ဘာတွေပြောနေတာလဲ။ ကိုဖိုးအေး ပါလား။

"ကိုဖိုးအေး"

သူ ရေရွတ်ကာ စဉ်းစားသည်။ သူ့မှတ်ခမ်းများတွင် ထိုနာမည် ည် စိမ်းမနေချေ။ ပြီးတော့ ထိုမျက်လုံးတွေကို သူ ခံစား၍ရနေသည်။

ဘာတွေဖြစ်နေတာလဲ။

ကိုဖိုးအေးဆိုသူကို သူ ပေကြည့်နေဆဲတွင် ဆရာမနှင့်အတူ ပျိုလေး ရောက်လာသည်။

ဆရာမဆိုသူက သူ့မျက်ဝန်းအိမ်ကို ဓာတ်မီးနှင့် ထိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပါးစပ်ဟခိုင်းသည်။ သူ့နှလုံးခုန်သံများကို နားထောင်သည်။

"ကိုဝသုန် ... ဆရာမပြောတာ နားထောင်ပါ။ သူ ဘယ်သူလဲ သိလား"

ဆရာမညွှန်ပြလိုက်သူမှာ မိန်းမပျိုလေးဖြစ်သည်။ သူ မသိပေ။ ထို့ကြောင့် ခေါင်းသာ သွင်သွင်ခါရမ်းမိသည်။

"သူတို့ကိုရော သိလား"

အသက်ကြီးသောလူကြီးနှင့် မိန်းမကြီးကို ညွှန်ပြပြန်သည်။ သူ ခေါင်းခါရပြန်၏။ ထို့နောက် ...

"သူ့ကိုရော"

"ကိုဖိုးအေးဆို။ စောစောကပဲ သူ့နာမည်ကို မိတ်ဆက်ပါတယ်"

ထိုသို့ပြောသောအခါ ဝိုင်းကြည့်နေကြသော မျက်လုံးများထဲတွင် မျက်ရည်စများကို သူ တွေ့လိုက်ရ၏။

"ကဲ ... သမီး ဆရာမနဲ့ ခဏလိုက်ခဲ့ပါ"

ဆရာမနှင့် မိန်းမပျိုလေး ထွက်သွားပြန်သည်။

"ဝသုန်ရယ် ... ဘယ်လိုဖြစ်ရတာလဲ။ ရေအေးချောင်းက နတ်ကြီးတယ်လို့ ပြောသားပဲ။ တောနတ်ကိုက်ပြီ ထင်တယ်"

အမျိုးသမီးကြီး၏စကားကို သူ နားမလည်ချေ။ သို့သော် ထိုအသံသည် စိမ်းနေတယ်ဟုတော့ သူ့စိတ်ထဲ မထင်။ သူ ဘာဖြစ်နေတာလဲ။ ဘာကြောင့် ဒီလောက်အရွယ်ကြီးကြီးနေရတာလဲ။ ဘာဖြစ်လို့လဲ။

စဉ်းစားရင်း ခေါင်းမူးဝေလာသည်။ သူ အနားယူရလိမ့်မည်။



...ဘ်စိကို မှိတ်ပြီး စဉ်းစားနေမိသည်။

သူ့အာရုံထဲ အမျိုးသမီးခပ်ချောချောတစ်ဦး။ ထိုအမျိုးသမီးက ...ရဲ့မေမေ။ ချစ်လှစွာသော မေမေ။

www.burmeseclassic.com



"လေကောင်းလေသန့်ရပြီး နင် အမြဲနေတဲ့နေရာကို ပို့လိုက်ရင် သတိရလာလိမ့်မယ်လို့ ဆရာမကတော့ ပြောတယ်"

သူ့ကို လူမရှိသောလယ်ကွင်းထဲ ခေါ်လာသောကြောင့် ရုတ်တရက် ကြောက်လန့်သွားမိသည်။ ဘာသဘောလဲ၊ ဘာကြောင့် သူ့ကို ခေါ်လာသလဲ။

"ဒါ နင် အမြဲနေတဲ့နေရာလေ။ နင်က လယ်သမားကြီးပေါ့"

အံ့ဩစရာတွေချည်းဖြစ်နေသည်၊ ထိုမိန်းမပျိုလေးက ဘာတွေ ပြောနေမှန်း မသိပေ။

"ဝသုန် ဒီနေရာကိုရော နင် မှတ်မိသလား"

"ကျွန်တော့်နာမည် ဝသုန်မဟုတ်ပါဘူး။ ဝသန်ပါ"

"နင် အဲဒီလိုခေါင်းမာနေရင် ငါ တကယ် စိတ်ဆိုးတော့မှာ နော်။ နင် ဘာဖြစ်သွားတာလဲ ဝသုန်ရယ်၊ ငါ့ကို ဘာများမကျေနပ် လို့လဲ"

"ကျွန်တော့်ဖေဖေနဲ့ မေမေက ဘယ်ရောက်သွားတာလဲ မှတ်သုံရော"

"မှတ်သုံ ... ဟုတ်လား၊ နင် မှတ်သုံကိုတော့ မှတ်မိတယ်"





"မှတ်မိတာပေါ့ဗျ။ ကျွန်တော့်ဆွေမျိုးတွေပဲ"

"တစ်ခုခုတော့ လွဲနေပြီ"

"မလွဲပါဘူး။ မှတ်သုံနဲ့ကျွန်တော်က ညီအစ်ကိုတစ်ဝမ်းကွဲ တော်တယ်။ မှတ်သုံရဲ့အဖေနဲ့အမေ ဆုံးသွားလို့ ကျွန်တော့် ဖေဖေနဲ့ မေမေက မှတ်သုံကို မွေးစားထားတာ"

"ဘာတွေပြောနေတာလဲ ဝသုန်ရယ်၊ မှတ်သုံဆိုတာက မြွေသား လေ၊ နင့်ကို သိပ်ခင်တဲ့လူ"

"မသိဘူးဗျာ၊ မှတ်သုံကိုပဲ ခေါ်ပေးပါ"

"ဟဲ့ ... ခေါ်ချင်တိုင်းခေါ်လို့ရမလားဟဲ့။ ဟိုက ငါတို့နဲ့ အဆင့်ချင်းသိပ်ကွာတယ်။ တော်ပြီဟာ ... ဒီမှာပဲ နေ၊ နင် လယ် သိမ်းနိုင်ပါ့မလား။ ကိုဖိုးအေးတို့တော့ ဝိုင်းကူမယ်လို့ ပြောကြမယ်။ သူ့ကြောင့် နင် ခုလိုဖြစ်ရတာမဟုတ်လား။ တစ်ကွင်းလုံးလည်း နင့်ကို အပြစ်ဖို့တင်နေကြတယ်။ နင့်ကြောင့်မဟုတ်ရင် နွားသူခိုး နိုင်ဦးကို မိစရာအကြောင်းမှ မရှိတာကိုး။ နင့်က အဲလောက်သတ္တိရှိလိမ့်လို့ ငါက ထင်မထားဘူး တကယ်"

နီညိုရောင်လူက သူ့ကို ခေါ်လာပြီး နောက်ပိုင်း ဘာတွေ ဖြစ်ကုန်တယ် မသိပေ။ သေချာတာတော့ ထိုမိန်းမပျို၏အပြောအဆို များသည် သူနှင့် သိပ်ကို ရင်းနှီးလွန်းလှသည်။

ဘယ်လိုပတ်သက်ပါလိမ့်။ ဇာတ်ရာတွေကရော ဘယ်က ဘယ်လို သူ့ကိုယ်ပေါ်ရောက်လာပါလိမ့်။

သူ့အသက်က နှစ်ဆယ်ကျော်ပြီတဲ့။ ဒီဆယ့်ငါး သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နေတာလဲ။ ဘယ်လိုနေခဲ့တာလဲ။ တွေးလိုက်တိုင်း အဖြေမရ ကွက်လပ်ကြီးတစ်ခုလိုသာ ကျန်နေခဲ့သည်။

"ဒဏ်ရာတွေရပြီးမှ နင် ဘာဖြစ်သွားတာလဲ ဝသုန်"

"ဘာဖြစ်သွားလို့လဲ"

"ငါဆိုတဲ့နေရာမှာ ကျွန်တော်လို့ သုံးနှုန်းလာတယ်။ ပြီး ငါ့ကိုလည်း အရင်လို မခင်တော့သလိုပဲ။ ငါ့ကို ကြည့်တဲ့အ တွေက စိမ်းလာတယ်။ ငါလည်း မပျော်တော့ဘူး"

ထိုမိန်းကလေး သူနှင့်တစ်နည်းနည်းပတ်သက်နေခဲ့တာ ရင်ထဲတွင် မရှင်းချေ။ ထုတ်မေးလိုက်ချင်သော်လည်း ပါးစပ်က မထွက်ပြန်ပါ။

"ငါကြိုက်တတ်တဲ့ ငါးငပိတွေလည်း လုပ်ထားတတ်တယ် မသိအောင်လည်း ငါ့ကို ခိုးကြည့်ဖူးတယ်။ ပြီးတော့ ငါ့ရဲ့မျက်နှာ ကြည့်ပြီးနေနေတတ်တဲ့လူ။ အခု ဒါမျိုးတွေ နင့်ဆီမှာ ဘာမှ တော့ဘူး။ ငါတို့မိန်းကလေးရဲ့ စိတ်ကလည်း တစ်မျိုးပါဟယ်။ နေတဲ့အချိန်မှာ ပြေးချင်တယ်။ ရပ်နေပြီဆို လှည့်ကြည့်မိ ကျော်ခိုင်းသွားပြီဆို လိုက်ပြန်ရော။ ငါလည်း မိန်းမထဲက မိန် ယောက်ပါပဲ။ ငါ့စိတ်ကိုလည်း ငါ အံ့သြတယ်"

ဘာတွေပြောနေတာလဲဆိုတာ သူ နားမလည် ထိုမိန်းကလေး ပြောပုံအရဆို သူက သိပ်ပဟေဠိဆန်သော ဖြစ်သည်။

သူ့ဘာ အဲဒီလောက် ကွယ်ဝှက်ပြီး သိုသိပ်နေတတ်သူ





ထိုမိန်းကလေးပြောသလိုရော သူက စိတ်ဝင်စားဖို့ကောင်းနေရဲ့လား။

"နင့်နာမည်က ဝသုန်ပါ။ ဒါပေမဲ့ နင်က ဝသန်လို့ပြောပြန် တယ်။ အဲဒီလိုပြောတဲ့အချိန်တိုင်း ငါ့ရင်ထဲ မကောင်းဘူး။ နင့်ကို ငါ သိနေတဲ့ ဝသုန်ပဲဖြစ်စေချင်တယ်"

"ကျွန်တော် ဒီက အဲ ... မဝင်းဝါတို့အိမ်ရောက်လာတာ ကြာပြီလား"

"အဲဒီမဝင်းဝါဆိုတာကြီးကို ဘယ်အချိန်ထိ ခေါ်နေဦးမှာလဲ သုန်ရယ်။ ဒီမှာ ငါခေါင်းမှာ မြင်သလဲ။ ဖယ်ဆက်တမ်းကစားတုန်းက င် ခေါက်ခဲ့တာ။ ငါနဲ့နင်ရဲ့ ဆက်ဆံရေးက အဲဒီလို မဟုတ်ဘူးလေ။ င် ဘာတွေဖြစ်နေတာလဲ။ ငါက နင့်ကို မုတ်သုံနဲ့ပတ်သက်ပြီး ဆူခဲ့ ိလို့ ငါ့ကို ပြန်လက်စားချေနေတာလား။ ဝသုန်ရယ် ... နင်စဉ်းစား ်းပါ။ ကိုမုတ်သုံဆိုတာ ဧည့်သည်ပါ။ အဲဒါ ငါက ဧည့်သည်လို ဆက်ဆံခဲ့တာ မှားသလား"

ထိုမိန်းကလေးသည် မျက်ရည်လေးဝဲ၍ ပြောနေရှာသည်။ ရင်ထဲ နာသည်။ ထိုမိန်းကလေးကို မငိုစေချင်ပါ။ သို့သော် မငိုပါ ာလည်း မပြောတတ်ပြန်ပါ။

"ဟန်ဆောင်တယ်ဆိုလည်း တော်ပါတော့"

"ကျွန်တော် ဟန်ဆောင်နေတာ မဟုတ်ဘူး မဝင်းဝါ။ တကယ် သိလို့မေးတာပါ။ ကျွန်တော့်ခေါင်းထဲ အချိန်တွေအများကြီးက ကွက်လပ် နေတယ်။ ကျေးဇူးပြု၍ ကျွန်တော့်အခက်အခဲကို နားလည်ပေးပါ"

"ရတယ် ... ဝသုန်။ ငါက တစ်သက်လုံး နင့် ်စနိုင်



www.burmeseclassic.com

www.burmeseclassic.com



ယူ ဗိုလ်ကျခဲ့မိပါကယ်။ ထားပါ ... ငါ နင့်ကို စိတ်ရှည်ပါ့မယ်။ နင်လည်း နားလိုက်ဦး။ ငါ ပြန်မယ်။ လက်ကဒဏ်ရာရှိနေတာကြော နွားတွေ မဆွဲပါနဲ့။ ကိုဖိုးအေးက ကူညီလိမ့်မယ်”

ပြောပြောဆိုဆိုပင် ပြန်သွားသော မိန်းကလေးကို မမြင်ရတော ချိန်ထိ ငေးနေမိသည်။

“အတိတ်မေ့တယ်သာပြောတယ်။ ပုံစံကတော့ အရင်အတိုင်း ပါပဲလား ဝသုန်ရဲ့။ ဝင်းဝါက အဲဒီလောက်တောင်ပဲ ကြည့်လို့ကောင်း သလား”

အသံလာရာဘက် သူ လှည့်ကြည့်သောအခါ ကိုဖိုးအေး ကိုဖိုးအေးသည် ပုဆိုးကို ခပ်တိုတိုဝတ်ထားသည်။ ရာသီဥတုအေး သော်ငြား ကိုယ်ခန္ဓာအပေါ်ပိုင်းသည် ဗလာကျင်းထား၏။

ကိုဖိုးအေး၏ပုံကို ကြည့်ရသည်မှာ နည်းနည်းမျှ အချိုး ပေ။ အဆီတွေ စုနေသောဗိုက်မှာ ပြောင်ပြီး မည်းနေလေ၏။

“ဒဏ်ရာက သက်သာရဲ့လားကွ။ လက်မမြှောက်နိုင်ဘူး

“ဆရာဝန်မက အကိုက်အခဲပျောက်ဆေးထိုးထားပေးပါတ

“မင်းကလည်းကွာ ခေါင်းထိပြီးမှ နုနေလိုက်တာ။ မင်း က ဒီတစ်ကြိမ်တည်း ထိတာမဟုတ်ပါဘူးကွာ။ ငါ အားမနာနာအော

“ကျွန်တော်က ဘာလို့ဒဏ်ရာရခဲ့သလဲဆိုတာ ကိုဖိုးအေး ပြနိုင်မလား”

“နွားသူခိုးကွာ။ နိုင်ဦးကို လိုက်ဖမ်းရင်း ဖြစ်တာ။ တော့ [illegible]ပဲ ဝသုန်ရေ။ မယုံနိုင်အောင်ဘဲ။ ငှက်ကြီး





ဓားကို ဓားမနဲ့ ယှဉ်ခုတ်ရဲတယ်။ ပြီးတော့ သုံးယောက်နဲ့တစ်ယောက်။ တော်သေးတယ်။ အဲဒီပွဲမှာ မသေခဲ့လို့ ခုလိုပြန်တွေ့နေရတာပဲ”

သူ့ကိုယ်သူ အံ့ဩသွားသည်။ သူက အဲဒီလောက်သတ္တိရှိတဲ့ လူတဲ့လား။ သူခိုးတွေကို လိုက်ဖမ်းတယ်ဆိုတော့ သူက ဘာလဲ။ ရဲ များလား။

“ငါတို့အရောက်မြန်ပေလို့ပေါ့။ နို့မဟုတ်ရင် မင်း လဲသွားချိန် မင်းကို ခုတ်ဖို့ နိုင်ဦးက ရွယ်ပြီးနေပြီ။ ငါ့နွားကြာကြီး သေကံမရောက် လို့ သက်မပျောက်တာပဲ။ နို့မဟုတ်ရင် ဒီအချိန် အမဲသားဖြစ်နေလောက် ပြီ”

ကိုဖိုးအေး၏စကား အသွားအလာကို ထောက်ရှုခြင်းအားဖြင့် သူသည် လူကောင်းတစ်ယောက်ဖြစ်လိမ့်မည်ဆိုတာ ခန့်မှန်း၍ရသည်။

ကျေနပ်သလိုတော့ ဖြစ်မိသည်။ အသုံးမကျသောလူအများ၏ ဒုဉ်ဖပ်ဖြစ်မည့်အစား ရိုးသားပြီး လူချစ်လူခင်များသူဖြစ်ဖို့ ပို၍ မျှော်လင့်မိသည်။

“ရော့ ... ဒီမှာ ပိုက်ဆံ”

ကိုဖိုးအေးက ခါးကြားထိုးထားသော ထောင်တန်အလိပ်ကလေး ကို သူ့လက်ထဲ ထည့်လာသည်။ ဘုမသိ ဘမသိ လှမ်းယူထားလိုက် မိသည်။ ကျစ်ကျစ်ပါအောင် ခါးလေးထဲ ထိုးထည့်ထား၍ ထင်သည်။ ချွေးတို့ဖြင့် ရွှဲစို၍နေသည်။

“စပါးရိတ်ခကွ။ တစ်ရက်စာ မရှင်းရသေးဘူး။ ဒါနဲ့ နေပါဦး။ မင်းက ဘာကိစ္စ ငွေကို အရေးတကြီးလိုနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



သူ ငွေလိုနေပါတယ်တဲ့။ ဘာကြောင့်လဲ။ ဘာလုပ်ဖို့လဲ ဘာကိစ္စအရေးကြီးလိုနေရတာလဲ။ တစ်ခုခုတော့ ရှိရမည်။

"သွားကွာ ... တဲပေါ်တက်။ သွားနားတော့။ နွားတွေ ငါပဲ မောင်းသွင်းထားလိုက်မယ်။ လယ်အတွက်လည်း ဘာမှမပူနဲ့။ ငါရှိ လုဆောင်ရယ်၊ ဖိုးတုတ်ရယ် အလုည့်ကျဝိုင်းကူကြမှာပါကွ။ မင်း ကြီးကြီးလှမေက ကပ်စေးနဲ့ အကော်တစ်ရာဆိုတာ တစ်မြို့လုံး သိတယ် စာရင်းငှားတော့ မင်းအပြင် ထပ်ငှားမှာ မဟုတ်ဘူး။ ပြီးတော့ မင်း ဒဏ်ရာကလည်း ငါတို့ပယောဂနဲ့မကင်းဘူးဆိုတော့ ကြီးလှမေ ပြော သမျှ ခံရုံပေါ့ကွာ။ မင်း ဒီလိုဖြစ်နေမယ်မှန်းသိရင် ဟိုမြို့သား စိ ကောင်းနိုင်မှာ မဟုတ်ဘူး"

"မြို့သား ... ဟုတ်လား"

"မေ့တတ်ရန်ကောကွာ။ မင်းက မင်းကို ကြိုက်နေတာ ထင်တဲ့ကောင်လေး။ အခြောက်ထင်တယ်လို့ ပြောလို့တောင် ငါနဲ့ မ အငြင်းပွားကြသေးတယ်။ မှတ်သုံပေါ့ကွ"

"မှတ်သုံ ... ဟုတ်လား"

တစ်ခုခုတော့ အကြီးအကျယ် လွဲနေပြီဆိုတာ သူ ရိပ်စား လိုက်သည်။ သူသိသော မှတ်သုံသည် အခြောက်မဟုတ်ချေ။ ကိုယ့် ကြိုက်နေတယ်ဟု ထင်စရာလည်း အကြောင်းမရှိပါ။ ဘာတွေ ဘယ် ဖြစ်ကုန်တာလဲ။ ဒီလူတွေက မှတ်သုံအကြောင်းတော့ ပြောပြီး ကြောင့် မေမေတို့၊ ဖေဖေတို့အကြောင်းတော့ မပြောရတာလဲ။

"ဩော် ... ဘယ်မှတ်မိမလဲ။ မင်းက အတိတ်မေ့နေတာ



ဆိုတာ ငါ မေ့သွားပြန်ပြီ။ ကဲ ... ကဲ ... သွားနားတော့၊ ငါ နွား တွေ သွားဆွဲလိုက်ဦးမယ်"

ကိုဖိုးအေးဆိုသူက ပြန်လည်ထွက်ခွာသွားသောအခါ သူသည် တဲပေါ်တက်လာ၏။

အပြင်အဆင်က ခပ်စုတ်စုတ်ဖြစ်သည်။ လေ့ကားသည်လည်း ဖြစ်သလိုပင် ဝါးလုံးနှင့် သွယ်တန်းထားသည်။

သတိထားမိသောအခါ ခြေလှမ်းတွေ မှားချင်ချင်ဖြစ်ကုန်သည်။

သူက ဒီလိုလှေကားမျိုးကို ဘာကြောင့် ရှောရှောရှူရှူ တက် နိုင်ရတာလဲ။ သူ ဘာတွေလုပ်ခဲ့သလဲ။ မေမေနဲ့ဖေဖေက ဘာလို့ သူ့ကို မရှာကြသလဲ။ မေမေ့နာမည်က ဘာလဲ၊ ဖေဖေကရော ... ။

ထိုသို့ အထပ်ထပ်စဉ်းစားနေမိသောအခါ သူ့အာရုံထဲသို့ မျက်နှာတစ်ခု ဝင်လာသည်။ ခပ်ချောချောယောကျ်ားတစ်ဦး။ ကိုမှတ်သုံ။ မိန်းကလေး တစ်ယောက်ရဲ့အသံ။ ထိုအသံက ဝင်းဝါ၏အသံ။ သူ့အတွေးထဲ ဖျတ်ခနဲ ပေါ်လာခဲ့သော မျက်နှာက မှတ်သုံလား။ သူ ဘာကိုမှစဉ်းစားမရချေ။ ဘုမသိ ဘမသိနေရသော အခြေအနေကိုလည်း မုန်းသည်။

အတွေးဖြင့်သာ လျှောက်နေမိသည်။ ကြမ်းပြင်ကို တဂျုံးဂျုံး နင်းနေမိသည့်အဖြစ်ကိုလည်း မရိပ်စားမိပေ။ သူ့ကိုယ်သူ သတိထား မိသောအခါ အိပ်ရာလိပ်ကို မှီပြီး သစ်ခေါင်းထဲမှ စုဘူးကို ဆွဲယူပြီး ဖြစ်နေသည်။ ပြီးနောက် လက်ထဲမှ ပိုက်ဆံလိပ်ကို စုဘူးထဲထည့်ဖို့ ပြင်နေ၏။

"ငါ ဘာတွေလုပ်နေတာလဲ"

www.burmeseclassic.com



သူ့ကိုယ်သူလည်း နားမလည်ပေ။ ဘာတွေလုပ်နေမိမှန်းလည် မသိ။ ဘာကြောင့် ပိုက်ဆံကို ဒီဘူးထဲထည့်နေရတာလဲ။ ကိုဖိုးအေ ပြောတော့ သူ ငွေသိပ်လိုနေတယ်တဲ့။ ဘာလုပ်ဖို့လဲ။

ဒါကို သူ သတိရချင်မိသည်။

လောကကြီးထဲနေထိုင်လာရင်း ကြောက်လာသည်။

သူ့ဘဝအတွက် အရေးကြီးကိစ္စများသည် သူ မသိလိုက်ခ ပြီးဆုံးသွားမည်ကို ကြောက်လန့်မိသည်။ မေမေနဲ့ ဖေဖေက ဘယ်ရေ ရောက်နေသလဲဆိုတာလဲ သူ မသိပေ။ မုတ်သုံက တစ်ယောက်တည် ကွက်ပြီး ဘယ်က ဘယ်လိုပေါ်လာမှန်း နားမလည်ပေ။ ငွေက ဘာကြော လိုအပ်နေရသလဲဆိုတာလည်း မသိချေ။

သူ အကြိမ်ကြိမ်စဉ်းစားသည်။ သို့သော် ဘာတွေမှန်းမသိသော အတွေးတွေသာ ပေါ်လာသည်။ သူ့အာရုံထဲရှိ ရုပ်ပုံကားချပ်တွေ ပိုးထိုးပျက်စီးနေသော ခပ်ဟောင်းဟောင်း ပန်းချီကားချပ်နှယ်။ အကြော အရာတွေကို တွေးလိုက်တိုင်းလည်း မှိုတက်နေသော ဗီဒီယိုတိတ်ခွေ ကို ကြည့်ရသလို အရုပ်တွေက ပွ၍ ထပ်၍။

သူ မျက်စိကိုမှိတ်ပြီး အာရုံကို စုလိုက်သည်။ ကြက်သွေးရော ဘာတွေလဲ ... ထပ်စဉ်းစားမိသည်။ အဖြေက ခေါင်းထဲရောက်လ ခါနီးမှ ပျောက်သွားရပြန်တော့၏။



ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ကျောင်းဝင်းတစ်ခုလုံး ည် ငြိမ်သက်နေသည်။

ဘုန်းကြီး ဆွမ်းစားချိန်ဖြစ်နေသည်။

ကြက်သွေးညိုရောင်များ၏ အဖြေကို ထုတ်၍ရသောအခါ န်းကြီးကျောင်းသို့သာ တန်းလာခဲ့ခြင်းဖြစ်၏။

မိုးပြာရောင် အဆောက်အဦ။ သူ မြင်နေရသည်က ဆွမ်းစား ာင်ဖြစ်သည်။ သို့သော် သူသိခဲ့သော မိုးပြာရောင်အဆောက်အဦ ည် လူနေအိမ်ဖြစ်၏။ ပြီးတော့ အိမ်ရှေ့၌ ကျယ်ဝန်းပြီး စိမ်းလန်း ည့် မြက်ခင်းပြင်ရှိသည်။

"ဟ ... ဒကာကြီး ဝသုန်ပါလားကွ။ ကျောင်းကို အလည် တာလား။ သတင်းတွေ မွှေးနေတယ်ဟေ့။ နွားသူခိုးနိုင်ဦးကို ဓား ယှဉ်ခုတ်ပြီး ဖမ်းလိုက်တယ်ဆို"

သူ လှမ်းကြည့်လိုက်သောအခါ ဦးပဥ္စင်းတစ်ပါးဖြစ်နေသည်။ လက်အုပ်ချီမိသည်။

ထိုဦးပဥ္စင်းကိုမြင်မြင်ချင်း သူ ဘာလို့လက်အုပ်ချီမိတာလဲ။ ဥ္စင်းရဲ့မျက်လုံးတွေက သူနှင့် သိပ်ရင်းနှီးခဲ့တယ်ဆိုတာ သူ သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာရုပ်ကြည့်နေတာလဲကွ။ ဆရာတော်ဆီသွားလေ။ ဆွမ်းစား ပြီးလို့ နားနေတယ်"

ဦးပဥ္စင်းက ထွက်သွားပြန်သည်။

သူ ဘယ်သွား၍သွားရမှန်း မသိပေ၊ သို့သော် သူ့ခြေလှမ်း များသည် ကျောင်းပေါ်သို့သာ ဦးတည်ပြီးဖြစ်နေသည်။

ပြီးနောက် ကျွန်းတံခါးကြီးကို တွန်းဝင်မိသည်၊

"ဩော် ... ဝသုန်ပါလား၊ လာလေ"

ခပ်ဝဝနှင့် ဘုန်းကြီးတစ်ပါးဖြစ်သည်။ ဘုန်းကြီး၏ဘွဲ့ကို သူ မသိပါ။ သို့သော် ဘုန်းကြီး၏ရှေ့တွင် ရိုကျိုးစွာ ပဆစ်ဒူးတုပ်ထိုင် လိုက်သည်။

"မင်း နေမကောင်းဘူးဆို"

"တင်ပါ့"

ဘုန်းကြီးနှင့်ပြောနေသော အသုံးအနှုန်းသည် သူ့နှုတ်မှ ရောရောရှုရှုပင်။

ပြီးတော့ အခန်းသည် သူနှင့်ရင်းနှီးနေ၏။

"မနေ့က ဒကာကြီးတင်ဖေလာသွားတယ်။ မင်းအတိတ်မေ့ နေတယ်လို့၊ အင်း ... ဒါလည်း ထူးဆန်းတဲ့ရောဂါမျိုးပဲကွ။ မင်းအတွက် ဒကာကြီးတို့မိသားစုလည်း စိတ်မကောင်းဖြစ်နေတယ်။ မိုးအေးလည်း မငိုရုံတစ်မယ်ပဲ။ သူ့ကြောင့် ဖြစ်ရတယ်ဆိုပြီး ဝမ်းနည်းနေရှာတယ်။ မင်းနာမည်ရော မှတ်မိရဲ့လား"

"မှတ်မိပါတယ် ဘုရား ... ဝသန်ပါ"

"ဟေ"

သူ့အပြောကြောင့် ဘုန်းကြီးသည် ခေတ္တငြိမ်ကျသွားသည်၊ ပြီးနောက် သက်ပြင်းကို လေးပင်စွာချသည်။

"အချိန်တွေကုန်သွားလိုက်တာ၊ အဖြစ်အပျက်က မနေ့တစ်နေ့ ကလိုပဲ။ ဟင်း ... ဒီကျောင်းမှာ မင်းက ခုနစ်နှစ်ကျော် ရှစ်နှစ်နီးပါး နေသွားဖူးတယ်ဆိုတာကိုရော မှတ်မိရဲ့လားကွ"

"ဗျာ ... တပည့်တော်က"

ဘုန်းကြီးသည် ဒုတိယအကြိမ် သက်ပြင်းချပြန်သည်။ သူ ...သည်။ အားလည်း တက်မိသည်၊ သူကိုယ်၌ကမသိသော သူ့ဘဝရဲ့ စိတ်အပိုင်းအချို့ကို သိနိုင်သည့် မျှော်လင့်ချက်လေး မဟုတ်ပါလား။

"တစ်နေ့ မင်း ဒီကိုရောက်လာတယ်၊ နာမည်လည်း မေးလို့ ...ဘူး၊ ဘယ်ကလာသလဲဆိုတာလည်း မေးလို့မရဘူး။ နောက်တော့ ...န်လို့ မင်းကိုယ်မင်းပြောတယ်၊ ဒါပေမဲ့ ဘယ်အရပ် ဘယ်ဒေသက ...တယ်ဆိုတာ မသိဘူး။ ခုလည်း ဖြစ်ပြန်ပြီ"

သူ့အကြောင်းသည် ထင်ထားတာထက် ပိုပြီး စိတ်ဝင်စားဖို့ ...င်းနေလေသည်။

သူ ဘယ်ကလာတာလဲ။ ဘာလို့ မေမေနဲ့ဖေဖေဆိုတာပဲ စွဲ ...နေမိတာလဲ။ မေမေတို့ရဲ့ နာမည်ကို သူ စဉ်းစား၍မရပေ၊ မိုးပြာ ...င် လှနေအိမ်ကြီးကိုသာ မှတ်မိ၏။ သူ မှတ်မိသမျှကိုရော တွေ့ ...လူပြောလို့ ဖြစ်ရဲ့လား။

"မင်းက ဒီကျောင်းမှာနေလို့ အရွယ်ရောက်တော့မှ ဒကာကြီး



www.burmeseclassic.com

www.burmeseclassic.com



က ခေါ်သွားတာကွယ့်။ သူတို့အိမ်မှာတော့ မင်းက အိမ်သားတစ်ယောက်လိုပါပဲ၊ ဒါပေမဲ့ အများအမြင်မှာတော့ မင်းက စာရင်းငှားပေါ့။ ဒကာကြီးဦးတင်ဖေအတွက်တော့ မင်းက တူသားအရင်းခေါက်ခေါက်ကြီးပါပဲ"

သူ့ရင်ထဲ ခံစားသွားရသည်။ ဆရာတော်ကြီးသည် မဟုတ်တာမမှန်တာသူ့ကို ပြောမည့်လူမျိုး မဟုတ်ပါ။ သူ့ကို ရီဝေစွာ၊ ကရုဏာသက်စွာ ကြည့်တတ်သော ဘကြီးဆိုသူကို ပြေးမြင်မိသည်။

"တပည့်တော် မှတ်မိတာ ရှိတယ်ဘုရား"

"ဟေ ... ဟုတ်လား ပြောပါဦးကွာ"

"တပည့်တော်မှာ ဖေဖေနဲ့မေမေ ရှိတယ်။ ပြီးတော့ အစ်ကိုဝမ်းကွဲ၊ တပည့်တော်ရဲ့အတွေးထဲမှာ ပေါ်လာတယ်၊ ဒါပေမဲ့ ဆက်စဉ်းစားလို့ မရဘူး"

"ဟင် ... ဒကာလေး လယ်သိမ်းပြီးရင် ဘုန်းကြီးတို့ ကျောင်းကို ပြန်လာပါလား။ တရားထိုင်တာက ဒကာလေး ဝသုန် ... မင်းရဲ့စိတ်ကို စုစည်းပြီးဖြစ်လိမ့်မယ်။ ဒကာလေးရဲ့အတွေးတွေက ပျံ့လွင့်နေတာကိုကွယ်။ စိတ်ကို အကောင်းဆုံးအနားပေးပါကွယ်။ စဉ်းစားလို့မရရင် ဘာကိုမှ မစဉ်းစားနဲ့။ အာဟာရဖြစ်တာလေးလည်း စားဦးကွယ့်။ မင်းကြည့်ရတာ အာဟာရချို့တဲ့နေသလိုပဲ"

"တင်ပါ့ဘုရား"

ဘုန်းကြီးကို ဦးခိုက်ကန်တော့ပြီးမှ ပြန်ထွက်လာသည်၊ ကျောင်းထဲရှိနေရာများသည် သူနှင့် မစိမ်းပေ။ ကျောင်းဝင်းအဝင်အထွက်၊



မန်ကျည်းပင်ရှေ့သို့ ရောက်သောအခါ ကလေးတစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်ရသလို ဖြစ်သွားသည်၊

ထိုကလေးက သူကိုယ်၌ ဖြစ်သည်။

သူသည် ဤအပင်အောက်၌ ငေးမှိုင်နေခဲ့ဖူးသည်။ ငိုနေသည်။ ဘာဖြစ်လို့များ သူက ငိုနေမိပါလိမ့်။

လျှောက်လမ်းအတိုင်း ဆက်လျှောက်လာမိသည်။

သူနှင့်ကိုရင်တစ်သိုက်သည် ဆွမ်းချိုင့်လေးများ ဆွဲကာ ပြေးလွှားနေကြသည်ကို မြင်မိပြန်သည်။

သူ ပြုံးလိုက်မိသည်။ ထိုအချိန်တုန်းက သူသည် ပျော်ရွှင်နေသည်၊ ကိုရင်တွေနှင့် သူ အဆော့လွန်၍ ဆွမ်းချိုင့်များမှောက်ကျကုန်သည်၊ ပြီးနောက် ဆရာတော်ကြီးက ကြိမ်လုံးနှင့်ရိုက်သည်။ နှစ်ရက်၊ သုံးရက်မျှ ပက်လက်လန်ပြီး မအိပ်နိုင်ခဲ့ပါ။

ပြီးနောက် လူကြီးတစ်ယောက်က သူ့ကို ကျောင်းထဲမှ ခေါ်ထုတ်သွားသည်။ ထိုလူကြီး၏လက်ကို ဆွဲကာ သူ လိုက်သွားခဲ့သည်။ ထိုလူသည် ဘကြီးတင်ဖေ၊

ပြီးနောက် သူ့ကို ပြူးကြောင်ကြောင်မျက်လုံးလေးများနှင့် ကြည့်တတ်သော ဝင်းဝါ။

သူ ပြုံးလာမိသည်။ ပျော်ရွှင်လာသည်။

သို့သော် နီညိုရောင်လူကြီးသည် သွေးသံရဲရဲနှင့် လူးလဲအော်ဟစ်နေပြန်သည်။ ထိုနီညိုရောင်လူကြီးကို ပြန်မြင်မိသောအခါ သူ့ရင်ဘတ်သည် တဒိန်းဒိန်း ခုန်လာပြီး ကြောက်စိတ်များ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြေးနေမိသည်။ ဘယ်ကိုဦးတည်နေမှန်း မသိသော်လည်း နောက်ဆုံးတွင် လယ်ထဲသို့ ရောက်လာခဲ့သည်။

လယ်ထဲသို့ ရောက်သောအခါ ဘကြီးနှင့် ကြီးကြီးက လှည်းပေါ်မှ ပစ္စည်းများကို ချနေသည်။

သူ အားရဝမ်းသာပင် "ကျွန်တော် သတိရလာပြီ"ဟု အော်ပြောပစ်ချင်သည်။ သို့သော် မောဟိုက်နေသောကြောင့် အသံတို့ မထွက်ပေ။

"ဘယ်သွားနေတာလဲ ဝသုန်"

ကြီးကြီးသည် သူ့ကို မျက်ထောက်နီကြီးနှင့် ကြည့်၍ ပြောလာသည်။ ကြီးကြီး၏မျက်လုံးတွေက သူ့ကို အပြစ်ပြောနေသည်ဟု ထင်သည်။

ဟုတ်သားပဲ။ ပြောလည်း ပြောချင်စရာ။ ဒီနေ့ ဘကြီးသည် လယ်ထဲဝင်လာမည် ဖြစ်သည်။ ထို့ကြောင့် ဘကြီး၏အိပ်ရာလိပ်များကို လှည်းဖြင့် သွားသယ်ပေးရမည်။ လူကြီးဖြစ်သောကြောင့် သူတို့ လူငယ်တွေလို ဖြစ်သလို ကြုံသလို မနေတတ်ပေ။ ရာသီဥတုက သိပ်ကိုအေးလာပြီဖြစ်၏။ မကြာခင် နှင်းခဲကြီးများ မိုးရွာသလို ကျလာတော့မည်။

ပြီးနောက် သလင်းပြင်ပေါ် စပါးပုံကြီး တွေ့ပါက သူနိုးသောင်းကျန်းတတ်သည်။ သူတို့လို လူငယ်တွေက ခြေထောက်ဂနာငြိမ်တယ်ဟူ၍ မရှိပါ။ အပာန့်ရှိအောင် လယ်တဲ၌ လူကြီးရှိဦးမှ။ နို့မဟုတ်ပါက တစ်မိုးလုံး ပင်ပန်းလာသမျှ နာရီပိုင်းအတွင်း သဲထဲရေသွန်ဖြစ်သွား





သည်။

"ဘကြီး"

"ဒဏ်ရာက သက်သာရဲ့လား။ ဘယ်တွေသွားနေတာလဲ ဝသုန် ယ်။ မင်းနဲ့ယ် ... ဘကြီးက မင်းကို စိတ်ပူနေတာကွ"

"ဘကြီး ... ကျွန်တော် ... လေ ... ကျွန်တော်"

သူ့ပုံက ဝမ်းသာအားရရှိလှသည်။ သို့သော် သူ့စကားလုံးများ ဘကြီးရော၊ ကြီးကြီးပါ စိတ်ဝင်စားမှု မရှိကြပေ။ အခြေအနေက စက်စက်ဖြစ်နေ၏။ ဘာဖြစ်ကြတာလဲ။ ဘကြီးနဲ့ကြီးကြီးက ဘာပုံ နေကြတာလဲ။

"ဘကြီးက အိပ်ရာလိပ်ပဲ ပြောင်းလာတာကွ။ လာအိပ်နိုင် ယ် မထင်ဘူး။ နွားတွေကို ဖြုတ်ပါဦးကွာ။ ကဲ ... မလှမေ နေ ခင် ငါတို့လည်း ပြန်ကြရအောင်။ နှင်းကျပြီဆိုတော့ နေဝင်တာနဲ့ င်တော့တာကွယ်"

သူ နားမလည်နိုင်ပေ။ သို့သော် လှည်းတွင်ကထားသော စ်ကောင်ကို နားဖားကြိုးမှ ဖြုတ်လိုက်သည်။

"ကဲ ... စောစောအိပ်နော်။ ဖိုးအေးတဲကို သွားလည်မနေ ဘာ့။ နွားသူခိုးမရှိတော့ပေမယ့် မီးရေးထင်းရေး ကြောက်ရတယ်။ နှက အရှေ့တောင်က မောင်သာလယ်တဲလည်း မီးလောင်သွား ။ ခေါပုတ်ကြော်စားရင်း ဆီအိုးမီးတောက်တာဆိုပဲ။ တဲအောက် ထားတဲ့ နွားကလေးတစ်ကောင်လည်း မီးဖုတ်ပြီးသားဖြစ်သွားတယ်"

သူသာဆို ဒီလိုမဖြစ်စေရပါ။ သက်မဲ့ပစ္စည်းတွေကို သယ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေမည့်အစား သက်ရှိတွေ လွတ်ကြောင်းကို ကြံစည်နေမိမည် ခုတော့ ကိုယ့်လောဘကြောင့် နွားကလေး ဘယ်လောက်တော အနေခက်ရှာမလဲ။

"တဲပေါ်မှာ ခေါပုတ်ဆယ်ချပ်ထားခဲ့တယ်။ ဗိုက်ဆာရင် စား

ကြီးကြီးသည် အပြောဆိုးသော်ငြား သဘောလှသူ ဖြစ်သည် သူ၏နေရေး စားရေးကို စဉ်းစားပေးသူ ဖြစ်၏။

"ဒေါ်ကြီးလှမေ ဘကြီးတို့ ပြန်သွားကြပြီလား"

လှည့်ကြည့်လိုက်သောအခါ ကိုဖိုးအေး ...

သူ ပျော်သွားသည်။ သူ အတိတ်ကို ပြန်သတိရသွားပြီ ပြောပါက အနည်းဆုံး ကိုဖိုးအေးတစ်ယောက်ကတော့ ပျော်နေ လိမ့်မည်။

"ဟာ ... ဟိုမှာ နွားတွေပြန်လာပြီ။ မင်းနားလေ။ ငါ ချ ထားပေးမယ်"

"ရပါတယ်ဗျာ။ နွားတွေကို ကြိုးနဲ့ချည်တာလောက်တော့ လုပ်နိုင်ပါတယ်။ ကိုဖိုးအေးကလည်းဗျာ ... ကျွန်တော်က လူမမာ မဟုတ်ပါဘူး။ လူမမာကြီးလို မဆက်ဆံပါနဲ့"

"မင်းပုံစံက တက်တက်ကြွကြွရှိလှပါလား"

"ကျွန်တော် ပျော်နေတယ်လေ။ အခု ... ကျွန်တော် –

"မင်း ဝင်းဝါကို နည်းနည်းမှ သံယောဇဉ်မရှိဘူးလား။ ငါ မင်း စိတ်မကောင်းဖြစ်နေမယ် ထင်ပြီး အားပေးဖို့လာခဲ့တာ။ ခု မင်းရဲ့အခြေအနေက ငါထင်ထားသလောက် မဆိုးပါလား။ အင်



င်းက အတိတ်မေ့နေတာကိုလေ၊ ဒါတွေ ဘယ်သိပ့်မလဲ"

ကိုဖိုးအေး၏စကားကို သူ့ရင်ထဲ မရှင်းပေ။ ဘာကိုဆိုလိုနေ န်း မသိပါ။ ဘာလဲဟု မေးသင့် မမေးသင့် စဉ်းစားနေဆဲပင် ကိုဖိုးအေးက သူ့အနီးမှ ထွက်သွားပြီး ရောက်လာသော နွားအုပ်ကို ဲအောက်သို့ မောင်းသွင်းနေသည်။ ပြီးနောက် တစ်ကောင်ချင်းစီကို းဖားကြိုးမှ ဆွဲပြီး ချည်တိုင်တွင် ဆွဲထား၏။

နွားအုပ်ကြီးရောက်လာသောအခါ ဖြုတ်တစ်သိုက်လည်း ပလူ ာင်တွေလို ပါလာသည်။

ထို့ကြောင့် ကိုဖိုးအေးက ကောက်ရိုးကို မီးခြစ်နဲ့ညှိကာ ထင်း းကြီးဆိုက်ပြီး မီးဖိုပေးသည်။

"ကိုဖိုးအေး ... တဲပေါ်တက်ပါဦးဗျ။ ခေါပုတ်တွေ ထားခဲ့ ယ်လို့ ကြီးကြီးက ပြောတယ်"

"နွားတွေက တိရစ္ဆာန်ဆိုပေမယ့် အချိန်တန်တော့ ချည်တိုင် ကြတာချည်းပဲ။ လူတွေဆိုရင်တော့ ပိုဆိုးမှာပေါ့"

ကိုဖိုးအေး၏စကားက ထူးဆန်းနေသည်။ ကိုဖိုးအေးနှင့် ခင်မင် သော သက်တမ်းတစ်လျှောက်တွင် ကိုဖိုးအေးထံမှ ထိုသို့စကားလုံး မကြားဖူးချေ။ အပျိုများအကြောင်း၊ ပွဲတွေအကြောင်းနှင့် ဖဲဝိုင်း ကြောင်းသာ ပြောတတ်သော ကိုဖိုးအေး၏စကားက ထူးဆန်း သည်။

"ဘာကိုပြောနေတာလဲ ကိုဖိုးအေး။ ကျွန်တော် နားမလည်ဘူး"

"ရပ်ကွက်ထဲမှာ မင်းအကြောင်းတွေ ပြောနေ[ ]သ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အကြောင်း ဟုတ်လား"

"မင်းက ငါးနှစ်သားလောက်မှာ ဘုန်းကြီးကျောင်း ရောက်လ ခဲ့တယ်တဲ့။ ဘုတာရုံမှာ မင်းကို တွေ့ပြီး ရပ်ကွက်က ဘုန်းကြီးကျော ပို့ထားတယ်ပြောတာပဲ။ ဝမ်းတော့ မနည်းနဲ့ကွာ။ မင်းအကြောင်း မင်းသိသင့်တယ် ထင်လို့ပါ"

သိပ်ငယ်လွန်းသော အရွယ်မို့ အကြောင်းအရာတိုင်းကို အေ စိတ် မမှတ်မိပေ။ သို့သော် ထိုသို့ပြောပြန်တော့ ပုံရိပ်များက အ ထဲ ပြန်ပေါ်လာပြန်သည်။

နီညိုရောင်လူသည် ကားတိုက်မိပြီး သူ့ရှေ့မှာပင် ဆုံးသွားသည်

သူ သိပ်ကိုကြောက်လန့်ခဲ့သည်။ ထို့ကြောင့် တွေ့ ရထားတွဲပေါ် တက်ပုန်းနေသည်။ သူ အိပ်ပျော်သွားခဲ့၏။ သို့ သူ သတိရလာသောအခါ ရထားသည် ရပ်နေသည်။ ရထား ဆင်းလိုက်သောအခါ တက်သွားသောအချိန်နှင့် မတူသော မြင် တစ်ခုကို စတင်တွေ့လိုက်ရ၏။ နေရာဒေသစိမ်းမို့ သူ ဘယ် မသွားတတ်ပေ။ ထို့ကြောင့် ငုတ်တုတ်ထိုင်နေသည်။

ဗိုက်တွေဆာခဲ့သည်။ သို့သော် စားစရာက မရှိခဲ့ချေ။

"မင်းက ဘယ်ကလာသလဲဆိုပြီး ပြောသံကြားခဲ့တယ် ဟော့ စိုးရိမ်တယ်။ မင်းလည်း အိမ်ရှိတဲ့လူဖြစ်မှာပဲ။ အချိန်တန် အိမ်ပြန်သွားမှာပဲ။ ငါတော့ မင်းကို သံယောဇဉ်ရှိတယ်ကွ။ မင်း ရင်တောင် ဘယ်သူနဲ့အဖော်လုပ် စကားပြောရမလဲ မသိဘူး"

ဒါကြောင့်များ ဘကြီးနဲ့ကြီးကြီးတို့ မျက်နှာ မကောင်း





လားဟု တွေးမိပြန်သည်။ ပီတိဖြစ်မိ၏။ ဒီလိုကျပြန်တော့လည်း သူ့ အပေါ် ချစ်ခင်ကြသောကြောင့် ရင်ထဲ နွေးထွေးစွာ ခံစားရသည်။

"ငါက တော်တော်ရယ် ဘကြီးတို့ မိသားစုက ပိုဆိုးမှာ။ သူတို့အိမ်မှာ မင်းက မရှိမဖြစ်လေ၊ ဝင်းဝါထက်တောင် အားကိုးနေရ သေးတယ်။ မင်းလည်း သိတဲ့အတိုင်းပဲ၊ ဘကြီးက ကျရှုံးရောက်နေ ပြီ၊ ဒါတွေ သိပ်မလုပ်နိုင်တော့ဘူး။ သျှောင်နောက်ဆံထုံးပါဆိုတဲ့အတိုင်း ဝင်းဝါသာ မင်္ဂလာဆောင်ပြီး မြို့လိုက်သွားရင် မင်းတို့တော့ သစ်ငုတ် ကြီး ကျန်ခဲ့မှာပဲ"

"မဟုတ်တာ ... ကိုဖိုးအေးကလည်း၊ ဝင်းဝါက ဘယ်သူနဲ့ လာဆောင်ရမှာလဲ"

"ဟ ... မင်း မသိသေးဘူးလား။ ဘယ်နားကျန်ထားသလဲ နေရယ်။ ဒီနေ့ပဲ ဝင်းဝါကို သမီးတောင်းရောက်လာကြတယ်လေ။ သားတွေ"

"ဗျာ"

သူ အံ့ဩသွားသည်။ လုံးဝထင်မှတ်မထားခဲ့သော ကိစ္စ ဖြစ် သည်။ ဝင်းဝါသည် သူတို့နဲ့သာ တစ်သက်လုံး အေးအတူ ပူအမျှ သိမ့်မည်ဟု ထင်ခဲ့သည်။

ပြီးနောက် ဝင်းဝါထံ ရည်းစားရှိသည်ဟူ၍လည်း မကြားဖူးပါ။

"ဟုတ်လို့လားဗျာ"

"ဟ ... ငါက မင်းကို ညာရမှာလားကွ။ မင်းတစ်ယောက် ဒါကို မသိတာ။ သတင်းက တစ်မြို့လုံး ဟိုးဟို နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးခရီးစဥ်ထက်တောင် သာသေး။ ကားတွေတို့ရပ်ကွက်ထဲ ပလူ
သွားတာ ဟော့ကောင်"

အသက်ရှူပင် မှားချင်ချင် ဖြစ်ကုန်သည်။ သူ မကြားခဲ့ဖူးသော
စကားလုံးဖြစ်၏။ အိပ်မက်ဖြစ်နေပါစေဟုသာ အထပ်ထပ် ဆုတောင်း
မိသည်။

"ဆရာတော်ကိုတောင် လျှောက်ထားကြတော့မှာ။ ဟိုက ငွေ
ဖိတော့ ဒေါ်ကြီးလုမေ ပြုံတာပေါ့ကွာ။ ဒါပေမဲ့ တစ်ဦးတည်းသော
သမီးဆိုတော့ ရပ်ဝေးမြေခြားကို မပို့ပစ်နိုင်ဘူးထင်တယ်"

သူ့ရင်ထဲ ထိရှသွားသည်။

ဒူးများပင် ညွတ်ခွေယိုင်လဲချင်လာသည်။

ဝင်းဝါက မင်္ဂလာဆောင်တော့မယ်တဲ့။ ဝင်းဝါက တခြား
နောက် လိုက်သွားတော့မှာတဲ့။ သူက အရိပ်တကြည့်ကြည့်နေခဲ့ရသော
ဝင်းဝါက အိမ်ထောင်ပြုတော့မှာတဲ့လား။

ခြေလှမ်းတွေကို မသယ်ချင်တော့ပါ။ ဒူးတွေလည်း တဆ
ဆတ် တုန်နေသည်။ တစ်သက်လုံးက မ,လာသောခြေထောက်
လေးလံနေသည်။ ပေါ့ပေါ့ပါးပါး တက်ခဲ့ဖူးသော လှေကားပေါ်
မတက်နိုင်တော့ပါ။"

"ဝင်းဝါက မင်္ဂလာဆောင်တော့မှာတဲ့လား"

သူ့ရင်ထဲ ဝမ်းနည်းလာသည်။ အားရအောင် အာခေါင်
ပြီး ငိုပစ်ချင်ပါသော်လည်း မျက်ရည်များကို အံကြိတ်မျိုချနေရ
ဝင်းဝါက တခြားလူနောက်လိုက်သွားတော့မှာတဲ့လေ။



"ဝသုန် ခင်ဗျား နေကောင်းရဲ့လား"

နွားချေးကို ဆောင်းဂေါ်ထဲထည့်ကျုံးနေသော သူက အသံ
ကြား၍ မော့ကြည့်လိုက်သည်။ မုတ်သုံ။

နဂိုနာသော ဒဏ်ရာသည် ကိုက်ခဲလာသလို ခံစားရသည်။

"ခင်ဗျား မတော်တဆ ဖြစ်ထားတယ်ဆို"

မုတ်သုံရဲ့မျက်လုံးတွေထဲတွင် သူ့ကို စိုးရိမ်နေမှုတွေ ပြည့်
သိပ်နေသည်။

သူ မုတ်သုံကို စိုက်ကြည့်လိုက်မိသည်။ ငယ်ငယ်က သူ
သိခဲ့သော မုတ်သုံဟုတ်ရဲ့လား။ ဒါမှမဟုတ် နာမည်တူတာလား။

"ကိုယ့်ကို မမှတ်မိလို့လား။ ကိုယ်က မုတ်သုံပါ"

ဝင်းဝါက တစ်ခုခုပြောထားပြီးဖြစ်မှန်း သူ နားလည်လိုက်
သည်။ သူ သတိပြန်ရတာ မှန်သော်လည်း ကျွန်တော် သတိပြန်ရနေ
ပါတယ်ဟု သူစိမ်းကို မပြောချင်ပါ။ မုတ်သုံအပေါ်လည်း ရင်းရင်းနှီးနှီး
မဆက်ဆံလိုပေ။ သူ သတိရလာပြီလားဟု နွေးနွေးထွေးထွေး မေး
ဖော်မရသော ပတ်ဝန်းကျင်ကြောင့်လည်း သူ စိတ်ထိခိုက်ရသည်။ သူ့
ရင်ထဲ အထီးကျန်သလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဒဏ်ရာ သက်သာရဲ့လား"

"ကျွန်တော့်ဒဏ်ရာကို မေးဖို့ ရောက်လာတာလား"

"ဗျာ"

သူ့စကားလွန်သွားပြီမှန်း ရိပ်မိလိုက်သည်။ သူ့စကားတစ်ခွန်းကြောင့် မုတ်သုံ၏မျက်နှာသည် ညှိုးမည်းသွားသည်။ သို့သော် မုတ်သုံကို မတောင်းပန်ချင်ပါ။

"ကိုယ့်အပေါ် ဘာများအမြင်မကြည်စရာရှိသလဲ ဝသုန်။ ဘာလဲ ဝင်းဝါကိစ္စကြောင့်လား"

ဝင်းဝါက ဘယ်ချောင်က ကပ်ပါလာရသလဲ။ မုတ်သုံကို သူ ကြည့်မရတာ ဝင်းဝါနဲ့ဆိုင်လို့လား။

ဟုတ်သားပဲ။ ဝင်းဝါ ... မုတ်သုံတဲ့သို့လာလျှင် ပါလာနေကျဖြစ်သော ဝင်းဝါ။ ဝင်းဝါ ပါလာရဲ့လား။ ခုလိုလိုက်မလာပုံထောက်ရင် နေများမကောင်းလို့လား။

ဒါမှမဟုတ် မင်္ဂလာပွဲအတွက် ပြင်ဆင်နေတာလား။

"ခင်ဗျား ... ကိုယ့်ကို မေးနေသေးတယ်ဆို။ ဝင်းဝါပြောတာတော့ ခင်ဗျား သတိရလာလာချင်း ခင်ဗျား သိတာ ကိုယ့်နာမည်တစ်ခုတည်းဆို"

"ခင်ဗျား ဘယ်မှာနေတာလဲ"

"မန္တလေးမှာပါ။ ဘာဖြစ်လို့လဲ"

"ခင်ဗျားရဲ့ငယ်နာမည်ကရော မုတ်သုံပဲလား"

"ဟုတ်ပါတယ်။ ဘာလို့လဲ"





"ခင်ဗျားမှာ ညီရှိလား"

မရှိစေချင်ပါ။ သူ သိသောမုတ်သုံ မဖြစ်စေချင်ပါ။

"အရင်းတော့ မရှိဖူးပါဘူး"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မဟုတ်ပါစေနဲ့ဟု ဆုတောင်းမိသော်လည်း ဟုတ်,မဟုတ် အတည်ပြုရမည်။ ဒါမှ သူ့စိတ်ထဲ ရှင်းသွားပါပြီ။

ဤနေရာနှင့် ဤလူများကို သံယောဇဉ်ရှိသော်လည်း အဖြေမှန်ကို ရှာဖွေချင်နေသည်။

"ခင်ဗျားက အပြာရောင်အိမ်ကြီးကို သိလား။ အိမ်ရှေ့မှာ မြက်ခင်းပြင်ကြီးရှိတယ်လေ"

သူ့စကားကြောင့် မုတ်သုံ မျက်နှာပျက်သွားသည်။

မုတ်သုံရဲ့မျက်လုံးတွေက တစ်ခုခုကို အပြင်းအထန် စဉ်းစားနေပုံပေါ်သည်။ မုတ်သုံသည် မရိုးသားဟု သူ့ရင်ထဲ ပို၍ သံသယဝင်လာသည်။ ထို့ကြောင့် မုတ်သုံ၏နောက်ကြောင်းကို ပို၍ သိချင်လာသည်။

"မသိရှိမလားဗျ။ ဒါမျိုးတွေက များပါတယ်။ အိမ်ရှေ့မြက်ခင်းဆိုတာမျိုးက မြို့မှာရှိတဲ့ သူဌေးအိမ် တော်တော်များများ လုပ်ထားလေ့ရှိတယ်။ တိုက်တွေကလည်း များတယ်လေ။ အပြာသာမကဘူး အုန်းခွံရောင်၊ အစိမ်းရောင်၊ အညိုရောင် စုံနေတာပဲ"

"ဒါပေမဲ့ ကျွန်တော် အဲဒီလိုပြောလိုက်တဲ့အချိန် ခင်ဗျား ဘာလို့ မျက်နှာပျက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက စကားပြောယဉ်ကျေးမှု မရှိဘူး။ ဒါကြောင့် ခင်ဗျားကို သိပ်အရေးအရာပေးပြီး မဆက်ဆံပါနဲ့လို့ ပြောတဲ့ ကြီးလုမေရဲ့စကားကို ကိုယ် နားထောင်ခဲ့သင့်တယ်"

သူ့ရင်ထဲ မကောင်းချေ။ ကြီးကြီးက အခြားလူရှေ့ သူ့ကို အဲလို ပြောတာတော့ မဖြစ်သင့်ဘူးဟု ထင်သည်။

"ခင်ဗျားရင်ထဲက ကိုယ့်ကို ထုတ်လိုက်ပါ။ ခင်ဗျားနဲ့ ကိုယ်ရဲ့ ခင်မင်မှုက စာရွက်ပေါ်ရေးပြီးရင်လည်း ခဲဖျက်သုံးလိုက်ပါ။ မဟုတ်ရင် အဲဒီစာရွက်ကို ဆုတ်ဖြဲပစ်လိုက်နိုင်တယ်။ ဘဝမှာ မှတ်တမ်းတင်မိရင်လည်း အဲဒီအပိုင်းကို ယူပစ်လိုက်ပါ။ ဟုတ်လား။ ကဲ ... ကိုယ်ပြန်ဦးမယ်။ ဒါကြောင့် ခင်ဗျားကို ကိုယ် နှုတ်ဆက်ခဲ့ပါတယ်"

မြို့သားသည် ရုတ်တရက်ဆိုသလို ကျောခိုင်းဖို့ ကြံသည်။ သူ့ရင်ထဲက သံသယတွေ ကြီးထွားလာသည်။ သူ ဘာပြောပြော သူ့အနီးတောက်တဲ့လိုက်ပနေသော မြို့သားကို သူက ထူးထူးဆန်းဆန်း တွေ့တွေးခဲ့ဖူးသည်။ အခြောက်ဟုတောင် အထင်လွဲခဲ့သည်။ သို့သော် ယခု ဘာမဟုတ်သောကိစ္စလေးမှာမှ အခြေအနေပြောင်းလဲသွားသော မှတ်သုံကို သူ နားလည်ပေး၍မရတော့ပါ။

သူ့ရင်ထဲ တွေးချင်ရာ တွေးပစ်နေမိသည်။

သူ့ကို ခပ်တည်တည် နှုတ်ဆက်သွားပြီဆိုမှတော့ နောက် ပြန်မလာတော့ဘူးဟု သဘောဆောင်နေသည်။

သူလည်း ပြောချင်ရာကို လွတ်လွတ်လပ်လပ် ပြောပစ်ရမည်။

"ကျွန်တော်က ဝသန်ဆိုတာ ခင်ဗျား အစောကတည်းကချည်း



နဲ့ သိနေတာ မဟုတ်လား"

သူက ရမ်းသမ်းပြောလိုက်ခြင်း ဖြစ်သော်ငြား မှတ်သုံ၏ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပြီး သူ့ထံ ဆတ်ခနဲ လှည့်ကြည့်လာသည်။

မှတ်သုံ၏မျက်လုံးတွေက တစ်မျိုးပဲဆိုတာ ခံစားမိသော်လည်း အမျိုးအမည်ကိုမူ ဖော်မပြတတ်ပေ။

"ခင်ဗျား ဘာတွေပြောနေတာလဲ ဝသုန်"

"ကျွန်တော့်နာမည် ဝသန်ဆိုတာ ခင်ဗျား သိနေတယ် မဟုတ်လား"

"ကိုယ်က ခင်ဗျားကို ဘာလို့သိနေရမှာလဲ"

"ကျွန်တော် ဒီရွာက မဟုတ်ဘူး။ ကျွန်တော့်မှာ မှတ်သုံဆိုတဲ့ အစ်ကိုရှိတယ်။ ပြီးတော့ ဖေဖေနဲ့မေမေ ရှိတယ်"

"ခင်ဗျား ရူးသွားပြီလား။ ခင်ဗျားက ဘုန်းကြီးကျောင်းသား ဆိုတာ တစ်ရွာလုံး သိတယ်။ ခင်ဗျားက ဝင်းဝါတို့အိမ်ရဲ့စာရင်းငှားပါ"

သူ့ရင်ထဲ တုန်ခါသွားသည်။ မှတ်သုံရဲ့လေသံတွေထဲတွင် သူ့အပေါ် အထင်အမြင်သေးခြင်းများ ပေါ်လွင်နေသည်။

သေးမှာပေါ့။ သူကရော ဘာအထင်ကြီးစရာရှိနေလို့လဲ။ မှတ်သုံပြောတာ မှန်သည်။

သူသည် စာရင်းငှားသာ ဖြစ်သည်။ အလုပ်သမားဖြစ်၏။ ဝင်းဝါသည် အလုပ်ရှင်ဖြစ်သည်။

"အလုပ်ရှင်တွေက သဘောကောင်းလွန်းရင် ဘာဖြစ်သလဲ သိလား။ အလုပ်သမားတွေ အောက်ခြေလွတ်တယ်။ ခင်ဗျားလည်း

www.burmeseclassic.com

www.burmeseclassic.com



ခပ်နိမ့်နိမ့်အလုပ်သမားအမျိုးအစားပါပဲ"

မုတ်သုံကို ဆွဲထိုးချင်မိတဲ့ ကိုယ် မနည်းထိန်းထားရသည်။

"ခင်ဗျား ပြန်တော့၊ နို့မဟုတ်ရင် နိုင်ငံဦးသွေးသောက်ထားတဲ့ ကျွန်တော့်ရဲ့ဓားက ထပ်ပြီး သွေးဆာနေတယ်"

သူက ထိုသို့ပြောသောအခါ မုတ်သုံသည် ဘာမှထပ်မပြောဘဲ ထွက်ခွာသွားသည်။

သူ့ရင်ထဲ ဒေါသတို့က မပြယ်သေးပါ။ ထို့ကြောင့် မုတ်သုံ ဝယ်ပေးထားသော အကျီနှင့် ရေမွှေးကို ယူပြီး ကိုဖိုးအေးထံ ထွက်လာသည်။

ကိုဖိုးအေးကတော့ အေးရာအေးကြောင်းပင်၊ တဲအပြင်၌ ပုလွေလေးမှုတ်ပြီး သီချင်းညည်းနေသည်။

"ကိုဖိုးအေး"

"ဩော် ... ဝသုန် လာလေ"

"ရော့ ... ဒါတွေ ခင်ဗျားပဲယူလိုက်တော့"

"ဟာ ... ဘာလဲကွ။ မင်းဟာကလည်း ရုတ်တရက်ကြီး"

"ဒါတွေ ခင်ဗျားဝတ်တဲ့အချိန် ကျွန်တော့်ကို မမြင်စေနဲ့"

"ဟ ... ရေမွှေးက မိုက်လှချည်လားကွ"

ကိုဖိုးအေးသည် ပြောပြောဆိုဆိုပင် ရေမွှေးကို ကိုယ်ပေါ် ဖြန်းလိုက်သည်။

နှင်းဆီရနံ့သည် သူ့ထံ စူးခနဲရောက်ရှိလာသည်။

"ဟင်"



ဒီရနံ့ ... ဒါ ... ဒါမျိုး ပေဖေ့ထံမှ ရဖူးသည်။

ပေဖေ ... ။

မှန်သည်။ ထို့ကြောင့် ထိုရေမွှေးရနံ့ကို စရှုမိစဉ်က ရင်းနှီးနေသလို ခံစားခဲ့ရဖူးသည်။

"ဘယ်သူ ပေးထားတာလဲ"

"မုတ်သုံ"

"ဒီသမီးယောက်ဖ နှစ်ယောက် သိပ်ကိုချစ်နေကြတယ်ပေါ့လေ ဟုတ်လား"

"သမီးယောက်ဖ ... ဟုတ်လား"

"ဝင်းဝါက မင်းရဲ့နှမလေးလိုဆို၊ မုတ်သုံက မင်းယောက်ဖ ဖြစ်လာမှာပဲလေ"

"ဘာ ... ဝင်းဝါက မုတ်သုံနဲ့ ... ဟုတ်လား"

"ဟာ ... မင်း မသိဘူးလား"

သူ အံ့ဩသွားသည်။ အံ့ဩလွန်း၍ ဘာပြောရမှန်းပင် မသိ တော့ပါ။

"မသိဘူး၊ ဒါဆို ဝင်းဝါကို လာတောင်းတယ်ဆိုတာက ဝင်းဝါ ရည်းစားမဟုတ်ဘူးပေါ့"

"ဘယ်က ဝင်းဝါရည်စား ဟုတ်ရမှာလဲ။ မကြားဖူးပါဘူးကွာ။ ါမှာ ရည်းစားရှိတယ်လို့၊ ရပ်ကွက်ထဲ မပြောကြပါဘူး။ ရည်စား န်ရင် မသိရှိမလားကွ။ မလှဝင်းပါးစပ်တစ်ပေါက်နဲ့တင် တစ်ရပ်ကွက် နံ့နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ မှတ်သုံကို ပို၍ သံသယဝင်လာသည်။

ဘာသဘောလဲ။

မှတ်သုံသည် မရိုးသားပါဘူးဟု ရင်ထဲ ခံစားမိသော်လည်း သူသာ အခြားသူအပေါ် သံသယများနေခြင်းဖြစ်မယ်ဟု စိတ်ထဲ ဖြေလျှော့ခဲ့သည်။

သို့သော် ယခုလို မှတ်သုံအကြောင်း ထပ်သိရသောအခါ သံသယက ဆက်၍ပွားချင်လာသည်။

"မှတ်သုံနဲ့များ ဝင်းဝါက ကြိုက်နေသလား"

"ကြိုက်နေရင် ရပ်ကွက်က သိမှာပေါ့ကွ။ ဖိုနဲ့မဆက်ဆံရေး လယ်ပြင်ဆင်ပြေးတာထက် ရှင်းနေတဲ့ဟာကို။ မင်းနားမလည်လည် နားမလည်လောက်ပါတယ်။ အဲဒီမြို့သားကို ငါတို့ကိုယ်တိုင်လည်း နားမလည်ဘူးကွ"

"ငါတို့ ဟုတ်လား"

"မင်းပဲစဉ်းစားကြည့်ကွာ။ မိန်းမ လာတောင်းတာပဲ။ မိဘ ပါမလာဘူး။ အဖေလုပ်သူက နိုင်ငံခြားထွက်သွားတယ်လို့ ဆင်ခြေ ပေးပါဦးကွာ။ အမေကိုတော့ ခေါ်လာသင့်တာပေါ့။ ဟွန်း … မြို့သား က အလိမ်အညာကြီးလားတောင် မသိဘူး။ အမေက နာမည် သီဂီကို ပိုင်လို့သာပဲ။ အမှန်ရော ဟုတ်ရဲ့လားမသိဘူး။ ငါတို့ မလိုက်နိုင်ဘူးဆိုတိုင်း စွတ်စက်ပြောနေတာ နေပုံပါ"

"သီဂီ … ဟုတ်လား"

အရင်တစ်ခါက ဝင်းဝါပြောသံကို ကြားခဲ့ဖူးသည်။

•———ရှုေသာ———•



သို့သော် အမှတ်တမဲ့သာဖြစ်သည်။

ကိုဖိုးအေးထံမှ သီဂီဆိုသောနာမည်ကို ဒုတိယအကြိမ် ကြားရသောအခါ ရင်ထဲ တစ်မျိုးကြီးခံစားရ၏။

ထိုနာမည်ကို ရင်းနှီးနေသည်။ ဘယ်မှာကြားခဲ့ဖူးပါလိမ့်။ ဝင်းဝါ ပြောတုန်းကများ ရင်ထဲ အသေမှတ်ထားမိတာလား။

"ကွမ်းဖိုးငွေသိန်းတစ်ရာတဲ့ ဒေါ်ကြီးလုမေအတွက်တော့ ချက်လုံးပြူးလောက်တဲ့ ပမာဏပေါ့ကွာ။ ဝင်းဝါက ကောင်းစားတာ တော့ ကောင်းစားတာပေါ့။ ဒါပေမဲ့ ငါ့စိတ်ထဲ ထင်နေတာရှိတယ်"

စိတ်နှင့်ကိုယ်က သိပ်မကပ်ချင်လှပေ။ အကြားအာရုံက ကိုဖိုးအေးထံ ရောက်လိုက်၊ သီဂီရွှေဆိုင်ရောက်လိုက်၊ ဝင်းဝါထံ ရောက် လိုက်ဖြင့် လူးလားခေါက်တုံ့ဖြစ်နေပေသည်။

"ဝင်းဝါက မလှဝင်းရဲ့အိမ်မှာ သွားငိုနေရှာတယ်တဲ့"

ဝင်းဝါက ငိုတယ်ဆိုပါလား။ ဝင်းဝါသည် အငိုလွယ်သော မိန်းကလေးမျိုး မဟုတ်ပေ။ ဘာကြောင့် ငိုတာတဲ့လဲ။ ပြီးတော့ သူများ အိမ်ကြီးမှာ။

"ငါ့အထင်တော့ ဝင်းဝါက အဲဒီမြို့သားကို မကြိုက်ဘူး ထင်တယ်"

ကိုဖိုးအေး၏စကားဆုံးသွားသောအခါ မေးခွန်းများစွာသည် ခေါင်းထဲ ဝင်လာသည်။

ဘကြီးနှင့်ကြီးကြီးတို့ မျက်နှာ မသာမယာနှင့်ရှိနေကြသည်။ ထားပါ။ သမီးပေးရ၍ နှမြောနေကြတာ ဖြစ်မယ်ဟု လျှော့၍

•———ရှုေသာ———•

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဝင်းဝါနှင့် မုတ်သုံတို့က ရည်ငံတာလည်း မဟုတ်ဘဲနဲ့ မုတ်သုံက ဘာလို့ ဝင်းဝါကို လာမြန်းရတာလဲ။ မုတ်သုံက ဘာသဘောလဲ။ ဝင်းဝါကရော ဘာလို့မငြင်းတာလဲ။ ပထမတော့ သူထင်တာက ခပ်ရိုးရိုးပင်။ ဝင်းဝါနှင့်မုတ်သုံတို့ အနေနီးစပ်၍ ချစ်သွားကြသည်။ ဒါကြောင့် မုတ်သုံက လာရောက်တောင်းရမ်းသည်။

ခုတော့ ဝင်းဝါက ငိုနေသည်တဲ့။ ပြီးတော့ မုတ်သုံရဲ့မျက်လုံးတွေ။

မုတ်သုံက ဘယ်လိုလူမျိုးလဲ၊ ဘယ်မိသားစုကလဲဆိုတာ မုတ်သုံ အပြောသာ သိရသည်။ လက်တွေ့မြင်ရဖူးသည် မရှိချေ။ ရောက်လာတဲ့ငွေပမာဏကို ကြည့်ပြီး ဟုတ်လောက်တယ်ဟု အထင်ဖြင့် ဝင်းဝါကို ထိုးပေးပါက ဝင်းဝါသည် အလွယ်တကူ ဝယ်၍ရသော ဟင်းရွက်ကန်စွန်းဖြစ်သွားနိုင်သည်။

ဝင်းဝါသည် သူ တန်ဖိုးထားရသော လူတစ်ဦးဖြစ်သည်။

ထို့ကြောင့် ဤသို့အဖြစ်မခံနိုင်ချေ။ အချိန်မီ တားမှဖြစ်မည်ကို သူ ရိပ်စားမိလာသည်။

"ကိုဖိုးအေး … ကျွန်တော် ရွာထဲဝင်လိုက်ဦးမယ်ဗျာ"

"ဟ … ဘာလဲဟ ရုတ်တရက်ကြီး"

"ဟုတ်တယ်။ ကျွန်တော် ခုပဲ သွားမှဖြစ်မယ်။ တော်ကြာ အချိန်မမီဘဲ နေဦးမယ်။ တဲဘက်ခဏကြည့်ပေးလိုက်ပါဦးဗျာ"

"အေးပါကွာ … သွားပါ"

ပုဆိုးကို ပလွယ်သိုင်းကာ ထွက်လာသည်။

•——မှူးအောင်——•



နေဝင်သွားပြီမို့ ပတ်ဝန်းကျင်သည် မှောင်မည်းစပြုလာသည်။ သူ့စိတ်ထဲလည်း ချီတုံချတုံဖြစ်မိသည်၊ သူက စေတနာနဲ့ပြောပါပြီတဲ့ ဝင်းဝါက လက်ခံပါ့မလား၊ ဝင်းဝါက လက်ခံတယ်ထားဦး။ ကြီးကြီးက သူ့ကို ဖျက်လိုဖျက်ဆီးလုပ်တယ်ဟု ထင်လေမလား၊ ထင်တာက ကိစ္စမရှိပေမယ့် တားဆီးလာရင် ဘယ်လိုလုပ်မလဲ။ ယုံကြည်ချက်တွေပင် ပျက်ပြားချင်လာသည်။

သွားပြီး သတိပေးရကောင်းနိုး၊ လှည့်ပြန်ရကောင်းနိုး၊ သို့သော် သူ့မျက်စိရှေ့တွင် ဝင်းဝါ ဒုက္ခဖြစ်သွားမည့်အရေးကိုတော့ သူ မျက်စိမှိတ်မနေနိုင်ချေ။ သတိဆိုတာမျိုးက ပိုတယ်ဟူ၍ မရှိပါ။

သုတ်ချေတင်ပြီး ထွက်လာသည်၊ ရွာအဝင် ကုက္ကိုပင်ရှေ့အရောက်တွင် ကုက္ကိုပင်အောက် လှဲနေသော အဘိုးအိုနှင့်ဆုံသည်၊ အဘိုးအိုသည် မသွားနိုင် မလာနိုင်၊ အားပြတ်နေပုံပေါ်သည်။ သစ်မြစ်ဆုံကို ခေါင်းတင်ပြီး အိပ်နေလေ၏။ အင်္ကျီကလည်း ခပ်ပါးပါးပင်။

မကြာခင် မှောင်တော့မှာကို ဘာလုပ်နေတာလဲ။

"အဘိုး … အဘိုး"

သူ အသံပြုလိုက်သောအခါ အဘိုးအိုက မျက်လုံးဖွင့်ကြည့်လာသည်။

"မှောင်တော့မယ်လေ၊ ရွာထဲဝင်မလို့လား"

အဘိုးအိုက ခေါင်းရမ်းပြသည်။

သူ ထိုအဘိုးအိုကို အကဲခတ်လိုက်သည်။ ရွာထဲက ဟုတ်ပုံမရချေ။ ရွာထဲတွင် ထိုသို့ သက်ကြီးရွယ်အိုများကို လက်ချိုးရေတွက်

•——မှူးအောင်——•

www.burmeseclassic.com

www.burmeseclassic.com



၍ ရနိုင်သည်။ ထိုအဘိုးအိုသည် သက်ကြီးပူဇော်ပွဲ၌ ဂန်တော့ခံ ပုဂ္ဂိုလ်အရွယ်မျှရှိသည်။

အနည်းဆုံး မရှိဘူးဆို ရှစ်ဆယ့်ငါးနှစ်ခန့် ရှိမည်ဟု ခန့်မှန်းမိသည်။

“အဘိုး နေရတာ အဆင်ပြေရဲ့လား”

အဘိုးအိုက ခေါင်းညိတ်ပြပြန်သည်။ ထို့ကြောင့် အဘိုးအိုကို ကျော်လွန်လာပြီး ရွာထဲသို့ ဝင်လာသည်။

ဆံပင်ညှပ်ဆိုင်လည်း ပိတ်ထားပြီဖြစ်သောကြောင့် အခြောက်တွေရဲ့ အန္တရာယ်လွတ်ကင်းသွားသည်။

အိမ်သို့ရောက်သောအခါ အိမ်ကြီးသည် မှောင်မည်းနေသည်ကို သတိပြုမိသည်။ ဘာကိစ္စကြောင့် မီးမထွန်းထားတာလဲ။ ဘယ်သူမှ မရှိကြဘူးလား။

“ဝင်းဝါ ... ဝင်းဝါ”

သူက အသံပြုသောအခါ ဝင်းဝါက ပြတင်းပေါက်မှ သူ့ကို ရပ်ကြည့်လာသည်။

ဝင်းဝါက သူ့ကို မြင်သွားသောအခါ အိမ်ပေါ်မှ ပြေးဆင်းလာ၏။

“ဘာဖြစ်လို့လဲ ဝသုန်၊ လယ်ထဲမှာ ဘာပြဿနာရှိလို့လဲ”

“လယ်ထဲက အေးချမ်းတယ်။ ဘာမှမဖြစ်ဘူး။ နင့်မျက်လုံး ဘာဖြစ်နေတာလဲ။ ငိုထားတာလား”

“ဘာမှမဖြစ်ပါဘူး။ ပင့်ကူမျှင်တွေ သိမ်းထားတာ။ [illegible]



အမှိုက်ဝင်တာ”

မညာတတ်ဘဲ ညာနေသော ဝင်းဝါကို သူ ကရုဏာသက်စွာ ကြည့်ပြန်သည်။

“ကြီးကြီးတို့ရော”

“လူကြီးအိမ်သွားတယ်”

ဝင်းဝါ၏အသံက ခပ်အစ်အစ်ဖြစ်သည်။

ထိုအသံကြောင့် သူ့ရင်ထဲလည်း မကောင်းလှပေ။

“မုတ်သုံရော”

“တည်းခိုခန်းမှာနေမှာပေါ့”

မုတ်သုံသည် တည်းခိုခန်းမှာ တည်းလိမ့်မည်ဟု သူ ထင်ထားပေ၏။ ခုလို အလိုက်တသိဖြင့် တည်းခိုခန်းသွားတည်းပေးသည့်အတွက် ကျေးဇူးတင်မိသည်။

မုတ်သုံမရှိတော့ ပို၍ ပြောရဆိုရ လွတ်လပ်သည်ဟု ထင်သည်။

“နင်တို့ ဘယ်တော့လက်ထပ်မှာလဲ”

သူ့ကို ဝင်းဝါက မယုံနိုင်စွာ မော့ကြည့်လာသည်။ ပတ်ဝန်းကျင်က မှောင်နေပြီဆိုသော်ငြား ဝင်းဝါ၏ မျက်လုံးတွေ လင်းလက်နေသည်ကို သူ သတိပြုမိလိုက်၏။

“နင် သတိရလာပြီလား ဝသုန်”

လောကတွင် သူ့ကို ဂရုစိုက်မည့်သူ ဝင်းဝါတစ်ယောက်တော့ ရှိနေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကိုမှတ်မိသွားပြီလား။ ငါ့ကို နင် သိသွားပြီပေါ့နော်"

"ကြာပါပြီ။ ငါ သတိရလာတာကို။ နင့်မင်္ဂလာပွဲလောက် ဘယ်သူမှ စိတ်မဝင်စားကြဘူး။ ငါ အခု လာတာလဲ။ အဲဒီမင်္ဂလာပွဲ ကိစ္စပဲ"

"မင်္ဂလာပွဲမဟုတ်သေးပါဘူး။ လာရောက်ကြောင်းလမ်းတာပါ"

"မှတ်သုံကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

"မှတ်သုံကိုသာ လက်မထပ်ရင် အားလုံးက ငါ့ကို အရူး ပြောမှာပေါ့။ ကွမ်းဖိုးသိန်းတစ်ရာဆိုတာ ငါတို့နယ်မှာ ကြားဖူးလို့လား ပြီးတော့ ရုပ်ရည်၊ မျိုးရိုး၊ ငွေကြေး၊ ပညာအရည်အချင်း ဘာမှ ပြောစရာ မရှိတဲ့လူကို ငါက ဘာအကြောင်းပြချက်နဲ့ ငြင်းရမှာလဲ"

"နင် သူ့ကိုချစ်ရဲ့လား"

"နောက်တော့လည်း ချစ်သွားမှာပါ"

"ငါမေးနေတာက အခုအခြေအနေကိုပါ။ နင် အခု သူ့ကိုချစ် ရဲ့လား"

"ချစ်တယ်ဆိုတာကို ငါ မသိဘူး။ တူနှစ်ကိုယ် တဲအိုမှာ မှာနေတာ၊ ဆူးခင်းလမ်းတောင် လျှောက်ရဲတာက အချစ်လို့ ခေါ်တယ် တဲ့။ သူက ပန်းခင်းလမ်းမှာ သိပေမယ့် သူဆီသွားရမှာ ငါ သိပ်မရဲဘူး"

"သူက ပန်းခင်းလမ်းဆိုတာ နင်က ဘယ်လိုသိသလဲ"

"ငါ ရှင်းပြနေဖို့မလိုတော့ဘူးထင်တယ် ဝသုန်"

"အားလုံး သူ့အပြောတွေချည်းပဲ မဟုတ်လား။ လူပျိုဆိုတာ ခေါင်းမှာ သ ချ ဖူးဆောင်းထားတာ မဟုတ်ဘူး၊ သူ့မိသားစုအကြောင်း



နင် ဘယ်လောက်သိလို့လဲ"

ဝင်းဝါ ငြိမ်ကျသွားသည်။ သူ သက်ပြင်းချမိသည်။

"ငါ တန်ဖိုးထားရတဲ့လူတစ်ယောက်ကို ဟင်းရွက်ကန်စွန်း အဖြစ်မခံနိုင်ဘူး။ ညှို့သည်တစ်ယောက်ကို အပေါ်ယံကြည့်ပြီး မယုံနဲ့။ နင် ငါ့ကိုမုန်းချင်လည်း မုန်း။ ငါကတော့ ပြောစရာရှိတာကို ပြောမှာပဲ"

"မမုန်းပါဘူး။ အရင်တစ်ခါ ငါ နင့်ကိုပြောခဲ့ဖူးတာကိုလည်း တောင်းပန်ပါတယ်။ နင် ငါ့ကို စေတနာနဲ့ပြောမှန်းလည်း သိပါတယ်"

"ငါ့မှာချမ်းသာတာဆိုလို့ နင့်အပေါ်ထားနိုင်တဲ့ စေတနာတွေ ပဲ ရှိတယ်။ စေတနာဆိုတာ မမြင်နိုင်တဲ့ စိတ်ထဲကခံစားချက်မို့ ဒါကို သက်သေမထူချင်ပါဘူး"

"ငါ သိပါတယ်"

"ပြီးတော့ နင်ကောင်းစားမယ့်အရေးဆို ငါကလည်း မတား ရက်ပါဘူး"

"ငါ ဘာလုပ်ရမလဲ ဝသုန်"

"သူ့နောက်ကြောင်းကို စုံစမ်းသင့်တယ်"

"သူ့နောက်ကြောင်း ... ဟုတ်လား"

"သူပြောတာတွေ မှန်မမှန် စုံစမ်းသင့်နေပြီ။ သတိဆိုတာ ဖိုတယ်မရှိပါဘူး။ သား မိန်းမတောင်းတဲ့ကိစ္စမှာ မိဘတွေ ဘာလို့ ပါမလာရတာလဲ။ ပြီးတော့ သူက နင်နဲ့ရည်ငံတာလည်း မဟုတ်ဘဲနဲ့ ဘာလို့ ရုတ်တရက်လာခဲ့တာလဲ။ အားလုံးက သံသယဝင်စရာတွေ ချည်းပဲ။ ပြီးတော့ ငါနားမလည်တာက နင် ... နင်က ဖြစ်လို့

www.burmeseclassic.com



လက်ခံလိုက်ရတာလဲ"

"ငါက အသုံးမကျကဲ့လူပါ ဝသုန်။ နင်ရှိလို့သာ အဖေနဲ့အမေက သက်သောင့်သက်သာ နေနိုင်တာပါ။ တစ်သက်လုံး ကျောင်းတက်၊ နင်တို့ရှိသမျှလေး ရောင်းချပေးရတယ်ဆိုတာ ငါ သိတယ်။ ငါကြောင့် နင်လည်း ပင်ပန်းတယ်"

"ငါ့ကို ထည့်မတွက်ပါနဲ့"

"မတွက်လို့ မရဘူး ... ဝသုန်၊ နင်က ငါတို့မိသားစုတစ်ပိုင်း ဖြစ်နေပြီ။ ဘာလုပ်အားခမှလည်း မယူဘဲ ဝိုင်းလုပ်ဝိုင်းစားနေတာ၊ ငါကတော့ ..."

"ဒါတွေ မတွေးပါနဲ့၊ ငါက အဲဒါလေးကိုပဲ ပျော်နေတဲ့ကောင်ပါ"

"ငါ ကျေးဇူးဆပ်ချင်တယ် ဝသုန်"

သူ မျက်မှောင်ကြုတ်သွားသည်။ ဝင်းဝါက ဘာပြောလာဦးမလဲဟု နားစွင့်မိပြန်သည်။

"ငါ သူ့ကို ယူလိုက်ရင် အမေ သိန်းတစ်ရာ ကွမ်းဖိုးစားရမယ်၊ ရပ်ကွက်ထဲ ခေါင်းမော့ပြီးနေနိုင်မယ်။ ပြီးတော့ ငါက နောက် ...ထောက်အပံ့ဖြစ်လာနိုင်တယ်။ ပြီးတော့ နင့်မိသားစုကိုလည်း ရှာ ပေးနိုင်မယ်၊ လောကမှာ ငွေက ဘုရင်ပါ"

"ငါ့မိသားစုကို ရှာပေးချင်ရုံသက်သက် နင် သူ့ကို လက်ခံ တယ်ဆိုရင် ငြင်းလိုက်ပါ ဝင်းဝါ၊ နင့်ရဲ့မျက်ရည်တွေနဲ့ရင်းမှ ရလာ မယ့် အဲဒီပျော်ရွှင်မှုကို ငါ မလိုချင်ဘူး။ နင်က ဘယ်လိုပဲစိတ်ကူးထား ပါစေ ... ခွင့်မပြုချင်ဘူး။ သေချာပေါက် အဲဒီကောင်ရဲ့ နောက်





ကြောင်းကို စုံစမ်းရမယ်၊ ငါ သူနေတဲ့ မန္တလေးမြို့ကို သွားမယ်။ သူ ပြောသမျှတွေ မှန်,မမှန် အတည်ပြုပြီးမှ ငါ ပြန်လာခဲ့မယ်။ ငါ ဆုံးဖြတ်ပြီးပြီ"

"လယ်ကရော"

"ကိုဖိုးအေးရှိသားပဲ၊ ခုလည်း ငါက အကျိုး၊ ဘာလုပ်နိုင်လို့လဲ"

"လက်ကနာတုန်းပဲလား"

"မသေလောက်ပါဘူး၊ သွား ... မီးသွားထွန်းလိုက်ပါ၊ အိမ်ကြီးတ မှောင်မည်းနေတာပဲ"

"သူ့အကြောင်းတွေသိသွားရင်တော့ တကယ်လည်း မှန်တယ်ဆိုရင် ငါ သူ့ကို လက်ထပ်ရတော့မှာပေါ့နော်"

"သင့်တော်တာပေါ့။ သူလိုလူမျိုးကို ငြင်းမိရင် နင် နောင်တရနေမှာပေါ့"

"ငြင်းသည်ဖြစ်စေ၊ လက်ခံသည်ဖြစ်စေ နောင်တရမှာချည်း အတူတူပါပဲ၊ သူက နောက်ကြောင်းမရှင်းတဲ့လူ ဖြစ်ပါစေလို့တောင် ဆုတောင်းကောင်းပေမယ့် ဆုတောင်းချင်မိတယ်"

သူ့ရင်ထဲ မကောင်းပေ။ ဝင်းဝါ၏မျက်လုံးတွေကို သူနှလုံးသား ... ဖတ်တတ်နေသည်၊ သို့သော် ထိုအရာကို လက်ခံလိုက်ဖို့ မသင့်ချေ၊ လူ့အဖွဲ့အစည်းတွင် မသင်ထားပါပဲ လိုက်နာသင့်တဲ့ သဘောတရားများစွာ ရှိသည်၊ အရိပ်နေနေ အခက်ချိုးချိုးဆိုသော ကျေးဇူး... ...န်းသမားလည်း မဖြစ်လိုပေ၊ လှပစွာပွင့်လန်းတော့မည့် ပန်းကိုအငုံ



www.burmeseclassic.com

www.burmeseclassic.com



ဘာ၀၌ ခူးမပစ်နိုင်ပါ။

"ဟင် ... ဝသုန်"

"ဩော် ... ကြီးကြီးနဲ့ဘကြီး ပြန်လာကြပြီလား"

"ဒါနဲ့ မိုးကြီးချုပ်ချုပ် ဘာလာလုပ်တာလဲကွ။ ဘာအရေးကြီး

လို့လဲ"

"ကျွန်တော် မန္တလေးသွားမယ် ဘကြီး"

"ဟေ ... ရုတ်တရက်ကြီးပါလား။ ဘာလဲ မုတ်သုံခေါ်လို့

လား"

"ဗျာ"

"ခုပဲ မုတ်သုံထွက်သွားတယ်လေ။ ဘကြီးတို့နဲ့တောင် လမ်းထိပ်

မှာ တွေ့လာသေးတယ်"

သူရော ဝင်းဝါပါ အံ့သြသွားကြသည်။

မုတ်သုံသည် သူတို့ထံ ရောက်မလာခဲ့ပေ။ သို့သော် အိမ်ရှေ့

သို့ ရောက်လာတာ ဖြစ်မည်။ ဒါကို သူတို့ပြောသမျှ နားထောင်ပြီး

ထွက်သွားတာပေ့ါ။

ဘာလို့ စကားဝိုင်းထဲဝင်မလာတာလဲ။

"မင်း ဘာများပြောလိုက်သေးသလဲ ဝသုန်။ မုတ်သုံရဲ့မျက်နှာ

လည်း မကောင်းဘူး"

သူ့ရင်ထဲ တစ်ခုခုကို သဘောပေါက်သလို ရှိလာ၏။ ဘာ

စိုးရိမ်မှန်းမသိသော်လည်း တစ်ခုခုကို စိုးရိမ်မိသွားသည်။

"မင်း မန္တလေးလိုက်သွားမှာက အရေးမကြီးဘူး။ လယ်



ဘယ်လိုလုပ်မလဲ။ လယ်သိမ်းပြီးမှ သွားပါကွာ။ ဘာလဲ မုတ်သုံက

မင်းကို ဆေးကုပေးမလို့တဲ့လား။ မင်းနယ်ကွယ် ရှာရှာကြံကြံ အတိတ်

မေ့ရောဂါမှ ဖြစ်ရတယ်လို့"

"ကျွန်တော် ပြန်ကောင်းသွားပါပြီ ဘကြီး"

"ဟေ ... ဟုတ်လား ... အေး ... မင်းရောဂါက ညာ

နေသလိုပါပဲလား။ အေးအေး ... ပြန်ကောင်းသွားတော့လည်း ကောင်း

တာပေ့ါကွာ"

"ဒါနဲ့ မင်းက ဘာကိစ္စ တဲမှာမနေဘဲ ဒီအချိန်ကြီး အိမ်

ရောက်နေရတာလဲ"

ဟု ကြီးကြီးက မေးသောအခါ သူက ဝင်းဝါကို လှည့်ပြန်

ကြည့်သည်။

"နင်ပဲပြောပြလိုက်တော့ ဝင်းဝါရေ။ ကဲ ... ကျွန်တော် ပြန်

မယ်"

ဟုသာ ခပ်တိုတိုပြောကာ ပြန်လာသည်။

ရင်ထဲမှာတော့ မရှင်းချေ။ မုတ်သုံက ဘယ်လိုလူမျိုးလဲ။ သူနဲ့

ဝင်းဝါပြောသမျှကို နားထောင်ပြီး ဘယ်လိုကောက်ချက်ချသွားသလဲ။

အကယ်၍သာ မုတ်သုံက လူကောင်းတစ်ယောက်ဆိုလျှင် ဝင်းဝါ၏

အနာဂတ်ကို ဖျက်ဆီးသူမှာ သူကိုယ်တိုင် ဖြစ်နေတော့မည်။

သူ့ရင်ထဲ ရှုပ်ထွေးမှုများစွာဖြင့် ခြေလှမ်းတို့က မခိုင့်တနိုင်။

"ဟင်"

ကုက္ကိုပင်အောက်မှ အဘိုးအိုသည် ယခုချိန်ထိ နေရာ၌

www.burmeseclassic.com

www.burmeseclassic.com



မရွေ့သေးပေ။

ချမ်းလွန်း၍ထင်သည်။ ခပ်ကုတ်ကုတ်ကလေး အိပ်နေရှာ၏။

သေများသွားပြီလား။

"အဘိုး ... အဘိုး"

သူက ခေါ်သောအခါ အဘိုးအိုက လှုပ်လာသည်။

ပတ်ဝန်းကျင်သည် မှောင်နေပြီဖြစ်၏။ ထို့ကြောင့် အဘိုးအို ဘယ်လိုပုံစံဖြစ်နေသလဲဆိုတာ သူ မမြင်နိုင်ပေ။

"အဘိုး"

ကိုယ်ကို လှုပ်နှိုးလိုက်သည်။ အဘိုးအို၏ အသားကို လက်နှင့် ထိမိသောအခါ အေးစက်နေပေသည်။

"အဘိုး ဘယ်သွားမလို့လဲ"

မေးသော်လည်း ဖြေသံကိုမှ မကြားရပေ။

ထို့ကြောင့် သူဝတ်ထားသော အကျီအနွေးကို အဘိုးအိုအား ခြုံပေးသည်။

မဖြစ်ပါ။ ဒီအတိုင်းပစ်ထားခဲ့ပါက အဘိုးအိုသည် နောက်ရက် မနက်ထိ အသက်ရှင်နိုင်တော့မှာ မဟုတ်ပေ။

စကားမေးလည်း မဖြေနိုင်တော့မယ့်အတူတူ မထူးဘူးဟု သဘောပိုက်ကာ အဘိုးအိုကို ကုန်းပိုးလိုက်သည်။

"ကျွန်တော့်တဲကို လိုက်ခဲ့ပါ။ တစ်ညအိပ်ပြီးမှ အဘိုးသွားချင်ရာကို သွားပေါ့"

အဘိုးအိုက သူ့ကျောကို လက်နှင့် ခပ်ဖွဖွပုတ်ပြီး အချက်ပြ



သည်။ အဘိုးအိုကြီးကို ကရုဏာသက်မိသည်။

ဘယ်ကလာပြီး ဘယ်ကိုသွားမလဲဆိုတာမျိုးကို စိတ်ဝင်စားသည်။ ဒီအသက် ဒီအရွယ်ကြီးကို ခရီးလွှတ်တတ်သော အဘိုး၏ သားသမီးများကိုလည်း ဒေါသဖြစ်မိသည်။

သူကရော ...၊ သူ အသက်ကြီးလာရင်ရော ...၊ မေးခွန်းတွေက ဘယ်က ဘယ်လို ဝင်ရောက်လာမှန်းမသိပေ။

အဘိုးအိုသည် ပိန်လှီနေသော်လည်း ကြာကြာပိုးလာရသော သူ့အဖို့ ချွေးများပင် ထွက်လာသည်။

လကလည်း မသာပေ။ ထိကရုန်းဆူးများသည် ခြေဖဝါးထဲ တစ်ချက် တစ်ချက် စူးဝင်သွားသောအခါ အီခနဲဖြစ်သွားသည်။ မြင်သီးများသည် ပုဆိုးတိုတိုကိုပင် ကပ်နိုင်လွန်းသဖြင့် ပုဆိုးကိုပါ စလွယ်သိုင်းလိုက်သည်။

တစ်ချက် တစ်ချက် တိုက်လိုက်သော လေထုက ခခနဲကျင်သွားသည်။

ခါတိုင်း နာရီဝက်မျှ လျှောက်ရသောခရီးသည် နာရီသုံးဆယ် ကြာလေရော့သလားဟု ထင်မိသည်။

တဲသို့ရောက်သောအခါ အဘိုးအိုကို ချပေးသည်နှင့်တစ်ပြိုင်နက် လဲချလိုက်မိသည်။

"လူလေးကို အားနာပါတယ်ကွယ်။ အဘိုး လမ်းမလျှောက်နိုင်တော့လို့ပါ"

အဘိုး၏အသံက ခပ်တုန်တုန်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက အဘိုးအိုကို အားနာသွားပြန်သည်။

ဘယ်လောက်ပဲမောနေပါစေ သူ ဟန်လုပ်ကာ မမောဟန်ပြု နေရမည် မဟုတ်ပါလား။

"ရာသီဥတုက အေးတယ်။ မနက်ဆိုလည်း နှင်းတွေကကျနေပြီ။ အဘိုးတစ်ယောက်တည်း ဘယ်သွားမလို့လဲ"

သူ ပြောပြောဆိုဆိုပင် ခြောက်တိုင်ထုပ်ထဲမှ ဖယောင်းတိုင်ကို ယူလိုက်ပြီး မီးညှိလိုက်သည်။ အလင်းရောင်ရသောအခါမှ အဘိုးအို၏ မျက်နှာကို ပြတ်ပြတ်သားသား မြင်ရတော့သည်။

အဘိုးအိုသည် နှုတ်ခမ်းတွေ ဖြူလျော့နေ၏။ အစားအစာလည်း စားရသေးပုံမပေါ်ချေ။

ထို့ကြောင့် ကျန်ရှိနေသော ထမင်းကျွေးရန် ပြင်သည်။

မနက်တည်းက ချက်ထားသော ထမင်းမို့ အေးခဲနေသည်။

ဟင်းဆိုသည်ကလည်း ဖွယ်ဖွယ်ရာရာမရှိချေ။

ထို့ကြောင့် မီးမွှေးပြီး ထမင်းကို ရေနွေးပြုတ်သည်။ ပြီးနောက် ကြပ်ခိုးစင်ပေါ်တင်ထားခဲ့သည့် ငါးခူလေးနှစ်ကောင်ကို အရိုးနွှင်ပြီး အိုးထဲခတ်သည်။

ပြီးနောက် အဘိုးအိုရှေ့ အိုးအလိုက်ချပေးလိုက်၏။

အဘိုးအိုသည် ကြေးဖွန်းလေးဖြင့် အားပါးတရသောက်နေရှာသည်။ နှုတ်ခမ်းသားပေါ် ထမင်းစေ့ပေနေသော အဘိုးအိုကို ကြည့်ရင်း သူ မျက်ရည်ဝဲလာခဲ့သည်။

"အဘိုး ဘယ်ကနေလာခဲ့တာလဲ"





"နောင်ကိုင်တော်က လာတာပါ။ ပင်လုံရွာထိပ်ထိ ကားကြုံစီးပါရစေလို့ပြောခဲ့တာ။ ရွာထိပ်မှာပဲ ချသွားတယ်။ ဒါပေမဲ့ အဘိုးရဲ့သားက ရွာထဲမှာ မရှိတော့ဘူး။ အိမ်နီးနားချင်းတွေကတော့ ဆုံးရှာပြီလို့ ပြောတယ်။ အိမ်လည်း မရှိတော့ဘူး"

သူကရော အသက်ကြီးလာရင် ထိုအဘိုးကြီးလိုများဖြစ်လေမလား။ မောင်နှမ သားချင်းလည်း မရှိ၊ သွေးသားတော်စပ်သူလည်း မရှိ။ မိဘလည်း မရှိနှင့်။

"အဘိုးမှာ ... မင်းပေးတဲ့ အသက်ပဲရှိပါတော့တယ် မောင်ရင်ရယ်။ ခုဆို အဘိုး ထမင်းမစားရတာ ငါးရက်ရှိပြီ။ သူများဆီ တောင်းပြီးလည်း မစားဝံ့ပါဘူး။ အသက်လည်း ကြီးလှပါပြီကွယ်"

"ဒီကနေ အဘိုး ဘယ်သွားမှာလဲ"

"ကျောင်းတစ်ခင်းစာ ဇရပ်တစ်ခုခုရှိရင် ရပါပြီကွယ်။ မောင်ရင်တာ ကူညီလက်စနဲ့ ဇရပ်ရှိနိုင်လောက်တဲ့ နေရာကိုသာ အဘိုးအိုကို လမ်းညွှန်ပေးပါ"

"သွားစရာမရှိရင် ဒီမှာပဲနေပါလား ... အဘိုး။ ကျွန်တော်က ဒီမှာ တစ်ယောက်တည်းနေတာ"

"တော်ပါပြီ မောင်ရင်ရယ်။ အဘိုးအတွက်နဲ့ မောင်ရင် အလုပ်ရှုပ်နေပါ့မယ်။ ဒီအရွယ်ကြီးရောက်မှတော့ ဘယ်သူ့ကိုမှဒုက္ခမပေးချင်တော့ပါဘူး။ အဘိုးက သေလူပါ။ သေဖို့ရက်ကိုပဲ မျှော်နေရတော့တာပါ။ လူရယ်လို့ဖြစ်လာရင် မွေးပြီးသေ၊ မသေခင်ကာလတစ်လျှောက်မှာလည်း ရင်ဆိုင်လိုက်ရတဲ့ ဒုက္ခ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချိန်မှ သံဝေဂတရားတွေက အသိတဲ့ အပြေးအလွှား ရောက်လာတော့တာပဲ"

"အဘိုး ... ရေနွေးသောက်ပါဦး"

သူက ရေနွေးကို ကမ်းပေးလိုက်သောအခါ အဘိုးအိုက လှမ်းယူပြန်သည်။

"ဟော့ ... ဝသုန် ... ဝသုန်"

"ဗျို့"

ကိုဖိုးအေး၏အသံဖြစ်သည်။ အာရုံစိုက်လိုက်ရာ ခြေသံတနှစ်သံ။ ကိုဖိုးအေးတို့ သူ့တဲကို အလည်လာကြတာလား။

"မင်းတဲမှာ မီးရောင်မြင်လို့လာခဲ့တာ။ မင်းကို ငါတို့က ရွာထဲမှာ အိပ်မယ်လို့ ထင်နေကြတာ"

ပြောပြောဆိုဆိုပင် ကိုဖိုးအေးတို့ တဲပေါ်တက်လာကြသည်။

"ဩော် ... ကျွန်တော်က နှစ်ယောက်ပဲပါလာတယ် ထင်တာ သုံးယောက်ကိုး‌ဗျ။ လူတွေစုံလို့ ဘာအစီအစဉ်ရှိကြလို့လဲ"

သူက ဆီးပြီးမေးလိုက်သော်လည်း ကိုဖိုးအေး၊ ကိုလှဆောင်၊ ကိုဖိုးတုတ်တို့က အဘိုးအိုကို ကြည့်နေကြသည်။

"လမ်းမှာတွေ့လို့ခေါ်လာတာ"

"အဘက ရွာထဲကလား"

"မဟုတ်ပါဘူးကွယ်။ ခရီးသွားပါ။ ကဲပါ ... ပြောကြ။ အဘိုးဒီမှာ ခွေအိပ်နေလိုက်မယ်"

အဘိုးအိုက ပြောပြောဆိုဆိုပင် သူ့အိပ်ရာပေါ် ခွေအိပ်သည်။



"မင်းရဲ့တဲမှာ ခေါပုတ်ရှိတယ်ထင်ပြီးလာခဲ့တာ။ ဗိုက်ဆာတယ်ဟေ့"

"အေး ... ရှိတော့ရှိတယ်၊ ဖါပေမဲ့ မာနေလောက်ပြီ"

"ဆီအိုးတည်ကြော်တာပေါ့ကွာ။ ကောက်ညှင်းပဲ ပျော့သွားပါလိမ့်မယ်"

ကိုလှဆောင်က ပြောပြောဆိုဆိုပင် ဆီအိုးတည်လိုက်သည်။

"မင်းတဲမှာ ဆီကုန်နေပြီ၊ ငါ့တဲပြန်ပြီးဆီယူလိုက်ဦးမယ်။ ခဏလေး"

မာတ်မီးလေးခါးကြားထိုးကာ ကိုလှဆောင်က တဲအောက်သို့ ဆင်းသွားပြန်သည်။

"ဟော့ ... မင်းတို့ ဘယ်သူတွေလဲ"

ကိုလှဆောင်၏အသံဖြစ်သည်၊ သူတို့အားလုံး အံ့အားသင့်သွားကြသည်။

"ဖုတ် ... ဖုတ် ... ခွပ်"

ထုရိုက်သံများကို ကြားလိုက်ရသည်။

သူတို့ ဘာကိုမှမစဉ်းစားနိုင်တော့ပေ။ နီးရာတုတ်နှင့် ဓားကို ဖြစ်သလိုဆွဲယူပြီး ခုန်ဆင်းလာကြသည်။

လမိုက်ညမို့ ဘာကိုမျှ သဲသဲကွဲကွဲမမြင်ရသော်လည်း လူတစ်ယောက်ကို လူလေးယောက်က ဝိုင်းရိုက်နေသည်ကိုမူ သတိပြုမိလိုက်ကြသည်။

ခံရသူမှာ ကိုလှဆောင်ပဲဆိုတာ သေချာနေသောကြောင့် သူတို့

www.burmeseclassic.com

www.burmeseclassic.com



အားသွန်ပြေးကာ ထိုလူအုပ်ကို ဝိုင်းရိုက်ကြသည်။ ခဏတွင်း ရိုက်ပုတ်သံတွေ ဆူညံကုန်သည်။

နိုက်ရန်ဒေါသကြောင့် တဲအောက်တွင် ချည်ထားသော နွားများလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

"ပြေး"

နေရာဒေသကို ရင်းနှီးပြီးဖြစ်သော သူတို့ကို ချောင်းရိုက်သူများက မနိုင်ချေ။ ထို့ကြောင့် ကိုယ့်လူကိုယ်ဆွဲပြီး ပြေးကြသည်။ သူတို့ကလည်း လိုက်သည်။

ထိုလူများသည် ဘွတ်ဖိနပ်စီးထားမှန်းကို သူ သတိပြုမိလိုက်သည်။

လယ်စပ်ထိသော် လိုက်ပြန်လှည့်ပြန်လာကြသည်။

ထိုလူများသည် လမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်ကိုသာ ကျွမ်းကျင်စွာ စီးသွားကြ၏။

ထိုလူတွေက ဘယ်သူတွေလဲ။ သံသယများစွာ။





"အဘိုးရှိလို့ပေါ့။ နို့မဟုတ်ရင် ဒီကောင် သေတယ်"

ညကတော့ တစ်ညလုံး မရယ်နိုင်ပေ။ အဘိုးခိုင်းသမျှ ဆေးမြစ်နှင့် ဆေးရွက်တွေကို တောနင်းပြီး ရှာကြသည်။ အဘိုး၏ပညာက အံ့မခန်းဖြစ်သည်။ တသောသောစီးကျနေသော သွေးများကို သွေးတိတ်ဂါထာဖြင့် ထိန်းထားသည်။

ပြီးနောက် ဆေးရွက်ကို ထုထောင်းပြီး အုံသည်။ အချို့ကို တိုက်သည်။ ခဏအတွင်းပင် ကိုလှဆောင်က ဒဏ်ရာသက်သွားသည်ဟုဆိုသည်။ ကိုလှဆောင်သည် အဘိုးကို ဦးတိုက်ရှိခိုးလိုက်သည်မှာ မေ့ကွဲမတတ်ပင်။ ထိုအခါမှ အဘိုးသည် ဆေးဆရာတစ်ယောက်ဆိုတာ သူတို့ သိလာရသည်။

သူတို့ အထင်ကြီးနေကြသောအဘိုးသည် မီးကျွမ်းထားသော ဆိုင်လုံးမည်းကြီးကို မှီကာ ခပ်ကုတ်ကုတ်ထိုင်နေလေသည်။

သိပ်ကို ကျွမ်းကျင်တဲ့ဆေးဆရာပါဆိုတာ ဘုရားစူး ကျိန်ပြောရဲလိမ့်မယ်။

"အဲဒီကောင်တွေက ဘယ်က ကောင်တွေလဲ။ ငါ့ကို ချိန်းကြီးတွေနဲ့ တွယ်တာနေ၁်။ မင်းတို့ရောက်လာလို့၊ မဟုတ်ရင် ငါ အသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကျေးဇူးကြောင့် ကိုလှဆောင်သည် စကားမောမာပြော နိုင်သွားသည်။ ကိုဖိုးအေးတော့ မီးဖိုကိုကြည့်ကာ တစ်ခုခုကို လေးလေး နက်နက် စဉ်းစားနေလေ၏။

"ဘာတွေတွေးနေတာလဲ ကိုဖိုးအေး"

"ညကကောင်တွေအကြောင်းပါ။ ဒီကောင်တွေ ထူးဆန်းတယ်"

"နွားသူခိုးများလား"

"မဖြစ်နိုင်ဘူး၊ နွားကို ရချင်ရင် တဲမှာ လာမခိုးတော့ဘူး နိုင်ဦးတို့လို စားကျက်မှာ ချောင်းဖမ်းမှာပေါ့။ ပြီးတော့ သူခိုးသောင်းကျန် နေတယ်လို့ မကြားရသေးဘူး။ ငါ့အထင်တော့ ဝသုန့်ရည်သည် ထင်တယ်"

"ဟာ ... မဟုတ်တာ ကိုဖိုးအေးကလည်း။ ကျွန်တော့် တခြားရည်သည် ဘယ်မှာရှိလို့လဲ"

"မင်းဆီလာတာပဲဖြစ်မယ်။ လှဆောင်ကို မင်းအမှတ်နဲ့ အသေ ဆော်တာကို ကြည့်ပါလား"

"ဟုတ်တယ်။ သူတို့ရိုက်ပုံက အသေချတာကွ။ ခံလိုက်ရတာ အီစိမ့်နေတာပဲ"

ဝသုန် အံ့သြသွားသည်။ ချောင်းရိုက်တယ်ဆိုတာမျိုးက ပွဲလ သဘင်မှ အပြန် အရက်လေးတမြမြနဲ့ ရန်ပွဲကို ရှာတတ်ကြသော အ မျိုး ဖြစ်လေ့ရှိသည့် ယဉ်ကျေးမှု၊ ခုဟာက သူ့ပိုင်နက်မှာ ချော ရိုက်ခံရတယ်ဆိုတာ မဖြစ်နိုင်ဘူးဟု ခံပြင်းချင်စရာပင်။ သူ့ထံ အန္တရာ ရှိလာလိမ့်မည်ဟုလည်း သူ ဘယ်တုန်းကမှ မတွေးခဲ့ပါ။

———



"ဟုတ်တယ်ကွ။ ဒါက အသေလုပ်ဖို့ကြံတာပဲ။ တမင်တကာ လုပ်တာကွ။ တော်သေးတယ် ဝသုန်၊ ထူးထူးခြားခြား ငါတို့ မင်းဟဲ အလည်လာချင်စိတ်ဖြစ်လာလို့၊ နို့မဟုတ်ရင် ဒီမနက်မှာ မင်းရဲ့အလောင်း ကို ငါတို့ ကောက်ရပြီ"

ကိုဖိုးအေးသည် ငြိမ်ချက်သားကောင်းနေသည်။ သူကိုယ်၌က ည်း ဆွံ့အသွားသည်။

ထိုရိုက်မှုကို သူက သမန်ကာလျှံကာသာ တွေးခဲ့သည်။ ယခု တော့ သူ့ကို အသေသတ်ရန်ကြံစည်သူများတဲ့။

"မင်းနဲ့ ရန်ငြိုးရန်စရှိသူတွေပဲ ဖြစ်ရမယ်"

"နိုင်ဦးတို့ကောင်တွေလား"

"ဟာ ... မဟုတ်တာ။ ဒီကောင်တွေအားလုံးတစ်သီကြီး ောင်ထဲဝင်သွားရတာ ကြာမှမကြာသေးပဲ။ ပြီးတော့ ဒီကောင်တွေက လောက် ဇရှိတဲ့ကောင်တွေ မဟုတ်ဘူး။ သူခိုးဆိုတာမျိုးက သူခိုး ုပ်ပဲ လုပ်မှာပေါ့ကွ။ ဟော့ကောင် ... ဝသုန် ... မင်းရော ားမိတဲ့လူမရှိဘူးလား။ ရိပ်မိတဲ့လူရှိရင် ပြောနော်။ သူများ လာ တ်တာ စောင့်နေမှာထက်စာရင် ကိုယ်အရင် စိန်သွားခေါ်တာက ောင်လှသေးတယ်"

ကိုဖိုးတုတ်စကားက မှန်သည်။ သို့သော် ရန်ငြိုးရန်စရှိသူကို ား၍မရပါ။ ဝသုန်ကိုယ်၌ကလည်း ရန်ဖြစ်စရှိသူ မဟုတ်ပါ။ ပွဲကြီး ောင်းဖြစ်ခဲ့တယ်ဆိုလို့ နိုင်ဦးတို့အဖွဲ့နဲ့က ပထမဆုံး။ ဒါကလည်း ွကြောင့်သာ မိုးမမြင် လေမမြင် မိုက်ခဲ့ခြင်းဖြစ်သည်။

———

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးကြည့်တော့လည်း အသည်းကျိုန်းစရာ၊ စိန်ခေါ်ပြီး ချရအောင်ဆိုရင် သူ ထွက်ငံ့လိမ့်မည် မဟုတ်ပါ။

"မောင်ရင်လေး ... သတိထား၊ မောင်ရင်လေးမှာ အန္တရာယ် တွေချည်းပဲ"

"ဗျာ"

"ငယ်ကံမကောင်းတဲ့လူက အိုကံကောင်းတတ်ပါတယ်ကွယ် လောကဓံကို ကြံ့ကြံ့ခံလိုက်စမ်းပါ"

တစ်ချိန်လုံး စကားတစ်လုံးမျှ ဝင်မပြောခဲ့သော အဘိုးအို၏ စကားကြောင့် အားလုံး မှင်တက်သွားကြပြန်သည်။

"မဖြစ်ဘူး။ ငါတို့အလုပ်ကျနဲ့ ဝသုန်နဲ့တဲလာအိပ်ကူမှန်နဲ့တူတယ်"

"ဟာ ... ကိုဖိုးအေးကလည်း မဟုတ်တာ၊ ကျွန်တော် ကလေးလား"

"ကလေးမဟုတ်လို့ပေါ့ကွ"

"ဟာ ... ရပါတယ်။ ဒီမှာ အဘိုးလည်း ရှိနေတာပဲဟာ"

"ဩော် ... အေး ... မေ့လို့၊ အဘရှိနေတော့ တစ် ကောင်းတာပေါ့။ မင်းကို သေလောက်အောင် ထုသွားကြတော့လည်း အဘက မန်းမှုတ်ပေးရုံရှိတာပေါ့"

ကိုလှဆောင်၏စကားကြောင့် ဝါးခနဲ ပွဲကျသွားကြသည်။ ပါးရည်လေးများ တွန့်နေသော အဘိုးအို၏ ရယ်ပုံမှာ ကရုဏာ စရာပင် ကောင်းနေတော့သည်။

"အဘ ... ကျွန်တော့်ဒဏ်ရာ ပျောက်မှသွားနော်။ ကျွန် [illegible]





[illegible] က အင်္ဂလိပ်ဆေးဆို မှန်းတယ်ဗျ"

"မှန်းရင်လည်း မှန်းစရာပဲကိုးကွ။ ငါ့အမေက ဆီးချိုရောဂါရှိ လို့ ဆေးတွေသောက်တာ။ နောက်ဆုံးတော့ ကျောက်ကပ်ထိသွားတယ် လေ။ ဆုံးတော့ ကျောက်ကပ်ရောဂါနဲ့"

ကိုဖိုးတုတ်က ပြန်ထောက်သည်။ ဟုတ်ပါရဲ့၊ ကိုဖိုးတုတ် အမေ ဒေါ်လှကြီးဆုံးတာ ကြာမှ မကြာသေးဘဲကိုး။ ဝဖီးနေသော ဒေါ်လှကြီး တစ်ယောက် ဆုံးခါနီး၌ မှုတ်ပြီးသားပုဖောင်း လေလျှော့ထားသလို [illegible]န်လီပြားချပ်သွားလေသည်။ ထိုအသုဘ၌ ကိုဖိုးတုတ် ငိုတာကို တွေ့ [illegible]ခဲ့သည်။ ယောကျ်ားတစ်ယောက်ရဲ့မျက်ရည်ဆိုတာကို ပထမဆုံး တွေ့ [illegible]ခဲ့သည်။ မဆီမဆိုင် မမြင်ဘူးသော မိခင်ကို သတိရမိခဲ့သေးသည်။ [illegible]ခင်၏မျက်နှာကို အတွေးထဲ၌ အမျိုးမျိုး ပန်းချီဆွဲခဲ့သည်၊ သို့သော် [illegible]ကလုံး၊ နှာခေါင်းနှင့် နှုတ်ခမ်းသည် ဘယ်တော့မှ မလှခဲ့ချေ။

ယခုတော့ လှနေပါပြီ။ မျက်နှာသွင်ပြင်ကို မှတ်မိလာသော [illegible]ခါ လွမ်းတတ်လာသည်။

မေမေ ဘယ်မှာလဲ၊ သူ့ကို ရှာနေမှာလား။ နီညိုရောင်လူက [illegible]လို့များ သူ့ကို ဖမ်းခေါ်ခဲ့တာလဲ။

ရင်ထဲ နာကျင်သည်။

သို့သော် ဝင်းဝါ၊ ဆရာတော်၊ ကိုဖိုးအေး၊ ကြီးကြီး၊ ဘကြီး [illegible]အပြင် ခင်မင်ဖွယ်ရာ ရွာသားများနှင့် ဆုံစည်းခွင့်ပေးသည့်အတွက် [illegible]န် ကျေးဇူးတင်မိပြန်သည်။

ယခုနေချိန် မေမေသာ ရုတ်တရက်ပေါ်လာပြီး သူ့ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားမည်ဆိုပါက သူလိုက်နိုင်ပါ့မလား။

ဤလယ်ကွင်း၊ ဤနွားတွေနှင့် ဤမိတ်ဆွေသစ်တွေကို စွန့်လွှတ်နိုင်ပါ့မလား။ ပြီးတော့ ... ဝင်းဝါ။

ထိုသို့ တွေးလိုက်သောအခါ သူ့ရင်ထဲ နင့်ခနဲနာသွားသည်။ မပိုင်ပန်းကို လှမ်းမိနေသူနှင့် တူသည်။ ထိုပန်းလေးသည် သူ့ကို ကျော နိုင်းစပြုနေပြီဖြစ်သည်။ သို့သော် မြတ်နိုးစွာ ပေးကြည့်ချင်မိသေးသည်။ ပေးကြည့်ခွင့်ရမယ်ဆိုရုံဖြင့် ကျေနပ်နေမည့်သူရယ်ပါ။ သို့သော် ...





"ဝသုန် ... မင်း ချောင်းရိုက်ခံရတယ်ဆို"

သူ့ အိမ်ထဲဝင်ဝင်ချင်းမှာပင် ဘကြီးက ဆီးပြီးမေးသည်။

"မဟုတ်ပါဘူး။ ကိုလှဆောင်ပါ"

"မင်းကို ကြံတာ။ လှဆောင်က ထိသွားတာဆို"

"တိတိကျကျ မသိပါဘူး"

"အေး ... ငါလည်း မင်းကို တယ်စိတ်မချလှဘူး။ ဝင်းဝါ မင်္ဂလာကိစ္စပြီးရင်တော့ ငါလည်း လယ်ထဲဝင်လာတော့မယ်"

"ဟာ ... ရပါတယ်"

အလျှင်မလိုပါနဲ့။ အလောတကြီး မလုပ်ကြပါနဲ့ဟု ပြောချင်ပေမယ့် ပါးစပ်က ထိုစကားလုံးမျိုး ထွက်မလာပေ။

"တဲမှာ အဘိုးကြီးတစ်ယောက် ရောက်နေတယ်ဆို"

"လမ်းမှာတွေ့လို့ပါ။ ခဏတည်းနေတယ်"

"တော်သေးတာပေ့ါ။ အဘိုးသာ မရှိရင် ညရေးညတာ မင်းတို့တော့ ဒုက္ခရောက်ပြီ။ ခုက ဘာလာယူတာလဲ"

"ဆား၊ အချိုမှုန့်နဲ့ ဖယောင်းတိုင် လာယူတာ"

"ဝင်းဝါရေ ... ဒီမှာ ဝသုန်လိုအပ်တာကို လိုက်ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဖော့"

ဘကြီးက အသံပြုလိုက်သောအခါ ဝင်းဝါက အိမ်ထဲမှ ထွက်လာသည်။

"ဘကြီး ... ကျွန်တော် မြို့ခဏသွားချင်တယ်"

"ဘာကိစ္စလဲကွ။ မင်းဟာကလည်း မှတ်သုံကို မေးကြည့်တော့လည်း သူ မင်းကို မခေါ်ဖူးဘူးဆို"

"ကျွန်တော့်ဟာကျွန်တော် သွားချင်တာပါ။ ဘာပဲဖြစ်ဖြစ် ဝင်းဝါကို တစ်ရွာသားနဲ့ ဒီအတိုင်းကြီး မထည့်လိုက်ချင်ဘူး"

သူက ထိုသို့ပြောသောအခါ ဘကြီးက ငြိမ်ကျသွားသည်။ အတန်ကြာသည်အထိ ငှက်နီဆေးလိပ်ကို မဖွာရှိုက်သေးပါ။

"ကြောင်းလမ်းတဲ့ကိစ္စမှာ မိဘတွေပါမလာဘူး။ ပြီးတော့ အဆောတလျင်နိုင်လွန်းတယ်။ ကျွန်တော့်ရင်ထဲ မရှင်းဘူး"

"ဟုတ်တယ် အဖေ။ ဝင်းဝါရင်ထဲလည်း မရှင်းဘူး။ အမေက တိုက်တွန်းလို့သာဖြစ်သင့်ပါတယ်ဆိုပြီး ခေါင်းညိတ်ခဲ့ရပေမယ့် ဝင်းဝါရင်ထဲ တစ်မျိုးပဲ"

"ငါလည်း ဒါကို မတွေးမိတာတော့ မဟုတ်ပါဘူးကွာ"

"ဒါကြောင့် ကျွန်တော့်ကို သွားခွင့်ပြုပါ ဘကြီး။ ကျွန်တော် စုံစမ်းကြည့်ချင်တယ်"

"မြို့ဆိုတဲ့အမျိုးက တို့တောလို မဟုတ်ဘူးကွယ့်။ အပြန့်ကျယ်တယ်။ ကတုံးဦးဖိုးသိန်း သွားရှာရင် လူတွေ လိုက်မေးလည်း သိတဲ့နေရာမျိုးမဟုတ်ဘူး။ မင်းတစ်ယောက်တည်း သွားလို့တော့ မဖြစ်ဘူး။



ငါကိုယ်တိုင် သွားမှပါပဲ။ ဒါပေမဲ့ ဘယ်လိုလုပ်တော့မလဲကွ။ မင်္ဂလာရက်က သတ်မှတ်လိုက်ပြီ"

"ဗျာ"

"မနက်ဖြန်ဆိုရင်ပဲ ရုံးတက်လက်မှတ်ထိုးကြတော့မှာ"

"ဟာ ... အဖေ ဒါကို ဝင်းဝါ မသိလိုက်ရပါလား"

"အေး ... ငါလည်း ခုနကမှ သိတာ။ မင်းအမေနဲ့မှတ်သုံတို့ စီစဉ်ကြတာပဲ။ မှတ်သုံဘက်က သူ့ရဲ့ရှေ့နေခေါ်လာတယ်ဆိုလား"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ဝင်းဝါသည် မှတ်သုံနှင့်လက်ထပ်လိမ့်မယ်ဆိုတာ သိသော်လည်း အဲဒီလောက် မြန်လိမ့်မည်ဟု သူ ထင်မထားခဲ့ပေ။

ဝင်းဝါကို နှမြောနေတာလားဆိုတာ မသိသော်လည်း မှတ်သုံကို မယုံဘူးဟုသာ စွတ်ငြင်းချင်သည်။

"ရက်နောက်ဆုတ်လို့မရဘူးလား ဘကြီး"

"ဘာထူးမှာလဲကွာ"

"ဝင်းဝါတော့ လုံးဝသဘောမတူဘူး အဖေ"

"အဲဒီလို လူကြီးစုံရာရှေ့ပြောပါလား။ အဲဒီတုန်းကတော့ မှတ်သုံနဲ့ပဲ ရည်ငံနေပြီလိုလို ပါးစပ်ကြီး ပိတ်နေပြီးမှ"

"ဝင်းဝါလည်း အဲဒါကိုပဲ ခုချိန်ထိ နောင်တရနေတာပါ"

သူ့ရင်ထဲ ဆတ်ခနဲဖြစ်သွားသည်။

မှတ်သုံနှင့်လက်ထပ်တော့မှာမို့ ဝင်းဝါက ပျော်နေတယ်လို့ ထင်ခဲ့တာတွေ တက်တက်စင်အောင် လွဲနေပါရောလား။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ပြီးခဲ့တာတွေ ပြောမနေနဲ့တော့။ ဝသုန်ကိုသာ ဖယောင်းတိုင်တွေ လိုက်ဝယ်ပေး"

ဝင်းဝါ၏မျက်နှာသည် ညှိုးငယ်နေသည်။

စိတ်နှင့်လူမကပ်သလို လမ်းလျှောက်နေသော ဝင်းဝါကို ကြည့်ပြီး သူ့စိတ်ထဲ မချိလှပါ။

"အချိန်မနှောင်းသေးခင် ပြင်းလိုက်ပါလား ဝင်းဝါ"

"သူ လာမြန်းစဉ်က တင်ခဲ့တဲ့ စိန်တစ်ဆင်စာကို အမေက သိပ်ကြိုက်နေတာ။ ဝတ်တောင်ဝတ်နေပြီ"

ပင့်ကူအိမ်ထဲ ငြိတွယ်နေသော ပိုးကောင်တစ်ကောင်နှယ် ရုန်းရခက်သော အသံနှင့် ဝင်းဝါဖြေသည်။

"ငါ ... ဘာလုပ်ပေးရမလဲ ဝင်းဝါ"

"သူက ငါတို့လိုအပ်နေတဲ့ ငွေပုံပေါ်ထိုင်နေမှတော့ ငါတို့လို ဆင်းရဲသားက ဘာတတ်နိုင်မှာမို့လဲ"

"ငါတို့က ဇော်ပြတ်နေတာ မဟုတ်ပါဘူး ဝင်းဝါရယ်"

"ငါ ကျောင်းတက်တဲ့အချိန် ဘယ်လိုဆုံးဖြတ်ခဲ့သလဲ သိလား ဝသုန်"

"ဘယ်လိုတွေးခဲ့လို့လဲ"

"ငါက မွေးတဲ့ မျိုးဆက်တွေအားလုံး ငါ့လို အခက်အခဲနဲ့ မျက်နှာငယ်မှုမျိုး မကြုံစေရဘူး။ နင်ကတော့ လယ်ထဲမှာနေလို့ ဒါတွေ သိချင်မှ သိမယ်။ တကယ်တော့ လောကကြီးထဲမှာ ငွေဆိုတာ တန်ခိုးရှင်တစ်ပါးပဲ။ ငွေရှိရင် မလှတဲ့မျက်နှာကို လှအောင်ပြင်လို့ရတယ်။



မကောင်းတဲ့စရိုက်ကို ကောင်းသယောင် ဖုံးကွယ်နိုင်တယ်။ အပျော်တွေကိုတောင် ငွေနဲ့ဝယ်ယူလို့ရတယ်။ ငါလေ ငွေကို သိပ်မုန်းခဲ့တယ်။ ဒါပေမဲ့ ငွေကြောင့်ပဲ ငါ ... ငါ့ကိုယ်ငါ ရောင်းစားမိနေတယ်။ နင်တော့ ငါ့ကို အထင်သေးမလားမသိဘူး။ ကိုမုတ်သုံက ဆိုင်ကယ်ဝယ်ပေးမယ်လို့ ပြောတဲ့အချိန်ကဆို ငါ ခုန်ကလိုက်ချင်တယ် သိလား။ နောင်တလည်း ရတယ်။ ငါ ကျောင်းမတက်ရသေးခင် ဘာလို့ ကိုမုတ်သုံနဲ့ မဆုံခဲ့တာလဲလို့။ ပြီးတော့ ကိုမုတ်သုံဟာ ငါတို့ကို လောကနတ်မင်းကြီး ပေးလိုက်တဲ့ လက်ဆောင်လို့ မြင်မိတယ်။ ရှိသေမိတယ်။ သူ ပြန်သွားမှာကို စိုးရိမ်တယ်။ သူ့ကိုပဲ မျှော်နေမိတယ်။ နင့်ကို ကြိုက်နေတာနေမှာပေါ့လို့ အများက ပြောရင် ကြည်နူးတယ်။ ငါသာ သူနဲ့ လက်ထပ်ဖြစ်ခဲ့ရင်ဆိုတာမျိုးကို စိတ်ကူးယဉ်ဖူးတယ်။ ငါ စိတ်ကူးယဉ်ခဲ့တာထက် ကျော်လွန်တဲ့ ပမာဏမျိုးနဲ့တင်တောင်းတဲ့အတွက် ငါ ဘာမှ မစဉ်းစားတော့ဘဲ လက်ခံခဲ့တယ်။ ဒါပေမဲ့ အခု ငါ မှားသွားပြီထင်တယ်"

မုတ်သုံကို ချီးမွမ်းစကားဆိုနေသော ဝင်းဝါကြောင့် ရင်နာရသော်လည်း ဒါပေမဲ့ဆိုသော စကားလုံး၏နောက်ကွယ်မှ အကြောင်းအရာများကိုတော့ စိတ်ဝင်စားမိသည်။

"ထင်တယ်ဆိုပေမယ့် မှားတယ်လို့ ကောက်ချက်မချချင်သေးဘူး။ တကယ်တော့ ငါက သတ္တိနည်းနေသလားဆိုတာတောင် မပြောတတ်ဘူး။ သူများတော့ လက်ထပ်ခါနီးရင် ရင်ခုန်တယ်၊ ပျော်ရွှင်ကြတယ်တဲ့။ ငါတော့ ... ငါ့ကိုယ် ငါ နားမလည်နိုင်တော့ပါဘူး။ တစ်ခုခုကို ကြောက်နေသလိုပဲ။ မြို့ပေါ်မှာ နေခွင့်ရဖို့ အများကြီး စိတ်ကူး

www.burmeseclassic.com



ယဉ်ခဲ့ဖူးပေမယ့် တကယ်တမ်းတော့ ...”

ဝင်းဝါ၏အသံသည် တုန်ယင်ကာ ပါးလျသွားသည်။

“ဒါနဲ့ ... နင် ရန်ဖြစ်လို့ဆို”

“ရန်ဖြစ်တာ မဟုတ်ဘူး။ ရန်ရှာခံရတာ”

“ဘယ်လို”

“တပ်စုံတစ်ယောက်က ငါ့ကို မကျေနပ်ဘူးထင်တယ်။ အဲဒီလူက အင်အားရှိတဲ့လူပဲဖြစ်ရမယ်”

“ဟင်”

သူ ထိုသို့မှတ်ချက်ပြုသောအခါ သူ့အာရုံထဲလည်း တစ်စုံတစ်ယောက်၏ မျက်နှာကို ဖျတ်ခနဲ ပြေးမြင်မိသည်။ သူက မုတ်သုံ။

“အင်အားရှိသူ ... ဟုတ်လား ... ဝသုန်”

မေးခွန်းထုတ်နေသော ဝင်းဝါ၏မျက်လုံးများသည် အဖြေတိုတန်းသိနေသလိုပင်။

သူများကို အဲဒီလိုထင်ကောင်းရဲ့လား။

“ဘယ်လိုပုံစံတွေလဲ”

“ဘွတ်ဖိနပ်စီးထားတာတော့ သေချာတယ်။ ပြီးတော့ ခိုင်ခိုင်ကြီးတွေ၊ တုတ်တွေပါတယ်”

“ဝါးလုံးလား”

“မဟုတ်ဘူး။ စတီးလုံးတွေ”

ဝင်းဝါ၏မျက်လုံးသည် ထပ်မံ၍ ပြူးကျယ်ဝိုင်းစက်သွားသည်။

“ဟော့”



ထိုစဉ် သူတို့အနီး ကားလေးတစ်စီး ထိုးရပ်သွားသည်။ ကားပေါ်မှ မုတ်သုံဆင်းလာသည်။ ကားမောင်းသူက အခြားတစ်ယောက်ဖြစ်၏။

“ဘယ်သွားကြမလို့လဲ”

သူရော ဝင်းဝါပါ မုတ်သုံကို အကဲခတ်နေမိသည်။

မုတ်သုံ၏ပုံစံက သာမန်ထက်ရွှင်လန်းတက်ကြွနေသည်ဟု ထင်သည်။

“ကားပေါ်တက်လေ။ ကိုယ် လိုက်ပို့ပေးမယ်”

“ရပါတယ်။ ဝင်းဝါတို့က ဒီနားကဆိုင်တင်ပါ။ ဝသုန့်ကို လိုအပ်တာတွေ ဝယ်ပေးမလို့”

“လမ်းလျှောက်ရမှာ ဝေးသေးတာပဲ။ တက်ပါ”

အမှန်ပြောရလျှင် ထိုကားကို သူ မစီးချင်ပါ။ သို့သော် ကားပိုင်ရှင်က သူတို့ ကားပေါ်မတက်လျှင်ပဲ ထွက်ပွေ့ချီတင်တော့မလိုလို ပြုမူနေသည်။

ထို့ကြောင့် သူရော ဝင်းဝါပါ ကားပေါ်တက်ဖြစ်ကြပြန်သည်။

ကားပေါ်တက်ထိုင်လိုက်ချင်းမှာပင် ရေမွှေးနံ့တစ်ခုကို ရှူရှိုက်သိုက်မိသည်။

ထိုရနံ့ကြောင့် သူ စိတ်ထဲ မသိုးမသန့်ဖြစ်သွားသည်။

ထိုရနံ့သည် ဒရိုင်ဘာထံမှ လွင့်လာခြင်းဖြစ်၏။

“မောင်းရတော့မလား ဆရာ”

“ဟိုးရှေ့နားလေးက ကုန်စုံဆိုင်ကို”

www.burmeseclassic.com

www.burmeseclassic.com



မောင်းရတော့မလား ဆရာဆိုသည့် အသံသြသြကို သူ ရင်းနှီးနေသည်။

မှတ်သုံမျှားလား။ သူ့တဲသို့ရောက်လာသော သူမှာ ထိုသူသာ ဖြစ်သည်။ ပြေးလို့အော်လိုက်သော အသံကို သူ့နားထဲ စွဲနေ၏။ ထိုသို့ အသံသြသြမျိုး။

သူ့ထင်ယောင်ထင်မှားတွေ ဖြစ်နေတာများလား။

ကားဒရိုင်ဘာနဲ့သူက ဘာရန်ငြိုးရန်စမှ မရှိချေ။ ဒါဆို မှတ်သုံ က ခိုင်းတာလား။ ဒါလည်း မဖြစ်နိုင်ပေ။ မှတ်သုံနှင့်သူ့အကြား သတ် ဖြတ်ရလောက်ဝဲ့ထိ ရန်ငြိုးမရှိခဲ့ဖူးပါ။

သို့သော် ထိုအသံသြနှင့် ထိုရေမွှေးသည် သူ့တဲသို့ အလည် ရောက်ဖူးတယ်ဆိုတာ သေချာလှသည်။ သူ ဘာလုပ်ရမလဲ။ ဒိုး မေးချရမလား။ ပွင့်လင်းတာတော့ ကောင်းသည်။ နို့မဟုတ်ပါက ရင်း မတင်မကျနှင့်။

"ကားဆရာ ခင်ဗျား ကျွန်တော့်တဲကို ရောက်ဖူးလား"

ရုတ်တရက်မေးချလိုက်သော သူ့စကားကြောင့် ကားဆရာသည် ချက်ချင်းဆိုသလို ဘရိတ်ဆောင့်နင်းလိုက်သည်။

ကားထဲရှိလူများ ဟန်ချက်ပျက်ကုန်သည်။

"ခင်ဗျားတဲကို ကျွန်တော်က ဘာကိစ္စနဲ့လာရမှာလဲ"

"မှတ်သုံမျှားခိုင်းလိုက်သလားလို့ပါ"

သူ့စကားကြောင့် မှတ်သုံသည် မျက်နှာပျက်သွားသည်။ ဘယ် လုပ်၍ပင် မပြုံးနိုင်တော့ပါ။



သူ သိလိုက်၏။ သံသယများသည် သေချာခြင်းသို့ ကူး ပြောင်းလာသည်။

မှတ်သုံက ဘာလို့လဲ၊ သူ့လိုစာရင်းငှား၊ ငမွဲ၊ မိမရှိဖမရှိ၊ တစ်ကောင်ကြွက်ကို ဘာလို့သတ်ချင်နေရတာလဲ။

ဝင်းဝါနဲ့ပတ်သက်ပြီး မကျေနပ်လို့လား။

မကျေနပ်နိုင်စရာ မရှိပေ။

မှတ်သုံနှင့်သူသည် အခြေအနေချင်း မိုးနဲ့မြေလို ကွာခြား နေသည်။ မှတ်သုံသည် သူ့ကို ယှဉ်ပြိုင်စရာအကြောင်းမရှိပေ။

ဘာလဲ၊ ဘာကြောင့်လဲ၊ သူ ဖျစ်ညှစ်စဉ်းစားပါသော်လည်း အဖြေတွေက သူ့ထံ ရောက်မလာပေ။ ဝဲလည်ဝဲလည်သာ ပျောက်ဆုံး ခနေရ၏။ သို့သော် သူ့ထံ အသက်အန္တရာယ် ရှိနေပြီဆိုတာတော့ သူ ကောင်းစွာသိလိုက်သည်။

ပြုံးနေသော မှတ်သုံရဲ့နှုတ်ခမ်းတွေကို ပြုံးနေတယ်ဟု သူ့ ရင်ထဲ မခံစားရချေ။ ဘာလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ ပထမဆုံး ရှုရှိုက်လိုက်မိသည်က ခာတ်ဆီရနံ့ဖြစ်သည်။

ဒီခာတ်ဆီနံ့က ဘယ်ကလာတာလဲဟု စဉ်းစားသည်။

သို့သော် အဖြေက ပေါ်မလာပေ။

ပိတ်ထားသောမျက်လုံးကိုလည်း မဖွင့်ချင်ပါ။ ရာသီဥတုအေးလွန်း၍ စောင်နှင့်နည်းနည်းမှလှုပ်၍မရပေ။

တုတ်တုတ်မျှ မလှုပ်ဘဲ ကွေးနေမိသည်။

အဘိုးထံမှလည်း ဘာသံမှ မကြားရချေ။ အသက်ရှူသံဖျော့ဖျော့ကိုသာ ဝိုးတဝါးကြားနေရသည်။

ထိုသို့ ပတ်ဝန်းကျင်ကို နားစွင့်မိသောအခါ သူ့မျက်လုံးသည် ဖျတ်ခနဲ ပွင့်လာသည်။

ခြေသံများ။ ဒါ ဘာခြေသံလဲ။ နွားတွေကြောင့်လား။

ထိုသို့ဝိုးတဝါးတွေးမိသောအခါ ခာတ်ဆီနံ့က စူးခနဲဝင်လာသည်။

အိပ်မက်မဟုတ်ပါ။ သူ့တဲအနီးတွင် ခာတ်ဆီရှိနေသည်။

ဒါ အိပ်မက်မဟုတ်ပေ။

ချက်ချင်းဆိုသလို သူ အိပ်ရာထဲမှ လူးလဲထလိုက်သည်။ ဝါးကြမ်းခင်းကို တဂျုံးဂျုံးနင်းပြီး တဲအပြင်သို့ ထွက်ကြည့်၏။





တဲအောက်မှ နွားများသည်လည်း ဂနာမငြိမ်ဖြစ်နေကြသည်။

အခြေအနေက ထူးဆန်းနေ၏။

ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ နှင်းများနှင့် မှောင်ပိန်းနေသည်။ ဘယ်အရာကိုမှ သဲသဲကွဲကွဲ မတွေ့ရချေ။

ထိုစဉ် ရိုတ်ခနဲဖြတ်သွားသော အရိပ်ကို ဖျတ်ခနဲ တွေ့ရသည်။ သူ အာရုံစိုက်ပြီးကြည့်လိုက်ရာ လူသုံးဦး။

"မောင်ရင်လေး ... ဘာတွေဖြစ်နေတာလဲ"

အဘိုး၏စကားကို သူ မဖြေနိုင်ပေ။ တဲပေါ်မှ ခုန်ချပြီး ထိုလူသုံးဦးနောက် ပြေးလိုက်ဖို့ကြံသည်။

သို့သော် ပြေးလက်စ သူ့ခြေလှမ်းများ တုံ့ဆိုင်းသွားသည်။

သူ့ထံသို့ မီးရှူးတာက်ကြီးလာနေသည်။

အကြောင်းလိုက် ပြေးလာနေသော မီးတောက်ကြီး။

သူ တုန်လှုပ်သွားသည်။ ကောက်ရိုးငုတ်တွင် ခာတ်ဆီနံ့ကို ရှူမိရာ လက်ဖြင့် စမ်းကြည့်လိုက်သည်။

အမှန်တကယ် ခာတ်ဆီများဖြစ်နေသည်။

ခာတ်ဆီကို လမ်းကြောင်းတစ်လျှောက် လောင်းပြီး မီးရှို့တာဖြစ်မည်။

သူ့ထံစဉ်းစားချိန်များများ မရှိချေ။

တဲဆီသို့ ပြေးသည်။

ပြီးနောက် တွေကရာရာများကိုဆွဲကာ ချည်တိုင်မှ ကြိုးများကို အမြန်ဆုံးခုတ်ဖြတ်သည်။ သို့သော် ခရီးက မတွင်ကျယ်လှပေ။ မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



သည် နီးလာပြီဖြစ်၏။

ထို့ကြောင့် နွားကလေးများကိုပါ မောင်းထုတ်သည်။

လူနှင့်နွား တစ်ခဏအတွင်း လုံးထွေးကုန်သည်။

သို့သော် မိညိုကြီးက မီးတောက်ကို မြင်ပြီး နွားအုပ်ကို ဦးဆောင်ကာ ပြေးသည်။

"ဝုန်း"

နွားများ လွတ်သွားသောအခါ သူက မီးတောက်များ၏ ဝိုင်းအုံခြင်းကို ခံလိုက်ရသည်။

မီးတောက်များကြားတွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆိုတာကို သူ မခွဲတတ်တော့သော်လည်း မှန်းဆကာ ပြေးထွက်သည်။

ဓာတ်ဆီအချို့ကို နင်းထားမိသောကြောင့် သူ့ခြေထောက်တွင် မီးစက်မီးမှုန်တို့ ကပ်ပါလာသည်။

ထို့ကြောင့် မြေကြီးပေါ်အချက်ပေါင်းများစွာ လူးလိမ့်မိသည်။

"လူလေး ... မောင်ရင်"

သူ့ခြေထောက်မှ မီးတောက်များ မငြိမ်းသေးခင်မှာပင် အဘိုး၏ အသံကို ကြားလိုက်ရ၏။

တဲသို့ လှည့်ကြည့်လိုက်သောအခါ တဲတစ်ခုလုံးကို မီးက ဝါး မျိုစပြုနေလေ၏။

"အဘိုး ... အဘိုး"

သူ ကြုံးအော်မိသည်။ အဘိုးအတွက် စိုးရိမ်နေမိသည်။ ထို့ကြောင့် မီးတောက်ထဲ ပြေးဝင်ဖို့ ကြိုးစားသည်။



သို့သော် ဟုန်းဟုန်းတောက်နေသော မီးတောက်မို့ အလွယ်တကူ ဝင်မသွားနိုင်ပေ။

သက်ကယ်၊ ဝါးခြမ်းကွဲ၊ ဝါးထရံတို့ဖြင့် ဆောက်ထားသော တဲမို့ မီးတောက်သည် ပို၍မြိုင်နေလေ၏။

"အဘိုး ... အဘိုး"

သူ အော်လည်းအော်ကာ မီးတောက်ထဲ ပြေးဝင်သည်။

"အဘိုး"

မီးစွဲစပြုနေပြီဖြစ်သော စောင်ခြုံထဲတွင် အဘိုးတစ်ယောက် ငုတ်တုတ်လေးထိုင်နေရှာသည်။

သူ့ထံ ကြာကြာစဉ်းစားချိန်မရှိချေ။

ထို့ကြောင့် အဘိုးကို ပွေ့ချီလိုက်၏။

ပြီးတော့ အဘိုးက ကျစ်ကျစ်ပါအောင် ဖက်ထားသော ဝါးကျည်တောက်စုဘူးလေး၊ သူ့ရင်ထဲ ဝမ်းနည်းလာသည်။

ထိုသို့ နွေးထွေးမှုမျိုး သူ့ဘဝတွင် မရခဲ့ဖူးချေ။ သူက ထိုစုဘူးအကြောင်း တစ်ခါလေး အမှတ်တမဲ့ ရင်ဖွင့်ခဲ့မိပါတယ်။ အဘိုးက အသက်နှင့်ရင်းပြီး ကာကွယ်ထားရှာသည်။

"အဘိုးရယ်"

အဘိုးကလည်း သူ့ကို အားကိုးတကြီး ဆွဲကိုင်ထားသည်။

အဘိုးသည် သူ့ရင်ခွင်ထဲ ရောက်လာချိန်၌ သူသည် ဘယ်နေရာလို့ပြေးရမှန်းမသိချေ။

မီးတောက်များကြားတွင် ထွက်ပေါက်သည် ပျောက်ဆုံးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝသုန် … ဝသုန်"

သူ့နာမည်ခေါ်သံသဲ့သဲ့ကို ကြားရသည်။

ထိုအခါ ခွန်အားတွေရှိလာ၏။ ထို့ကြောင့် ကြမ်းခင်းကို ဖြတ်ကျော်လိုက်သောအခါ …

"အား"

နာကျင်စွာ အော်ညည်းလိုက်မိသည်။

မီးကျွမ်းစပြုနေသော ကြမ်းခင်းသည် နင်း၍မရနိုင်တော့ပါ။

ထို့ကြောင့် သူ့ပေါင်တစ်ချောင်းသည် ကျွံကျသွားခြင်း ဖြစ်သည်။

သို့သော် နာကျင်မှုကို အရသာမခံအားပေ၊ နာနေပါတယ်ဟု တွေးလျှင် ပိုပြီးအန္တရာယ်များလာသည်။

ရှင်သန်ရမှာက သူ့အသက်တစ်ချောင်းတည်း မဟုတ်ပါ။

ထိုစိတ်ကြောင့် လဲနေရာမှ ကျုံးရုန်းထသည်။

အားရှိအားကုန်ရုန်းလိုက်သောအခါ ကြမ်းကြားမှ ခြေထောက်ကို ဆွဲနုတ်လိုက်နိုင်သည်။

ခြေထောက်လွတ်လာလာချင်းမှာပင် သူက တဲပေါ်မှ ခုန်ချလိုက်သည်။

ခြေထောက်သည် မြေပြင်ကို မတ်မတ်မကျဘဲခွေလဲကျသွားသည်။

"ဝသုန် … ဝသုန်"

မီးတောက်နှင့် မလွတ်သေးမှန်းသိသော်လည်း သူ ဝေးဝေး မပြေးနိုင်တော့ပေ။

"ဝသုန် … ဝသုန်"

●——ရှုမဝ——●



ထိုစဉ် သူ့အနီးသို့ ကိုဖိုးအေး ရောက်လာသည်။

"ဝသုန်"

ကိုဖိုးအေးသည် အလျင်စွာပင် သူ့ကို ဆွဲထူသည်။

"အဘိုးကို … အဘိုးကို"

သူပြောနေသောစကားကို ကိုဖိုးအေးက နားမထောင်ပါပဲ သူ့ကိုသာ ဆွဲမကာ နေရာရွှေ့သည်။

"ဝုန်း"

တဲတိုင်တစ်ချောင်းသည် ပြိုလဲလာသည်။

ကိုဖိုးအေးက ဆွဲလိုက်၍သာ သူ လွတ်ကင်းသွားခြင်း ဖြစ်၏. သူ့ရင်ထဲ တဆတ်ဆတ်တုန်နေသည်။

"လာပါကွ၊ ဝေးဝေးသွားမှ အန္တရာယ်ကင်းမှာ။ ဝေးဝေး ရှောင်ကြရအောင်"

အဘိုးကို ပွေ့ချီထားသော သူ့ကို ကိုဖိုးအေးက ပြန်လည် ပွေ့ချီသွားသည်။

သူ့ကို လယ်ကွင်းပြင်တွင်ပင် ထားခဲ့ပြီး ကိုဖိုးအေးက မီးတောက်အနီး ပြေးသွားပြန်သည်။

"ပက်ကြပါဟ့ … ပက်ကြပါ … ပက် … ပက်"

မီးတောက်ကို မြောင်းထဲမှ ရေဖြင့် ဖြန်းပက်နေကြသည်။ [illegible]အုပ်သည် တဖြည်းဖြည်း တောင့်တင်းလာသည်။ မီးကလည်း တဖြည်းဖြည်းငြိမ်းစပြုနေသည်။ သူ့ကိုယ်ခန္ဓာ၌လည်း နှင်းရည်တွေ တဖြည်းဖြည်း ရွှဲလာသည်။ သို့သော် အဘိုးကတော့ သူ့ဘေး၌ တိတ်ဆိတ်စွာ။

●——ရှုမဝ——●

www.burmeseclassic.com

www.burmeseclassic.com



စောင်အုပ်ထားသော အဘိုး၏ ရုပ်အလောင်းကို ကြည့်ရင်း သူ့ရင်ထဲ ဆို့တက်လာသည်။

သူသာ အဘိုးကို သူနဲ့နေဖို့ မခေါ်ခဲ့လျှင် အဘိုးသည် ယခုလို စောစောစီးစီး လောကကြီးထဲမှ ထွက်သွားရမည် မဟုတ်ပေ။ လူတစ်ယောက်ရဲ့အသက်ကိုတောင် မကယ်တင်နိုင်သည့်အတွက် သူ့ကိုယ်သူလည်း လူဟု မသတ်မှတ်ချင်တော့ပေ။

သူ့အပြစ်သာဖြစ်သည်။ ဓာတ်ဆီနံ့တွေရ၍ တဲပေါ်မှ ခုန်ဆင်းကတည်းက အဘိုးကိုသာ ပွေ့ချီခေါ်ခဲ့ပါလျှင် အဘိုးသည် ခုချိန်ထိ အသက်ရှင်နိုင်ပါဦးမည်။ အခုတော့ ဆင်ခြင်တရားမဲ့လွန်းတဲ့သူ့ကြောင့် အဘိုးက လောကကြီးကို စွန့်ခွာသွားရပြီဖြစ်၏။

သူ ညံ့ခဲ့လို့ပါ။ အဘိုးက ခုလို သေဆုံးသွားရတာ သူ့ကြောင့်ပါ။

"ဝသုန် ... ငါတို့ အဘိုးကို သင်္ဂြိုဟ်ဖို့ အစီအစဉ်ဆွဲရအောင်လား"

သူ့ပခုံးကို လာပုတ်သော ကိုဖိုးအေး၏လက်သည် မီးပူလောင်ထားသောကြောင့် ဆေးရွက်တွေ ထုထောင်းအုံထားသည်။



"အရမ်းကြီးလည်း စိတ်မထိခိုက်ပါနဲ့ကွာ။ အဘကို မင်းမကယ်ခဲ့တာမှ မဟုတ်တာ။ မင်းလည်း ကယ်ခဲ့တာပဲ မဟုတ်လားကွ။ စိတ်ကို ဖြေပါကွာ။ ကိုလှဆောင် ရွာထဲ သတင်းပို့ထားတယ်။ မကြာခင် ရွာသားတွေ ရောက်လာကြပါလိမ့်မယ်"

ကိုဖိုးအေးက သူ့ကို ဖြေသိမ့်နေသော်ငြား သူ့ရင်ထဲ ဖြေမဆည်နိုင်ပေ။ နာကျင်စွာ ခံစားနေရဆဲဖြစ်သည်။

အာခေါင်ကြီးခြစ်၍သာ ကုန်းအော်ပစ်လိုက်ချင်သည်။

"မင်းလက်ထဲမှာ ဆုံးပါးသွားရတဲ့ အဘကလည်း တမလွန်ကနေ ကျေနပ်နေမှာပါကွာ။ ဒါကြောင့် မင်း ဝမ်းမနည်းပါနဲ့တော့"

ရင်ခွင်ထဲပိုက်ထားမိခဲ့သော စဘူးကိုသာ စိုက်ကြည့်နေမိသည်။ ဒီငွေတွေ သူ ဘာလုပ်ရမှာလဲ။

ချမ်းသာတဲ့လူရဲ့ သတို့သမီးဖြစ်သွားပြီဖြစ်တဲ့ ဝင်းဝါ။ သိန်းထောင်ချီပြီး ချမ်းသာသူက သူ ဝယ်ပေးမယ့် တန်ဖိုးနည်းကြိုးကြီးချိတ်ကို မျှော်လင့်နေပါတော့မလား။

သူ မြတ်နိုးတန်ဖိုးထားရသော ငွေ၊ ချွေးစက်များကို ရင်းနှီးခဲ့သော ထိုငွေကို အဘိုးက အလုံခြုံဆုံး ကာကွယ်ပေးသွားသည်။

တန်ရဲ့လား အဘိုးရယ်။ အဘိုးက အသက်ပေးရလောက်တဲ့ ဆီ ဒီငွေတွေက တန်ဖိုးရှိရဲ့လား။

"ဝသုန် ... ဝသုန်"

ကျယ်လောင်သောအသံတစ်ခုကို သူ ကြားလိုက်ရသည်။ ဝင်းဝါ၏အသံ။

www.burmeseclassic.com



ထိုအသံကို သူ မယုံချင်ပါ။ ခုနေချိန်၌ ဝင်းဝါသည် မုတ်သုံနှင့် လက်ထပ်ပြီးလောက်ရောပေါ့။ မုတ်သုံခေါ်ရာနောက် ကောက်ကောက်ပါသွားလောက်ရောပေါ့။ သူ ဘာတွေကြားနေတာလဲ။

"ဝသုန် ... ဝသုန်"

ထပ်ပြီးဆင့်ခေါ်လိုက်သောအသံ။

သူ လှည့်ကြည့်လိုက်၏။

ပန်းနုရောင်ဝတ်စုံနှင့် မိန်းမပျိုလေး။ သူ့ထံ တစ်လှမ်းချင်း ပြေးလာနေသည်။

ပန်းနုရောင်လေးသည် ကြီးကြီးချိတ်အဆင်ကို လှပစွာ ဝတ်ဆင်ထားသည်။

"ဝသုန် ... ဝသုန်"

ဝင်းဝါပါပဲ။ သူ အမြင်မှားခြင်းမဟုတ်ပေ။ ထိုပန်းနုရောင်လေးသည် ဝင်းဝါ ဖြစ်သည်။

သူ့ရဲ့ ဝင်းဝါ ... သူ့ရင်ထဲက ဝင်းပါ။

"ဝသုန်"

ထိုပန်းနုရောင်လေးသည် သူ့နှင့်နီးကပ်လာသည်။

ပြီးနောက် သူ့ဘေးတွင် ထိုင်ချသည်။

"နင် မီးလောင်ပြီး သေသွားပြီဆို ... နင် ... နင်"

ဝင်းဝါရင်ထဲ ဆို့နေ၍ထင်သည်။ မျက်ရည်တို့ ကျမလာသော်လည်း အသံတို့သာ ကွဲအက်တုန်ယင်နေသည်။

"ဆုံးသွားတာ နင်လားလို့။ နင် မှတ်ပြီး ငါ စိုးရိမ်လိုက်ရတာ"





ပြောပြောဆိုဆိုပင် ဝင်းဝါသည် သူ့လက်ချောင်းလေးများကို ဆုပ်ကိုင်လာသည်။

"ကျေးဇူးတင်ပါတယ်။ အသက်ရှင်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်"

"နင် ဒီနေ့ လက်မှတ်ထိုးမှာမဟုတ်လား"

သူ နားမလည်နိုင်ပေ။

အဘိုး၏သေဆုံးခြင်းကို အိပ်မက်ဖြစ်ပါစေဟု ဆုတောင်းမိသော်လည်း ဝင်းဝါက သူ့ထံရောက်လာခြင်းကိုတော့ အိပ်မက် မဟုတ်စေချင်ပါ။

အိပ်မက်သာဆိုပါက အိပ်ရာနိုးသွားလျှင် ဝင်းဝါသည် ပိုင်ရှင်အမည်တပ်ပြီးသား ပန်းတစ်ပွင့် ဖြစ်နေနိုင်သည်။

"ဟဲ့ ... ဘယ်က ဘယ်လိုဖြစ်ရတာလဲ"

ကြီးကြီး၏အသံဖြစ်သည်။

သူ မော့ကြည့်လိုက်ရာ မျှားပြားသော လူအုပ်ကြီးကို တ်ကောင်းစားလှတို့ဖြင့် တွေ့လိုက်ရသည်။

"ဒါကြောင့်မို့ ငါပြောတယ်။ မီးကို ဂရုစိုက်ပါ ... စိုက်ပါလို့။ တော့ ဖြစ်ပြီ။ မီးထွန်းပြီး အိပ်ပျော်သွားတာ မဟုတ်လား။ အသုံးကို ကျဘူး။ ခုတော့ ပြောင်ပြီ။ မင်းလုပ်နိုင်တာ ဘာရှိသလဲ။ အအိပ်နဲ့ စားပဲ။ သူများမင်္ဂလာယူတဲ့နေ့မှ ဖျက်လိုဖျက်ဆီးနဲ့။ ခုတော့ မင်း ကြောင့် ဒီမင်္ဂလာပွဲပျက်ပြီ။ ဟိုကောင်မဆိုလည်း သည်းသည်းလှုပ်။ ည်း ရောက်လာတော့ရော ပြာကျနေတဲ့ ဝါးလုံးက တဲတစ်လုံးဖြစ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဦးမလား။ ခုတော့ ... မုတ်သုံကို အားနာစရာ။ အရေးထဲ ဒီအသုဘနဲ့။ ဒါကြောင့် ခြေနှစ်ချောင်း မကယ်ကောင်းဘူးလို့ ပြောတာ။ ညည ဆိုလည်း မွေးထားတယ် ဒီမီးကို။ နွားက ဖြုတ်ကိုက်ပြီး သေမလားဟဲ့။ ခုတော့ ငါတို့သေပြီ"

ကြီးကြီးသည် အသံစာစာဖြင့် ရန်တွေ့သလို ဆူဆဲနေသည်။

အယောက်နှစ်ဆယ်ခန့် လူအုပ်ကြီးသည် ကြီးကြီးအသံအောက်တွင် အသက်ရှူသံပင် မကြားရပေ။

"မင်းက ဒီလိုအပေအတေလုပ်နေတာ အရေးမကြီးဘူး။ တို့တစ်တွေ နစ်နာတယ်ဟဲ့။ ဒီသတင်း သက်ဆိုင်ရာက ကြားရင် ငါတို့က အခြောက်တိုက် ဒဏ်ရိုက်ခံရဦးမယ်"

"ဟာ ... ဒေါ်ကြီးလှမေကလည်း တော်ပါတော့ဗျာ။ ဖြစ်တာတွေလည်း ဖြစ်ပြီးသွားပါပြီ။ ဝသုန်ကရော ဒီလိုဖြစ်စေချင်ပါ့မလားဗျ။ သူနေတဲ့နေရာကို သူ ပိုပြီးတောင် မဖြစ်စေချင်ဦးမယ်။ ခုဟာကလည်း ဝသုန် ပေါ့ဆလို့ လောင်တဲ့ပေါ့ဆမီး မဟုတ်ပါဘူးဗျ"

"ပေါ့ဆမီး မဟုတ်လို့ ဘာမီးဖြစ်ရမှာလဲဟဲ့။ တဲတစ်လုံးကို ဘယ်သူက မီးရှို့မှာလဲ။ ဖိုးအေး ... မင်း စကားပြောရင် ကြည့်ပြော"

"ရှို့မီး ဟုတ်မဟုတ်တော့ မသိဘူး။ လယ်စပ်မှာတော့ ဟော်ခါတ်ဆီပုံးကို တွေ့တာပဲ"

ကိုဖိုးအေးသည် အပြာရောင်ပလတ်စတစ်ပုံးကို ပြသည်။ ထိုအခါ သူ မျက်မှောင်တွန့်၍ စဉ်းစားမိသည်။

ဒီပုံးကို သူ တွေ့ဖူးသည်။

●———မြွေးအသျ———●



ဘယ်မှာလဲ။ သူ ထပ်၍စဉ်းစားသောအခါ မုတ်သုံ၏မျက်နှာက ဖျတ်ခနဲ ပေါ်လာပြန်သည်။

သူ့လိုပဲ ဝင်းဝါလည်း ထိုပုံးကို ကြည့်နေသည်။

ဝင်းဝါက သူ့ထက်ပိုပြီး ဉာဏ်ကောင်းတဲ့လူပဲ။ ဝင်းဝါမမှတ်မိဘဲ မရှိပါ။

ဝင်းဝါနှင့်သူ မုတ်သုံ၏ကားကို လိုက်စီးစဉ်က ကားနောက်ဖုံးတွင် ထိုပုံမျိုးကို တွေ့ခဲ့သည်။

"ဘယ်သူလာပစ်ထားမှန်း မသိတဲ့ ပုံးစုတ်နဲ့ လာမပြောနဲ့။ ငါ့ဒေါသက လျော့သွားမှာ မဟုတ်ဘူး။ ကဲ ... ပြော အခုတော့ ဒီအသုဘ ဘယ်သူသင်္ဂြိုဟ်မလဲ။ အသုဘစရိတ်ဆိုတာက လွယ်တာ မဟုတ်ဘူး။ စပါးတောင် ပေါ်မယ်မကြံရသေးဘူး ရောင်းဖို့က တာစူနေပြီ"

"မလိုပါဘူး ကြီးကြီး။ ဒေါ်ကိုကို ကျွန်တော် သင်္ဂြိုဟ်ပါ့မယ်"

သူ့စကားကြောင့် ဝိုင်းကြည့်နေကြသူများမှာ ကြွတ်စိကြွတ်စိအသံ ထွက်လာသည်။

သူ့ကို ရူးသွားပြီဟု ထင်ကောင်းထင်လိမ့်မည်။

သူလို သူများအိမ်က စာရင်းငှားက လူတစ်ယောက်အတွက် အခေါင်းလှအောင်ပို့ဖို့ မဖြစ်နိုင်ပါ။

လူတွေက သူ့ကို အထင်သေးနေကြလိမ့်မည်ဆိုတာ သူ ရိပ်မိသော်လည်း သူ့မှာလည်း သူ့ဝှက်ဖဲနှင့်သူ။

နီးရာဓားမကို ဆွဲယူပြီး ဝါးစုဘူးကို အလယ်မှ ထက်ခြမ်း

●———မြွေးအသျ———●

www.burmeseclassic.com

www.burmeseclassic.com



ခွဲလိုက်သည်။

တစ်ထောင်တန်နှင့် ငါးရာတန် ငွေစက္ကူများ ဖွာခနဲကျလာသည်။

"ဒီငွေနဲ့ဆို လောက်မလား။ မလောက်လည်း ငွေတိုးချေးပြီး အသုဘကို ချပါ့မယ်။ တစ်နွေလုံး တောထဲ ထင်းခွေပြီး ဆပ်ရင်တော့ ကျေလောက်ပါတယ်"

သူ့စကားကိုကြားသောအခါ ပွက်ပွက်ညံနေသော ပရိသတ်များ ငြိမ်ကျသွားသည်။

ဝင်းဝါကလည်း ဝသုန့်ရှေ့မှ ရပ်ကာ လက်စွပ်တစ်ကွင်းကို ချွတ်ပေးသည်။

"ဝင်းဝါလည်း ပါဝင်ပါ့မယ်။ ဒီလက်စွပ်ကို လက်ခံပါ။ ဒါက ဝင်းဝါမုန့်ဖိုးထဲက စုငွေနဲ့ ဝယ်ထားတာပါ"

"ကျွန်တော်က ဆန်စိုက်ပါ့မယ်။ ရက်လည်ဆွမ်းကျွေးဖို့ ဆန်ကို ကျွန်တော် အကုန်ကျခံမယ်"

ကိုဖိုးအေးအသံသည် ပြတ်သားလှသည်။

"ကျွန်မတို့ အပျိုအုပ်စုလည်း ပါပါ့မယ်၊ တောထဲသွားပြီး တောဟင်း၊ တောရွက်နဲ့ပဲ ဆွမ်းသွတ်ကြတာပေါ့"

အပျိုခေါင်း မလှဝင်းသည်လည်း ပြတ်သားစွာ ဆိုသည်။

ပြီးနောက် ကိုလှဆောင်ကပါ ထွက်ရပ်သည်။

"ကျွန်တော်လည်း ပါပါ့မယ်။ ကျွန်တော့်လယ်မှာ မွေးထား ဝက်ကလေး ခြောက်လသားပဲရှိသေးပေမယ့် အဆင်ပြေမှာပါ"

သူတို့ဒေသသည် အသုဘနှင့် မင်္ဂလာပွဲတို့ဖြစ်ပါက ဝက်သာ





နှင့်သာ အရပ်ကျွေးကြခြင်း ဖြစ်သည်။

"ကျွန်တော်လည်း ပါပါ့မယ်။ မြေပဲဆီတစ်ပုံး ထည့်မယ်ဗျာ"

သူ့ရင်ထဲ ပီတိဖြစ်မိသည်။

သူ့ကိုချစ်ပေးကြသော ရွာသူရွာသားများကိုလည်း ကျေးဇူးတင်မိသည်။

သူ့ဘဝသည် အရာအားလုံးပြည့်စုံသွားပြီဟု ခံစားရသည်။ သူ့ထံတွင် မိတ်ဆွေကောင်းတွေ ရှိသည်၊ သူ့ကိုချစ်ခင်မယ့်လူတွေလည်း ရှိသည်။ သူ့ဘဝက ပြည့်စုံပါပြီ၊ သူ ဘာကိုမှမလိုအပ်တော့ပေ။

"ကိုယ်လည်းပါမယ်။ အသုဘစရိတ်အားလုံးကို ကိုယ် တာဝန်ယူတယ်"

လူအုပ်ကြီးနောက်ကွယ်မှ ထွက်ပေါ်လာသော အသံတစ်ခု။ လူအုပ်ကြီးက ခွဲပေးလိုက်သောအခါ ပြုံးမြမြမျက်နှာတစ်ခု ပေါ်လာသည်။

မှတ်သုံ ... မှတ်သုံသည် သူ့ ဘာအပြစ်မှမလုပ်ထားသလိုပင် စိတ်အေးသက်သာစွာ ရှိလှသည်။

မှတ်သုံကို မြင်လိုက်ရသော သူ့ရင်ထဲ ထောင်းခနဲဒေါသဖြစ်သွားသည်။

"ဒီအသုဘကို အပြည့်စုံဆုံးဖြစ်အောင် ကိုယ် တာဝန်ယူပါရစေ ဝသုန်"

ဝသုန်သည် မှတ်သုံကို စူးရှစွာ စိုက်ကြည့်နေဖြစ်သည်။

"ကိုယ့်ကို ခွင့်ပြုမယ် မဟုတ်လား"

"ခုတ်ရာတခြား ရှရာတလွဲဖြစ်သွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြောင့် သူ့အသံသည် ပြာအက်နေသည်။

"မင်းက ငါ့ကို သတ်ချင်ပေမယ့် ငါက မသေဘူး"

"ဝသုန် ... ခင်ဗျား ဘာတွေပြောနေတာလဲ"

"ငါ့ကို သေအောင်မသတ်နိုင်တဲ့ ခင်ဗျား ဒီနေ့ပဲ သေနေ့စေ့ပြီ"

လက်ထဲမှ သံချေးတက်နေသော ဓားမကို ကောင်းကင်သို့ မြှောက်လိုက်ပြီး မုတ်သုံကို ပိုင်းချပစ်လိုက်သည်။

သို့သော် မုတ်သုံက အရှောင်မြန်လိုက်၍ သီသီလေး လွတ်သွားသည်။

ဝသုန် နောက်တစ်ချက် ဝှေ့ယမ်းပြန်သည်။

ဒီတစ်ခါတော့ မုတ်သုံ မရှောင်နိုင်တော့ပေ။

လက်မောင်းနှင့် ရင်ဘတ်ကို အမှာလိုက်ထိသွားသည်။

ထို့အပြင် ဓားပြားနှင့် နောက်စေ့ကို အရိုက်ခံလိုက်ရသည်။

"ဝသုန် ... ဝသုန် ... စိတ်ထိန်းပါကွ ... ဝသုန်"

သူ့ဒေါသတွေက ချုပ်တည်းရခက်ခဲနေသည်။

မေတ္တာကို ငတ်မွတ်ဖူးသူသည် ထောင်ဆိုသောအရာ... နည်းနည်းမျှ မကြောက်တော့ပါ။ သို့သော် ဝသုန်ကြောက်လာသော... အခါ ...



"သူ့အမေရောက်တယ်။ သိပ်ကို ဒေါသဖြစ်နေတယ်"

သူ၏မီးလောင်ဒဏ်ရာများကို ဆေးထည့်ပေးရင်း ဝင်းဝါက ဆိုသည်။

ဒဏ်ရာသည် နည်းနည်းပြင်းထန်သောကြောင့် အကျီဝတ်၍ ...ရပေ။ ထို့ကြောင့် ဆောင်းတွင်းကြီးမှာပင် ဖျင်အကျီတစ်ထည်ကိုသာ ...ဖော်ပြုနေရသည်။

"ဖြစ်ရင်လည်းဖြစ်ပေါ့။ မတတ်နိုင်ဘူး"

"နင် ဘာလို့ အဲဒီလိုကြီး လုပ်ရတာလဲ ဝသုန်ရယ်"

"ငါ ဘာလို့လုပ်သလဲဆိုတာ နင် သိနေတာပဲ မဟုတ်လား"

"သေမှမသေချာတာ"

"လယ်ပြင်မှာ ဆင်သွားသလို ရှင်းရှင်းကြီးပါ ဝင်းဝါရယ်။ ...မှာ အခြားရန်ငြိုးရန်စလည်း မရှိဘူး။ ငါ့တဲကို လာမယ့်ညွှသည် ...ည်း ကိုဖိုးအေးတို့အပြင် ရှိတာ မဟုတ်ဘူး။ ပြီးတော့ အဲဒီရေမွှေးနံ့ ...ကိုက်တဲ့ချိန်းတို့၊ တုတ်တို့ဆိုတာ ငါတို့ဆီကကောင်တွေ ကိုင်နိုင်တဲ့ ...ရာလား။ ပြီးတော့ မာတ်ဆီနဲ့မီးရှို့ဖို့ဆိုတာ ဝေလာဝေးပဲ။ ငါ ...လည်တာက ဒီကောင် ငါ့ကို ဘာလို့သတ်ချင်နေရတာလဲ"

www.burmeseclassic.com



"နင့်ကို သူသတ်ချင်စရာ ဘာအကြောင်းမှ မရှိဘဟာကို။ ပြီးတော့ သူ လုပ်ပါတယ်ဆို ဘာသက်သေသာဓကမှ မရှိဘူး။ ခုတော့ နင်က အများရှေ့မှာ လုပ်လိုက်တော့ သွားပြီ။ နင့်ကို သူ့အမေက တရားစွဲမယ်တဲ့"

"စွဲစွဲဟာ။ ဒါတွေ ငါ မမှုတော့ဘူး"

"နင် ထောင်ကျမှာပေါ့ဟဲ့"

"ကျပလေစေ"

"ဟင့်အင်း ... မရဘူး။ သွားတောင်းပန်မှ ဖြစ်မယ်။ လျော်ဆိုလည်း လျော်မယ်ဟာ။ ကိုမုတ်သုံဘက်က မရှိုးသားပေမယ့် ငါတို့တော့ ရိုးသားဖို့ လိုတယ်"

"မရိုးသားဘူး ဟုတ်လား"

"ငါ့ကို လာမြန်းတာ သူ့အမေ မသိဘူး"

"ဘယ်လို ... ဘာပြောတယ် ဝင်းဝါ"

"ကောလာဟလလား၊ ဘာလားတော့ မသိပေမယ့် ဒီ အိမ်ထောင်ကျရင် အမွေတွေရမယ်တဲ့"

"ဘာ"

"ငါက စားစာခံပေါ့။ ကိုမုတ်သုံရဲ့လုပ်ရပ်က ရင်နာဖို့ ကောင်းတယ်။ ထောင်မြင်လို့ ရာစွန့်ပဲ"

"ငါ နားမလည်တော့ဘူး"

"နားမလည်တာပဲ ကောင်းပါတယ်ဟာ။ သူကသာ အမွေ မရမှာစိုးတဲ့ပုံနဲ့ ပြူးတူးပြာတာ လက်ထပ်ချင်နေပေမယ့် သူ့အမေ





သူ့ကို သည်းသည်းလှုပ်ပဲ။ နင့်ကို ပြဿနာလုပ်မယ်တကဲကဲနဲ့"

"လောဘကြီးပဲ။ မိဘက မသေရခင်သေးဘူး။ အမွေက ခွဲချင်နေပြီ။ အဲဒါ အသုံးမကျတဲ့ကောင်ဆိုတာ သက်သေပြနေတာပဲ။ မိဘမရှိတော့ရင် အဲဒါ သူ့ပစ္စည်းပဲဟာကို။ ပြီးတော့ မိဘအမွေဆိုတာမျိုးက စံထိုက်မှ စံရတာ။ ဘာများလောဘကြီးစရာရှိလို့လဲ"

"သူ့ကဲ မွေးစားသားကိုး"

"ဘာ"

"သူ ငါ့ကို ပြောဖူးတယ်။ သူက မွေးစားသားတဲ့။ ပြီးတော့ လက်ထပ်ပြီးရင်လည်း ကလေးရနိုင်မှာ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ ကလေးကို သူ ဘယ်တော့မှ မွေးစားမှာမဟုတ်ဘူးတဲ့၊ ကိုယ့်သွေးသားမဟုတ်ရင် ဘယ်အရာမှ မကောင်းဘူးတဲ့"

ဒိန်းခနဲ ဆောင့်တွန်းလိုက်သလို ခံစားရသည်။ မွေးစားသားဆိုပါလား။ ကလေးမရနိုင်ဘူးတဲ့။

"ငါ့သားကြီးနဲ့ပဲနေရမယ်၊ ငါ့သားကြီးက လူဖျိုကြီးလုပ်မှာ"

ရုတ်တရက် သာယာသောအသံတစ်ခုကို ကြားယောင်မိ သည်။ ထိုအသံက မေမေ၊ မေမေ့ရဲ့အသံ။

"သူ အခု ဘယ်မှာလဲ"

"ဒီနေ့ပဲ ဆေးရုံဆင်းဖို့ပြင်နေတယ်။ သူ့အမေက သူ့ကို မြို့ ဆေးရုံခေါ်သွားမယ်ထင်တယ်"

"သူ့အမေ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်။ နင့်ကို ပြဿနာရှာမယ့်လူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိမ်းပေးနေသော သူ့ခြေထောက်ကို ရုန်းသည်။

"ဟဲ့ … ဘယ်လဲ၊ နင် လမ်းလျှောက်လို့ရမသေးဘူးလေ၊ ဒဏ်ရာတွေ ပိုဆိုးလာမယ်"

မီးလောင်ကွင်းများသည် သူ့ကိုယ်ပေါ် ငါးကြင်းကွက်များနှယ် အပျောက်အပျောက်ဖြစ်နေလေသည်။

အဘိုး၏ရက်လည်တွင် ညော်မိလိုက်၍ ဒဏ်ရာသည် ပို၍ ဆိုးလာသည်။ ထို့ကြောင့် သူ့ကို ဝင်းဝါတို့က ဆေးရုံသို့ ပို့ထားကြခြင်း ဖြစ်သည်။

"ငါ အရေးကြီးနေတယ် ဝင်းဝါ"

"ငါ့ကြောင့်ဆို သူ့ကို သွားမတွေ့ပါနဲ့တော့၊ ငါ သူ့ကို စိတ်ကုန်တယ်"

"တခြားအကြောင်းအရာရှိတယ်၊ ဒါကြောင့် ငါ့ကို ခေါ် သွားခွင့်ပြုပါ"

"တောင်းပန်မလို့လား၊ ဒါဆို နင် မသွားပါနဲ့။ နင့်ကိုယ်စား ငါကပဲ ဖြေရှင်းမယ်လို့ဆုံးဖြတ်ထားတယ်။ ဒါ တစ်ခုတော့ ငါ့ကိုခွင့်ပြုပါ"

သူ့ရင်ထဲ နာကျင်သွားသည်။ မျက်ရည်စလေးများ မျက်ခမ်းပေါ်တွင် ရစ်သီနေသော ဝင်းဝါကို မမြင်ဘူးသူတစ်ယောက်လို စိုက်ကြည့်နေမိသည်။

ထိုစဉ် အခန်းထဲဝင်လာသော ဒေါက်ဖိနပ်သံတစ်ခု။

"ဝသုန်ဆိုတာ မင်းလား"

အသံသည် စူးရှသည်။ ထိုထက် ထက်မြက်ပြတ်သားသည်။



ဟု ဆိုလျှင် ပိုမှန်လိမ့်မည်။

"ဟုတ်ပါတယ် အန်တီ၊ ဒါပေမဲ့ ဝသုန့်ကို တရားမစွဲပါနဲ့။ ဝင်းဝါ တောင်းပန်ပါတယ်"

"ဝင်းဝါ … ဟုတ်လား၊ ဒါဆို မင်းက ဟိုသတို့သမီးပေါ့"

ဝင်းဝါသည် မျက်လွှာချ၍ ငြိမ်သက်သွားသည်။

ဝင်းဝါ၏ပုံကြောင့် သူ့ရင်ထဲ ထိရှကြေကွဲသွားသည်။

"အံ့လည်းအံ့သြဖို့ကောင်းတဲ့လူတွေပဲ၊ လူထူးဆန်းတွေ၊ မင်းတို့လိုလူမျိုးကို ပြတိုက်သွင်းဖို့ကောင်းတယ်၊ ဒီမှာ ကောင်လေး မင်းတရားရင်ဆိုင်ဖို့ ပြင်ထားပါ။ မင်းကို ငါ ထောင်ထဲပို့ပစ်မယ်"

"မလုပ်ပါနဲ့ အန်တီရယ်၊ ဝသုန့်ကို မလုပ်ပါနဲ့၊ ဝင်းဝါ ရှိကြိုးခိုးလို့ တောင်းပန်ပါတယ်၊ ဒီပြဿနာတွေအားလုံး ဝင်းဝါကြောင့်ပါ။ ဝင်းဝါကသာ တရားခံပါ"

"တရားခံမှန်သမျှ ပါမှာပဲ၊ ရှေ့နေက အမှုစစ်လိမ့်မယ်၊ မင်းတို့ဘက်ကလည်း ရှေ့နေငှားဖို့ ပြင်ထားပါ၊ မင်းတို့ကများ ငါ့သားကို ရာရာစစနဲ့။ မင်းတို့ရဲ့အသက်က သိန်းငါးဆယ်မတန်ပေမယ့် ငါ့သားရဲ့အသက်က တန်ဖိုးဖြတ်လို့ ရဘူးဟဲ့ … နားလည်လား"

"အဲဒါကြောင့် ဝသန်ဆိုတဲ့ကောင်လေးကို မေ့ထားလိုက်ကြတာပေါ့"

ဝသုန်၏စကားကြောင့် ဒေါသဟုန်းဟုန်းတောက်လောင်နေသော အမျိုးသမီးသည် မီးကို ရေဖြင့် ငြိမ်းလိုက်သလို ငြိမ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ဝသုန်၊ နင် ဘာတွေပြောနေတာလဲ၊ အတိတ်မေ့ ပြန်ပြီလား"

"ဝသန် ... ဟုတ်လား ... ကောင်လေး၊ ဒီနာမည်ကို မင်း ဘယ်လိုသိတာလဲ၊ မုတ်သုံက ပြောပြတာလား၊ မဟုတ်နိုင်ဘူး၊ မုတ်သုံ က အဲဒီလို ဘယ်တော့မှပြောမှာမဟုတ်ဘူး၊ ပြောစမ်း ... မင်း ဒီနာမည်ကို ဘယ်ကသိတာလဲ"

"မေမေဆိုတဲ့ပုဂ္ဂိုလ်ကို တွေ့မြင်ရဖို့ ကျွန်တော် ညတိုင်း အိပ်မက်မက်ခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲ တည်ဆောက်ထားတဲ့ မေမေက နူးညံ့သိမ်မွေ့ပြီး ကြင်နာတရားစိတ်ရှိတယ်"

"ဟင် ... မင်း"

ဖေါ်ခင်သိန်းသည် ပြောပြောဆိုဆိုပင် လူနာခုတင်ခြေရင်းမှ သွေးစစ်ချက် မှတ်တမ်းကို ကြည့်သည်။

"ဘီသွေး"

"ဝ ... ဝသန်လား"

"ကျွန်တော့်ကို ထောင်ချမယ်ဆို ချလိုက်ပါ၊ ရပါတယ်၊ ဘာတရားမှ ရင်ဆိုင်စရာမလိုပါဘူး၊ ငွေများ တရားနိုင်ဆိုတာမျိုး ယခုခေတ်ကြီးမှာ မတိမ်ကောသေးပါဘူး၊ အလကားနေရင်း ကျွန်တော် ကျေးဇူးရှင်တွေကို ဒုက္ခမပေးချင်ဘူး"

"မင်း ... ဝ ... ဝသန်လား"

"မုတ်သုံက ကျွန်တော့်ကို ဘာကြောင့်လိုက်သတ်နေသလဲ ဆိုတာ ကျွန်တော် နားမလည်ဘူး၊ ဒါပေမဲ့ အခုတော့ ရှင်းသွားပါပြီ





သကြားလုံးလေးတစ်လုံးအတွက်နဲ့တောင် ကျွန်တော့်ကို တွန်းလှဲပစ်ခဲ့တဲ့ မုတ်သုံက ဒီလောက်သိန်းပေါင်းများစွာ လက်ထဲရရှိဖို့ ဒါကို မလုပ် နိုင်စရာ အကြောင်းမှ မရှိတာ"

"မင်း ... မင်း ... ဝသန် ... ဝသန် ... ဟုတ်တယ် မဟုတ်လား"

သူ မဖြေချင်တော့ပါ။ စိတ်ကုန်သည်။ ကြောက်စရာကောင်း သော ပတ်ဝန်းကျင်ကိုလည်း သူ မပြန်လိုတော့ပေ။

ဒီလောက်ပါပဲ။ တော်ပါပြီ။ ငွေအတွက်နဲ့ လူသတ်တဲ့ ပတ်ဝန်းကျင်ကို မုန်းသည်။

ငွေရှိသူများသည် ငွေကြောင့် ဘာမဆိုလုပ်နိုင်ကြသည့် စိတ် ဓာတ်များကိုလည်း ကြောက်မိသည်။

သူ့အတွက် သူ့လယ်တဲကသာ အကောင်းဆုံးဖြစ်သည်။

အအေးချမ်းဆုံးနေရာဖြစ်သည်။

"လာ ... ဝင်းဝါ ... ငါတို့ ပြန်ကြရအောင်"

"ခ ... ခဏလေး နေပါဦး၊ အန်တီ ... အန်တီ မေးတာ ဖြေသွားပါဦး သားရယ်"

"ကျွန်တော် ပြောသမျှတွေကို မကြားခဲ့ဖူးလို့ပဲ မှတ်ယူပေးပါ၊ ကျွန်တော်လည်း ဘာကိုမှ မမျှော်လင့်တော့ပါဘူး"

"နေပါဦး ... သားရယ်"

မုတ်သုံက တွန်းလဲ၍ ထိုစဉ်က သူနဖူးကွဲခဲ့ဖူးသည်။ ထိုအဖြစ်အပျက်ကို မိသားစုဝင်များသာ သိ၏။ ဒါကို သူ ပြောလိုက်တာ

www.burmeseclassic.com



သည်ပင် မေးစရာရှိသေးတယ်ဟု ပြောနေသော မေမေ့ကို သူ လက်မခံနိုင်တော့ပေ။

သူကတော့ နှစ်ပေါင်းများစွာ ကြာခဲ့သည်ကိုပင် ထိုအသံနှင့် ထိုမျက်နှာကို မမေ့နိုင်သေးပေ။ တွေ့တွေ့ချင်းပင် မေမေဟု တန်းခေါ် နိုင်သည့်အနေအထားမှာ ရှိသည်။

သူ မျှော်လင့်မိသည်။ မေမေသော သူ့ကိုတွေ့ပါက မှတ်မိ လိမ့်မည်။ ကျိန်းသေပေါက် သူ့ကို ရှာဖွေနေလိမ့်မည်ဟု။ ခုတော့ သူ သိလိုက်ရတာ ရင်နာစရာပင် ကောင်းနေလေသည်။

ကိုဖိုးအေးတို့ ဝင်းဝါတို့ထက် သူ့ကို မည်သူမျှ မချစ်ကြပါလား ဆိုတာ သူ သိသွားသည်။

"သား ... ခဏလေး နေပါဦး သားရယ်။ ခဏလေးပါ"

သူ့ရင်ထဲ နာကျင်မှုကြောင့် သူ့လက်မောင်းကို ဆွဲထားသော မေမေ့ကလက်ကို ဖြုတ်ချပစ်မိသည်။

ပြီးနောက် ဝင်းဝါ၏လက်ကို ဆွဲခေါ်လာသည်။

သူ့ဘေးမှ လိုက်လာသော ဝင်းဝါသည် မည်သည့်စကားမျှ မဆိုပေ။

ကျေးဇူးတင်ပါတယ် ဝင်းဝါ။ ဒီအချိန်မှာ ဘာမှမမေးသေး တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ်။

သူ့မျက်ဝန်းထဲ မျက်ရည်ကြည်တို့ အိုင်ထွန်းနေသည်။

ပုတ်ခတ်ဖယ်ရှားဖို့ ကြိုးစားမိသော်လည်း မစွမ်းဆောင်နိုင် တော့ပေ။

•———ရွှေပေသော———•



"လူတွေရဲ့ လောဘစက်ထဲမှာ အဘိုးက မြေစာပင်ဖြစ်ခဲ့ရတာပါ"

သူ့ရင်ထဲ ထိရှနေသည်။

တစ်သက်လုံး အိမ်ပိုင်တစ်လုံး မရခဲ့ဘူးသော အဘိုးကို သူက အိမ်တစ်လုံး ဖန်တီးပေးခဲ့သည်။

သူ ကျေနပ်သည်။ အဘိုးသည် ဤအုတ်ဂူထဲ၌ မိုးလုံလေလုံ ရှိလိမ့်မည်။ ကောင်းစွာအိပ်စက်အနားယူနေလိမ့်မည်။

"ဝသုန်"

တိုးတိုးညင်သာသော အသံ။

တစ်ဆက်တည်းမှာ ရှုရှိုက်လိုက်မိတဲ့ နှင်းဆီရနံ့မွှေးနံ့။

လှည့်မကြည့်သော်လည်း ဝင်းဝါဆိုတာ သိနင့်ပြီးဖြစ်နေသည်။

"အန်တီက နင့်ကို တွေ့ချင်လို့တဲ့။ ငါ ခေါ်လာတယ်"

သူ လှည့်မကြည့်ပေ။ သို့သော် နားစွင့်မိသည်။

"အဲဒီတုန်းက သားကို ဆုံးသွားပြီလို့ မေမေတို့ ထင်ခဲ့ကြတာ။ သားကို ပြန်ပေးဆွဲသွားတဲ့ ကိုကျော်စွာလည်း အက်ဆီးဒင့်ကြောင့် ပွဲချင်း ပြီး ဆုံးရှာတယ်လေ။ အဲဒီနောက်ပိုင်း သားရဲ့သတင်းက စုံးစုံးမြုပ် ပျောက်သွားတော့တာပဲ။ သားကို မေမေတို့ ရှာပါသေးတယ်"

•———ရွှေပေသော———•

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောမှ နီညိုရောင်လူ၏နာမည်သည် သူ့အာရုံထဲ ပေါ်လာသည်။ မှန်သည်။ ကိုကျော်စွာ၊ ကိုကျော်စွာဆိုသူမှာ ဖေဖေ့အနားမှာ ဖေဖေ့ရဲ့လူယုံ၊ ထို့ကြောင့်သာ ကိုကျော်စွာ ခေါ်ရာနောက် သူ ကောက်ကောက်ပါ လိုက်ခဲ့မိသည်။

"ဒါပေမဲ့ သားကို မေမေတို့ ရှာခဲ့ကြပါတယ်၊ သတင်းစာထဲလည်း ထည့်ရှာတယ်။ ယနေ့ထိလည်း သားရဲ့သတင်းကို နားစွင့်နေမိဆဲပါပဲ၊ ဒါပေမဲ့ သားကို ဒီလိုပုံပြန်တွေ့လိမ့်မယ်လို့ မေမေ စိတ်ကူးမယဉ်ဖူးဘူး"

သူ မဲ့ပြုံးပြုံးမိသည်၊ မေးမြန်းအတည်ပြုပြီးမှ သားတဲ့လား။

မေမေဟု အားပါးတရ ခေါ်ပစ်ချင်သော်လည်း သူ့ရင်ထဲ နာကျင်မိသည်။ ထို့ကြောင့် သူ လှည့်မကြည့်ပေ။

သားကို သားလို့ ရုတ်တရက် မခေါ်ခဲ့သူကို စိတ်နာသည်၊ ယခုတော့ ရှာထဲ သူ့သတင်းကို စုံစမ်းပြီးမှ အတည်လာပြုတာ ဖြစ်မည်၊ ထို့ကြောင့် သူ့ရင်ထဲ ပို၍ခံစားရသည်။ သွေးက စကားပြောတယ် ဆိုတာ ဘာတဲ့လဲ၊ သူ မယုံချင်တော့ပါ။

"မုတ်သုံကိုလည်း ခွင့်လွှတ်ပေးပါ သားရယ်။ သူလည်း ကြံရာမရလို့ လုပ်မိလုပ်ရာ လုပ်မိတာ ထင်ပါတယ်၊ သူလည်း နောင်တတော်တော်ရနေပါပြီ။ သားက သူ့ညီလေးမှန်း သိလို့ မုတ်သုံကလည်း ဒီမြို့လေးကို မစွန့်ခွာရှာသူပါ"

မုတ်သုံကို နားလည်ဖို့ ကြိုးစားမိသည်။ သို့သော် မွေးစားသားအတွက် သားအရင်းကို တောင်းပန်နေသော မေမေ့စကားကိုတော့





သူ မခံစားနိုင်ပေ။ မေမေက သိပ်ရက်စက်လွန်းသည်ဟု ထင်သည်။ သူ့အပေါ် သိပ်အေးစက်လွန်းသည်ဟု ထင်သည်၊

"သား စိတ်မကျေနပ်နိုင်ဘူးဆိုတာ မေမေတို့ သိပါတယ်။ ဒါပေမဲ့ သား ... သား ... စိတ်ပြေတဲ့ထိ မေမေတို့ စောင့်ပါ့မယ်။ သား ဖေဖေလည်း ရောက်လာပါလိမ့်မယ်၊ မေမေတို့ကို ခွင့်လွှတ်ပေးပါ သား"

"ကျွန်တော် ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး"

"မေမေ နားလည်ပါတယ် သားရယ်။ သား စိတ်လည်လာတဲ့ထိ မေမေ စောင့်ပါ့မယ်၊ သား ဘယ်တော့မှ စိတ်မလည်တော့ဘူးဆိုလည်း မေမေ့ကို သားအနားမှာပဲ နေခွင့်ပေးပါ"

"မုတ်သုံကို ကျွန်တော် မကျေနပ်ဘူး၊ ဒီမှာမြင်လား၊ မုတ်သုံကြောင့်၊ သူ့ရဲ့လောဘစိတ်ကြောင့်ပဲ"

BURMESE CLASSIC

"သားရယ်"

"ကျွန်တော့်ကို နားခွင့်ပေးပါ"

"အေး ... သား ပင်ပန်းရင်လည်း နားလေ။ မေမေ အိမ်ပြန်လိုက်မယ်၊ နောက်နေ့မှ မေမေ ဆက်လာခဲ့ပါဦးမယ်"

ခြေသံသည် တိုး၍ ပျောက်ကွယ်သွားသည်၊ ထိုအချိန်မှ သူ လှည့်လိုက်ရာ သူ့ကို ရပ်ကြည့်နေသော ဝင်းဝါနဲ့တည့်တည့်တိုးသည်။

"နင်ရော လိုက်ပြန်မသွားဘူးလား"

"နင် ဘာဖြစ်လို့ နင့်စိတ်ကို နင် ဒုက္ခပေးနေရတာလဲ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို မပင်ပန်းစေချင်ဘူး။ ခွင့်လွှတ်လိုက်ပါ ဝသုန်ရယ်။ ခွင့်လွှတ်လိုက်မှ အေးချမ်းမှုကို နင် ရှာတွေ့မှာပေါ့။ သူတို့လည်း ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံနေရပြီပဲ"

"ဘာ … ထိုက်သင့်တာလဲ"

"နင်ခုတ်လိုက်လို့ ကိုမုတ်သုံရဲ့ လက်တစ်ဖက် အကြောသေသွားပြီ။ ဖွင့်ထားတဲ့ အမှုကို အန်တီက အချိန်မီလိုက်ပိတ်လိုက်ပေမယ့် ကိုမုတ်သုံရဲ့ လက်ကတော့ မရတော့ဘူး"

ဒီလိုကျပြန်တော့လည်း သူ့ရင်ထဲ မကောင်းပြန်ပါ။ ဒေါသစိတ်ကြောင့် မှားခဲ့ရသည်။

"သူတို့ နင့်ကို ဝသန်လို့မထင်ကြတာကို နင် အပြစ်မမြင်ပါနဲ့လား။ သူတို့မှာလည်း သူတို့ အခက်အခဲနဲ့ သူတို့ပါ။ ဝသန်ဆိုပြီး အယောင်ဆောင်ဝင်လာတဲ့လူတွေရဲ့ ဒုက္ခကို မချိမဆန့် ခံစားခဲ့ရတယ်လေ။ ပြီးတော့ ဆင်းရဲတဲ့လူတွေအတွက် ငွေက ပြဿနာကြီးမဟုတ်ပေမယ့် ချမ်းသာတဲ့လူတွေအတွက်တော့ နတ်ဆိုးတစ်ပါးပဲ၊ ဆင်းရဲတဲ့လူမှာ ဘာမှကြောက်စရာမရှိပေမယ့် ချမ်းသာတဲ့လူတော့ ဆင်းရဲသွားမှာ ကြောက်တတ်ကြတယ်။ ဒါက လူ့သဘာဝပဲ၊ ဒါကြောင့် နင်ကပဲ ကိုမုတ်သုံကို ခွင့်လွှတ်နားလည်ပေးလိုက်ပါ။ ကိုမုတ်သုံ တစ်ယောက် သူ့ကိုယ်သူ သတ်သေဖို့တွေ ကြိုးစားနေလို့ သူ့နား လူတစ်ယောက် စောင့်ကြည့်နိုင်းထားရတယ်"

"အဲဒီလို စောင့်ကြည့်နေတဲ့လူက နင်လား"

"ဟင့်အင်း … နင့်ကိုသာ ခွင့်လွှတ်ဖို့ ဖျောင်းဖျနေရပေမယ့်

—မျှဝေသော—



ငါကိုယ်တိုင်တော့ ကိုမုတ်သုံကို ခွင့်မလွှတ်နိုင်သေးဘူး။ ဒါပေမဲ့ ငါ ခွင့်လွှတ်ချင်ပါတယ်။ ဒါကြောင့် သူ့ကို ငါ ခွင့်လွှတ်နိုင်မယ့်လမ်း ရှာထားတယ်"

"ဘာလဲ"

"ငါ သီလရှင်ဝတ်တော့မယ်"

"ဟင်"

"ဟုတ်တယ် … ဝသုန်၊ ငါ သီလရှင်ဝတ်တော့မယ်"

"ရာသက်ပန်လား"

"နင်က ငါ့ကို ရာသက်ပန်ဝတ်စေချင်လို့လား"

"ဘာလို့ ငါ့ကို အဲဒီလိုမေးတာလဲ"

"တစ်သက်သာလုံး နင့်အပေါ် ငါကချည်း အနိုင်ယူခဲ့တာပါ။ ဒီတစ်ကြိမ်တော့ နင် ပြောမှာကိုပဲ ငါ နားထောင်ချင်တယ်"

"ငါက ဒေါ်ခင်သိန်းရဲ့သားအဖြစ် မနေဘူးဆိုရင်ရော၊ ငါ ပြောတာ နင် နားထောင်ဦးမှာလား"

"ငွေဆိုတာ ပူလောင်ပါတယ် ဝသုန်ရယ်။ ဒါကို ငါကိုယ်တွေ့မို့ နားလည်သွားပါပြီ။ ကျော့ပူပါစေ ဝမ်းအေးတဲ့ထမင်းကိုပဲ စားချင်ပါတယ်။ ဘွဲ့ယူပြီးရင်တော့ ငါလည်း ကောက်စိုက်သင်ပြီး ဒီလယ်ကိုပဲ ဦးစီးတော့မယ်။ နင်က ညည်သည်ပဲ။ မကြာခင် ပြန်သွားမယ့်လူပါ"

"ငါ့ကို ဧည့်သည်လို့ မသတ်မှတ်ပါနဲ့လား ဝင်းဝါ"

"မဟုတ်လို့လား"

"နင် ဘွဲ့က ဘယ်တော့ယူမှာလဲ"

—မျှဝေသော—

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လထဲထင်တယ်"

"အချိန်က အရမ်းနီးနေပြီပဲ။ ကြိုးကြိုးချိတ်ကို ငါ ဝယ်ပေး နိုင်တော့မယ် မထင်ဘူး"

လွှတ်ခနဲ ထွက်သွားမိသည်။

ထို့ကြောင့် ဝင်းဝါ၏မျက်လုံးကို လုမ်းအကဲခတ်မိသည်။

မျက်ရည်တွေ ပြည့်အိုင်နေသော ဝင်းဝါက သူ့ကို မမြင်ဘူး သလို စိုက်ကြည့်နေသည်။

ဝင်းဝါ၏အကြည့်များကို သူ့နှလုံးသားက ခံစားရသည်။

နားလည်နေသည်။ သူ့နှလုံးခုန်သံတွေ မြန်ဆန်၍နေသည်။

သူ ဝင်းဝါကို ချစ်မိနေတာလား၊ ဝင်းဝါကို သူ ချစ်နေပြီလား။

သံသယတို့က ဆင့်ကဲ ဆင့်ကဲ။

"ဒါကြောင့် နင် စုဘူးထဲ ငွေတွေ စုထားတာပေါ့ ဟုတ်လား"

ဝင်းဝါသည် ဉာဏ်အလွန်ကောင်းသည်။ ဘယ်လို ဆက်စပ်မိ သွားပါလိမ့်။ သူ့ထံ ပြန်ဖြေစရာစကားလုံး မရှိချေ။

ဝင်းဝါ မျက်ရည်တွေ ကျနေသည်။

ထိုမျက်ရည်တွေကို သူ သုတ်ပေးချင်မိသည်၊ သို့သော် မင့် မရဲလှပေ။

"အဲဒါက ငါ အမှတ်တမဲ့ပြောခဲ့တဲ့စကားပါ။ ကြိုးကြိုးချိတ်ဆို တာ ပွဲတိုးဝတ်စုံပဲ။ တစ်ပွဲတည်း ဝတ်ပြီး သိမ်းထားရတဲ့အရာပါ။ ငှား ဝတ်ရင် သောင်းငွေပဲ ပေးရတယ်ဆိုတာ နင် သိရဲ့လား အရူးမ ငါကတော့ နင်လုပ်နေတာကို ဘာမှ မသိရဘဲ အရူးလိုမျိုး တခြားသူ





နဲ့ လက်ထပ်ဖို့ ကြိုးစားနေတယ်။ နင် အရူးပဲ"

ဝင်းဝါသည် မချိတင်ကဲလေး ဆိုပြန်သည်။

ကြည်နူးမိသည်။ ကျေနပ်မိသည်။

ငါ့ရင်ထဲက စကားတွေကို မပြောပါရစေနဲ့ ဝင်းဝါ။

တစ်နေ့ ငါ ကြိုးကြိုးချိတ်ဝယ်နိုင်တော့မှ နင့်ကို ဖွင့်ပြော ပါ့မယ်။ ငါ့လုပ်အားခနဲ့ နင့်ကို တင်တောင်းပါ့မယ်။ စိန်တွေ၊ ရွှေတွေ မတတ်နိုင်ပေမယ့် မာနနဲ့တင်တောင်းပါ့မယ်။ ငွေမတတ်နိုင်ပေမယ့် ရိုးသားမှုနဲ့ တင်တောင်းပါ့မယ်။ ပညာမတတ်ပေမယ့် တာဝန်သိစိတ်နဲ့ တင်တောင်းပါ့မယ်၊ နင်နဲ့ငါက သူစိမ်းပြင်ပြင်ဆိုပေမယ့် နင်က ငါ့ ရင်ထဲ နမလို၊ အစ်မလို၊ ချစ်သူလို မြတ်နိုးတန်ဖိုးထားရသူပါ ဝင်းဝါ ရယ်။

ဝင်းဝါ၏မျက်ရည်စက်များကြောင့် သူ့နှလုံးသားထဲ ပန်းတွေ ပွင့်ခဲ့ရပါပြီ။ လာမယ့်မနက်ဖြန်တိုင်း၊ နင့်အပြုံးတွေကိုသာ ငါ တွေ့ပါရ စေ။ အခုတော့ ငါ နင့်မျက်လုံးတွေကို ဖတ်တတ်သွားပါပြီ ဝင်းဝါ ရယ် ... ဟု ရင်ထဲ၌သာ အသံတိတ်ပြောနေမိတော့သည်။

သူ့ရင်ထဲမှ တီးတိုးစကားကို ဝင်းဝါမှ ကြားသိရပါလေ၏။

ရသတို့နှင့်ပြည့်စုံပါစေ။

မယ်နိုင်



www.burmeseclassic.com